
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သို့

မောင်------------------နှင့်------------------

တို့အတွက်လက်ဆောင်မွန်။

မှ

----------------------------------------

ဘဝတိုက်ပွဲအောင်ထူနိုင်ကြပါစေလို့ ဆန္ဒပြုလျက်။

တန်ဖိုး ၁၃၀ -ကျပ်

လှသမိန် ပြုစုသည်

# ဘဝတိုက်ပွဲ

# အောင်ထူနည်း

ပြည်လုံးကျော်ဖြန့်ချိရေး

ပတ္တမြားမောက်စာပေ

အမှတ် (၁၆၈)၊ ၃၃လမ်း၊ ရန်ကုန်မြို့။

[ ဖုန်း - ၀၁-၂၈၃၃၈၇ ]

www.burmeseclassic.com

www.burmeseclassic.com


# လှသမိန်

## ဘဝတိုက်ပွဲအောင်ထူနည်း

| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၂၁၇/၉၇ (၄) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ၂၄၈/၉၇ (၅) |
| ...က်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဦးကျော်စိန်<br>(ကျောက်စိမ်းအော့ဖ်ဆက်)<br>(၀၂၉၀၉)<br>၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးမြသန်း (၀၁၅၀)<br>အသိုင်းအဝိုင်းစာပေတိုက်<br>(၃၅) သမာဓိလမ်း၊ ဇွဲစုံရပ်၊<br>မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။ |
| မျက်နှာဖုံးဒီဇိုင်း | ကိုကျော်စိုး |
| ကွန်ပျူတာစာစီ | လေးမမနှင့် သက်နှင်းမြင့် |
| ထုတ်ဝေသည့်ကာလ | ၁၉၉၇ - ခုနှစ် |
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ် |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၃၀-ကျပ် |

**ပတ္တမြားငမောက်**

စာအုပ်ထုတ်ဝေရေးတိုက်

...၆၈/၁၇၀)၊ မြေညီထပ်၊ ၃၃လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၈၃၃၈၇


# မာတိကာ


**စဉ်** **အကြောင်းအရာ** **စာမျက်...**

- အမှာ

၁။ ဘဝတိုက်ပွဲများ
- အပျက်တရားများ
- နာမ်လောကတိုက်ပွဲ
- ကြိုတင်စီစဉ်မှု
- အောင်ထူနိုင်ရမည်
- အရေးပါသည့်တိုက်ပွဲမျ...

၂။ ပညာရေးတိုက်ပွဲများ
- နို့သက်ခံမစို့စေရ
- ဝင်ခွင့်ရခြင်းမဟုတ်
- ကံမဆိုးရသေး
- ပန်းခင်းသောလမ်းချည်းမဟုတ်

၃။ စာမေးပွဲအောင်ရေးတိုက်ပွဲ
- အရည်အချင်းလက်မှတ်
- တစ်ဖက်ဖက်တွင်ချွန်နိုင်သည်
- အကြောင်းမှန်ကိုရှာရမည်
- မာန်မချသင့်

၄။ အလုပ်ရရေးတိုက်ပွဲ
- အကြိတ်အနယ်တိုက်ရမည်
- အားငယ်စရာမရှိ
- အလုပ်နှင့်ဂုဏ်
- ထိုက်တန်မှုပေါ်စေ

၅။ အချစ်ရေးတိုက်ပွဲ
- ကိုယ့်ဘက်သူ့ဘက်


www.burmeseclassic.com

www.burmeseclassic.com


-ရည်းစားတစ်ထောင် ၆၀

-ကြိုတင်ဆုံးဖြတ်မှု ၆၂

-အသည်းနှလုံးအရှုံး ၆၅

၆။ ဘဝအန္တရာယ်တိုက်ပွဲ ၆၇

-ရန်းထွက်ရန်အင်အား ၇၀

-လွန်ကျူးမှုများ ၇၂

-စိတ်ဖောက်ပြန်မှု ၇၅

-ငြီးငွေ့စိတ် ၇၇

၇။ စီးပွားရေးတိုက်ပွဲ ၇၉

-လူ့လောကမှုပညာ ၈၂

-လူကရှာရမည် ၈၄

-လိုအပ်သောစီးပွား ၈၆

-စီမံခန့်ခွဲမှု ၈၉

။ အိမ်ထောင်ရေးတိုက်ပွဲများ ၉၁

-ဖွင့်ထုတ်ဆွေးနွေးရေး ၉၄

-လွယ်ကူသောလမ်း ၉၆

-အကြောင်းမဲ့သံသယ ၉၈

-ညည်းတွားရန်မရှိ ၁၀၀

။ လူမှုရေးတိုက်ပွဲ ၁၀၂

-ကြောက်စရာလူများ ၁၀၅

-ပါးနပ်လိမ္မာမှု ၁၀၇

-မြော်မြင်ချက် ၁၀၉

-လူတတ်လုပ်ခြင်း ၁၁၂

။ မပြတ်သားမှုတိုက်ပွဲ ၁၁၃

-စေတနာနှင့်အပြစ် ၁၁၆

-အားနာခြင်းဟူသောစကား ၁၁၉

-ဟန်ဆောင်မှုအလေ့ ၁၂၁

-အပွင့်လင်းဆုံးဆက်ဆံရေး ၁၂၄

-တိကျပြတ်သားမှု ၁၂၆

၁၁။ အစဉ်အလာတိုက်ပွဲ ၁၂၈

-အစဉ်အလာနှင့်အစွဲ ၁၃၁

-ခေတ်ခြင်းမတူနိုင် ၁၃၃

-တိုးတက်မှုနှင့်ပြောင်းလဲမှု ၁၃၆

-အယူအဆအခြေခံ ၁၃၈

၁၂။ လောကဓံတိုက်ပွဲ ၁၄၀

-လောကီအမြင် ၁၄၃

-အကောင်းနှင့်အဆိုး ၁၄၅

-ခံနိုင်ရည် ၁၄၈

-နှောင်းမှနှောင်တ ၁၅၀

၁၃။ အကုသိုလ်တိုက်ပွဲ ၁၅၂

-အရေးကြီးသောအဆင့် ၁၅၅

-မလိုအပ်သောအကုသိုလ် ၁၅၇

-ပတ်ဝန်းကျင်ဂယက် ၁၆၀

-သတိတရား ၁၆၂

၁၄။ အတ္တတိုက်ပွဲ ၁၆၄

-ထင်တစ်လုံး ၁၆၇

-မောဟအန္တရာယ် ၁၆၉

-လွဲမှားသောပရဟိတ ၁၇၂

-အကျိုးငဲ့လွန်းခြင်း ၁၇၄

၁၅။ ဘဝကူးတိုက်ပွဲ ၁၇၆

-ပျက်ခြင်းချုပ်ခြင်းသဘော ၁၇၉

-တရားရခြင်း ၁၈၁

-ရှင်နေရကျိုး ၁၈၄

-တွယ်တာမှု ၁၈၆

-ကြိုတင်ဖြည့်တင်းခြင်း ၁၈၈

www.burmeseclassic.com

# အမှာ

ကျွန်ုပ်သည် **“ဘဝတိုက်ပွဲ အောင်ထုနည်း”**ကို ရေးရပြန်ပေသည်။ ယခင်က **‘ဘဝကို အနိုင်ယူနည်း’ ‘လောကပတ်ဝန်းကျင်ကို အနိုင်ယူနည်း’ ‘ဘဝအန္တရာယ် ခွင်းပယ်နည်း’ ‘နှစ်ဆယ့် လေးနာရီပတ်လုံးတန်ဖိုးရှိရှိ နေထိုင်နည်း’ ‘စိတ်ချမ်းသာအောင် နေထိုင်နည်း’** စသော စာအုပ်များကို ရေးခဲ့ပြီးလေပြီ။

ဤစာအုပ်တွင် ကြွင်းကျန်သော ဘဝအတွက် လက်ပန်းပေါင်းခတ်စေနိုင်မည့် တက်ကြွမှု အားတိုးစေမှုများကို အပြည့်အဝထပ်မံ ဖြည့်ဆောင်းတင်ပြထားပေသည်။ ဤစာအုပ် အားလုံးသည် တိကျသော ရည်မှန်းချက်များဖြင့် ဘဝတွင် အရှုံးပေးနေသူများအား အတင်းတွန်းပို့တွဲခေါ်ရန် ရဲစိတ်ရဲမာန် သွင်းပေးရန်အတွက် မိမိဘဝအတွေ့အကြုံ ဘဝအမြင်တို့ဖြင့် သုံးသပ် တင်ပြထားသော စာအုပ်များ ဖြစ်ပေသည်။

ဤစာအုပ်များကို ရေးနိုင်ခဲ့သဖြင့် ကျွန်ုပ်၏ ဘဝတွင်အမြဲအစဉ် ဂုဏ်ယူနေလိမ့်မည်ပင် ဖြစ်ပေသည်။ ယခင်စာအုပ်များကို ဖတ်ရှုရသဖြင့် အကြီးအကျယ် သိသာကွဲပြားစွာ ပြောင်းလဲလာခဲ့ရပါသည်ဟူ၍ ဝန်ခံအားပေးခဲ့သော လူငယ်လူရွယ်များစွာကိုလည်း ဤစာအုပ်ဖြင့်ထပ်မံ ဉာဏ်သစ်လောင်းလိုက်ရပေသည်။

စင်စစ်အားဖြင့် ဤစာအုပ်ပါ ဘဝတိုက်ပွဲများသည် စိတ်ကူးထဲမှ တိုက်ပွဲများ မဟုတ်ပေ။ ကျွန်ုပ်ကိုယ်တိုင် တိုက်ခဲ့၊ တိုက်ဆဲ၊ တိုက်ပွဲများပင် ဖြစ်ပေသည်။ ကျွန်ုပ်သည် ပြီးပြည့်စုံသော လူသားတစ်ယောက်မဟုတ်ပါချေ။ ဘဝတွင် တိုက်ပွဲဖြင့် စခဲ့သူပင်ဖြစ်၍ ဘဝနာခဲ့သူဖြစ်သည်ဟုဆိုလျှင် မမှားပေ။ ယနေ့အဖို့ ကျွန်ုပ်သည် ကြီးကျယ်အောင်မြင်နေသူ တစ်ယောက် မဟုတ်ပေ။ သို့ရာတွင် ကျွန်ုပ်၏ ရည်မှန်းချက်များ အောင်မြင်ပိုင်နိုင်မှုရသူဖြစ်သည်ဟူ၍ကား ဆိုနိုင်ပေလိမ့်မည်။ လူတစ်ယောက်၏ မျှော်မှန်းချက် ပန်းတိုင်သည် အခြားသူတစ်ယောက်၏ မျှော်မှန်းချက် ပန်းတိုင်နှင့် တူညီလိမ့်မည် မဟုတ်ပေ။

ကျွန်ုပ်၏ ဘဝတွင် ခံစားချက်များလည်း ရှိခဲ့ပေသည်။ အောင်မြင်မှုများလည်း ရှိခဲ့ပေသည်။ ရှုံးနိမ့်မှုများလည်း ရှိခဲ့ပေသည်။ မည်သို့ပင်ဖြစ်စေ ဘဝတစ်ခု၏ သဘာဝမျက်နှာပြင်ကို ဖြတ်သန်းနေရသည်သာ ဖြစ်ပေသည်။ သို့ရာတွင် ကျွန်ုပ်သည် မြစ်ကို တွေ့လျှင်လည်း ဖြတ်ကျော် တောင်ကို တွေ့လျှင်လည်း ကျော်မည်သာ ဖြစ်ပေသည်။ အနိမ့်ခံရခြင်းများအောက်မှ လူးလွန့်ရုန်းကန်၍ တွားတက်လာမည်ပင် ဖြစ်ပေသည်။ ဤသို့သော ဘဝအလွှာတွင် ကြုံတွေ့ရသော အသိအမြင်နှင့် အားသစ်မာန်သစ်တို့သည် ယနေ့အားအင်ဆုတ်ယုတ်နေသူများအတွက် အားတိုးဆေးပင် ဖြစ်စေလိုပေသည်။ အနိုင်မခံ အရှုံးမပေးစတမ်း သွေးနှိုးအဖော်ငြိချက်များ ဖြစ်စေလိုပေသည်။

ကျွန်ုပ်တို့ ဘဝကို အရှုံးပေးမည်လော. . .၊ ဘဝကို ကျွန်ုပ်တို့က အနိုင်ယူမည်လော။ အခက်အခဲကို ခေါင်းလျှိုး၍ ခံမည်လော၊ ရင်ဖြင့်တွန်း၍ ကျော်လွှား ဖယ်ရှားမည်လော၊ ကျွန်ုပ်တို့သည် ဘဝအောင်ပန်းဆွတ်လှမ်းရန် မကြောက်မထိတ်ဘဲ ရုန်းကန်လှုပ်ရှား ချီတက်မည်လော။ စိတ်ဖျက်အားလျှော့၍ **“မဖြစ်နိုင်”** စကားပြောကာ အညံ့ခံ၍ နေမည်လော။

ကျွန်ုပ်တို့လောကတွင် အခက်အခဲ အကြပ်အတည်း စိတ်ဖျက်အားငယ်စရာများ ရာနှင့်ချီ၍ ရှိပေမည်။ သောင်းနှင့်ချီ၍ ရှိပေမည်။ ရှိကြစမ်းပါစေ၊ ခက်ခဲခြင်းသည် ခက်ခဲခြင်း၏အလုပ်ဖြစ်၍ ဖြတ်ကျော်ခြင်းသည်သာ ကျွန်ုပ်တို့အလုပ် ဖြစ်ပေသည်။ ကိုယ့်အလုပ်ကို ကိုယ်လုပ်ကြရပေလိမ့်မည်။

ဤစာအုပ်သည် ကျွန်ုပ်၏ ဘဝတိုက်ပွဲတစ်ခုပင် ဖြစ်သည်။ သို့ရာတွင် ဤစာအုပ်ကို တစ်စုံတစ်ယောက် ဖတ်နေပြီဟုဆိုလျှင် ကျွန်ုပ်၏ တိုက်ပွဲတစ်ပွဲသည် အောင်ထူနေပေလိမ့်မည်။ ဖတ်ရှုနေသူသည်လည်း သူ၏ တိုက်ပွဲများသည် အောင်ထူနေပေလိမ့်ဦးမည်။ ကျွန်ုပ်တို့၌ ဘဝရှိလျှင် တိုက်ပွဲလည်း ရှိပေမည်။ တိုက်ပွဲရှိလျှင် အောင်ထူမှုလည်း ရှိရပေလိမ့်မည်သာတည်း။


လှသမိန်

www.burmeseclassic.com

www.burmeseclassic.com

# လှသမိန်

## စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း



လှသမိန် (ဦးလှတင်)ကို (၁၉၂၃)ခုနှစ်၊ ဖေဖော်ဝါရီလ(၇)ရက်နေ့တွင် ပဲခူးတိုင်း၊ လက်ပန်တန်းမြို့တွင် ဦးဖန်-ဒေါ်ငွေတို့မှ ဖွားမြင်သည်။ အုတ်ဖိုမြို့တွင် နေထိုင်ကြီးပြင်းခဲ့သည်။ ကြို့ပင်ကောက်မြို့ အာစီအမ်ကျောင်း၊ မင်းလှမြို့ ဗုဒ္ဓဘာသာကျောင်းများတွင် ပညာသင်ခဲ့သည်။ ဗုဒ္ဓစာပေ စာပြန်ပွဲများ အောင်မြင်ခဲ့သည်။

(၁၉၄၆) ခုနှစ်မှစ၍ ရှေ့ဆောင် သတင်းစာ၊ စီးပွားရေး သတင်းစာ၊ လမ်းညွှန်သတင်းစာများတွင် စာတည်းအဖြစ် လုပ်ကိုင်ခဲ့ပြီး ဒီမိုကရေစီဂျာနယ်၊ ယဉ်ကျေးမှုစာစောင်၊ ...ိုတေးသံစာစောင်များတွင်လည်း စာတည်းအဖြစ် ဆောင်ရွက်ခဲ့သည်။ ဘာသာပြန်စာပေအသင်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနများတွင် ...ိုင်ငံတော်တာဝန်ကို နှစ်ပေါင်း(၃၀)နီးပါး ထမ်းဆောင်ခဲ့သည်။

ကဗျာနှင့် ဆောင်းပါးများကို (၁၉၄၆) ခုနှစ်မှ စတင်ရေးသားခဲ့သည်။ ...ုံးချင်းဝတ္ထု ဆယ်အုပ်အပါအဝင် စာပေ၊ ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေး၊ ...ီးပွားရေး၊ သမိုင်း၊ ဘာသာစကား စသော အကြောင်းအရာ အမျိုးမျိုးကို ...အုပ်စာတမ်းပေါင်း (၂၀၀)ကျော် ရေးသား၊ တည်းဖြတ်၊ ထုတ်ဝေခဲ့ပြီး...ဖြစ်သည်။ စာပေ၊ ဂီတ၊ ပန်းချီနှင့် အနုပညာများကို လေ့လာခဲ့သည်။ ...တ်လပ်ရေးမော်ကွန်းဝင် တစ်ဦးဖြစ်သည်။ ယခုအခါ စာ-နယ်-ဇင်းများတွင် ...ဆောင်းပါးများ မပြတ်မလပ် ရေးသားလျက်ရှိသည်။

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ဦးဝိစာရ အိမ်ရာစခန်း၊ တိုက်အမှတ် (၂၄)၊ ...ခန်း(၁၁)တွင် နေထိုင်လျက်ရှိသည်။



# ဘဝတိုက်ပွဲများ

ဘဝဟူသည်မှာ ရုပ်နာမ်တစ်စုံ၏ ရှင်သန်ရပ်တည်ရာ အခိုက်အတန့်ကာလပင် ဖြစ်သည်။ ဘာသာရေးအားဖြင့် ယူဆပါမူ ဖြစ်ပျက်သံသရာ၏ ရေပွက်ပမာ တစ်ခန်းတစ်ကဏ္ဍမျှသာ ဖြစ်ပေသည်။ လူမှုရေးအားဖြင့် သုံးသပ်ပါမူကား မိမိတစ်ကိုယ်၏ ရှင်ကျန်ရေးအတွက် အဖျက်အဆီးများကို တွန်းလှန်တိုက်ခိုက်နေရသော တိုက်ပွဲပေါင်းများစွာ မပြတ်ဆင်နွှဲနေရသည့် တိုက်ပွဲကာလတစ်ရပ်သာပင် ဖြစ်ချေသည်။ အကျဉ်းအားဖြင့် ဘဝသည် စစ်မြေပြင်သာ ဖြစ်ပေသည်။

တိုက်ပွဲကို တိုက်ခိုက်၍ အောင်ထူနေနိုင်သမျှသော ကာလသည် ဘဝပင် ဖြစ်ပေသည်။ ယနေ့တိုက်ပွဲတွင် လက်မြှောက် အရှုံးပေးလိုက်ပါက ယနေ့ပင် ဘဝသည် ဆုံးရှုံးသွားပေလိမ့်မည်။ တိုက်ပွဲမရှိသော ဘဝသည် မရှိပေ။ သက်ရှိသတ္တဝါမှန်သမျှ နာရီမိနစ်နှင့်မခြား တိုက်ခိုက်နေရပေသည်။ မိမိဘဝတွင် တိုက်ပွဲမရှိဟူ၍ ယူဆနေသူသည် မိမိ၏ တိုက်ကွင်းတိုက်ကွက်ကို မမြင်၍၎င်း၊ မိမိသက်သာစွာ တိုက်နေရသောကြောင့်၎င်း၊ မိမိတိုက်ပွဲသည် မကြီးမားခြင်းကြောင့်၎င်း၊ ထိုသို့ ထင်မှတ်ခြင်းသာ ဖြစ်ပေသည်။ လူ့ဘဝသည် မွေးဖွားလာသည်မှ သေဆုံးသည်အထိ တိုက်ပွဲတစ်ခုပြီးတစ်ခု တိုက်နေကြရပေသည်။

ပဏ္ဏမြားမောက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အပျက်တရားများ

လောကကြီးတွင် တည်တံ့မှုဟူသည်မှာ အမြဲထာဝရ တည်ရှိသော အရာမဟုတ်ချေ။ အဖြစ်တရားများသည် တရံစပ် ဖြစ်ပွားနေ၍ အပျက်တရားများသည်လည်း တရစပ်ပျက်၍ နေပေသည်။ ရုပ်ဆင်းသဏ္ဌာန် တစ်ခုလုံး သိသာလောက်အောင် ပျက်ရွေ့ယွင်းဖောက်သော အပျက်တရားနှင့် အသစ်ဖြစ်နေသော အဖြစ်တရားမျိုးကို သတိပြုမိတတ်ကြသော်လည်း စက္ကန့်ပိုင်းအတွင်း မြူကလာပ်တို့ အဆင့်ဆင့် ဖြစ်ပျက်နေကြသည်ကို သာမန်အားဖြင့် မမြင်မိတတ်ကြပေ။ တည်တံ့မှုဟူသည်မှာ အဖြစ်တရား တစ်ခု၏ ပြီးမြောက်ချိန်နှင့် အပျက်တရားတစ်ခု၏ စတင်ချိန် အကြား၌ တည်ရှိသော အခိုက်အတန့်မျှသာ ဖြစ်ပေသည်။ ဥပမာအားဖြင့် လေထဲသို့ မြှောက်လိုက်သော ခဲတစ်လုံး၏ လေထဲ၌ရပ်တည်သော ကာလအပိုင်း အခြားသည် မြှောက်သော အားစွမ်းအရှိန်အဆုံး၌ စတင်၍ ပြန်ကျသော မြေဆွဲအား၏ အားစွမ်းစတင်ချိန်၌ အဆုံးသတ်ပေလိမ့်မည်။ ထိုခဲလုံးသည် ပြန်၍ကျစေသော မြေဆွဲအားကို တွန်းလှန်အနိုင်ယူနေနိုင်သမျှ ကာလပတ်လုံး တက်၍ နေပြီး မတွန်းလှန် နိုင်တော့သည်နှင့် တပြိုင်နက် မိမိအလေးချိန်ကို အမှီပြုသော ကျနှုန်းဖြင့် ပြန်၍ကျ နေရပေသည်။

ကျွန်ုပ်တို့သည် ဘာမျှ မလှုပ်မရှားပဲနေခဲ့လျှင် ဘဝ၏များစွာသော အပျက်တရား၏ စိုးမိုးမှုကိုခံရ၍ ဘဝပါလုံးဝပျက်သုဉ်း အဆုံးသတ်သွားပေလိမ့်မည်။ ကျွန်ုပ်တို့လှုပ်ရှားရုန်းကန်နိုင်သလောက် အပျက်နိယာမမှ အခိုက်အတန့်အားဖြင့် လွတ်စင်တည်တံ့နေပေလိမ့်မည်။ ထိုလှုပ်ရှားမှုမှန်သမျှသည် အပျက်တရားများ၊ အန္တရာယ်များ၊ ရန်သူများကို တိုက်ခိုက်နေခြင်းသာ ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် အသိစိတ်နှင့် တိုက်သည့်အခါလည်း ရှိပေသည်။ မသိစိတ်နှင့် တိုက်နေခြင်းများလည်း ရှိပေသည်။

ကျွန်ုပ်တို့ လေကိုရှူရှိုက်ခြင်း၊ အစာစားခြင်းစသည်တို့သည် သေခြင်းအန္တရာယ်ကို မသိစိတ်ဖြင့် အလိုအလျောက် တိုက်ခိုက်နေခြင်းပင် ဖြစ်လေသည်။ သို့ရာတွင် တိုက်ပွဲများစွာ၌ မသိစိတ်ဖြင့် တိုက်ခိုက်နိုင်စွမ်း မရှိပေ။ တိုက်ပွဲ၏ ရန်သူကိုရင်း၊တိုက်ပွဲ၏ ပမာဏကိုရင်း၊ တိုက်ခိုက်ရမည့် အားအင်ကိုရင်း၊ တိုက်ခိုက်ရမည့် နည်းပရိယာယ်ကိုရင်း၊ စဉ်းစားဝေဖန်၍ ကြိုးစားအားထုတ်မှုဖြင့် တိုက်ရမည့် တိုက်ပွဲပေါင်းများစွာ ရှိနေပေသည်။

ကျွန်ုပ်တို့သည် မည်သူ့ကို တိုက်နေရသနည်း၊ ကျွန်ုပ်တို့၏ တိုက်စရာရန်သူအန္တရာယ်တို့ကား အဘယ်နည်း။

ကျွန်ုပ်တို့ တိုက်ရမည့် အန္တရာယ်နှင့် ရန်သူသည် အရပ်ဆယ်မျက်နှာတွင်ရှိ၍ အမြဲတစေလည်း ရှိပေသည်။ ကျွန်ုပ်တို့သည် ဖွားမြင်သည်မှစ၍ အဆုတ်ကျယ်ပြန့်ဖောင်းပွစေရန် ဟစ်အော်၍လေကို အငန်းမရ ရှူရှိုက်ရသည် ကပင်လျှင် ဘဝတွင် ရှေးဦးစွာ တိုက်ပွဲဝင်ကြရပေသည်။ လေကိုရှိုက်၍ရှူရခြင်း၊ အသံထွက်အောင် အော်ရခြင်း၊ ကိုယ်လက်တို့ကို လွတ်လပ်စွာ ရုန်းကန်လှုပ်ရှား အားထုတ်ရခြင်းတို့သည် ရှိသမျှ အင်အားကိုသုံး၍ ပတ်ဝန်းကျင်ထဲတွင် တိုးဝင်တိုက်ပွဲဆင်ရခြင်းပင် ဖြစ်ပေသည်။ ဤတိုက်ပွဲတွင် မစွမ်းဆောင်နိုင်ခဲ့လျှင် ဘဝကိုပင် ရယူပိုင်ဆိုင်ရန် အရေးလှလိမ့်မည် မဟုတ်ပေ။

ကျွန်ုပ်တို့၏ ကလေးဘဝတွင်ပင် မအားမလပ်သော မိခင်အား မိမိအလိုကို ဖွင့်ဟပြောနိုင်စွမ်းမရှိချိန်၌ မိမိအလိုက်နှင့်အလိုကို မသိတတ်သော မိခင်အား မိမိလိုရာကို ငိုသံ တအင်အားတည်းဖြင့် လှုံ့ဆော်ဆွဲဆောင်ရသည်မှာ ကြီးစွာသော တိုက်ပွဲပင် ဖြစ်ပေသည်။ ထိုတိုက်ပွဲတွင် အောင်နိုင်ပါမှ နို့ချိုကို စို့ရပေသည်။ မိမိ၏ မအီမသာမှုများကို ပြုစုယုယခြင်း ခံရပေသည်၊ ထိုတိုက်ပွဲတွင် ရှုံးနိမ့်ပါက ညစ်ပေရေလျှက် ဆာလောင်မွတ်သိပ်မှုဒဏ်ကို ခံစားနေရပေလိမ့်မည်။ ဘဝတစ်ခုကို ရရှိပိုင်ဆိုင်ရသည်မှာ သက်သာလွယ်ကူလှသည် မဟုတ်ကြောင်းကို သတိပြုမိနိုင်ပေသည်။

ဤသို့အားဖြင့် အသက်ရှင်ကျန်းမာရေးနှင့် ရောဂါဥပါဒ် ကင်းဝေးရေးအတွက် ကလေးငယ်ဘဝမှစ၍ တိုက်ပွဲဝင်ခဲ့ကြရသည်မှာ အသက် အရွယ်အလျောက် တိုက်ပွဲများအဆင့်ဆင့် ပေါ်လာမည်သာ ဖြစ်ပေသည်

www.burmeseclassic.com



အသက်အရွယ်ကြီးရင့် လာသလောက် လိုအင်ဆန္ဒများ ပြဿနာများကလည်း တိုးပွားလာမည် ဖြစ်သည်။ အခက်အခဲများ အန္တရာယ်များကလည်း များပြား လာမည် ဖြစ်ပေသည်။ တိုက်ပွဲ၏ ပမာဏသည် ကြီးမားသည်ထက် ကြီးမားလာမည်သာ ဖြစ်ပေသည်။

## နာမ်လောကတိုက်ပွဲ

ကျွန်ုပ်တို့၏ တိုက်ပွဲများတွင် ရုပ်ခန္ဓာပွားစည်း စည်ပင်မှုအတွက် ပျက်စီးယိုယွင်းသော ရုပ်ကလာပ်မှုန်များထက် အသစ်ဖြစ်ထွန်းသော ရုပ်ကလာပ်မှုန်များက တိုးပွားသာလွန်အောင် မိမိရုပ်ခန္ဓာကို အနည်းနည်း အားဖြင့် ထောက်ကန်ပြုပြင်ကြရခြင်းနှင့် ရုပ်နှင့်ဆိုင်သော ရုပ်တည်မှု တိုက်ပွဲများကို တိုက်ခိုက်ခဲ့ကြရပေသည်။ ထိုမျှသာမက ခံစားလိုသော စိတ်အာရုံများ ရရှိရေးအတွက်လည်းကောင်း၊ မပြည့်ဝနိုင်သော ဆန္ဒအာရုံ များကို ချုပ်တည်းထိမ်းကွပ်ရန် အတွက်လည်းကောင်း၊ မိမိနှစ်သက်သည် ဖြစ်စေ မနှစ်သက်သည်ဖြစ်စေ မိမိအပေါ်၌ ကျရောက်လာသော တာဝန်များကို ထမ်းဆောင်ချင်စိတ် ထက်သန်အောင် လှုံ့နှိုးပေးရန်အတွက်လည်းကောင်း၊ နာမ်လောက၏ တိုက်ပွဲများကိုလည်း တိုက်ရမည်သာ ဖြစ်လေသည်။

ကျွန်ုပ်၏ တိုက်ပွဲများတွင် မိမိ၏ သဏ္ဍာန်၌တည်သော စိတ်မှအစ ပတ်ဝန်းကျင်သက်ရှိသက်မဲ့အားလုံးနှင့်လည်း တိုက်ကြရပေသေးသည်။ တိရစ္ဆာန် များကိုကြည့်လျှင် မိမိအားညှဉ်းဆဲသတ်ပုတ်မည့် အန္တရာယ်များကို အမြဲခုခံ တိုက်ခိုက် ရှောင်တိမ်းနေရ၍ မိမိဝမ်းရေးအတွက် ခန္ဓာတည်တံ့မှု တိုက်ပွဲကိုလည်း အမြဲတစေ တိုက်ခိုက်နေရသည်သာဖြစ်ကြောင်း တွေ့မြင် ရပေမည်။ လူသတ္တဝါတို့၏ တိုက်ပွဲကား ထိုထက် ကျယ်ဝန်းသည်။ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူရာ၌ မိမိဉာဏ်အမြင်ကို ဖောပြချေချွတ်ရာ၌ တင်းမာဆန့်ကျင်သော သက်ရှိသတ္တဝါတို့ကိုလည်း



အောင်နိုင်တော်မူ၍ မိမိစိတ်သန္တာန်၌ မှီတွယ်ခဲ့သော ကိလေသာ အဝိဇ္ဇာ တရားတို့ကိုလည်း အောင်နိုင်တော်မူရလေသည်။

ဤသို့သာ အောင်နိုင်ခြင်းနှစ်မျိုးကို အပြင်အောင်ခြင်း အတွင်း အောင်ခြင်းဟူ၍ ခွဲခြားမှတ်သားကြရပေသည်။ ကျွန်ုပ်တို့၏ဘဝ အောင်ပန်း ဆင်ရခြင်း၌လည်း ဤသို့လျှင် ပြင်ပ ပတ်ဝန်းကျင်ကို အောင်နိုင်ရမည့် အပြင်တိုက်ပွဲနှင့် မိမိ၏ပျင်းစိတ် ရေသာခိုစိတ် ကြောက်စိတ် အားငယ်စိတ် စသော အတွင်းစိတ်တို့ကို အောင်နိုင်ရမည့် အတွင်းတိုက်ပွဲများကိုလည်း တိုက်နေကြရမည်သာ ဖြစ်ပေသည်။

ဘဝပြဿနာများကို ဖြေရှင်းရလေတိုင်း ကျွန်ုပ်တို့သည် စစ်ဆင်မှု တစ်ရပ်အနေဖြင့် သဘောထား၍ တိုက်ခိုက်ရမည်သာ ဖြစ်လေသည်။ သို့မှလည်း တိုက်အားကောင်း၍ အောင်ထူနိုင်ရန် အလားအလာရှိမည်သာ ဖြစ်ပေသည်။ ရင်ဆိုင်နေရသည့် တိုက်ပွဲကို ပေါ့ဆစွာ သဘောထားလျှင် မိမိအန္တရာယ်ကသာ အနိုင်ယူသွားလိမ့်မည် ဖြစ်လေသည်။ အန္တရာယ်ကို ရပ်ကြည့်နေ၍ မရပေ။ ကိုယ်ခံသိုင်းပညာတတ်မြောက်သူသည် မိမိအား ဓါးနှင့်ခုတ်လာသူအား လည်စင်း၍ ထိုးခံနေလိမ့်မည် မဟုတ်ပေ။ နောက်တစ်လှမ်းဆုတ်၍ ရန်သူ့ဓါးချက်ကိုလမ်းလွှဲစေကာ ရန်သူကို မိမိရှေ့သို့ တိုးဝင်စေလျှက် မိမိရရ ဆုပ်ကိုင် ဖမ်းဆီးခုခံ ပေလိမ့်မည်။ သို့တည်းမဟုတ် ခြေလှမ်းတိုးဝင်၍ ရန်သူ၏ နောက်မှ အရအမိ ဖိနှိပ်တွယ်ဖက်ခါ အနိုင် ဖမ်းယူပေလိမ့်မည်။ ထိုနည်းတူစွာပင် ကျွန်ုပ်တို့သည် တိုက်ပွဲတွင် ရန်သူကို လွတ်အောင် ရှောင်သော်ရှောင်၍ တိုးဝင်ခုခံကာ အနိုင်ယူသော် အနိုင်ယူရ ပေမည်။ ရန်အောင်ရာအောင်ကြောင်းကို ပိုင်နိုင်သော နည်းပရိယာယ်ဖြင့် ဆောင်ရွက်ရမည်သာ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ကြိုတင်စီစဉ်မှု

တိုက်ပွဲတစ်ပွဲကို ကျွန်ုပ်တို့ မည်သို့ တိုက်သနည်း။ ကျွန်ုပ်တို့သည် ဘဝတွင် ရင်ဆိုင်ရသော ပြဿနာကို ဘဝ၏ တိုက်ပွဲတစ်ရပ်အသွင်ဖြင့် ရှုမြင်ရမည်ဟု ဆုံးဖြတ်ရာ၌ လေးနက်ခိုင်မာသော အကြောင်းရင်းများ ရှိပေသည်။ ကျွန်ုပ်တို့သည် အပျင်းပြေ ကစားသော ဘောလုံးပွဲတစ်ပွဲနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ရမည့် နောက်ဆုံးဗိုလ်လုပွဲကစားမည့် ဘောလုံးပွဲ တစ်ပွဲတို့တွင် ကစားသူတို့၏ ဖွဲ့စိတ်မာန်နှင့် ကြိုတင်ပြင်ဆင်မှုများ မတူညီနိုင်သည်ကို သတိပြုမိကြမည် ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် ချောင်းတစ်သွယ်ကို အမှတ်မထင် ကူးဖြတ်ရမည်ဆိုပါက ရေတိမ်ရေနက်နှင့် ရေစီးအားကို ကြိုတင်မသိရှိရသည့်အတွက် အန္တရာယ်ရှိဖွယ်လမ်းသာလျှင် များပေလိမ့်မည်။ ရေတိမ်ရေနက်ရေစီးအားနှင့် အောက်ခင်းရှိ ကြောင့်စူး သစ်ငုတ်စသည်တို့၏ အန္တရာယ်ကို ကြိုတင်သိရှိထားပါက ထိုချောင်းကို ကူးဖြတ်နိုင်မည့် အားအင်နှင့် လျော်သည့်အစီအမံတို့ကို ကြိုတင် စီစဉ်နိုင်သဖြင့် သက်သာ လွယ်ကူစွာ အန္တရာယ်ကို လွန်မြောက် နိုင်မည် ဖြစ်လေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဘဝ၏ပြဿနာများ၊ တာဝန်များ၊ ခက်အခဲများဆောင်ရွက်ရန် အဆင့်များကို ဘဝ၏ တိုက်ပွဲများအနေဖြင့် သဘောထား၍ အနိုင်တိုက်ရန် အစီအမံများ ပြုလုပ်ရမည် ဖြစ်လေသည်။ ၍သို့ဆိုရာ၌ သတိပြုရန် တစ်ချက်ရှိပေသည်။ ဤသည်ကား ဘဝတွင် ာမန်အားဖြင့် အလွယ်နှင့် ကျော်ဖြတ် ဖြေရှင်းသွားနိုင်သည့် ရေးရာကိစ္စ ၁လေးများကို သာမန်အားထုတ်မှုဖြင့် မသိမသာ ဖြေရှင်း ဆောင်ရွက်သွားရ ည့်အစား အရေးတကြီး ပြဿနာချဲ့ကာ အကြီးအကျယ် တိုက်ပွဲကြီး ်စ်ရပ်ကဲ့သို့ တပင်တပန်းစစ်ဆင်ဖြေရှင်းရမည်မှာ သင့်လျော်ပါမည်လော သော စောဒကပင် ဖြစ်ပေသည်။ သာမန် ကိစ္စရေးရာများတွင် မပင်မပန်းဘဲ ာင်နိုင်မှု ရရှိမည်ဆိုက အထူးအားထုတ်ရန် လိုမည်မဟုတ်ပေ။ **ပက်ကျိုကို ်းစိုင်း၍ လိုက်ဖမ်းရန် လိုမည်မဟုတ်ပေ။** လှမ်း၍ ကူးနိုင်သော



မြောင်းကို ခုန်၍ကူးရန် အဘယ်မှာ လိုပေချိမ့်အံ့နည်း။ သို့ရာတွင် တပင်တပန်း အားစိုက်ခုန်ကျော်ရမည့် မြောင်းကိုမူ တစ်ဆွေ့ခုန်ဖြင့် ကူး၍ မရနိုင်သည်ကို သတိပြုရပေလိမ့်မည်။

ကျွန်ုပ်တို့ဘဝတွင် မည်သည့်ရေးရာများသည် တိုက်ပွဲများဖြစ်၍ မည်သည့်ရေးရာများသည် စစ်အင်အားပြရုံနှင့် ဖြေရှင်းနိုင်သည်ကို မိမိတို့ကိုယ်တိုင် ရွေးချယ်နိုင်မည် ဖြစ်ပေသည်။

တန်ဖိုးလျှော့၍ ပေးသင့်သည်ကိုပေးပြီး တန်ဖိုးပို၍ပေးသင့်သည်ကို ပို၍ပေးရမည် ဖြစ်လေသည်။ လူတစ်ဦးတစ်ယောက်အဖို့ တိုက်ပွဲတစ်ရပ် မဟုတ်သော ပြဿနာသည် မိမိအဖို့စွန့်စားရမည့် တိုက်ပွဲကြီးတစ်ပွဲဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။

ဘဝ၏ရေးရာတစ်ခုကို တိုက်ပွဲတစ်ရပ်အဖြစ် သဘောထားမိသောအခါ မိမိကျော်နင်းရမည့်ရန်သူ(ဝါ) အန္တရာယ်၏ ပမာဏသည် မည်မျှ ရှိသနည်း၊ မည်မျှကြာရှည်အောင် တိုက်ခိုက်အောင်ထူရမည်နည်း၊ မိမိ၌ အင်အားမည်မျှ ရှိသနည်း၊ တိုက်ခိုက်နေစဉ် အခက်အခဲ၏ ပြန်လည်တွန်းလှန်မှုနှင့် ကြားဖြတ်တိုးဝင်လာမည့် အခြားရန်အန္တရာယ်များ မည်မျှ ရှိမည်နည်း၊ မည်သည့်နည်းပရိယာယ်မျိုးဖြင့် စစ်ဆင်တိုက်ခိုက်နိုင်သနည်း စသည်တို့ကို ချိန်ဆ၍ ကြိုတင်ပြင်ဆင်ခြင်းနှင့် တိုက်ဆဲကာလ၌ သတိရှေ့ဆောင်ခြင်းတို့သည် အောင်ပွဲအတွက် အင်အားကြီးမား စေနိုင်ပေသည်။ အောင်ပွဲရရေးအတွက် သေချာစေပေသည်။

စစ်တစ်ပွဲကို တိုက်ရာ၌ ရန်သူ့အင်အားကိုလည်း ကင်းထောက်စုံစမ်းရပေသည်။ ရန်သူ၏စွမ်းရည် ရန်သူ၏တိုက်နည်းပရိယာယ် ရန်သူ၏ စစ်ကြောင်း ရန်သူ၏ ကျောထောက်နောက်ခံ ရန်သူ၏ အနေအထား ရန်သူ၏ လက်နက်ရိက္ခာ၊ ဆက်သွယ်ရေး၊ တပ်ကူစိတ်ဓါတ်စသည့် အခြေအနေတို့ကို တွက်ချက်ရပေသည်။ အပြန်အလှန်အားဖြင့် မိမိတပ်၏အခြေအနေ အင်အားကိုလည်း တွက်ဆရသည်။ ရန်သူ၏ အားနည်းချက် မိမိတပ်၏ သာလွန်ချက်တို့ကို ချိန်ဆစဉ်းစားရပေသည်။ ထိုသို့လေ့လာစူးစမ်းမိသောအခါမှ တိုက်နည်း



www.burmeseclassic.com

www.burmeseclassic.com



သေနင်္ဂဗျူဟာကို ချမှတ်နိုင်ပေသည်။ ရန်သူထက် သာလွန်အောင် အင်အားဖြည့်တင်းနိုင်ပေသည်။ တိုက်ခိုက်ရန် အသင့်လျော်ဆုံး ကာလကို ပိုင်းဖြတ်နိုင်ပေသည်။ တက်လမ်းဆုတ်လမ်းတို့ကို ကြိုတင် သတ်မှတ်နိုင်ပေသည်။ ဖြစ်ပေါ်လာမည့် အခက်အခဲကို တွက်ချက် ပြင်ဆင်ပြီး ဖြစ်ပေသည်။

## အောင်ထူးနိုင်ရမည်

ဘဝတိုက်ပွဲတွင်ကား အမျိုးအမည်များပြားလှသည်သာမက အရပ်ဆယ်မျက်နှာမှာ အချိန်မရွေးပေါ်ပေါက်နိုင်သော တိုက်ပွဲများလည်း ပါရှိပေသည်။ စစ်ဦးတစ်ဖြောင့်တည်းတည်း၌ မြင်သာသော ရန်အန္တရာယ်ကို နှစ်ရှည်စီမံကိန်းဖြင့် ဖဲ့ဖြိုတိုက်ခိုက်ရမည့် တိုက်ပွဲမျိုးလည်း ပါရှိပေသည်။ တစ်ပွဲပြီးတစ်ပွဲတစ်စခန်းပြီးတစ်စခန်း အစဉ်အတိုင်း ချီတက်သိမ်းပိုက်ပြီးမှ အောင်ထူးရမည့် တိုက်ပွဲမျိုးလည်း ရှိပေသည်။ တိုက်ပွဲတစ်ထောင် အောင်ပွဲတစ်ထောင် တိုက်ခိုက်ရမည့် ဘဝလမ်းကြောင်းတွင် ကျွန်ုပ်တို့သည် ကြိုတင်ပြင်ဆင်ကာ မပေါ့မလျော့သော သတ္တိစွဲဖြင့် အနိုင်တိုက်ခိုက်ကြရပေလိမ့်မည်။

စစ်ဝတ်အင်္ကျီ၏ လက်ဝဲရင်ပတ်ပေါ်တွင် တံဆိပ်အမျိုးမျိုး ချိပ်ဆင်ထားသော စစ်သည်တပ်သားတစ်ဦးကို တွေ့မြင်ရလျှင် သူတိုက်ခိုက်အောင်ပွဲဆင်ခဲ့သော တိုက်ပွဲများ၏ အထုအထည်ကို စဉ်းစားခန့်မှန်းနိုင်ပေသည်။ ထိုနည်းတူစွာပင် ဘဝတွင် အောင်ပွဲဆင်နိုင်၍ အောင်မြင်တိုးတက်သူတို့ကို တွေ့သည့်အခါတွင် သူ့တို့၏ ရင်ပတ်ပေါ်တွင် တိုက်ပွဲအောင်တံဆိပ်များကို မမြင်တွေ့ရစေကာမူ သူတို့သည် ဘဝတိုက်ပွဲများကို သူ့နည်း သူ့ဟန်နှင့် တိုက်ခိုက် အောင်ထူခဲ့ပြီး၍ ဤအခြေအနေသို့ ရောက်နေခြင်းဖြစ်ကြောင်းကို ကောင်းစွာ ရိပ်မိနိုင်သည်။ ဘဝတွင် ကြီးပွားနေသူများနှင့် နုံချာအောက်ကျနေသူများကို တွေ့မိကြမည်ပင် ဖြစ်ပေသည်။ တိုးတက်ကြီးပွားမှုတွင် ထိပေါက်၍သော်ငြား အမွေရ၍သော်ငြား အခြေအနေ



ပေး၍သော်ငြား တိုးတက်ကြီးပွားသူများမှာ ရာခိုင်နှုန်း အနည်းငယ်မျှသာ ဖြစ်ပေသည်။ ထိုသို့အလိုအလျောက်နီးပါး အခွင့်အလမ်းရှိမှသာလျှင် ကြီးပွားထွန်းကားနိုင်သည်ဟူသော သဘောတရားသည် နိယာမတရား မဟုတ်ပေ။ ထိုသို့အခွင့်အလမ်းရှိတိုင်းလည်း မကြီးပွားတတ်ပေ။ ထိုသို့ အခွင့်အလမ်း မရှိဘဲလည်း တိုးတက်ကြီးပွားနိုင်သည်သာ ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် ပကတိအခြေအနေတွင် အလုပ်လုပ်သူတိုင်း တိုးတက်ကြီးပွား၍ ဘဝတွင် အောင်ထူနိုင်ရေး လမ်းကြောင်းကိုသာ ဖေါ်ညွှန်းနေသည်။ ဘဝတွင် တိုက်ပွဲဆင်၍ အောင်ထူ နိုင်သည်သာဖြစ်ကြောင်းကို အလေးပေး၍ ထားပေသည်။

ကျွန်ုပ်တို့သည် ငွေကုန်ကြေးကျများစွာဖြင့် ရသာထူးမြတ်သော စားသောက်ဖွယ်စီမံနည်းကို မဖေါ်ပြလိုပေ။ ငွေကြေးများစွာ မတတ်နိုင်သူများသည်ပင်လျှင် အကုန်အကျသက်သာစွာဖြင့် နှုတ်မြိန်အောင် စားသောက်နည်းမျိုးကိုသာ ဖေါ်ညွှန်းလိုပေသည်။ လူအများ လက်တွေ့လုပ်နိုင်ကိုင်နိုင်အောင် လက်လှမ်းမီသော လက်တွေ့နည်းများဖြင့်သာ ဖေါ်ညွှန်းလိုပေသည်။ ထိုသို့သော သာမန်လူတန်းစားတို့အဖို့တွင် ဘဝ၌အားကိုးရန်မှာ မိမိကိုယ်တိုင်ဆင်နွှဲရမည့် တိုက်ပွဲမှ အောင်ပွဲများသာ ဖြစ်ပေလိမ့်မည်။

ဘဝတစ်ခုကို ပိုင်ဆိုင်သူတိုင်းသည် ထိုဘဝတွင် တွေ့ကြုံလာရမည့် တိုက်ပွဲကလေးများတိုက်ပွဲကြီးများကို ရင်ဆိုင်နိုင်ရန် အားမာန်ပြင်ဆင်ထားရပေမည်။ တိုက်ပွဲကို ရင်မဆိုင်ဘဲ အရှုံးပေးမည်လော၊ တစ်ပွဲရှုံးလျှင် နောက်တစ်ပွဲတိုက်ကာ အောင်ပွဲခံမည်လောဟူ၍ စဉ်းစားဆုံးဖြတ်ရပေမည်။ ယကဲ့သို့ အထုခံမည်လော၊ တူကဲ့သို့ ထုသည့်ဘက်က နေမည်လောဟု ရွေးချယ်ရပေလိမ့်မည်။ တိုက်ပွဲတွင် မတိုက်ဘဲ အရှုံးခံသူသည် အရှုံးတစ်လမ်းသာရှိ၍ ရင်ဆိုင်တိုက်ခိုက်သူတွင် ရှုံးလမ်းနှင့် နိုင်လမ်းပါ နှစ်လမ်းလုံးရှိနေပေသည်။ တိုက်၍ ရှုံးရခြင်းသည် တိုက်ပွဲအတွေ့အကြုံမှ သင်ခန်းစာရ၍ နောက်ဆုံး၌ ဘဝတွင် ရင်မဆိုင်ရဲဘဲ၊ ဘဝကို စွန့်ခွာရသည့် အခြေအနေသို့ ရောက်နိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အရေးပါသည့် တိုက်ပွဲများ

လူတစ်ယောက်၏ ဘဝတွင် အတွေ့အကြုံရမည့် တိုက်ပွဲများကို လုံးဝကုန်စင်ဖေါ်ပြရန် မလွယ်ကူပေ။ သို့ရာတွင် များမြောက် လူ့ဘဝတွင် တိုက်ပွဲစ၍ဝင်ရသည်မှစ၍ ဘဝတွင် ကျေနပ်စွာ အောင်ထူနိုင်သည်အထိ အဆင့်ဆင့် ကြုံတွေ့ရတတ်သော အရေးပါသည့် တိုက်ပွဲများအကြောင်း ကိုကား ရှေ့တွင် သုံးသပ်တင်ပြထားပေသည်။ ထိုတိုက်ပွဲများတွင် သဘော ထားသင့်ပုံနှင့် ကြိုးစားတိုက်ခိုက်ရမည့် လမ်းညွှန်များကိုလည်း ဖော်ပြ ထားပေသည်။ အချို့သော တိုက်ပွဲများသည် အသက်ရှင်ရန် တိုက်ပွဲကဲ့သို့ နေ့စဉ်တာဝန်အနေဖြင့် သွင်ပြင်ရိုး၍ နေပေလိမ့်မည်။ အချို့တိုက်ပွဲများကား အချိန်ကာလအလိုက် တစ်သက်တွင် တစ်ကြိမ်မျှသာ တိုက်ရမည့် တိုက်ပွဲမျိုး ဖြစ်နိုင်ပေသည်။ အချို့သူတို့အဖို့ကား တိုက်ပွဲပေါင်းများမြောင်လှ၍ အမြဲတစေ ရန်းကန်တိုက်ခိုက်နေရတတ်ပေသေးသည်။

ဘဝနှင့် မကင်းသူသည် တိုက်ပွဲမကင်းသူပင် ဖြစ်ပေသည်။ တိုက်ပွဲသည် ပြတ်သားစွာ အဖြေရှာခြင်းဖြစ်၍ မပြတ်သားသူများ၊ ချီတုံချတုံ လုပ်တတ်သူများ၊ ဘဝလမ်းကြောင်း မရွေးတတ်သူများ၊ ဇောက်ချ၍ မလုပ်ချင်သူများ၊ ရေသာခိုတတ်သူများနှင့် လားလားမျှ မထိုက်တန်ပေ၊ ဘဝတွင် ကြီးပြင်းနေခဲ့လျှင် ထိုဘဝ၏ အန္တရာယ်တို့ကို နင်းချေခုတ်ထွင်၍ အောင်မြင် ကြောင်းလမ်းကြောင်း ရှာရပေမည်။ ပျော့ညံ့သူများမဖြစ်စေရပေ။ ရဲရင့်ဝံ့စား သူများသာ ဖြစ်စေရပေမည်။

ဤစာအုပ်သည် ဘဝတွင် အောင်ထူလိုသူများအတွက် **"ဒို့လူလေးများ ဆိုသလေ"** ဟူ၍ တပ်လှန့်သွေးနိုးလိုက်သော စာအုပ်ပင် ဖြစ်လေသည်။ ***ဖြစ်လာသမျှ ဘဝပြဿနာများတွင် အရှုံးမပေးစတမ်း၊ အနိုင်ရသည်အထိ ခွဲမလျှော့ဘဲ အစွမ်းကုန် တိုက်ခိုက်ကြစမ်းဟူ၍ သွေးပူသူများ ဖြစ်လာရန် အတင်းတွန်းထိုးတိုက်တွန်းနေသော စာအုပ်ပင် ဖြစ်ပေသည်။*** ဘဝ၏



အခြေအနေကို မည်သို့မည်ပုံ ဟူ၍ ဆင်ခြေပေးခြင်းကို နားမထောင်လို အရင်းမတည်လိုပေ။ မတိုက်မဖြစ်သော ဘဝတိုက်ပွဲတွင် ဖြစ်နိုင်သည့်နည်းဖြင့် အောင်ပွဲမရမချင်း တိုက်ပါတော့မည်ဟူ၍ သံမဏိဋ္ဌာန် ချမှတ်မည့်သူများကို အလိုရှိပေသည်။ ဤစာအုပ်ကို ယနေ့ဖတ်၍ နက်ဖန်မှစ၍ ကြုံတွေ့ရသော ဘဝပြဿနာများကို အောင်ထူနိုင်အောင် တိုက်တော့မည်ဟူ၍ ရဲစိတ်ရဲမာန် ဝင်စေလိုပေသည်။

**"ငါသည် ငါ၏ဘဝကို အောင်ထူနိုင်အောင် ကြိုးစားတော့အံ့"** ဟု အဓိဋ္ဌာန်ပြုပြီးလျှင် ရှေ့သို့ ဆက်လက်၍ ဖတ်ရှုပါလေဦး ➢➢➢

* * *



www.burmeseclassic.com

www.burmeseclassic.com

# ပညာရေးတိုက်ပွဲ

ကျွန်ုပ်တို့ဘဝတွင် စောစီးစွာ တွေ့ကြုံရသည့် တိုက်ပွဲတစ်ပွဲမှာ ပညာရေးတိုက်ပွဲပင် ဖြစ်လေသည်။ ဖွားမြင်မြောက်စကတည်းက ဘဝ အသက်ရှင်ရေးတိုက်ပွဲကို သဘာဝအတိုင်း မသိမသာ ဆင်နွှဲလာခဲ့ရသည့် နောက်ပိုင်းတွင် လူမမယ်ကလေးဟူ၍ မိဘအုပ်ထိန်းသူတို့က တာဝန်ယူ ကျွေးမွေး စောင့်ရှောက်လာခဲ့သဖြင့် တိုက်ပွဲဟူ၍ မယ်မယ်ရရ ကိုယ်တိုင် အားထုတ်ဆင်နွှဲရသည်မှာ မကြုံရလောက်အောင် ရှိလေသည်။ သို့ရာတွင် လေးငါးနှစ်အရွယ် ပညာသင်ကြားရသောအခါ စားရုံ၊ အိပ်ရုံ၊ ကစားရုံနှင့် မပြီးတော့ဘဲ ရေးရ၊ ဖတ်ရ၊ မှတ်ရ သင်ရသည့် တာဝန်များ ပေါ်၍ လာလေသည်။

ဘာမျှပင်ပင်ပန်းပန်းလုပ်ကိုင်ချင်စိတ် မရှိ၊ လုပ်ကိုင်ရကောင်းမှန်း မသိသော ကလေးငယ်တစ်ယောက်အဖို့ မိမိအလိုအလျောက်လုပ်ရန် စိတ်မကူးသော ကျောင်းတက်ရေး၊ အလုပ်ကို စ၍ လုပ်ကိုင်လာသည့်အခါ သဘာဝအတိုင်း တိုက်ပွဲတစ်ဖွဲ့ကို ရင်ဆိုင်ရလေတော့သည်။ ကလေးငယ်၏ စိတ်တွင် ပညာတန်ဖိုးကို နားမလည်သေးချေ။ မိဘရင်ခွင်နှင့် ခွဲခွာ၍ အချိန်ကြာ မြင့်စွာနေရသည်မှာ သူ့အဖို့မခံချိနိုင်သော ခံပြင်းမှုပင်



ဖြစ်လေသည်။ သူသည် သူ့စိတ်နှင့်ဆန့်ကျင်မှုတွင် စတင်ရုန်းကန်လာ ရလေသည်။ ကျောင်းတက် ရသည်မှာ ဝဋ်ဒုက္ခကြီးတစ်ခုဟူ၍ ထင်မှတ် မိဆမည်။ ဝန် မရုန်းဖူးသော နွားကလေးကို ထမ်းပိုးကျင့်သည့်နှယ် ကျောင်းမသွားလိုသဖြင့် ရုန်းကန် ငိုယိုခြင်းများလည်း ရှိပေလိမ့်မည်။

မည်မျှပင် အခက်အခဲရှိစေကာမူ ကျောင်းတွင် ဆရာဆရာမတို့က ချော့မော့၍ စိတ်ပျော်အောင် ပြုစုယုယခြင်း၊ အဖော်အပေါင်းနှင့် ကစားရခြင်း၊ မိဘကပို၍ ချော့မော့အလိုလိုက်ခြင်းတို့ကြောင့် အနေးနှင့်အမြန် နေသား ကျသွားသောအခါ ကျောင်းတက်ရသည်မှာ သာမန်လုပ်ရိုးလုပ်စဉ်တစ်ခု အဖြစ်ငှင်း ပျော်စရာအဖြစ်ငှင်း အမြင်ပြောင်းလဲလာရပေသည်။ ကျောင်းတွင် စာမရသည့်အခါ၊ ဆာမွတ်သည့်အခါ၊ ကလေးငယ်ချင်းရန်ဖြစ်သည့်အခါ၊ ဆရာကိုကြောက်စိတ် ဝင်သည့်အခါ စသည်တို့တွင် ကျောင်းမပျော်သည့် စိတ်ဖောက်မှုမျိုး ဖြစ်ပေါ်လာတတ်သော်လည်း မကြာမီအတွင်းမှာပင် သူ့စိတ်ကိုသူနိုင်ကား ကျောင်းပျော်သည့်စိတ်ဖက်သို့ ပြန်၍ ယိုင်ညွတ် လာတတ်ပေသည်။

ဤအချိန်ကာလအတွင်း၌ ကလေးငယ်သည် တိုက်ပွဲတစ်ခု အနိုင် တိုက်နေရသည်ဟူ၍ သူကိုယ်တိုင်က မမြင်တတ်သေးစေကာမူ သူ့စိတ်သည် ကျောင်းပျော်မှုနှင့် ကျောင်းမပျော်မှုအကြားတွင် ကစားလျှက်နေ၍၊ ကျောင်းမပျော်မှုကို အနိုင် တားဆီးနှိပ်ကွပ်နေရပေသည်။ မိဘကိုကြောက်၍ ဖြစ်စေ အခြားဆွဲဆောင်မှုရှိ၍ ဖြစ်စေ၊ မိမိ၏ အလုပ်တစ်စိတ်တစ်ဒေသ ဖြစ်သည်ဟု ခံယူလာမိ၍ဖြစ်စေ ကလေးသည် ကျောင်းနေချင်စိတ်ဘက်သို့ လှ၍ တက်နေရပေသည်။ သူသည် မသိသောတိုက်ပွဲကို ဆင်၍နေရပေသည်။ ဤတိုက်ပွဲတွင် ရှုံးသောကလေးသည်လည်းရှိ၍ နိုင်သောကလေးလည်း ရှိပေသည်။ ခေတ္တခဏသာ တိုက်ရသူလည်းရှိ၍ ကြာရှည်တိုက်ရသူလည်း ရှိပေမည်။ သူ၏ ဘဝအခြေခံအတွက် သူကိုယ်တိုင် တိုက်ပွဲကို စခဲ့ရပေပြီ။

လူဆိုသည်မှာ သက်သာမှုကို ရှာစမြဲ ဖြစ်သည်။ အလုပ်တာဝန်ကို လုပ်ရသည်ဆိုသည်မှာ မိမိသက်သာမှုကို ဖျက်ဆီးချိုးဖောက်ပစ်ရခြင်း



www.burmeseclassic.com

ဖြစ်သဖြင့် မလွဲမရှောင်သာ၍ လုပ်ရသည်မှတပါး မလုပ်ချင်ကြပေ။ ကလေးငယ်သည်လည်း ကစားရသည်နှင့် အရသာခြင်း မတူလှသော စာသင်ခြင်းကို မက်မောကြမည် မဟုတ်ပေ။ ခေတ်မှီသင်ကြားရေးစနစ်အရ ကျောင်းပျော်အောင် မည်မျှဖန်တီးပေးစေကာမူ တခါတရံတွင် စိတ်ပြန်လည် သွားတတ်သည်။ သို့ရာတွင် တတ်သိနားလည်၍ စိတ်ပြန်လည်စပြုသော ကလေးငယ်သည် ကျောင်းမတက်ချင်စိတ်ဖြစ်ပေါ်လာတိုင်း သူ့စိတ်ကို သူပြင်၍ ကျောင်းသို့ သွားချိန်ကျလျှင် သွားမိအောင် ကြိုးစား၍ ပြင်လာတတ်ပေသည်။ ရက်စိတ်ကြောက်စိတ်အပြင် တာဝန် သိတတ်သော စိတ်မျိုးလည်း ဝင်လာတတ်ပေသည်။ ထို့ကြောင့် ပညာသင်ကြားရေးတွင် များစွာသော ကလေးတို့၌ ပြဿနာမပေါ်သကဲ့သို့ရှိသော်လည်း အချို့ ကလေးများတွင် ပြဿနာဖြစ်နေရပေသည်။ မိဘ၏စီမံစေစားရာကို လုပ်ကြရသည် ဖြစ်သော်လည်း သူတို့စိတ်နှင့် သူတို့ကိုယ်ဖြစ်သောကြောင့် စိတ်ဆန့်ကျင်မှုများ ဖြစ်ပွားရတတ်ပေသည်။ ကလေးသူငယ်ကို နည်းလမ်း တကျ ထိန်းပဲ့တတ်ခြင်း မရှိသောမိဘများနှင့် ဆက်ဆံရသော ကလေးများမှာ အတင်းအကြပ် ခြိမ်းခြောက်ရိုက်နှက်ခြင်းသော ခံရ၍ ဆန့်ကျင်သော စိတ်များပိုမိုများပြားလာကာ ဖွဲ့ခတ်ခြင်း၊ …တခြင်း၊ အိမ်မှ ထွက်ပြေး ခြင်းစသည်အထိ ဆန့်ကျင်သော စိတ်သဘော များပြားလာတတ်ပေသည်။

ကလေးငယ်သည် တိုက်ပွဲတစ်ခုဟူ၍ နားမလည်သော်လည်း သူသည် တိုက်ပွဲဝင်၍ နေရလေသည်။ သို့စေကာမူမထိန်းကိုင်တတ်သော မိဘ၏ လက်အောက်တွင် မည်သည့်ဘက်သို့ အနိုင်တိုက်ရမည်ဟု သဘောမပေါက်ဘဲ ဘဝအန္တရာယ်၏ တိုက်ခိုက်မှုကိုသာ ခံနေရတတ်ပေသည်။ ကလေးအရွယ်၌ ဘဝလမ်းကြောင်းကို ယုတ်စွအဆုံးမြင်လာအောင် မိဘတို့က လမ်းစဖွင့်၍ ပေးရန် လိုပေသည်။ စကားကြီး စကားကျယ်များကို ဟောပြောရန် မဟုတ်စေကာမူ **ပညာတတ်လျှင် လူရာဝင် ပညာရှေ့အိုး လူမနိုး ပညာတတ်မှ ဥစ္စာ**ဟူသော ပညာပေါ်တွင် အားထားမက်မောမှု ရှိစေရန်အတွက် မိဘများက နားသွင်းရပေမည်။



## နှိုသက်ခံမစို့ စေရ

ဤအချက်သည် ကလေးငယ်အား ပျင်းမှု၊ လေမှု၊ ကစားမက်မှု၊ အိမ်တွယ်မှု၊ လူကြောက်မှုစသော အဖျက်အဆီး အမှောင့်ပယောဂများကို သူကိုယ်တိုင် တိုက်ထုတ်နေရာ၌ အားအင်တိုးတက်စေမှု ဖြစ်လေသည်။ သူ့အဖို့အသိကျယ်ဝန်းလာသည်နှင့်အမျှ အကောင်းဖက်တွင် အစွဲခိုင်၍ လာပေမည်။ အစွဲခိုင်သည်နှင့်အမျှ တိုက်အား တိုးတက်လာမည် ဖြစ်လေသည်။ သူ့ဘဝတာဝန်ကို သူသာလျှင် ထမ်းဆောင်ရမည်ဟူ၍ နားလည်လာပေမည်။ မိဘ၏အရှိန်အဝါ အရိပ်အာဝါသသည် သူ့အားထာဝရ ဆောင်းမိုးထားလိမ့် မည်ဟူသော အသိမျိုးဝင်လာသော ကလေးငယ်သည် ကြိုးစားမှု ရှေ့ဆောင်မှု အားပျော့လာတတ်ပေသည်။ ကြေးရည်တတ်သားသမီးများသည် အချို့ ပညာချွန်သကဲ့သို့ အချို့မှာ လူ့လောကတွင် နောက်ပိတ်ချွေး ဖြစ်ကြရသည်မှာ မျက်မြင်သာကေများစွာ ရှိလေသည်။ မိဘသည်မည်မျှပင် ကြွယ်ဝမြင့်မား စေကာမူ သားသမီးတို့အား မိမိကြမ္မာကို မိမိဖန်တီးရမည်ဟူသော အသိ တိုးတက်ရှင်သန်စေရပေမည်။ ရေသာခိုမှု နှိုသက်ခံစို့မှု သူတစ်ပါး အကြောင့်ကြခံ၍ နေတတ်မှုများကို အမြစ်မတွယ်စေသင့်ပေ။

ကျောင်းသားသူငယ်ဘဝတွင် မိဘကို မှီခိုလွန်းသော စိတ်အမြစ် တွယ်သည်နှင့်အမျှ ကိုယ်စွမ်းကိုယ်စဖြင့် ကိုယ့်ဘဝကိုကိုယ် ထူထောင်ချင်သော ဦးဆောင်စိတ်လျော့ပါး၍ ဘဝတိုက်ပွဲတွင် အားမသန်ဖြစ်ရ တတ်လေသည်။ ကျောင်းသားငယ်များအား ကိုယ့်ဒူးကိုယ်ချွန်လုပ်ချင်သော၊ လုပ်အားကို ဘန်ဖိုးထားသောစိတ်များ ရင့်ကျက်စေရ၏။

ထိုစိတ်မျိုးရင့်ကျက်လာသောအခါ သူမသိဘဲ တိုက်နေရသော ဘဝ၏ ရုပ်လုံးပေါ်လာ၍ သူသည် တိုက်ပွဲတစ်ပွဲကို တိုက်နေရကြောင်း ရိပ်စား မိလာမည်ဖြစ်ပေသည်။ သိသာသည်နှင့်အမျှ တိုက်နိုင်ခိုက်နိုင်သော ဥာဏ် အချင်းများ တိုးတက်လာပေမည်။ အပင်ပန်းအနစ်နာခံနိုင်သော စွမ်းရည်လည်း တိုးတက်လာပေမည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်သည်တပ်သားများသည် လခရိက္ခာကြောင့်တိုက်သော ကြေးစားစစ်သားထက် မိမိတိုင်းပြည်အတွက် ယုံကြည်ချက်အပြည့်အဝနှင့် တိုက်သော မျိုးချစ်စစ်သားများတွင် ခံနိုင်ရည်နှင့်စိတ်ဓါတ် ပိုမိုခိုင်မာမြဲ ဖြစ်ပေသည်။ ထို့ကြောင့်လည်း တပ်သားများအား သဘောတရားရေးအသိ ကျယ်ပြန့်ခိုင်မာအောင် ကြိုးစားရခြင်း ဖြစ်လေသည်။

စာရေးသူသည် ငယ်ရွယ်စဉ်ကတည်းက မိခင်နှင့်သာ ကြီးပြင်းခဲ့ရလေသည်။ ငွေကြေးချောင်လည်လှသည် မဟုတ်သဖြင့် ကျောင်းနေချင်လောက်အောင် မက်မောလောက်ဖွယ် ဘဝသာယာမှုနှင့် ပြည့်စုံလှသည် မဟုတ်ပေ။ လူမှန်းသိ၍ ကျောင်းစတင်နေစဉ်ကမူကား မိခင်၏ ချော့မော့ဖျောင့်ဖျမှုဖြင့် မသိမသာပင် ကျောင်းတက်လာခဲ့ရပေသည်။ သို့ရာတွင် အသက်ဆယ့်နှစ်နှစ်အရွယ်လောက်သို့ ရောက်ရှိလာသော အခါတွင်မူကား မိခင်၏ တဖွဖွဆုံးမစကားများကို လေးနက်စွာ သဘောပေါက်၍လာခဲ့လေရာ မိမိဘဝရပ်တည်မှု၏ တာဝန်ကိုမိမိသာလျှင် ထမ်းဆောင်ရလိမ့်မည်ဟု သိမြင်လာခဲ့သည်။

ထိုအချိန်မှစ၍ ပညာသင်ကြားရေးသည် မိမိ၏အားကိုးရာအားကိုးကြောင်းအဖြစ်ဖြင့် မိမိစိတ်၌ လိုလားမက်မောစိတ် ပြင်းထန်စွာဖြင့် သင်ကြားခဲ့လေသည်။

"လူလေး အမေတို့မှာ ငွေကြေးအရင်းအနှီး ထုတ်ပေးစရာလည်း မရှိဘူး၊ တစ်သက်လုံးကျွေးမွေးထားနိုင်ဖို့ ဆိုတာလဲ အိုမင်းမစွမ်းရှိလာရင် မလွယ်ဘူး။ အဲဒီတော့ သားပညာတွေ တတ်အောင်ကြိုးစား၊ ပညာမတတ်ရင် ရွံ့တွေရေတွေထဲမှာ ငါးဖမ်းရမည်၊ လမ်းမှာလည်ပြီး ဈေးရောင်းရမည်၊ ဂေါ်ရင်ကျီ ကုလားတွေလို ကူလီထမ်းရမည်။ ပညာတတ်မှ ငါ့သားကိုလူတွေ ခေါ်ချင်ပြောချင်ရှိမည်။ အလုပ်အကိုင် နေရာတကျနဲ့ အရိပ်အောက်မှာ အေးအေးချမ်းချမ်း လုပ်ကိုင်နိုင်မယ်"

စာရေးသူ၏မိခင်သည် ဤသို့လျှင် ရှင်းလင်းလွယ်ကူသော စကားတို့ကို နားဝင်စေခဲ့သည့်အခါမှစ၍ ပညာရေးတွင် **"စာကြည့်ပါ စာဖတ်ပါ"**



ဟူ၍ ထပ်မံမတိုက်တွန်းရတော့ပေ၊ ပညာသင်ရန်တာဝန်သည် ငါ့တာဝန်၊ ပညာတတ်မြောက်ရေးသည် ငါ့အရေး၊ ပညာတတ်မြောက်မှုသည်သာ ငါ၏အားကိုးရာ ဘဝအာမခံချက်ပေတကားဟူ၍ စွဲမြဲယုံကြည်မိခဲ့ပေသည်။

## ဝင့်ခံရခြင်းမဟုတ်

ဤသို့ ခိုင်မြဲသော ယုံကြည်ချက်ကြောင့်လည်း ဘဝ၏ ရှေးဦးဆုံးပညာရေး တိုက်ပွဲကို အောင်မြင်စွာ ဆင်နွှဲတိုက်ခိုက်နိုင်ခဲ့ပေသည်။ ပညာသင်ကြားနေသူများသည် မိမိဘဝတာဝန်ကို မိမိထမ်းဆောင်နေခြင်းဖြစ်သည်ဟူသော အသိဝင်ရန် လိုပေသည်။ ဤအသိမျိုးသည် အပြောလွယ်သော်လည်း တကယ်စွဲမြဲသက်ဝင်ရန် မလွယ်ကူတတ်ပေ။ တက္ကသိုလ်ပညာ သင်ကြားနေသော ကျောင်းသားအချို့သည်ပင် မိဘကကျောင်းထား၍ ကျောင်းတက်နေရသည်ဟု သဘောထားကာ ပညာသင်ကြားနေရသည်ကို ဝင့်ခံနေရဘိသကဲ့သို့ အထင်ကိန်းအောင်းနေကြသေးသည်ကို တွေ့ရပေသေးသည်။ ထိုသူများသည် မိမိတိုက်ပွဲကိုပင် မိမိမျက်ခြေပြတ်နေသူများ ဖြစ်လေသည်။

ကလေးငယ်ကလေးသည် ပညာ၏တန်ဖိုးကို မသိပါက ခွင့်လွှတ်ရန်ရှိသည်။ အရွယ်ရောက်သော လူငယ်အဖို့ ပညာသင်ကြားခြင်းသည် ကိုယ့်စိတ်ကိုယ့်ကိုယ်ဖြင့် လုပ်ရမည့် အလုပ်ဖြစ်သည်ဟူ၍မျှ ခံယူချက်မရှိသေးလျှင် ခွင့်လွှတ်သင့်မည် မဟုတ်ပေ။ ပညာကိုလို၍ ကျောင်းနေရခြင်းမျိုး မဟုတ်လျှင်လည်း ထိုသူသည် ကျောင်းနှင့် မထိုက်တန်ပေ။ ဘဝအတွက်လည်း အကျိုးများဖွယ်မရှိပေ။ မိမိဘာကြောင့် ပညာသင်သနည်းဟူသော အဖြေကို မိမိရရသိထားရပေမည်။ သို့မဟုတ်လျှင် ဘဝတိုက်ပွဲကို အောင်နိုင်စွာ တိုက်နိုင်မည် မဟုတ်ဘဲ တပ်လန့်၍ ကျပေလိမ့်မည်။

ကျွန်ုပ်ငယ်ရွယ်စဉ်က ကျွန်ုပ်တို့မြို့ (အုတ်ဖိုမြို့)တွင် အစိုးရအလယ်တန်းနှင့် အထက်တန်းကျောင်းများ မရှိပေ။ မြန်မာဘာသာသင်မူလတန်း(လေးတန်း) ကျောင်းသာ ရှိပေသည်။ လေးတန်းအောင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ဆက်၍နေရန် ကျောင်းမရှိတော့သဖြင့် ကျောင်းထွက်ရန်သာ ရှိပေသည်။ ငွေကြေးအသင့်အတင့် တတ်နိုင်သူများအနေဖြင့် အတန်းဟူ၍ အသိအမှတ်ပြုရုံမျှဖြစ်သော ပြင်ပအလွတ်ပညာသင် အင်္ဂလိပ်ကျောင်း တစ်ကျောင်းတွင် ဆက်လက် ပညာသင်နိုင်ကြလေသည်။ သို့ရာတွင် ထိုကျောင်းမှ အစိုးရစာမေးပွဲများ သွင်းနိုင်ခြင်း မရှိဘဲ အင်္ဂလိပ်တစ်ဘာသာကိုသာ အထူးပြု၍ သင်ကြားပေးလေသည်။ ထို့ကြောင့်ငွေကြေးတတ်နိုင်သူများက မြောက်ဖက်ရှိ ကြို့ပင်ကောက်မြို့သို့လည်းကောင်း တောင်ဘက် မင်းလှမြို့သို့၎င်း သွားရောက်၍ အစိုးရအထက်တန်းကျောင်းများတွင် ပညာဆက်လက် သင်ကြားစေလေသည်။

ကျွန်ုပ်အဖို့မှာ မိမိမြို့ရွာရှိ အင်္ဂလိပ် အလွတ်ပညာသင်ကျောင်းတွင် တောင်းတောင်းပန်ပန်နှင့် ကျောင်းလခကို ဈေးဆစ်၍ နေရလေသည်။ ကျောင်းလခလျှော့ပေးရသဖြင့် ကျောင်း၏ ဝေယျာဝစ္စများကိုလည်း လုပ်ကိုင်ပေးရပေသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏မိခင်သည် မိမိကိုယ်တိုင် ခေတ်ပညာမတတ်မြောက်သော်လည်း ပညာတတ်မြောက်ခြင်း၏ အကျိုးအခွင့်ကို ကောင်းစွာ နားလည်ထားသည့်အတိုင်းသားကို တတ်စေချင်လှသောကြောင့် အချို့တဲ့ခံ၍ ကျောင်းဆက်ထားပေးခြင်းဖြစ်ပေရာ ကျွန်ုပ်သည် အနည်းငယ်မျှ စိတ်မငယ်ဘဲ ပညာကို ကြိုးစား၍ သင်ရပေသည်။ သူငယ်ချင်း အပေါင်းအသင်းများက ကျွန်ုပ်၏ ချို့တဲ့ပုံကို သနားကြမည်ထက် အထင်သေးကြမည်သာ ဖြစ်ပေသည်။ သို့ရာတွင် ထိုသူများထက် ပညာချွန်အောင် ကြိုးစားနိုင်ခြင်းဖြင့် မိမိ၏ သိက္ခာကို ဆည်ရပေသည်။ ထိုကျောင်းမှတစ်ဆင့် အစိုးရစာမေးပွဲဖြေနိုင်အောင် ကြို့ပင်ကောက်မြို့သို့ ပြောင်းရွှေ့၍ ပညာသင်ကြားရသောအခါတွင်လည်း ကျွန်ုပ်၏ ဘဝတိုက်ပွဲသည် မသေးငယ်ခဲ့ပေ။

အခြားတစ်မြို့တစ်ရွာသို့ စေလွှတ်၍ ပညာသင်ကြားစေရာ၌ မီးရထားခ၊ ကျောင်းလခ၊ အဝတ်အစားဖိုး၊ ထမင်းစရိတ်နှင့် မုန့်ဖိုးစသည့်စရိတ်စားခများသည် သေးငယ်သည့် တာဝန်မဟုတ်ပေ။ သာမန်ပြည့်စုံကုံလုံသည့်



ကြေးရည်တတ်များပင်လျှင် တာဝန်မယူနိုင်ကြသဖြင့် တစ်မြို့လုံးတွင်မှ ကျောင်းသားကိုးယောက် ဆယ်ယောက်သာလျှင် အခြားမြို့များသို့ သွားရောက်၍ အထက်တန်းပညာ သင်ကြားနိုင်ကြပေသည်။ မည်သို့ပင်ဖြစ်စေ ဤမျှကံကောင်းသော ကျောင်းသား အနည်းငယ်တွင် ကျွန်ုပ်တစ်ယောက် ပါဝင်ခဲ့ပေသည်။ ပါဝင်နိုင်သည်မှာကား ငွေကြေးတတ်နိုင်၍ မဟုတ်ပေ။ **ဘဝတိုက်ပွဲကို အနိုင်တိုက်မည်ဟု စိတ်သန်လှခြင်းကြောင့် နေနိုင်အောင် နေခဲ့ခြင်း ဖြစ်ပေသည်။** မည်ကဲ့သို့ နေခဲ့သနည်း။

ကျွန်ုပ်အဖို့ မီးရထားခမှာ တခါတရံမှသာ ပေး၍စီးနိုင်ပေသည်။ သို့ရာတွင် မပေးနိုင်သည့်နေ့တွင် ခုနစ်မိုင်ခရီးကို ခြေကျင်လျှောက်ခြင်းဖြင့် ပြဿနာဖြေရှင်း နိုင်ပေသည်။ မုန့်ဖိုးအတွက်မှာကား နံနက်စောစော ထမင်းကြမ်းစားပြီးနောက် ညနေအိမ်ပြန်မှ ညစာစားခြင်းဖြင့် တစ်နေ့လုံး ဆာမွတ်မှုကို မေ့ဖျောက်ထား နိုင်ခဲ့ပေသည်။ အဝတ်အစားအတွက်မှာမူ ရှိသမျှကိုပင် ခြိုးခြံဝတ်စားခြင်းဖြင့် လုံလောက်ပေသည်။ စာအုပ်ဖိုးမှာလည်း ဖတ်စာအုပ် မဝယ်နိုင်သည့်အခါ အလွတ်ဗလာ စာအုပ်ထဲတွင် တစ်အုပ်လုံး ကူးယူထားခြင်းဖြင့် စရိတ်သက်သာစေနိုင်ခဲ့ပေသည်။ ကျောင်းလခအတွက်မှာလည်း (၈) တန်းမှ (၁၀) တန်းအထိ ပညာချွန်သူအဖြစ်နှင့် ကျောင်းအုပ်ဆရာဝယာန်ဘုန်းကြီးက အခလွတ် နေခွင့်ပြုသဖြင့် ကုန်ကျစရိတ်မရှိတော့ပေ။ ဤနည်းအားဖြင့် ကြေးရည်တတ်သားသမီးများသာလျှင် သင်ကြားနိုင်ခွင့်ရှိသော အထက်တန်း ပညာကို မရရအောင် ကုပ်ကပ်သင်ကြားနိုင်ခဲ့လေသည်။

www.burmeseclassic.com



## ကံမဆိုးလှသေး

ယနေ့အခါတွင် သာမန်မြို့တစ်မြို့ဖြစ်လျှင်ပင် အထက်တန်းကျောင်းရှိနေပြီဖြစ်၍ ပညာရေးစရိတ်မှာ စစ်မဖြစ်မီကထက် သက်သာလျော့ပါးလာခဲ့လေပြီ။ စားသုံးစရိတ်နှင့် နှိုင်းစာလျှင် ယခုခေတ် ကုန်ကျစရိတ်မှာ လက်လှမ်းမှီနိုင်လောက်အောင် သက်သာခဲ့လေပြီ။ ဆင်းရဲသည်ဟုဆိုသော ကျောင်းသားတစ်ယောက်သည် ဖတ်စာအုပ်အဟောင်းကို ဝယ်၍ရနိုင်ပေဦးမည်။ ဖတ်စာတစ်အုပ်လုံးလက်ရေးနှင့် ကူးယူ၍ ကျက်မှတ်သင်ကြားရသူဟူ၍ ကြားဖူးကောင်းမှ ကြားဖူးပေလိမ့်မည်။ ပညာရေးတွင် ကျွန်ုပ်တို့ငယ်စဉ် စစ်မဖြစ်မီကာလက ဆင်းရဲခံရပုံမျိုး အဆင်းရဲခံသူများ ယခုလည်း ရှိပေဦးမည်။ အချို့တောရွာများမှ လေးငါးခြောက်မိုင်ခရီးကို ခြေကျင်အသွားအပြန် ကျောင်းတက်ကြသူများ ထမင်းထုတ်တွင် ဟင်းမပါဘဲ လက်ဖက်သုတ်သာ ထည့်သွား ထည့်လာနိုင်သူများကိုလည်း တွေ့ရပေသေးသည်။ ထိုသူများကို တောက်ဆလျှင် ထိုမျှ ကြောင့်ကြမရှိဘဲ သက်သောင့်သက်သာ ကျောင်းနေနိုင်သော လူငယ်များစွာတို့မှာ ကံမဆိုးလှသေး တိုက်ပွဲမကြီးမား လှသေးဟူ၍ပင် ဆိုရပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ သည်မျှခက်ခဲစေကာမူ ပညာမရ ရအောင်သင်မည်ဟု စိတ်အားထက်သန်သော လူငယ်လူရွယ်တစ်ယောက်သည် ပညာရေးတိုက်ပွဲတွင် အရှုံးပေးရမြဲ မရှိပေ။ ပညာတတ်များအနက် များစွာသော သူတို့မှာ ပညာသင်ကြားနိုင်ရေးအတွက် ကရိကထ ဒုက္ခဆင်းရဲအမျိုးမျိုးခံယူ၍ မလျော့သောဇွဲလုံ့လဖြင့် ကြံဖန်အားခဲခဲ့ကြသူများ ရှိလေသည်။

မိဘက မတောင်းမတ ပြည့်စုံကုံလုံမှသာ ပညာတတ်ကြမည်ဆိုလျှင် တက္ကသိုလ်များတွင် ကျောင်းသားဦးရေ သုံးပုံတစ်ပုံမျှပင် ကျန်ကောင်းမှ ကျန်ပေလိမ့်မည်။ ပညာရေးတွင် အနစ်နာခံမှု မဆုတ်မနစ်ကြိုးစားမှု မရှိပါက ပညာ၏တန်ဖိုးသည်လည်း မပေါ်လွင်တတ်ပေ။ 'ဆင်းရဲ၍ ပညာမသင်ရပါ'ဟု ဆိုသော စကားသည် အကြောင်းလုံလောက်သော



ဆင်ခြေမျိုးမဟုတ်တော့ပေ။ ပညာဟူသည်မှာ သင်လိုစိတ်ပြင်းပြပါက မရအရ ရယူနိုင်သော အရာသာ ဖြစ်လေသည်။ ပင်ပန်းခံနိုင်မည် ဇွဲရှိမည်ဆိုပါက ဉာဏ်လေးသည်ပင်ဖြစ်စေ အရွယ်အိုမင်းသည်ပင်ဖြစ်စေ အလုပ်တစ်ဖက်နှင့်ပင်ဖြစ်စေ အိမ်ထောင်ရှင်ပင်ဖြစ်စေ ကြံဖန်သင်ကြား၍ ရနိုင်သည်သာ ဖြစ်လေသည်။

ဘဝ၏ အခြေခံ အရင်းအနှီးမှာ ပညာပင်ဖြစ်ကြောင်းကို အထူးပြောဖွယ် မလိုပေ။ ဈေးရောင်းသည်ဖြစ်စေ၊ လက်မှုပညာနှင့် အသက်မွေးသည်ဖြစ်စေ ယုတ်စွအဆုံး သူတစ်ပါးလုပ်စာကို မှီခိုစားသောက်သည်ပင်ဖြစ်စေ ပညာတတ်ရန် လိုပေသည်။ ပညာတတ်မှ အတွေးအခေါ် အကြံအစည်တိုးတက်၍ ကိုယ်ကျင့်တရား၊ လူမှုဆက်ဆံရေး၊ အသိအမြင် နေထိုင်မှုအဆင့်အတန်း ကျန်းမာရေးစသည့် အဖက်ဖက်တွင် မြင့်မားလာနိုင်လေသည်။ ထို့ကြောင့် လူမှန်းသိလာသည့် အရွယ်ကစ၍ မိမိဘဝကိုထူထောင်ခြင်း မပြုနိုင်သေးမီကာလအတွင်း ပညာရရေးကို ဘဝ၏ အရေးကြီးတစ်ခုအဖြစ် သဘောထားရပေမည်။ ပညာမသင်နိုင်အောင် တားဆီးထားသော အခက်အခဲများကို တိုက်ပွဲ၏ ရန်သူများကဲ့သို့ ဖြေရှင်းတိုက်ဖျက်ရပေမည်။

## ပန်းခင်းသောလမ်းချည်းမဟုတ်

ပညာရရေးအတွက်ဖြစ်လျှင် အငတ်ခံရန်လိုက ခံရပေမည်။ ခြေကျင်လျှောက်ရန်လိုက လျှောက်နိုင်ရပေမည်။ အပင်ပန်းခံရမည်ဆိုက ကြိတ်မှိတ်၍ အပင်ပန်းခံရပေမည်၊ ပန်းခင်းသော လမ်းချည်းသာ ပြည့်နှက်နေသည် မဟုတ်သော ဘဝတွင် ဆူးညောင့်ခလုတ်တို့ကို ကျော်ခွ ရှောင်ရှား၍ လျှောက်ရပေမည်။ ဆူးစူးခလုတ် တိုက်ပြိုလဲခြင်း ခံသင့်က ခံရပေလိမ့်မည်။

ရှေးအခါက ပညာသင်ကြားရန်အတွက် သုံးနှစ်သုံးမိုး ကျွန်ခံရသည်ဆိုသော ပုံဝတ္ထုများကို ဖတ်ဖူးကြပေမည်။ လက်လှမ်းမီသော အတိတ်ခေတ်ကဆိုလျှင် လက်မှုပညာ နှုတ်မှုပညာတို့ကို ကျောင်းကန်တို့တွင် မသင်ကြားနိုင်ဘဲ

www.burmeseclassic.com



ပညာရှင်တို့၏ ခြေရင်းတွင် အလုပ်အကြွေးပြု၍ သင်ကြားကြရပေသေးသည်။ ဆေးပညာရှင်တို့၏ ခြေရင်းတွင် အလုပ်ကြွေးပြု၍ သင်ကြားကြရပေသေးသည်။ ဆေးပညာရှင် အနုပညာရှင် သိုင်းပညာရှင် ဂီတဓာတ်သဘင်ပညာရှင်များမှာ အစဉ်အဆက်အားဖြင့် ထိုနည်းမျိုးဖြင့်သာ ပညာယူခဲ့ကြရလေသည်။ အကယ်၍သာ အဆင်းရဲမခံနိုင်ခဲ့လျှင် ထိုပညာကို ရရှိနိုင်ခဲ့ကြမည်မဟုတ်ပေ။

ကျွန်ုပ်တို့လောကကြီးတွင် ပညာရေးတိုက်ပွဲ၌ ဤသို့ ခဲခဲယဉ်းယဉ်း တိုက်ခိုက်အောင်ထူခဲ့ကြသူများ ရှိနေရာသာမန်အားဖြင့် မိမိဘဝအတွက် ကျောင်းတက်၍ ပညာသင်ကြားရခြင်းအတွက် အားပျက်လက်လျှော့ရန် အကြောင်း မရှိပေ။ ညည်းညူဆုတ်နစ်ရန်လည်း အကြောင်းမရှိပေ။ အခက်အခဲများကို စာဖွဲ့နေရန်လည်း မသင့်ပေ။ ပညာရေးအတွက် မိမိတစ်ဦးတည်းသာလျှင် အပန်းတကြီး အားထုတ်နေရသည် မဟုတ်ပေ။ မိမိထက်ပို၍ ကရိကထခံကာ သင်ကြားနေကြသူများ ဒုနှင့်ဒေးရှိနေပေသည်။ အခြားသူများက ကြိုးစားနိုင်လျှင် လက်နှစ်ဘက် ခြေနှစ်ဖက် အတူညီချင်းတွင် မိမိကအလျှော့ပေး၍ အပျော့ဆွဲနေရန် မသင့်ပေ။

*ပညာရေးတိုက်ပွဲတွင် အချိန်အခါရှိခိုက် ကာလက အရှုံးပေးလိုက်ပြီး၍ ကြိုကြိုင်ပင်ပန်းကာ လူရာမဝင်ဖြစ်လေမှ နောင်တ တရားရနေသော်လည်း ထူး၍ အကျိုးရှိလာလိမ့်မည်မဟုတ်ဘဲ ရင်နာရရုံသာ ရှိပေလိမ့်မည်။*
ပညာသင်ချိန်အရွယ်တွင် အခက်အခဲများ၊ ဆန့်ကျင်ဆွဲဆောင်သော အဖျက်တရားများ၊ ပျင်းရိဆုတ်နစ်မှုများကို အနိုင်တိုက်ပွဲတစ်ဆင့်တွင် အောင်ထူနိုင်ရပေလိမ့်မည်။

* * *

# စာမေးပွဲအောင်ရေးတိုက်ပွဲ

ပညာရေးသည် ဘဝတိုက်ပွဲတစ်ခုဖြစ်ဘိသကဲ့သို့ စာမေးပွဲအောင်ရေးသည်လည်း ဘဝ၏ တိုက်ပွဲတစ်ခုပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ပညာတတ်မြောက်ရေးနှင့် စာမေးပွဲအောင်ရေးသည် တူရာတူ၍ ကွဲရာ၌ကွဲပေသေးသည်။ သာမန်အားဖြင့် ပညာတတ်မြောက်ရုံနှင့် မပြီးဘဲ စာမေးပွဲအောင် လက်မှတ်ရရှိပါမှသာ ပညာအဆင့်အတန်း၏ သတ်မှတ်ချက် အင်္ဂါရပ်ပြည့်စုံခြင်း ရှိလေသည်။ ထို့ကြောင့် စာမေးပွဲအောင်မြင်ရေးမှာ ဘဝတိုက်ပွဲတစ်ခု ဖြစ်လေသည်။

ပညာနယ်ဟူသည် အလွန်ကျယ်ပြန့်လေသည်။ လောကတွင် သိစရာ တတ်စရာများမှာ သင်၍မဆုံးနိုင်အောင်ပင် ရှိလေသည်။ ပညာတစ်ရပ်ရပ်တွင်လည်း သိစရာ မှတ်စရာများစွာ ရှိပေသည်။ ထို့ကြောင့် တက္ကသိုလ်များတွင် သင်ကြားရန် ပညာရပ်များကို သတ်မှတ်ပြဋ္ဌာန်း၍ သင်ကြားသူအဖို့လည်း မိမိကျွမ်းကျင် ဝါသနာထုံရာ ဘာသာရပ်များကို အတွဲအားဖြင့် ကန့်သတ်၍ ထိုက်သင့်သမျှသာ သင်ကြားလေ့လာစေလေသည်။ ရှိရှိသမျှ ပညာရပ်များတွင် ညီမျှနှံ့စပ်သည်မှာ အကြောင်းမဟုတ်ဘဲ ပြဋ္ဌာန်းထားသော ဘာသာရပ်တစ်တွဲတွင် လိုအပ်သလို တတ်မြောက်ရန်ကိုသာ အရေးထားကြပေသည်။ သို့မှသာ စာမေးပွဲအောင်မြင်ရန် အခွင့်အလမ်း ရှိပေမည်။

ဤတွင် ကျောင်းသားတစ်ယောက်သည် မိမိသင်ကြားသော



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရပ်တစ်ခုတွင် အလုံးစုံ တတ်မြောက်သည် မတတ်မြောက်သည်ကို စစ်ဆေးရာ၌ စာမေးပွဲကိုပင်လျှင် စစ်ဆေးရေး ကိရိယာအဖြစ် အသုံးပြုကြရပေသည်။ စာမေးပွဲဆိုသည်မှာလည်း သင်ကြားသမျှအားလုံးကို စစ်ဆေးရန် မလွယ်ကူသဖြင့် သင်ကြားသူ၏ တတ်မြောက်မှု အခြေအနေကို စမ်းသပ်နိုင်ရန် ဟိုတစ်ကွက် ဒီတစ်ကွက် ထောက်၍မေးနည်းမျိုးဖြင့် စစ်မေးကြရ ပေသည်။ မေးသည့်မေးခွန်းများတွင် ယေဘူယျစမ်းသပ်မှု၊ မှတ်ဉာဏ်စမ်းသပ်မှု၊ အလေ့အကျင့် စမ်းသပ်မှု၊ အမြင်ကျယ်မှု စမ်းသပ်မှု၊ ထိုးထွင်းဉာဏ်စမ်းသပ်မှု စသည်ဖြင့် ဘက်စုံအောင် နိုက်စစ်ခြင်းမျိုးလည်း ရှိတတ်၍ သင့်နိုးရာ ကောက်နုတ်မေးစမ်းမှုမျိုးလည်း ရှိပေသည်။ မည်သို့ပင်ဖြစ်စေ မေးသူအလို စစ်သူအကြိုက် ဖြေဆိုနိုင်မှုသည် အကြောင်းအမျိုးမျိုး တိုက်ဆိုင်ရမည့် ကိစ္စဖြစ်ပေသည်။

စာမေးပွဲတွင် နာရီပိုင်းအတွင်း စစ်ဆေးရုံမျှနှင့် သင်ကြားသူ၏ တတ်မြောက်မှု အခြေအနေကို အမြဲတမ်း အတိအကျ ပိုင်းဖြတ်နိုင်ရန်ကား မလွယ်ပေ။ တကယ်ညံ့ဖျင်းသူ၏ သရုပ်နှင့် တကယ်တော်သူ၏ သရုပ်မှာ ပေါ်လွယ်သောလည်း အလယ်အလတ်သင်ကြား တတ်မြောက်သူတို့မှာ ကျွမ်းကျင်ပိုင်နိုင်စွာ သိရာကိုမေး၊ သတိလွတ်ရာ ပေါ့ပေါ့မှတ်ရာကိုသာ မေးသောအခါ မည်သို့မျှ ဖြေဆိုနိုင်မည် မဟုတ်ပေ။ ထိုမှတစ်ပါး သာမန်အားဖြင့် သိစေကာမူ စာမေးပွဲ၏ အတွေ့အထိ အကန့်အသတ် စိတ်လှုပ်ရှားမှုများကြောင့် မေးသူဖြေသူအကောက်အယူ ကွဲလွဲသည်များလည်း ရှိနိုင်ပေသည်။ မည်သူပင်ဖြစ်စေ စာမေးပွဲဖြင့်သာ အရည်အချင်း စစ်ဆေးရသည်တွင် သင်ကြားသူတစ်ဦး၏ အဆင့်အတန်းကို ဖြေဆိုသော အဖြေလွှာဖြင့်သာ အကဲဖြတ်ရမည် ဖြစ်သဖြင့် ကျောင်းတွင်တော်သူပင်လျှင် စာမေးပွဲကျ၍၊ ညံ့ဖျင်းသူက စာမေးပွဲအောင်သည်လည်း ရှိပေသည်။ ဤသို့ဖြစ်နိုင်ခြင်း များလည်း ရှိပေသည်။

ကျောင်းစာမေးပွဲနှင့် တက္ကသိုလ်စာမေးပွဲများတွင်ကား စာမေးပွဲ စစ်ချက်တစ်ခုတည်းကိုသာ အခြေမပြုဘဲတစ်နှစ်ပတ်လုံး ကျောင်းတွင်



ကြိုးစားမှု တတ်မြောက်မှု အခြေခံရမှုတို့ကိုပါ ထည့်သွင်းတွက် ချက်နိုင်သဖြင့် စစ်ဆေးမှုစနစ်မှာ ပကတိတတ်မြောက်မှု အခြေအနေကိုပို၍ နီးကပ်စွာ စစ်ဆေးနိုင်သည့်ဆိုရမည် ဖြစ်လေသည်။ ဆိုဗီယက် ရုရှနိုင်ငံ တွင်ကား စာမေးပွဲများမှာ လက်တွေ့စစ်မေးချက်များ ပါဝင်၍မေးသော မေးခွန်းကို ဖြေနိုင်သည် မဖြေနိုင်သည်ထက် ဖြေဆိုသူ၌ အခြေခံ မည်မျှ ပိုင်နိုင်ထားသည်ကို သိရလေအောင် နှိုက်ထုတ်စစ်မေးလေ့ ရှိသည့်ပြင် သင်ကြားရေး စနစ်တွင်လည်း တစ်ဦးချင်းမတတ် တတ်အောင် မျက်ခြေမပြတ်စောင့်ကြည့်စစ်ဆေးသင်ကြားမှုကို ကျင့်သုံးသဖြင့် စာမေးပွဲ စစ်သည်ဖြစ်စေ မစစ်သည်ဖြစ်စေ သင်ကြားသော ဆရာက ပိုင်နိုင်စွာ အကဲခတ်မိပြီး ဖြစ်လေသည်။ စစ်ဆေးရေးဘုတ်အဖွဲ့တွင် ကျောင်းဆရာသည် လည်း ပါဝင်နေသဖြင့် စီစစ်ချက်များမှာ ပို၍ အခြေခံနှင့် နီးစပ်လေသည်။ ညှာသင်ပေးခြင်းမှာ စာမေးပွဲမအောင်, အောင်သည် အထိ တွန်းပို့ပေးခြင်း ဖြစ်၍ တစ်နှစ်ပတ်လုံး မှန်ကန်စွာ သင်ကြားဆည်း ပူးမည်ဆိုပါက မုချ အောင်ရမြဲဖြစ်၍ အလွန်ဉာဏ်ထိုင်း၍ စရိုက်ပျက်သူမျိုး သာလျှင် ကျောင်းလောကမှ ဖယ်ကြဉ်ခြင်း ခံရလေသည်။ အချုပ်အားဖြင့် စာမေးပွဲသည် စတိအလုပ်မျှဖြစ်၍ တကယ်တတ်မြောက်အောင် သင်ကြား ပေးရေးနှင့် ဆိုသင်ကြားရေးကို မပြတ်စီစစ် ကြပ်မတ်ခြင်းသည်သာ အရည်အချင်း ပြည့်တင်းရေး အစီအမံ ဖြစ်လေသည်။

မြန်မာနိုင်ငံတွင် အလယ်တန်းနှင့် အထက်တန်း စာမေးပွဲများတွင် အထူးသဖြင့် စာမေးပွဲစံနစ်ဖြင့်သာ စစ်ဆေးနေဆဲဖြစ်ပေရာ စာမေးပွဲ ဖြေဆိုနိုင်ရေးမှာ ပန်းတိုင်ဖြစ်၍ နေရလေသည်။ စာမေးပွဲအောင်လက်မှတ် ရသူတိုင်း မတော်သည်လည်း ရှိ၍ စာမေးပွဲဘွဲ့လက်မှတ်များ မရှိစေကာမူ ဆော်သောသူများလည်း ရှိသည်သာ ဖြစ်လေသည်။ တော်သည် မတော် သည်မှာ ပုဂ္ဂိုလ်၏ ဉာဏ်နှင့် လေ့လာကြိုးစားမှုပေါ်တွင်သာ တည်ပေသည်။ ဘွဲ့အတူရရှိသူချင်းပင်လျှင် တတ်မြော်ပိုင်နိုင်မှု ကွဲပြားသည်များ ရှိပေသည်။ ညှော်သို့ပင်ဖြစ်စေ လူတစ်ဦး တစ်ယောက်၏ ပညာအရည်အချင်းကို

www.burmeseclassic.com



သိနိုင်သောနည်းမှာ နှိုက်စစ် တီးခေါက်ကြည့်ခြင်းသာ ဖြစ်ပေရာ အလွယ်ဆုံး အမြန်ဆုံး စီစစ်နည်းမှာကား အောင်လက်မှတ်စီစစ်နည်းသာ ဖြစ်သဖြင့် အောင်လက်မှတ်စံနစ်ကို ပယ်နိုင်မည်ကား မဟုတ်ပေ။ လိုအပ်သည်မှာ သတ်မှတ်သောအောင် လက်မှတ်ရရန်လည်း ဖြစ်၍ ပညာရပ်များကို တကယ်ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျင် တတ်မြောက်ရန်ပင် ဖြစ်လေသည်။

## အရည်အချင်း လက်မှတ်

ထို့ကြောင့် ကျွန်ုပ်တို့သည် တတ်မြောက်အောင်သင်ကြားရေးအပြင် အများနည်းတူ အကဲခတ်ပွဲ၊အလုပ်ရွေးပွဲများတွင် အလွယ်တကူအဆင့်အတန်း သတ်မှတ်စေနိုင်ရန် အောင်လက်မှတ်ဘွဲ့လက်မှတ်ရရှိရေးကိုလည်း အလေးထားရပေမည်။ အဆင့်သတ်မှတ်သော လုပ်ငန်းများတွင် မည်မျှ တတ်မြောက်စေကာမူ အောင်လက်မှတ်ဘွဲ့လက်မှတ်အရည်အချင်း မရှိပါက ဝိုင်းပယ်ခြင်း ခံရတတ်သည်သာ ဖြစ်ပေသည်။ ထိုမျှမက လူတစ်ယောက်၏ အရည်အချင်းကို အခြားသူတစ်ယောက်က ရုတ်တရက် ချက်ချင်း အသိအမှတ်ပြုနိုင်သော နည်းလမ်းရှားပါးသည်ဖြစ်ရာ ဘွဲ့မည်ရည်ဖြင့် အကဲခတ်လေ့သာ ရှိပေသည်။ ထို့ကြောင့် စာမေးပွဲအောင်ရေး ဘွဲ့ရရေးတို့သည်လည်း ဘဝ၏ ပန်းတိုင်များဖြစ်သဖြင့် ဘဝတိုက်ပွဲတစ်ရပ် ဖြစ်လာရပေသည်။

ကျောင်းသားများအဖို့တွင် အခါများစွာ၌ ပညာတကယ်တတ်မြောက်ရေး ရည်ရွယ်ချက်ပျောက်ကာ စာမေးပွဲအောင်မြင်ရေးဘက်သို့ အာရုံစိုက်မိတတ်ကြလေသည်။ ထို့ကြောင့်လည်း ထင်မြင်ချက် တစ်ကြိုမေးခွန်းရှာခြင်း၊ အဆက်အသွယ်ရှာခြင်း၊ လိမ်လည်သော နည်းမျိုးစုံကို အသုံးပြုခြင်း၊ ကောင်းနိုးရာ မေးဖွယ်ရှိရာကိုကွက်၍ ထီထိုးသကဲ့သို့ ကံစမ်းကျက်မှတ်ခြင်း၊ ဗေဒင်ယတြာတို့ကို အားကိုးခြင်းစသည်ဖြင့် လိုက်စားမှားတတ်ကြပေသည်။ သို့ရာတွင် **ရေသာများ၍ ငါးမတွေ့** ဖြစ်ကြရသည်သာ အဆုံးဖြစ်လေသည်။



စင်စစ်သော်ကား စာမေးပွဲတည်းဟူသော တိုက်ပွဲကို သေချာပေါက် အနိုင်တိုက်နိုင်သော နည်းလမ်းရှိပေသည်။ သို့ရာတွင် ထိုနည်းလမ်းသည် သက်သာလွယ်ကူသောနည်းကား မဟုတ်ပေ။ တစ်နှစ်ပတ်လုံး သင်ကြားရန် ပြဋ္ဌာန်းထားသော သင်ခန်းစာဟူသမျှနှင့်ဆက်စပ်ရာ သိမှတ်ဖွယ် လေ့လာဖွယ်ဟူသမျှကို ပိုင်နိုင်အောင် လေ့ကျက်ထားရန်ပင် ဖြစ်လေသည်။ ပြဋ္ဌာန်းချက်အလုံးစုံကို တကယ်တတ်မြောက်သွားလျှင် ထိုပြဋ္ဌာန်းချက် ဘောင်အတွင်းမှ မေးမည်ဖြစ်သော မည်သည့်မေးခွန်းကိုမဆို ဖြေဆိုနိုင်မည်မှာမလွဲပေ။ ကွက်ကျော်ကွက်ကျား လေ့လာခြင်းမဟုတ်ဘဲ အပြည့်အဝ ဆည်းပူးလေ့လာခြင်းကြောင့် စာမေးပွဲအတွက် စိတ်ချရသည်သာမက တကယ်တတ်မြောက်ရေးအတွက်လည်း မှန်ကန်သောအထောက်အပံ့ဖြစ်ပေသည်။

စင်စစ်အားဖြင့် ဘဝတိုက်ပွဲတွင် စာမေးပွဲအောင်မြင်ရေးနည်းလမ်းမှာ ခက်ခဲသည်ကားမဟုတ်ပေ။ သို့ရာတွင် အသိလွယ်ပါလျက် အလိုက်ခက်၍ နေခြင်းသာ ဖြစ်လေသည်။ အလိုက်ခက်သည်မှာလည်း လိုက်သင့်လျက် မလိုက်ချင်ကြသောကြောင့်သာဖြစ်လေသည်။ (ဝါ) ဘဝတွင် အလျှော့ပေး လွန်းသောကြောင့်သာ ဖြစ်ပေသည်။

ကျောင်းသားဖြစ်ပါလျက် (ဝါ) သင်ကြားလေ့လာနေသူဖြစ်လျှင် သင်ကြားရခြင်းအတွက် ပင်ပန်းမခံနိုင်စရာ အကြောင်းမရှိပေ။ သင်စရာ ရှိသည်ကိုသင်ရန်မှာ သူ၏တာဝန်ပင်ဖြစ်လေသည်။ သင်ကြားသောအလုပ်ကိုမျှ မလုပ်လျှင် သူ့အတွက် လုပ်စရာမရှိချေ။ ထိုအလုပ်ကို မှန်မှန်လုပ်သွားလျှင် ကိစ္စပြီးပေသည်။ စာမေးပွဲမုချအောင်ပေမည်။

သို့ရာတွင် စာမေးပွဲမအောင်ကြသူများ အမြောက်အမြားရှိပေရာ ထိုသူတို့တွင် တိုက်ပွဲရှုံးရသော အကြောင်းရင်းများရှိပေမည်။ ထိုသူတို့အား နှိပ်စက်ခဲ့သော အန္တရာယ်တို့သည် စာမေးပွဲဖြေမည့်သူများအား မမှီတွယ် မနှိပ်စက်နိုင်ရန် သတိမူရပေမည်။ ထိုသူတို့အား အောင်မထုနိုင်အောင် ထွန်းပစ်လိုက်သောရန်သူကို မြင်အောင်ရှာရပေမည်။ ထိုရန်သူကို



www.burmeseclassic.com

www.burmeseclassic.com



နလံမထူနိုင်လေအောင် ဖိနင်းတိုက်မိုက်ရပေမည်။ ထိုအန္တရာယ်ကား အဘယ်နည်း။

သင်ရိုးသင်စဉ် ပညာသင်ကြားရာ၌ အခြားသူများက တတ်သိနားလည်လျှင် မိမိသည်လည်း တတ်သိနားလည်ရမည်ပင် ဖြစ်လေသည်။ အခြားသူက သိနားလည်ပါလျက် မိမိက နားမလည် မတတ်မြောက်ခဲ့လျှင် မိမိ၏အာရုံစိုက်မှု၊ အားထုတ်မှု၊ မှတ်သားမှု၊ သိမြင်သဘောပေါက်မှု စသည် တစ်ခုခုက ချို့ယွင်းအားနည်းနေ၍ ဖြစ်ပေလိမ့်မည်။

## တစ်ဖက်ဖက်တွင် ချွန်နိုင်သည်

လူတိုင်းတွင် ဉာဏ်ရည်တူရှိကြသည် မဟုတ်ပေ။ အချို့က ဉာဏ်ထက်မြက်၍၊ အချို့က ဉာဏ်ထုံထိုင်းကြပေမည်။ ကိုယ်ခန္ဓာတည်ဆောက်မှုအရဖြစ်စေ၊ အထုံပါရမီအရဖြစ်စေ ဉာဏ်ထုံထိုင်းမှုကို အပြစ်ဆိုသာမည် မဟုတ်ပေ။ သို့ရာတွင် လုံ့လပိုမိုစိုက်ထုတ်ခြင်းဖြင့် ဂုဏ်ထူးခြောက်ဘာသာ မရစေကာမူ သာမန်အောင်မြင်မှုကိုကား ရရှိနိုင်ပေမည်။ ယုတ်စွအဆုံး တစ်နှစ်နှင့်မအောင်လျှင် နှစ်နှစ် သုံးနှစ်အတွင်း အောင်မြင်ရပေမည်။ ထိုသို့မျှ မအောင်မြင်နိုင်အောင် ဉာဏ်ထုံမှုမျိုးကားမရှိနိုင်ပေ။ ပင်ကိုယ်ကပင် သင်၍မရလောက်အောင် ဦးနှောက်ချို့ယွင်းခဲ့သည် မှန်လျှင်လည်း တစ်ဆင့်ထက်တစ်ဆင့် အတန်းမြင့်လာခဲ့ရန် အကြောင်းမရှိပေ။ အကယ်၍ ပညာရေးဘက်တွင် တိုးတက်နိုင်ခြင်း လုံးဝမရှိခဲ့လျှင်လည်း လက်မှုပညာ၊ နှုတ်မှုပညာ အခြားအတတ်ပညာဘက်တွင် ပြောင်မြောက်စွာ အစွမ်းပြနိုင်ဦးမည်ပင် ဖြစ်ပေသည်။

ကျောင်းပညာတွင် တပ်လန်ခဲ့သော်လည်း အနုပညာ၊ လက်မှုပညာတို့တွင် ထူးချွန်သူများရှိပေသည်။

ကျောင်းသားလောကတွင် ခြေချော်လက်ချော် တစ်ကြိမ်တစ်ခါ စာမေးပွဲကျသည်မှာ အရေးမကြီးလှပေ။ တက္ကသိုလ်ပညာရပ်တွင် မှန်ကန်စွာ



သင်ယူကြိုးစားမှုရှိလျှင် စာမေးပွဲအောင်နိုင်ရန် မခက်ခဲလှပေ။ ဆေးတက္ကသိုလ်ကဲ့သို့ သင်သမျှ တကယ်တတ်မှ၊ အရေးထဲတွင် တကယ်စွမ်းဆောင်နိုင်မည့် ပညာရပ်မျိုးတွင် စာမေးပွဲမကျစတမ်း ဖိဖိစီးစီး ကြိုးစားရန်လိုပေသည်။ ဆေးတက္ကသိုလ်တွင် ဉာဏ်ရည်တကယ်ချွန်သော အောင်မှတ်ကောင်းသည့် ကျောင်းသူ ကျောင်းသားတို့ကိုသာ ရွေးချယ်သဖြင့် ထိုကျောင်းသားမျိုးတွင် အကြောင်းမဲ့စာမေးပွဲကျမည့်သူများ အလွန်နည်းပါးပေသည်။ ဉာဏ်အားနည်းသူသည် ဝီရိယအားကို ဖြည့်ဆောင်ပေးပါက ထိပ်ဆုံးသို့ ရောက်သည့်တိုင်အောင် အလယ်အလတ်မှ လိုက်နိုင်ပေသည်။ ဉာဏ်ကလည်းဖျင်း လုံ့လကလည်း ပျင်းနေခဲ့လျှင်ကား ထိုတောင်ကိုကျော်နိုင်လိမ့်မည်မဟုတ်ပေ။

စာမေးပွဲဖြေမည့်သူသည်လည်းကောင်း၊ စာမေးပွဲကျရှုံးခဲ့သူသည်လည်းကောင်း၊ မိမိကိုယ်ကို စစ်တမ်းထုတ်ရပေလိမ့်မည်။ မိမိတွင် တန်းတူညီတူ လိုက်နိုင်သောဉာဏ်ရှိသလော။ သင်ခန်းစာတိုင်းကို သဘောပေါက်မှတ်သားမိသလော။ မေးဖွယ်ရှိသမျှ ပြည့်စုံအောင် လေ့ကျက်ဆည်းပူးထားသလော။ မေးခွန်းဟောင်းများမှ မေးမြန်းပုံများကို လေ့လာ၍ လေ့ကျင့်ခြေဆိုဖူးသလော။

မည်သည့်ဘာသာရပ်တွင် လိုက်နိုင်၍၊ မည်သည့်ဘာသာရပ်တွင် ညံ့သနည်း။ မိမိညံ့ကွက်များကို မည်သည့်နည်းနှင့် အချိန်မီ ဖြည့်တင်းကုစားနိုင်သနည်း။ မိမိသည်မည်သို့ ကြိုးစားရမည်နည်း။ မိမိအဖို့ ဉာဏ်ကနည်းသလော၊ ဝီရိယနည်းသလော။ ကျောင်းစာများတွင် စိတ်ဝင်စားမှုရှိသလော။ အခြားမည်သည့် စိတ်လေစရာ စိတ်ညစ်ညူးစရာသောကများရှိသနည်းဟူ၍ စီစစ်ရပေမည်။ အကြောင်းရင်းသိမှ အဖြေသိနိုင်ပေလိမ့်မည်။

စာမေးပွဲသည် ဘဝခရီးတွင် ဖြတ်ကျော်ရမည့် ဘူတာများဖြစ်ပေသည်။ ဘူတာတစ်ဘူတာကို ကျော်ဖြတ်ပြီးလျှင် ခရီးတစ်ထောက်နီးသွားပေလိမ့်မည်။ စာမေးပွဲသည် လိုရာခရီးသို့ သွားရာလမ်း၌ အတားအဆီးများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေရာ၊ မကျော်ဖြတ်နိုင်ပါက ခရီးနှောင့်နှေးရုံသာမက လိုရာခရီးသို့ပင် မရောက်နိုင်ဘဲရှိနိုင်လေသည်။ ထို့ကြောင့် တစ်ဆင့်ပြီးတစ်ဆင့် နိုင်နင်းစွာ ကျော်ဖြတ်ရမည့်အရေးကို အလေးအနက် နှလုံးသွင်းရပေမည်။ **"စာမေးပွဲအောင်မှုဖြစ်မည်၊ ငါမုချအောင် အောင် ဖြေမည်"** ဟူသော စိတ်ရင်းခိုင်မာစေရပေမည်။ ယင်းသို့ခိုင်မာလျှင် စာမေးပွဲကို မရအရ အပြင်းအထန်ကြိုးစား၍ ဖြေပေလိမ့်မည်။

မိဘက တိုက်တွန်း အကြပ်ကိုင်၍ ကျောင်းနေရခြင်း၊ မလွဲမရှောင်သာ၍ ခေတ္တအချိန်ဖြုန်းသည့်သဘောဖြင့် ကျောင်းနေခြင်း၊ အပေါင်းအသင်းများနည်းတူ လုပ်ရိုးလုပ်စဉ် အနေဖြင့် ကျောင်းတက်ခြင်းစသည်ဖြင့် သင်ကြားနေသူများအဖို့မူကား စာမေးပွဲသည် ထီထိုးသကဲ့သို့ ကံစမ်းနေရုံမျှ ရှိပေလိမ့်မည်။ **"ကျောင်းဆွေးဆွေး လူဆွေးဆွေး"** ဟူသော သဘောမျိုးသာ ရှိပေလိမ့်မည်။ အကယ်စင်စစ် မိမိကိုယ်၌က လိုလိုလားလား လေ့လာသင်ကြားသူဖြစ်၍ ကြိုးစားသင့်သလောက် ကြိုးစားမည်ဖြစ်ပါက မအောင်မြင်နိုင်စရာ အကြောင်းမရှိပေ။ ထို့ကြောင့် စာမေးပွဲတိုက်ပွဲ တွင် မိမိယုံကြည်ချက်နှင့် မဆုတ်မနစ် တိုက်ရန်သာလိုပေသည်။

## အကြောင်းမှန် ရှာရမည်

စာမေးပွဲတွင် ကျရှုံးသူများရှိပေမည်။ ထိုသူများသည် မိမိအဘယ်ကြောင့် ကျရှုံးရသည်ကို စိစစ်သုံးသပ်ရပေမည်။ မိမိကိုယ်ကို ထင်တစ်လုံးဖြင့် အပြစ်ရှာမတွေ့ဘဲ မရှိသင့်ပေ။ မိမိဖြေနိုင်သည်ကို မိမိအသိဆုံးဖြစ်ပေသည်။ ဖြေနိုင်ပါလျက်နှင့် ကျရှုံးရသည်ဟူ၍ မျက်စေ့မှိတ်ကာ ငြင်းဆိုနေ၍ မပြီးပေ။ စာစစ်သူက နှိမ်ခြင်းကြောင့်ကျရသည်၊ စာစစ်သူနှင့် အကြိုက်မတွေ့၍ကျရသည်ဟူ၍ ဆင်ခြေပေးရုံနှင့်လည်း လုံလောက်မည်မဟုတ်ပေ။ ဆရာအသင်အပြ မကောင်း၍ ဟူ၍လည်း မကန်သင့်ပေ။ မိမိအပြစ်ကို သူတစ်ပါးအပေါ် လွှဲပြောင်းခြင်း၊ ကံကိုယိုးမယ်ဖွဲ့ကာ ငြိုပြာစီးငြိုပြာနင်း



ညံ၍ စာမေးပွဲရှုံးရပါသည်ဟူ၍ ဖြေသိမ့်ခြင်းတို့သည် မှန်ကန်သောအကြောင်းမဟုတ်ပေ။ အကြောင်းရင်းရှာလွဲနေပါက အန္တရာတ်အငုတ်ကို ပြုတ်အောင်တိုက်နိုင်မည်မဟုတ်ပေ။ မိမိချို့တဲ့လစ်ဟာမှုကိုတွေ့မြင်၍ ပြုပြင်ကြိုးစားပါက နောင်တစ်နှစ်တွင် မုချအောင်မြင်ရပေလိမ့်မည်။ ဆိုးလှသည်ဟုဆင်နေသောကံသည်လည်း ဆက်ကာဆက်ကာ ဆိုးနိုင်မည် မဟုတ်ပေ။

စာမေးပွဲကျ၍ အဆိပ်သောက် သေကြောင်းကြံသည်ကို ကြားဖူးပေသည်။ စာမေးပွဲဆိုသည်မှာ ဘဝ၏အစပိုင်း တိုက်ပွဲတစ်ပွဲသာ ရှိပေသေးသည်။ ရှေ့တိုင်ဆက်လက်၍ တိုက်ပွဲများစွာ တိုက်ရပေဦးမည်။ ရှုံးသည့်ပွဲလည်းရှိမည်။ နိုင်သည့်ပွဲလည်းရှိမည်။ အရှုံးအနိုင်တို့သည် ထူးဆန်းသောအရာများမဟုတ်ပေ။ လောကတွင် မိမိပိုင်သော ကိစ္စလည်းရှိသည်။ သူတစ်ပါး၏အကူအညီအဖေးအမရရှိပါမှ အောင်မြင်နိုင်သော ကိစ္စလည်းရှိပေသည်။ စိတ်က လိုလားဆန္ဒရှိသော်ငြားလည်း လုံးဝမအောင်မြင်နိုင်သော ကိစ္စများလည်းရှိပေသည်။ စာမေးပွဲဖြေသည့်အခါ မိမိတာဝန်အရ အတတ်နိုင်ဆုံး ကြိုးစား၍ ဖြေဆိုရမည် ဖြစ်ပေသည်။ မိမိမျှော်လင့်သလို မဖြစ်သောအခါ မိမိမတတ်ကျွမ်းသည်ကို အမေးအစမ်းခံရသောအခါ၊ ဖြေပုံချွတ်လွဲ၍ အချိန်မလောက်ငသောအခါ စသည့် အခြေအနေများတွင် အောင်မှတ်ချိတ်မိလျှင်လည်း ချိတ်မိပေမည်၊ မအောင်ဘဲအရေးနိမ့်လျှင်လည်း နိမ့်ပေမည်။ တာဝန်ကျေအောင်ဖြေပြီးလျှင် မိမိတာဝန်ကျေ၍ မိမိအအောင်အရှုံးမှာ စာစစ်သူ သုံးသပ်ထင်မြင်သလို အဖြေထွက်ရုံသာ ရှိပေလိမ့်မည်။ အောင်လျှင်ကောင်းသည် မအောင်လျှင် နောက်တစ်ကြိမ်တွင် အောင်သည့်ဟိုဘက် နှစ်ဘူတာလွန်၍ ဂုဏ်ထူးများများရအောင် ကြိုးစားမည်ဟူ၍ အားခဲရုံသာ ရှိပေသည်။

စာမေးပွဲကျရုံနှင့် ငိုကြွေးနေစရာမလိုပေ။ ဝမ်းနည်းပူဆွေးနေ၍လည်း စာမေးပွဲအဖြေတစ်မျိုးပြင်ဆင်ပေးလိမ့်မည်မဟုတ်ပေ။ **"နတ်မတင်နှင့်မတတ်"** လို့ဟူ၍သာ ကျေနပ်ရုံမျှရှိလေသည်။ လက်ဝှေ့သမားများ၊ ဘောလုံးသမားများကဲ့သို့ တစ်ချီရှုံးလျှင် နှစ်ချီပြန်၍ အနိုင်ထိုးနက်ရန်၊ တစ်ဂိုးအသွင်းခံရလျှင်

www.burmeseclassic.com



နှစ်ကိုးပြန်၍ချေရန်သာလျှင် စိတ်ဆုံးဖြတ်ရပေမည်။

စာမေးပွဲကျရှုံးခြင်းသည် အားသစ်တည်းဟူသော ဝက်အူရစ်ကို ပို၍ တင်းပေးရန် အချက်ပေး တပ်လှန့်ခြင်းဖြစ်ပေသည်။ အရှုံးထဲမှအမြတ် ထုတ်ယူရပေမည်။ အတွေ့အကြုံကို အရင်းအနှီးပြုရပေမည်။ တစ်နှစ် သင်ကြားသူများက အောင်နိုင်လျှင် ထိုသင်ခန်းစာကို နှစ်နှစ် သုံးနှစ်ထပ်ကာ ထပ်ကာ သင်ကြားခွင့်ရသူက ဂုဏ်ထူးနှင့်အောင်မြင်နိုင်စရာသာ ရှိလေသည်။ ဤသဘောတရားကို မဖောက်ပြားစေသင့်ပေ။ မှားဖူးမှမှန်၏။ ကြုံဖူးမှ ရဲပေလိမ့်မည်။

## မာန်မချသင့်

စာမေးပွဲတစ်ကြိမ်ကျသည်နှင့်ပင် ***"ငါတော့ဖြင့်လို့ အောင်တော့မှာ မဟုတ်ပါဘူး၊ ငါ့ဘဝတော့ ဆုံးပါပြီ"*** ဟူ၍ မာန်မချလိုက်သင့်ပေ။ ကမ္ဘာစစ်အတွင်း အောင်ပွဲခံနိုင်ခဲ့သော နိုင်ငံများသည် စစ်ပွဲတစ်ပွဲမျှ မရှုံးခဲ့ဘူးသည်မဟုတ်ပေ။ စစ်ပွဲတစ်ပွဲမျှမရှုံးခဲ့ဘူးသော အောင်နိုင်သူများဟူ၍ ကမ္ဘာ့သမိုင်းတွင် မတွေ့ရပေ။ ရှုံးချည်နိုင်ချည်နှင့်ပင် နောက်ဆုံးပွဲသိမ်း အနိုင်များသူက အောင်ပွဲဆင်နိုင်ခြင်းဖြစ်လေသည်။

ဘောလုံးဗိုလ်လုပွဲတွင် လုံးဝဂိုးသွင်းမခံရဘဲ တံခွန်စိုက်ဆုရရှိသူများကို မကြားသိရပေ။ မိမိရှုံးသည်ထက်ပို၍ အနိုင်ရခြင်းကြောင့်သာ နောက်ဆုံးတွင် အောင်ပန်းဆွတ်နိုင်ခြင်း ဖြစ်ပေသည်။ စစ်ပွဲတစ်ပွဲရှုံးခြင်းသည် စစ်ရေးတစ်ခုလုံး ဆုံးရှုံးခြင်းမဟုတ်ပေ။ ထိပ်တန်းရောက်နေသူများ အားလုံးသည် စာမေးပွဲအဆက်မပြတ်အောင်ခဲ့သော ကျောင်းသားလူတော်များသာဖြစ်သည်ဟု ထင်မှတ်လျှင် လွဲမှားသွားပေလိမ့်မည်။ ကျောင်းတွင် တော်ခဲ့သလောက် အပြင်တွင်မတော်သူ၊ မတိုးတက်သောသူများရှိပေသည်။ ကျောင်းတွင် ညံ့ဖျင်းခဲ့သော်လည်း လုပ်ရည်ကိုင်ရည်ကောင်း၍ တော်သော ကျောင်းနေဖက်များထက် တိုးတက်သွားသူများလည်းရှိလေသည်။ ထို့ကြောင့်



စာမေးပွဲအောင်ရန် အထူးလိုအပ်သော်လည်း စာမေးပွဲကျရှုံးဖြင့် ဘဝကျဆင်းသွားနိုင်ပေ။

သို့ရာတွင် စာမေးပွဲကျခြင်းကြောင့် ဘဝတွင် နစ်နာထိခိုက်မှု မရှိဟူ၍ မဆိုလိုပေ။ ဘဝအခြေအနေချင်း တူညီလျှင် စာမေးပွဲအောင်သူက ကြိုးစားရသက်သာပြီး စာမေးပွဲမအောင်သူက အဆများစွာ ခက်ခက်ခဲခဲ ကြိုးစားရပေသည်။ ဘွဲ့ရသူတစ်ယောက်အနေဖြင့် ပရိသတ်ကအလွယ်နှင့် အထင်ကြီးမည်ဖြစ်စေကာမူ ဘွဲ့မရသူတစ်ဦးသည် ပရိသတ်၏အထင်ကြီးခြင်း ခံရလေအောင် အလွန်အမင်း ကြိုးစားကြရလေသည်။ ထို့ကြောင့် စာမေးပွဲ အောင်၍လည်း အရေးမကြီးဟု ဖြေသိမ့်နိုင်စေကာမူ မအောင်နိုင်ခြင်း အတွက် ပို၍ ကြိုးစားရမည့်တာဝန်ကိုကား အရေးထားရပေလိမ့်မည်။ စာမေးပွဲအောင်သူသည် မီးရထားမီလိုက်သူဖြစ်၍၊ ကျရှုံးသူသည် မီးရထားမမှီ၍ ခြေလျှင်လျှောက်ရသူနှင့် တူပေလိမ့်မည်။ အရောက်ချင်းတူစေကာမူ ရောက်ချိန်နှင့်ပင်ပန်းမှုကား မတူညီပေ။

မည်သို့ပင်ဖြစ်စေ မီးရထားတစ်စင်းမမီလိုက်လျှင် နောက်တစ်စင်းကို စောင့်ရပေမည်။ နောက်တစ်စင်း မရှိတော့လျှင် ခြေလျင်ပင်လျှောက်ရပေသည်။ မီးရထားမရှိ၍ လိုရာခရီးကို မထွက်တော့ဟူ၍ နောက်ဆုတ်မနေသင့်ပေ။ အချို့မှာ စာမေးပွဲကျရသဖြင့် စိတ်ဓာတ်ပျက်ကာ စာသင်ချင်စိတ်ထင် ဆုတ်နစ်လျော့ပါးသွားလေ့ ရှိပေသည်။ အချို့ကလည်း ဒုတိယ တတိယနှစ် များတွင် ပထမနှစ်က သင်ကြားပြီးစာဖြစ်သည်ဟု ပေါ့ပေါ့ ဆဆနှင့် မိမိကိုယ်ကို ပိုလွန် အထင်ကြီးနေမိတတ်ပေသည်။ **"အားလုံး သိပြီးသားတွေပါ"** ဟူ၍လည်း အာရုံမစိုက်ဘဲနေတတ်လေသည်။ ဤသို့ သင်ကြားဆည်းပူးရေးတွင် ဖရိုဖရဲဖြစ်လာခဲ့လျှင် အောင်မြင်ရေးမှာ ပို၍ဝေးသည်ထက်ဝေးသွားမည်သာ ဖြစ်ပေသည်။ ပညာကို မိမိက အထင်သေးလျှင် ပညာက မိမိကို အထင်သေးပေလိမ့်မည်။ ထို့ကြောင့် စာမေးပွဲတိုက်ပွဲကို မချအောင်ထူနိုင်အောင် အားခဲ၍ ကြိုးစားကြရပေမည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အလုပ်ရရေးတိုက်ပွဲ

စာမေးပွဲတိုက်ပွဲတစ်ဆင့်ပြီးလျှင် အလုပ်ရရေးတိုက်ပွဲသည် အသင့်ဆီးကြိုနေပေလိမ့်မည်။ အလုပ်ရရေးတိုက်ပွဲသည် ဘဝ၏စခန်းဖွင့်တိုက်ပွဲပင်ဖြစ်၍ အနိုင်တိုက်ရမည့်တိုက်ပွဲလည်း မှန်ပေသည်။ လူတိုင်းအဖို့တွင် ဘဝရပ်တည်မှု လိုပေသည်။ စားဝတ်နေရေးကို ကိုယ်စီကိုယ်င ဖြေရှင်းကြရပေမည်။ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးရပေမည်။ ထို့ကြောင့် လူတိုင်း အသက်မွေးဝမ်းကျောင်း ဖူလုံမည့်အလုပ်တစ်ခုမှန်ရှိရေးသည် ရရှိရမည်ဟူသော မှချလိုအပ်ချက်တစ်ရပ်ပင် ဖြစ်ပေသည်။

ထိပေါက်သည်ဖြစ်စေ၊ အမွေရသည်ဖြစ်စေ၊ တစ်သက်ပတ်လုံး မှီခိုစရာ အခိုင်အမာရှိသည်ဖြစ်စေ လူမှန်လျှင် အလုပ်လုပ်ရပေမည်။ အလုပ်၏ခံစားခွင့် အကျိုးတရားဖြင့် ဘဝပြဿနာကို ဖြေရှင်းရပေမည်။ သူတစ်ပါး၏ချွေးနဲစာမှ ခေါင်းပုံဖြတ်ခြင်း၊ အမြတ်ထုတ်ခြင်းကို မပြုသင့်ပေ။ လုပ်နိုင် ကိုင်နိုင်သော အရည်အသွေး၊ လုပ်အားနှင့်အချိန်ကာလကို ဘာမျှလုပ်ဘဲ ဖြုန်းတီးနေခြင်းငှာလည်း မသင့်ပေ။ ကိုယ်စီလုပ်အားဖြင့် တည်ဆောက်နေကြသော လောကကြီးတွင် သူတစ်ပါး၏လုပ်အားကြောင့် ပေါ်ပေါက်လာသော အသီးအပွင့်ကိုသာစားသုံး၍ မိမိက သူတစ်ပါးအတွက် ဘာမှထုတ်လုပ်မပေးဘဲ နေမည်ဆိုပါကလည်း လူသား၏တာဝန်မကျေ



...။ ထို့ကြောင့် လူမှန်လျှင် အလုပ်လုပ်ရမည်ဟူသောအဆိုကို ချွင်းချက် ...ရှိလက်ခံကြရပေလိမ့်မည်။

အသက်ရှင်နေကြသော လူ့လောကတွင် အလုပ် မလုပ်မကိုင်ဘဲ ...ရေသာခို၍ စားချင်သူမျိုး နည်းပါးပေလိမ့်မည်။ ရေသာခိုချင်သူများအတွက် ...ခွင့်အလမ်းကလည်း တစ်နေ့တခြား နည်းပါးလာပေလိမ့်မည်။ လူသားတို့ ...ရင်ဆိုင်နေရသော အဓိကပြဿနာမှာကား အလုပ်မလုပ်ချင်ခြင်းမဟုတ်ဘဲ ...လုပ်မရနိုင်ခြင်း၊ အလုပ်ရှားပါးခြင်း ပြဿနာပင်ဖြစ်လေသည်။

အလုပ်ရှားပါးခြင်းပြဿနာမှာ လူဦးရေတိုးပွားသော နိုင်ငံတိုင်း၌ ...လွဲမသွေ တွေ့ဆိုင်နေရသော ပြဿနာပင်ဖြစ်လေသည်။ ရောင်းဝယ် ...လုပ်ကိုင်မှု နယ်ကျဉ်းလာသောအခါ လူများသည် လခစားလုပ်ငန်းကိုသာ ...အားကိုးစိုက်မိတတ်ကြလေသည်။ ကုန်ထုတ်လုပ်မှုဘက်တွင် တီထွင်ကြိုးစား ...သည်ထက် အချိန်တန်လျှင် သတ်မှတ်သော ဝင်ငွေပုံမှန်ရရှိရေးဘက်တွင် ...သာ ကျေနပ်နှစ်သိမ့်တတ်ပေသည်။ စွန့်စားမှုကို မဝံ့ဘဲ သေချာမှုတွင် ...နှုန်းခိုနေလိုကြပေသည်။

ကမ္ဘာပေါ်တွင် ကြီးကျယ်စွာ တိုးတက်အောင်မြင်နေသူများသည် စွန့်စား အပင်ပန်းခံ၍ တီထွင်ထုတ်လုပ်နိုင်သူများသာဖြစ်သည်ကို မမေ့သင့်ပေ။ ကမ္ဘာ့နိုင်ငံကြီးများတွင် လူအစား စက်ကိရိယာကို အစားထိုး...လာခြင်းကြောင့် အလုပ်ပို၍ပင် ရှားပါးလာခဲ့ပေသည်။ သို့ရာတွင် မွေးဖွား...လာသူများ၊ ပညာတတ်လာသူများ အလုပ်လုပ်နိုင်၍ အလုပ်လိုလားသူများ...အား စနစ်တကျ နေရာချထား လုပ်ကိုင်စေနိုင်ရန် စီမံကိန်းများ၊ လမ်းပေါက်...များ၊ တိုးချဲ့မှုများဖြင့် ဖြေရှင်းလျက်ရှိ၍ ကြိုးစားသူ၊ တတ်ကျွမ်းသူများ...အတွက် အလုပ်ရရေးပြဿနာမှာ ပြေလည်နိုင်စရာအကြောင်းရှိပေသည်။

အလုပ်ရရေးဟူသည်မှာ ပညာတတ် စာမေးပွဲအောင် ဘွဲ့ရပြီးနောက်မှ ...အလုပ်ကိုလှည့်လည် ရှာဖွေစစ်ဆေးနေရသည့် ကိစ္စမဟုတ်တော့ပေ။ ကျောင်း...နေစဉ် အခါကတည်းက မိမိသည် မည်သည့်အလုပ်အကိုင်မျိုးကို ဝါသနာ...ပါသည်၊ အစွမ်းပြနိုင်သည်၊ မည်သည့်အလုပ်အကိုင်သည် မိမိအကြိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဟပ်မိသည်၊ မည်သည့်အလုပ်အကိုင်သည် မိမိလိုလားချက်အရ တိုးတက်ကြီးပွားလမ်း နည်းသည် စသည်ဖြင့် ကြိုတင်ရွေးစစ်မှု၊ ပြင်ဆင်မှုရှိရပေမည်။ ပြင်ဆင်မှုမှန်ကန်သည်နှင့်အမျှ အလုပ်ရရန်ပို၍ လွယ်ကူမည် ဖြစ်လေသည်။

မိမိက မည်မည်ရရ ဘာတစ်ခုမျှ ကျွမ်းကျင်စွာလုပ်ကိုင်နိုင်မှုမရှိဘဲ အလုပ်လိုချင်နေသည်မှာ သဘာဝမကျပေ။ ကျောင်းစာမေးပွဲအောင်ပြီးလျှင် ရရာလခစားလုပ်မည်။ အလုပ်ကသင်သွားလိမ့်မည်ဟူ၍ သဘောထားသူမှာ မိမိဘဝကို ပေါ့ပေါ့တန်တန် သဘောထားသော လျော့ကြဲစီးသမားဖြစ်ပေလိမ့်မည်။ ပုံစံမဟုတ်ဘဲဖြစ်ကတတ်ဆန်း အိမ်ဆောက်သူနှင့် တူပေလိမ့်မည်။

အလုပ်ရရေးဆိုသည်မှာ အလုပ်လိုချင်မှုထ၍ ရှာသည့်သဘောမဟုတ်ပေ။ လိုချင်သောအလုပ်ကိုရအောင် ကြိုတင်ပြင်ဆင်ခြင်းသည် လက်တွေ့အလုပ်ရှာခြင်း၏ အစပင် ဖြစ်လေသည်။ စာသင်ကျောင်း ပညာသင်ကျောင်းများသည် အလုပ်ရှာဖွေရန် ပြင်ဆင်လေ့ကျင့်ရေး စခန်းများပင် ဖြစ်လေသည်။ ကျောင်းနေစဉ်ကပင် ကျောင်းထွက်လျှင် လုပ်ကိုင်မည့်အလုပ်ကို ရှာထားရွေးချယ် ပြင်ဆင်ရပေမည်။ နောင်ခါလာ နောင်ခါချေး သဘောမထားသင့်ပေ။ မှန်းထားသည့်အလုပ်ကိုမလုပ်ရဘဲ အခြားတစ်ဖက်တစ်လမ်းအားဖြင့် လုပ်ကိုင်အသက်မွေးရသူများလည်း ရှိပေမည်။ ထိုသို့လမ်းလွဲရခြင်းမှာ ကြိုတင်ပြင်ဆင်မှု မပိုင်ခြင်း၊ ဆုံးဖြတ်ချက်ထက် အခြေအနေနောက်သို့ အလျှော့ပေးလိုက်ရခြင်း၊ မလွှဲမရှောင်သာသော အကြောင်းများ ပေါ်ပေါက်ခြင်း စသည်တို့ကြောင့်သာ ဖြစ်ရပေသည်။ မိမိဝါသနာ ယုံကြည်ချက် ကျွမ်းကျင်မှုအလျောက် ကြီးပွားသူ အမြောက်အများ ရှိနေသည်ကို သတိမူရပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ကျောင်းတံခါးဝ၏ထွက်ပေါက်နှင့် အလုပ်၏ဝင်ပေါက်တို့သည် တစ်ဖက်တစ်လမ်းတည်း ဖောက်လုပ်ထားခြင်းမရှိသေးသောအခါတို့တွင် အလုပ်အကိုင်ရရှိရေးမှာ တိုက်ပွဲပမာသာလျှင် ရှိပေဦးမည်။ လူ၏အရည်အချင်းကလည်း အလုပ်နှင့်ဆီလျော်ရပေဦးမည်။ အလုပ်



တိုင်းသည် တော်သည်ထက်တော်သူများ၊ အကြောင်းအခွင့် စပ်သူများကိုသာ ကြိုဆိုလေ့ရှိသည်ဖြစ်ရာ အလုပ်နှင့်လျော်သော အရည်အချင်းမပြည့်စုံခဲ့လျှင် အလုပ်ရရန် လွယ်ကူလိမ့်မည် မဟုတ်ပေ။

## အကြိတ်အနယ်တိုက်ရမည်

အလုပ်ဆိုသည်မှာ "ဥဒေါ့ဖူ"ဆို၍ တွေ့ရှိရယူပိုင်သော ပဥ္စလက်ပစ္စည်းမျိုး မဟုတ်ပေ။ အလုပ်ကောင်းက လူကောင်းရှာသကဲ့သို့ လူကောင်းကို အလုပ်ကောင်းရှာဖွေရာ၌ တိုက်ဆိုင်မှုရှိရန် လိုပေသေးသည်။ ဘွဲ့လက်မှတ်သို့မဟုတ် ကျွမ်းကျင်မှုကို ဆုပ်ကိုင်ပိုင်ဆိုင်ထားပါသော်လည်း တမောတပန်း ရှာဖွေရသည်လည်း ရှိပေသည်။ နှစ်ရှည်လများ တလည့်လည် ရှာဖွေရသည်လည်း ရှိပေမည်။ အကြိမ်ကြိမ် တပ်လန်ခဲ့ရခြင်းမျိုးလည်း ရှိပေမည်။ အဆင့်နှိမ့်၍ အနှံ့အတာခံခဲ့ရသည်လည်းရှိပေမည်။ ရှိချင်ရာရှိစေဦး ဘဝ၏ခြေကုတ်ရရေးအတွက်ကား အကြိတ်အနယ် တိုက်ခိုက်ရသည်ပင် ဖြစ်စေ တိုက်ခိုက်ရကျိုး နပ်ပေသည်။ ဤတိုက်ပွဲတစ်ပွဲ အောင်ထူနိုင်ခဲ့လျှင် လူ့လောကတွင် ဆောက်တည်ရာရလေဦးမည်ဖြစ်၍လည်း မည်သည့်ဈေးနှင့်ဖြစ်စေ ရယူရမည်သာ မဟုတ်ပါလော။

ဘဝတွင် မိမိစွမ်းပကားဖြင့် ရပ်တည်မှုရရှိရေးမှာ လူ၏အနိမ့်ဆုံး အရည်အချင်းမျှသာ ဖြစ်ပေသည်။ ဤအစွမ်း ဤအခြေမျှမရှိလျှင် လူစဉ်မှီသည်ဟု မဆိုနိုင်ပေ။ မိမိဝမ်းကို မိမိကျောင်းရမည့်ပြင် မိမိအိမ်ထောင်ဖက်နှင့် သားသမီးမှီခိုသူများကိုပါ ထောက်တည်ရာ ပေးရပေလိမ့်ဦးမည်။ အမျိုးသမီးများအနေဖြင့်လည်း ထာဝရမှီခိုသူများအဆင့်တွင် ခိုမှီနေနိုင်ရန် သေချာမည်မဟုတ်သဖြင့် ကိုယ်ခံကောင်းစေရပေဦးမည်။ ဘဝ၏မည်သည့်အခြေတွင်ဖြစ်စေ မိမိရပ်တည်မှုအတွက် လုပ်ကိုင် ထိန်းကျောင်းနိုင်စွမ်းရှိရပေမည်။ အိမ်ထောင်ကျလျှင် လင်သားက တာဝန်ယူ၍ ကျွေးမွေးဆင်ပြင်လိမ့်မည်ဟု အကြောင်းမဲ့သဘော မထားနိုင်သေးပေ။ ဥရောပနိုင်ငံများတွင် အန္တယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သော မိန်းကလေးများသည် မိမိဝမ်းကို မိမိကျောင်းကြရမြဲ ဖြစ်ပေသည်။ အိမ်ထောင်သည်ဘဝတွင်လည်း တိုင်းပြည်လုပ်အားအတွက်ရော မိမိတို့ဘဝအခြေမြင့်မားစေရန်အတွက်ပါ အလုပ်လုပ်နိုင်သော အခြေအနေရှိနေလျှင် အလုပ်လုပ်ကြရပေသည်။ အလုပ်လုပ်နိုင်ခြင်းကို ဂုဏ်ယူကြရုံမျှမက အိမ်ထောင်ရေးတွင်လည်း ယောကျ်ားများနှင့်တန်းတူ အခွင့်အရေးရရှိရေး၌ မျက်နှာပန်းသာခဲ့ကြပေသည်။ ထို့ကြောင့် အလုပ်ရရေးတိုက်ပွဲသည် အမျိုးသားများအတွက်သာမဟုတ်ဘဲ အမျိုးသမီးများအတွက်လည်း အရေးကြီးပေသည်။

အမျိုးသမီးများအနေဖြင့် အိမ်ထောင်ရေးတွင် သာယာမွေ့ဖွယ် ဘက်ညီစိတ်ညီသော အိမ်ထောင်ဖက်ရှာဖွေရေးတွင် အမှီအခိုမရှိလျှင် ယိမ်းယိုင် မှီချလိုက်ရမည့်အခြေသို့ မရောက်အောင် ထိန်းသိမ်းနိုင်လေလေ စိတ်ကြိုက်ရှာဖွေနိုင်လေ ဖြစ်ပေမည်။ အိမ်ထောင်ရေးကို ဝမ်းရေးအတွက် မှီခိုရန် လျှော့ဈေး ပေါ့ဈေးချ၍ ရွေးချယ်ရမည်ဆိုက တစ်ပန်းရှုံးရတတ်ရုံမျှမက တစ်သက်တာတွင် ကိုယ်ခံစွမ်းအား ညှဲ့ဖျင်းသွားတတ်ပေသည်။ ထို့ကြောင့် အလုပ်ရရေးတိုက်ပွဲသည် အမျိုးသမီးတို့အတွက်လည်း လိုအပ်ပေသည်။

အလုပ်ရရေးကို တိုက်ပွဲဟူ၍ သတ်မှတ်သည်မှာ အရေးကြီးခြင်းကြောင့်သာမဟုတ်ဘဲ အခက်အခဲများ တွေ့ရှိရတတ်သောကြောင့်လည်း ဖြစ်ပေသည်။ အခက်အခဲဆိုသည်မှာ အကြောင်းမဟုတ်တော့ပေ။ ကျွန်ုပ်တို့သည် သတ္တုတူးဖော်နေသူများကဲ့သို့ အခက်အခဲကို လိုက်လံရှာဖွေကာ ဘဝတစ်လျှောက်လုံးတွင် တွေ့လေသမျှ အခက်အခဲတိုင်းကို မှုန့်မှုန့်ညက်ညက်ကျေအောင် ထောင်းထုပစ်ကြမည့်သူများပင် ဖြစ်လေသည်။ များများတွေ့လျှင် များများပင် ထောင်းကြိတ်ပစ်လိုက်ကြရပေမည်။ အခက်အခဲသည် အထူးအဆန်းမဟုတ်။ အခက်အခဲက မိမိကိုမကြိတ်ချေမီ မိမိကအခက်အခဲကို လက်ဦးအောင် ကြိတ်ချေပစ်ရန်သာ လိုလေသည်။ အခက်အခဲကို ဖော်နေခြင်းသည် ခြိမ်းခြောက်ဟန့်တားရန်အတွက် မဟုတ်ပေ။ အနိုင်တိုက်ထုတ်ရန်အတွက် လက်ညှိုးညွှန်နေခြင်းသာ ဖြစ်လေသည်။



## အားငယ်စရာမရှိ

အလုပ်ရရေးတိုက်ပွဲတွင် ကျည်ဆန်တစ်တောင့် မကုန်ရဘဲ ...သောင့်သက်သာ တိုက်ခဲ့ရသည်ဆိုသူမျိုးသည် လူနည်းစုပင် ဖြစ်ပေ...ည်။ လူသည် မူလကပင် သဘာဝကို အန်တုဍ် အသက်ရှင်ရေး ...မ်းများကို ရွေးချယ်ရယူလာခဲ့ကြသူများ ဖြစ်လေသည်။ ယနေ့ ...ခွင်၌ ဣန္ဒြေရရ မျက်လွှာချ နေနိုင်ကြသူများမှာ ယမန်နေ့က (...ဟုတ်) တစ်ချိန်တစ်ခါက လျှောက်လွှာစာရွက်တကိုင်ကိုင်ဖြင့် ...ားထစ်ပေါင်းများစွာ တက်ခဲ့ ဆင်းခဲ့ရသူများသာ ဖြစ်သည်ကို ...ကြည့်နိုင်ပေသည်။ ယနေ့သင်သည် လျှောက်လွှာစာရွက်ကိုကိုင်၍ ...ဖြင့် အားငယ်စရာ ဘာမျှမရှိပေ။ တစ်နေ့ရာက အလုပ်မပေးနိုင်လျှင် ...နေ့ရာက အလုပ်ပေးပေလိမ့်မည်။ အရုပ်ဆိုး အကြည်းတန်လှသူများ ...ထောင်ဖက်ရရန် မလွယ်ဟူ၍ တွေးဆနေပါက သူ့အိုးနှင့်သူ့စလောင်း ...ကိုက်သင့် တွဲဖက်မိသော မိတ်လင်စုံသူများကို မျက်မြင်ရှုကြည့်ရပေ...ည်။ လူတစ်ယောက်သည် အလုပ်တစ်ခုလုပ်နိုင်သော အရည်အချင်း ...ပါက အလုပ်တစ်ခုရရှိရန် အခွင့်ရှိပြီးဖြစ်ပေသည်။

အလုပ်ရရန် ခက်ခဲသော အကြောင်းတရားများကား မရှိမဟုတ်ပေ။ ...ရာတွင် အစိုးရရုံးအလုပ်မျိုး၊ လခစားအလုပ်မျိုး၊ မိမိအရည်အချင်းထက် ...မ်းမြင့်ကွာသော အလုပ်မျိုး၊ အထစ်မတက်ဘဲ ခုန်ကျော်လှမ်းဆွတ် ...သောအလုပ်မျိုး၊ အကြောင်းအမျိုးမျိုးပြကာ ရွေးချယ်မှုလွန်နေခြင်းမျိုး ...သည်တို့ကြောင့် အခက်အခဲမျိုးကား ရှိမည်ပင်ဖြစ်ပေသည်။

ဥပမာအားဖြင့် အစိုးရလခစားအလုပ်များသည် လူဟောင်းများ ...ခြင်း၊ ထွက်ခြင်း၊ နာခြင်း၊ လုပ်ငန်းချဲ့ခြင်းမရှိပါက လူသစ်များစုံပြုံ ...င်စရာ နေရာပေးနိုင်မည် မဟုတ်ပေ။ ပညာတတ်လာသူများ စာမေးပွဲ ...င်သူအားလုံး၏ အရေအတွက်နှင့်တူညီအောင် အစိုးရလခစားလုပ်ငန်း ...များ အမြဲအစဉ် တိုးချဲ့ပေးနိုင်မည်လည်း မဟုတ်ပေ။ ထိုမှတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲအောင်သည်မှာ လခစား အစိုးရအလုပ်တစ်ခုတည်းကို လုပ်ကိုင်ရန် အတွက် ခွင့်ပြုမိန့်ထုတ်ပေးရရှိခြင်းလည်း မဟုတ်ပေ။ အလုပ်လုပ်ရန် အတတ်ပညာ ပေးခြင်းသာဖြစ်၍ အစိုးရရုံးများအတွက် ဗိုလ်ဝန်ခံနေခြင်းလည်း မဟုတ်ပေ။ စာမေးပွဲအောင်လျှင် အစိုးရလခစားလုပ်ရန်ပင် ဖြစ်သည်ဟူ၍ အခြားနည်းအားဖြင့် ထုတ်လုပ်သူ ကာယ ဉာဏလုပ်သားများ၊ ပညာသည် များလည်း ဖြစ်ပေဦးမည်။

ထို့ကြောင့်လည်း ပညာရေးစနစ်တွင် အသက်မွေးဝမ်းကျောင်းမှုနှင့် ဆိုင်သော အတတ်ပညာရပ် အဖက်ဖက်တွင် သင်ကြားပို့ချ၍ ထွက်ပေါက် ဖွင့်ပေးသည့်နည်းကို ကမ္ဘာ့နိုင်ငံများက ကျင့်သုံးလာခဲ့ကြပေသည်။ ကျွန်ုပ် တို့နိုင်ငံတွင် ကျွန်ပညာအမွေမှ စနစ်သစ်ပညာရေးကို ပြောင်းလဲပို့ချပေးလျက် ရှိပြီဖြစ်ရာ စာရေးစာချီ လခစားအလုပ်ကိုသာ အလုပ်ထင်မှတ်ခြင်း၊ အစိုးရလက်အောက်ခံအရာထမ်း အမှုထမ်းဖြစ်ရမှ ဂုဏ်ရှိသည်ဟု အထင် လွဲနေခြင်းများကို သဘောတရားရေး ပြောင်းလဲတော်လှန်ပစ်ရပေမည်။

စာရေးသူသည် အလုပ်စတင်လုပ်စက သတင်းစာတိုက်တစ်တိုက်တွင် ဘာသာပြန်အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့ရလေသည်။ အလုပ်အကိုင် မရှိသေးမီက လျှောက်လွှာတစ်စောင်ပြီးတစ်စောင်ရေးကာ ရုံးတစ်ရုံးပြီး တစ်ရုံးသို့ လျှောက်လွှာတင်ခဲ့လေရာ ဘာသာပြန်အလုပ် လုပ်ကိုင်မည့်ဆဲဆဲ တွင် မီးရထားရုံးမှ စာရေးခန့်ထားရန် ခေါ်ယူသည့် စာတစ်စောင်ကိုရရှိခဲ့ ပေသည်။ လစာအားဖြင့် ခြားနားမှု ရှိလှသည်မဟုတ်ပေရာ မိမိစိတ်၌ ဝါသနာပါသော အလုပ်ကိုသာ လုပ်ကိုင်တော့မည်ဟု စိတ်ပိုင်းဖြတ်ကာ မီးရထားရုံးသို့ မသွားတော့ဘဲ သတင်းစာတိုက်တွင်ပင် ဝင်ရောက်လုပ်ကိုင် လိုက်လေသည်။

ထိုသို့ အလုပ်လုပ်သည့်အခါတွင် ရည်မှန်းထားသော ချစ်သူ၏ဆွေမျိုး သားချင်းများက ရုံးပြင်ကနားတွင် လုပ်ရသောအလုပ်မဟုတ်သဖြင့် အထင်မကြီးကြဘဲ နောင်ရေးအတွက် မယုံကြည်နိုင်သောလေသံများ ပစ်ကြ လေသည်။ ထိုမျှမက အစိုးရအလုပ်ကိုသာ ရှာဖွေလုပ်ရန် ရည်မှန်းသူ



မိန်းကလေးမှတစ်ဆင့် တိုက်တွန်းကြလေသည်။ မိမိအမြင်ကိုလည်းကောင်း၊ မိမိရည်မှန်းချက်ကိုလည်းကောင်း တစ်ဖက်သားက သဘောမပေါက်မထောက် ခံနိုင်သည့်ပြင် မိမိအနေဖြင့်လည်း သူတို့ဂုဏ်ထင်သည်ကို မထင်မယုံ ကြည်ဘဲ မိမိဆန္ဒကိုစွန့်ပစ်၍ ဘဝလမ်းကြောင်း မပြောင်းလဲလိုသဖြင့် နောက်ဆုံးတွင် ထိုချစ်သူနှင့် လမ်းခွဲကြရလေသည်။ ဤသည်မှာ လုပ်အား တန်ဖိုးချစ်မြတ်နိုးသော ကာလသို့မတိုင်မီက အယူအဆဟောင်း၏ အထောက်ချက်ပင်ဖြစ်လေသည်။

## အလုပ်နှင့်ဂုဏ်

ယနေ့အချိန်အထိ ဤအယူအဆမျိုးသည် မှုန်ပျပျကျန်ရှိနေပေသေး သည်။ ***“ဝိဇ္ဇာဘွဲ့ရပြီးမှ လယ်ပြန်လုပ်ရမည်ဆိုရင် ရင်ကျိုးရရောပေါ့”*** ဟူ၍ ပြောဆိုသူများရှိပေသည်။ စိုက်ပျိုးရေးတွင် တက္ကသိုလ်စိုက်ပျိုးရေးပညာဖြင့် မည်သို့အကျိုးပြုနိုင်က စိုက်ပျိုးရေးဖြင့် ကြီးပွားချမ်းသာရန် မည်သို့အလား အလာရှိသည်ကို မမြင်၍သော်လည်းဖြစ်ပေမည်။ မြင်ပါလျက်လည်း လယ်ယာလုပ်ငန်းကို ဂုဏ်မရှိ ပညာမဲ့သူတို့၏ အလုပ်မျှသာဟူ၍ တစ်မျိုး မြင်နေတတ်ခြင်းကြောင့်လည်း ဖြစ်ပေမည်။

အလုပ်ရရှိရေးတိုက်ပွဲတွင် မျှော်မှန်းချက်မှာ ဝင်ငွေကောင်းသော အလုပ်ရရှိရေးသာပင် ဖြစ်ပေသည်။ အစိုးရအလုပ်ပင်ဖြစ်စေ၊ အခြားလခစား အလုပ်ပင်ဖြစ်စေ၊ အရောင်းအဝယ်အလုပ်၊ ကာယဉာဏ အားစိုက်ထုတ် ကြိုးပမ်း၍ ကုန်ပစ္စည်း တီထွင်ထုတ်လုပ်ရေးအလုပ်၊ အခစားနားယူ၍ အမှုဆောင်ရွက်ပေးရသော အလုပ်စသည့် အလုပ်ပင်ဖြစ်စေ ထိုက်လျော်သော လုပ်အားတန်ဖိုးရရှိလျှင် ပြီးပေသည်။ မိမိနိုင်နင်းကျွမ်းကျင်မှုနှင့် ဟပ်စပ်ခြင်း ရှိမရှိကိုသာ စိစစ်ရန်ရှိပေသည်။ ဂုဏ်ပကာသန တန်ခိုးအာဏာရှိမရှိသာ အကြောင်းမဟုတ်ပေ။ ရေသာမခိုဘဲ ကိုယ်တိုင်လုပ်ကိုင်သော လုပ်ငန်းမှန်သမျှ ဂုဏ်ရှိသည်ချည်းသာ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလားအလာတက်လမ်း၊ အခွင့်အရေး၊ အရှိန်အဝါ၊ ဘေးပန်း ရပေါက်ရလမ်းစသည့် အကျိုးအခွင့်များကို ကွက်ကျော်မျှော်မှန်းခြင်း၊ ဖောက်ပြန်မှုကို မက်မောခြင်းစသည်တို့ကြောင့် အလုပ်အကိုင်ရွေးခြင်း သည်လည်း အလုပ်ရရေးတိုက်ပွဲတွင် ရှုံးနိမ့်စေသည့် အကြောင်းရင်းဖြစ် လေသည်။ အောက်ဆိုက်ပြင်ပလာဘ်လာဘကို မျှော်မှန်းနေလျှင် အောက်သို့ စိုက်သွားတတ်လေသည်။ အလုပ်ရရေးသည် လက်ငင်းပြဿနာဖြစ်၍ မိမိ အရည်အချင်းအလျောက် တက်လမ်းအခွင့်အရေးမှာ ဆက်လက်ကြိုးစား ရမည့်အရေးသာ ဖြစ်လေသည်။ မိမိ၏လက်ရှိအလုပ်မှာ တက်လမ်းမရှိလျှင် တက်လမ်းရှိသော အလုပ်တွင် တက်နိုင်အောင်သာ ကြိုးစားရန် ရှိပေ သည်။

အလုပ်အကိုင်၏သဘောမှာ တစ်သက်တာလုံး ဓောက်ချ၍ တသ မတ်တည်း အဆင့်ဆင့်တိုး၍ လုပ်ကိုင်သွားရသောအခါလည်း ရှိတတ် ပေသည်။ အခြေအနေအရ အမျိုးမျိုးပြောင်းလဲလုပ်ကိုင်၍ တိုးတက်မှုကို အဆင့်ဆင့်ရှာဖွေရသည်လည်း ရှိပေသည်။ ထို့ကြောင့် အလုပ်အကိုင် ရွေးချယ်ရာတွင် မိမိရွေးချယ်သောအလုပ်သည် တစ်သက်တာလုံးအတွက် ရည်မှန်းချက်ဖြစ်ကောင်းမှ ဖြစ်ပေမည်။ ဘဝတစ်ထောက်နားခိုရာ သစ်မရှိမီ ဝါးပေါင်းကွပ်ရန် ယာယီလက်ခံရာလည်း ဖြစ်နိုင်ပေသည်။ ထို့ကြောင့် အလုပ်တစ်ခုအတွက် စဉ်းစားသင့်သော အတိုင်းအတာထက်ပို၍ စဉ်းစားရန် မလိုပေ။ ဉာဏ်ပညာနှင့် လုံ့လဝီရိယရှိသူသည် မိမိဘဝတွင် မည်သည့် အလုပ်၌ ရပ်တည်ရသည်ဖြစ်စေ ကြီးပွားတိုးတက်နိုင်မည်သာ ဖြစ်ပေသည်။ မင်းဖြစ်သူသည် သချွားယာခင်းစိုက်သည်ဖြစ်စေ၊ လှေထိုးလိုက်သည်ဖြစ်စေ၊ ကွမ်းဆော်သည်ဖြစ်စေ ဖြစ်ရမည်သာတည်း။

ထို့ကြောင့် အလုပ်ရရှိရေးတိုက်ပွဲတွင် အလုပ်မရွေးလွန်းရန် အရေး ကြီးပေသည်။ လူကအလုပ်ကို ရွေးသကဲ့သို့ အလုပ်ကလည်း လူကို ရွေးတတ်သည်သာဖြစ်ရာ မိမိထက်ပို၍ ထိုက်တန်သော အလုပ်ကို မရမက စောင့်စားရှာဖွေနေမည်ဆိုက မိုးလင်း၍ ပျိုးရင့်ခြင်းသာ အဖတ်တင်တတ်



...သည်၊ ထင်ပေါ်လျှင် စင်တော်က ကောက်မြဲပင်ဖြစ်ပေသည်။ စင်တော်က ဆောက်လျှင်လည်း စင်ပေါ်သို့တက်ရန် အားအင်ပြည့်ဝပေလိမ့်မည်။ အရေးကြီးသည်မှာ ဘဝတွင် ခြေကုပ်ရရေး၊ စားဝတ်နေရေးကို လောလော ဆယ် ဖြေရှင်းရေး၊ မိမိဝါသနာပညာနှင့် ဟပ်စပ်ရေး၊ မိမိအစွမ်းပြ၍ တိုးတက်မှုကို ချိန်ရွယ်နိုင်ရေးစသည်တို့သာ ဖြစ်ပေသည်။ အလုပ်တစ်ကြိမ် ရွေးသည်နှင့် ဘဝတိုက်ပွဲမှာ ပြီးဆုံးသွားသည်မဟုတ်ပေ။ မိမိစိတ်တိုင်း ကျသော ကျေနပ်သော အလုပ်မျိုးကို ရနိုင်သည်အထိ ဆက်လက်ကြိုးစား တိုက်ယူနေရမည်သာ ဖြစ်ပေသည်။ ကိုယ်စွမ်းကိုယ်စမရှိသူ ငွေတစ်ပဲနှင့် ငါးကြင်းခေါင်းကိုက်လို၍ကား မဖြစ်နိုင်ပေ။ ငါးကြင်းခေါင်းတန်ဖိုးနှင့် ညီမျှသော ငွေကိုရှာဖွေရမည်သာဖြစ်ပေသည်။

## ထိုက်တန်မှုပေါ်စေ

အလုပ်အကိုင်ရရေးတွင် ကော်လိုသည်၊ အကပ်အရပ် မျက်နှာသိ အရေးကြီးသည်။ ထိပ်ပိုင်းကို ဩဇာလွှမ်းမိုးနိုင်သူ၏ အမအစရှိရမည် ဟူသည်ဖြင့် ပြောဆိုတတ်ကြပေသည်။ ပုထုဇဉ်လူသားတို့၌ မျက်နှာလိုက်မှု၊ အဂတိလိုက်စားမှု၊ ဖြတ်လျှပ်ဖောက်ပြန်မှုများ ရှိကောင်းရှိပေမည်။ သို့ရာတွင် အလုပ်အကိုင်ဟူသမျှ၌ ထိုပုံစံအတိုင်းသာရှိသည်ဟု မယူဆသင့်ပေ။ ထိုသို့ ယူဆသူများတွင် ကိုယ်ခံညံ့ဖျင်းသူများ အများဆုံးပါရှိနေတတ်ပေသည်။ လုပ်ငန်းတစ်ခုတွင် မိမိကအတော်ဆုံးဖြစ်နေမည်ဆိုပါက မိမိအရည်အချင်း သည် အခြားလိုက်စားမှုမျိုးကို ထွင်းဖောက်နိုင်တတ်သည်သာ ဖြစ်ပေသည်။ ကိုယ်ခံကောင်းဖို့ရန်သာ အရေးကြီးပေသည်။ မိမိ၏စစ်မှန်သော ထိုက်တန် မှုကို ဖော်ပြနိုင်စွမ်းသူတို့သည် နွံနစ်သောပတ္တမြားကဲ့သို့ နွံဖုံးခြင်းခံရစေ ကာမူ တောက်ပြောင်မှုကား လျော့ပြယ်မသွားပေ။ နွံကိုဆေးကြောလိုက် သောအခါ တောက်ပြောင် ဝင်းလက်မြဲ ဝင်းလက်ရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်ကိုယ်မလှသူများသည် မိတ်ကပ်အပြင်အဆင်ကို အားကိုးကြရမြဲဖြစ်သကဲ့သို့ ကိုယ်ခံမပြည့်သူများမှာ အမှီအကပ်ရှာကြရပေသည်။ ကိုယ်ခံပြည့်၍ အရည်အချင်းပြည့်သူဖြစ်ပါမူကား မိမိကိုယ်ကိုသာ အားကိုးပေလိမ့်မည်။ အမှီအကပ်ဆိုသည်မှာ မိမိအရည်အသွေးကို မသိသေးသူတစ်ဦးအား ကြားလူအနေဖြင့် မိမိအရည်အသွေးကို ဖော်ထုတ်မိတ်ဆက်ပေးခြင်းမျိုး အာမခံခြင်းမျိုးသာ ဖြစ်ထိုက်၍ မိမိ၏အရည်အသွေးမျိုးမရှိခြင်းကို ဖုံးဖိ၍ သြဇာအာဏာ အားနာမှုသုံးကာ အကြပ်ကိုင်ပေးစေခြင်းမဖြစ်သင့်ပေ။ ကျားကန်မှုကို အားကိုးရသူသည် ကျားကန်မှု ဖြုတ်ကွာပါက ဗုန်းဗုန်းလဲရတတ်ပေသည်။ အလုပ်ရရေးတိုက်ပွဲတွင် တိုက်ပွဲအလိုက်အခက်အခဲတစ်မျိုးစီကား ရှိမည်ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ တွေ့ဆိုင်ရသော အခက်အခဲဟူမျှကို ဆိုင်ရာနည်းဖြင့် ပြေလည်စေ၍ မိမိအလိုပြည့်စေခြင်းသည် အောင်ထူနည်း၏ ပညာခန်းပင် ဖြစ်ပေလိမ့်မည်။

＊ ＊ ＊

# အချစ်ရေးတိုက်ပွဲ

ဘဝတွင် အောင်ထူရမည့် တိုက်ပွဲများအနက် ချစ်ရေးချစ်ရာတိုက်ပွဲသည်လည်း တစ်ပွဲပါဝင်ပေသည်။ လူ့ဘဝတွင် ရပ်တည်နိုင်သော အခြေအနေရှိလာပါက ချစ်သူနှင့်အတူ သာယာကြည်မွေ့လိုမြဲဖြစ်ပေသည်။ တစ်နည်းဆိုရသော် မိမိချစ်သူနှင့် ရွှေလည်တွဲ၍ ချစ်ပွဲခံနိုင်ရန်အတွက်ပင် ဘဝဖူးလုံမှုကို ရှာကြံကြရမြဲဖြစ်ပေသည်။ ကြက်ဥရှိ၍ ကြက်ဖကြက်မရှိသည်ဖြစ်စေ၊ ကြက်ဖ ကြက်မရှိ၍ ကြက်ဥရရှိသည်ပင်ဖြစ်စေ နှစ်မျိုးစလုံးရှိနေသည်ကား သေချာပေသည်။ သို့ကြောင့် ဘဝဖူလုံမှုရှိ၍ ချစ်သူနှင့်ပေါင်းဖက်ရမှုလည်း ရှိရန်လိုပေသည်။

ချစ်သူတစ်ယောက်ရရှိရေးမှာလည်း လွယ်သောကိစ္စတစ်ရပ်မဟုတ်ပေ။ ကိုယ်ကကြိုက်၍ "သိုက်ကမကြို" ဘဲလည်း ရှိတတ်ပေသေးသည်။ သူကတွေ့ပါလျက်လည်း ကိုယ်ကမဆွတ်နိုင်မည်လည်းရှိပေမည်။ သူကချစ်၍ကိုယ်ကချစ်လျှင် အိမ်ထောင်ရေးသည် အလွယ်ကလေးသာ ဖြစ်သည်ဟုဆိုနိုင်လင့်ကစား ဤအလွယ်ကလေးသည်ပင် လွယ်ကူစွာ ခက်ခဲနေတတ်သည်ကို အချစ်ကြောင့် ခံစားရသူများက သဘောပေါက်ပေလိမ့်မည်။

အရွယ်ရောက်လာလျှင် ယောကျ်ားမိန်းမဟူ၍ ချစ်တတ်ကြပေသည်။ ချစ်လိုကြပေသည်။ ချစ်ဖော်ရှာကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ချစ်လိုစိတ်က ရှေ့ဆောင်သလောက် ချစ်သူက နောက်မှ လိုက်လာမည်မဟုတ်ပေ။ ချစ်နိုင်ခွင့်ကလည်း တစ်သွယ်ငင်၍ တစ်မျှင်တန်း လိမ့်မည် မဟုတ်ပေ။ သူတစ်ဖက်သားက ချစ်မည် ကြိုက်မည်ကို အပ ထား၍ ချစ်သူတစ်ယောက်အား အိမ်ထောင်ဖက်ပြုရန် ဝင်ငွေ၊ အိုးအိမ်၊ ပြည့်စုံကုန်လုံနိုင်ရန်မှာ လွယ်ကူလှသည်မဟုတ်ပေ။ များစွာသော လူငယ် လူရွယ်များသည် အိမ်ထောင်ပြုလိုသောအချိန်တွင် မပြုနိုင်ဘဲ အိမ်ထောင်ပြု ချိန်ကျမှ အိမ်ထောင်ပြုနေကြရပေသည်။ ဤကွာဟချက်ကြောင့် မဖြစ်ပေါ် သင့်သော အန္တရာယ်များဖြစ်ပေါ်ရလေသည်။

လေလွင့်ပျက်စီးခြင်း၊ စာရိတ္တပျက်ပြားရခြင်း၊ ကူးစက်ရောဂါ အန္တရာယ်ရရှိခြင်း၊ လူမှုသိက္ခာကျဆင်းရခြင်း၊ မှုခင်းဖြစ်ပွားရခြင်း၊ ထိခိုက်သေဆုံးမှု၊ ရူးသွပ်မှု၊ ဘဝတွင် ညှိုးနွမ်းမှုဖြစ်ပွားရခြင်း စသည်တို့တွင် ချစ်ရေးမပြည့်စုံမှု မပြေလည်မှုများကြောင့် ဖြစ်ရတတ်သည်ကို ငြင်းကွယ် နိုင်မည်မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ အိမ်ထောင်ရေးသည် ဘဝရပ်တည်ရေး၊ စီးပွားရေး ကို ထောက်မှီနေသည်သာဖြစ်၍ ဘဝဖူလုံမှုမရမချင်း ဆိုင်းငံ့ထားရမည့် အရေးပင်ဖြစ်ပေသည်။

ဘဝအခြေမခိုင်ဘဲ အချစ်ဗိမာန်ထူထောင်ပါက ထိုဗိမာန်သည်လည်း ယိမ်းယိုင်ပြိုလဲရပေမည်။

လူငယ်ဘဝ သွေးပူချိန်တွင်“ထမင်းရည်တူ လျက်ရစေတော့”ဟူ၍ သစ္စာတိုင်ဆိုနိုင်စေကာမူ တကယ့်ဘဝရေးကို ရင်ဆိုင်ရသောအခါ၌၊ စာတွေ့ နှင့်ငါတွေ့သည် ကွာခြားနေတတ်ပေသည်။ **“ချစ်တယ်ဆိုတာ ထမင်းဝမှ ချစ်တတ်ပါတကား”**ဟူ၍ သင်ခန်းစာထုတ်ကြရလေသည်။

အချစ်က လှည့်စားနေချိန်၌ အချစ်မှတစ်ပါး လောကကြီးတွင် ဘာမျှမရှိဟူ၍ တကယ်ပင်ယုံကြည်ဦးစားပေးမိတတ်ကြပေသည်။ ချစ် ကြလေ ပြီးသောအခါမှ ငုတ်နေခဲ့သော ပြဿနာများက အလျှိုလျှိုပေါ်လာ တတ် လေသည်။ ချစ်နေခိုက်တွင် လှသည်၊ မိန်သည်၊ ကောင်းသည်၊



ချောသည်၊ အဆင်ပြေသည်ဟူ၍ချည်း မှတ်ထင်ပေလိမ့်မည်။ အချစ်သည် ဆန်းသစ်ရာမှ သဘာဝပုံမှန်အဆင့်သို့ ရောက်လာသောအခါ အပြစ်အနာ အဆာများ ပေါ်ထွက်လာတတ်ပေသည်။

ထို့ကြောင့် အချစ်စိတ်၏နောက်တွင် ချစ်ဖို့အရေးနှင့် ချစ်သူ့ရွေး ချယ်ရေးကို လောလောဆော်ဆော် အရေးမထားသင့်ပေ။ နှိုင်းချိန်တိုင်းဆ၍ ချိန်ဆခြင်ရမည့် ကိစ္စသာဖြစ်ပေသည်။

အိမ်ထောင်ရေးနိတိကျမ်းများ တစ်ကျိတ်တစ်ဗိုလ်ပါထွက်ပေါ်ပြီး ဖြစ်၍**“အိမ်ထောင်မှုဘုရားတည် ဆေးမင်ရည်မှတ်ထိုး”**အစရှိသောတေးထပ် ကို ထပ်ဆင့်ကူးယူ၍ ငိုကာဖွင့်နေစရာမလိုပေ။ အိမ်ထောင်ရေးတွင် အချစ်ခက်သည်၊ အရွေးခက်သည်တို့ကို သဘောပေါက်နားလည်နိုင်ရန် ခေါက်ခဲလှပေ။ မည်သို့ပင်ခက်ခဲစေကာမူ တစ်နည်းနည်းဖြင့်(ဝါ)ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် စွန့်စားရွေးချယ် ဆက်ဆံကြရသည်သာဖြစ်ပေမည်။

အိမ်ထောင်မှုအတွက် ပြင်ဆင်ရသည့် ချစ်ရေးချစ်ရာ တိုက်ပွဲတွင် သတိပြုရန်မှာကား မိမိမျှော်မှန်းသည့် ချစ်ရေးဗိမာန်လမ်းပွင့်အောင် ကြိုးပမ်းတိုက်ခိုက်ရေးပင် ဖြစ်လေသည်။ မည်သူမဆို မိမိကချစ်နေသူသည် မိမိအားပြန်၍ ချစ်စေလိုပေသည်။ မိမိချစ်သူနှင့် အိမ်ထောင်ဖက်ပြုလိုပေသည်။ ဤကား ပဓာနလိုအင်ပင်ဖြစ်ပေသည်။

သို့ရာတွင် စဉ်းစားရန်အချက်များရှိပေသည်။ မိမိက မည်သည့် ဆန့်ကျင်ဖက်လိင်ကိုမဆို ချစ်နိုင်သည်။ စိတ်ကချစ်လျှင် ယုတ်စွအဆုံး တစ်ဖက်သတ်ချစ်၍ရလေသည်။ ငါးဆယ်ရာခိုင်နှုန်းသေချာနိုင်ပေသည်။ သို့သော် မိမိတွင် မိမိချစ်သူကပြန် ချစ်စေနိုင်လောက်သော ချစ်စရာ အရည်အချင်း များ ရှိသလော၊ မရှိသေးလျှင်ရှိအောင် မသိသေးလျှင်သိအောင် ကြိုးစားနိုင်ပါသလော၊ တစ်ဖက်တွင် မိမိချစ်သူအား အကယ်၍ သူက ပြန်၍ချစ်ခဲ့သော် အချစ်ညီတူအိမ်ထောင်ထူနိုင်ရန် လူမှုအခြေအနေ ပြည့် ပြည့်ဝဝ အသင့်ရှိနေပြီလော၊ ထိုမှတစ်ပါး မိမိသည် မျက်စေ့မှောက်မှားမှု သို့မဟုတ် စိတ်၏လှည့်စားမှု၊ သို့မဟုတ် အချောင်အလွယ်အညှိနှိုင်းရုံ



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် စိတ်အာသာဖြေရုံမျှ မက်မောခြင်းလော၊ မိမိ၏သက်ဝေကြောင်ဖက် အသက်အပ်ကာ အိမ်ရှင်သခင်အရာ သို့မဟုတ် သခင်မအရာဖြင့် တကယ် မြော်ကစားနိုင်သူဖြစ်ပါသလော၊ မိမိနှင့်သူသည် သဘောနှစ်ခုကို တစ်ခု တစ်လှာတည်းပြုဘိသကဲ့သို့ နှိုင်းညှိတူညီနိုင်ပါမည်လော၊ ဤသို့သော ပြဿနာများကို စဉ်းစားရပေလိမ့်မည်။

## ကိုယ့်ဘက်သူ့ဘက်

မည်သို့ပင်ဖြစ်စေ မိမိချစ်လိုသူကို ချစ်နိုင်ပေသည်။ သို့ရာတွင် တကယ်ချစ်လျှင် သူတကယ်ချစ်နိုင်အောင် ကြိုးစားရန်တာဝန်ရှိ၍ တကယ် ချစ်ပန်းတိုင်သို့ရောက်အောင် ကြိုးစားရန် တာဝန်ရှိပေသည်။ မိမိတွင် တစ်ဖက်သား ချစ်နိုင်လောက်သော အရည်အချင်းရှိနေပါက ထိုချစ်သူအား မိမိက ဖွင့်ဟညှိနှိုင်းရန် မဝံ့ရဲစရာမရှိပေ။ မိန်းကလေးဖြစ်ပါကလည်း စိတ်ဝင်စားမှုမပြရဲစရာ မရှိပေ။ မည်သူက မည်သူ့ကို စတင်ရမည်ဆိုသည် မှာ ပဓာနမဟုတ်ပေ။ မိန်းမတို့ ဣန္ဒြေကြောင့် စတင်ရန်လော်လည်ရာ ရောက်မည်ဟု ဆိုစေကာမူ ဣန္ဒြေမထိခိုက်စေသော အခွင့်အရေးပေးမှု၊ ပရိယာယ်ဆောင်မှု၊ လမ်းသွယ်မှုများဖြင့် မိမိစိတ်ဝင်စားမှုအတွက် သွေးတိုး စမ်းနိုင်ရန် ဆုတ်သာတက်သာသော လမ်းများရှိပေသည်။ တကယ်ချစ် မြတ်နိုး၍ အိမ်ထောင်ရေးအတွက် အသင့်ဖြစ်ပြီး အမှန်တကယ် ရည်ရွယ်ရိုး မှန်လျှင် ချစ်ကြောင်းကို တစ်နည်းနည်း ဖွင့်ဟရန်ဝန်မလေးသင့်ပေ။ ကြောက်ရွံ့နောက်တွန့်စရာလည်းမလိုပေ။ ချစ်၍ချစ်သည်ဟု ပြောရန်ပြရန် အတွက် အဆင့်အတန်းကို စာဖွဲ့နေရန်မလိုပေ။

***"ကိုယ်တော့ မင်းကိုချစ်တယ်၊ မင်းလည်း ကိုယ့်ကို ပြန်ချစ်စေ ချင်တယ်၊ ချစ်ရင်လည်း ချစ်ပေါ့၊ မချစ်ရင်လည်း မင်းသဘောပေါ့၊ စဉ်းစားပြီးတော့ ကြိုက်ရာအဖြေပေးတာပေါ့"*** ဤခေတ်တွင် ဤစကားမျိုး ကိုပြောရန် အင်အားပြည့်ဝနေသင့်ပေသည်။ အလွန်ပျော့ပြောင်းသိမ်မွေ့စွာ



...န်ဆန် ပြောလိုသည်ဖြစ်စေ၊ တစ်ယူဇနာလောက်က ဝေ့ဝိုက်ကွေ့ ...၍ ချဉ်းကပ်သွေးတိုးစမ်းလိုသည်ဖြစ်စေ၊ ယောကျာ်းကလေးရော ...ဆေးပါ ဤသဘောတရားထက် ယုတ်လျော့စရာမလိုပေ။ ကြိုက်ရာ ...လုံးကိုသာ ရွေးသင့်ပေသည်။ လိုရင်းအဓိပ္ပါယ်ကား ဤသို့သာ ...သင့်ပေသည်။

ဆိုလိုသည်မှာ မရဲတရဲချစ်ရ၊ ပိုးရ၊ ပန်းရ၊ မဝံ့မရဲစတင်ကြရသည်မှာ ချစ်ဦးသူတို့၏ သာယာမှု၊ စိတ်ကူးယဉ်မှု၊ ကြည်နူးမှုများဖြစ်ပေလိမ့်မည်။ သို့ရာတွင် လိုရင်းပြဿနာမှာ အဘယ်နည်း။ စိတ်ကူးယဉ်၍ နှစ်ကိုယ်ပလူး၍ ကြည်နူးကြရုံသာလော၊ အိမ်ထောင်ရေးအတွက် စိစဉ်ဆုံးဖြတ်ပနက်ရိုက်ခြင်း၊ ...လုပ်ညှိနှိုင်းခြင်းလောဟူ၍ ခွဲခြားဆင်ခြင်ရပေလိမ့်မည်။ ချစ်၍ ချစ်နေ ...လျှင် ကျေနပ်ပြီဆိုပါက အရေးတစ်ခုပြု၍ ညွှန်ပြနေစရာမလိုပေ။ အိမ်ထောင်ရေးအတွက် တကယ်ရည်ရွယ်သော အချစ်ဖြစ်ပါက ကိုယ့်ဖက် သူ့ဖက်ကို မဆွကပင် ကြိုတင်စဉ်းစားရပေမည်။ စင်စစ်အားဖြင့် အိမ်ထောင်ရေးကို မရည်ရွယ်ဦးမတည်သော ချစ်ကြိုက်မှုသည် အချစ်စစ် ...တ်ပေ။ ပျော်ပါးခြင်း၊ လော်လည်ခြင်း၊ အာသာဖြေခြင်းမျှသာ ဖြစ်ပေ ...မည်။

မိန်းကလေး ယောကျာ်းကလေးများသည် အိမ်ထောင်ဘဝ ...အဖြစ် တန်းမှန်းရွေးချယ်ခြင်း မပြုရသေးမီတွင် လှရာမြင်လျှင် ...တတ်သော မျှော်သွေးစမ်းမှုများရှိတတ်ပေသည်၊ ထိုက်တန်သော ...ဖော်ကို မရွေးချယ်နိုင်သေးမီ ဖူးစာဖက်ဖြစ်နိုင်ကောင်းသော ဆန့်ကျင် ...လိင်တို့နှင့် ရင်းနှီးဆက်ဆံကြခြင်းမှာ အပြစ်မဟုတ်ပေ။ ထိုမိတ်ဆွေ ...မှ အကဲခတ်လေ့လာ၍ တကယ်ချစ်သင့်သူကို ရွေးချယ်ရမည်ပင် ...သည်။ သို့ရာတွင် တကယ့်ဘဝကြင်ဖော်အဖြစ် အပြန်အလှန် ရည်မှတ် ...ပြုမိ၊ ကြုံသလို အခွင့်သာသလို တွေ့ရာလူကိုပင် ချစ်ကြိုက်တတ် ... ချစ်သူတစ်ယောက်မှ တစ်ယောက်သို့ပြောင်းခြင်း၊ ချစ်သူအများ



www.burmeseclassic.com

www.burmeseclassic.com



အပြိုင်ထားခြင်းတို့မှာ လုပ်သင့်လုပ်ထိုက်သော အလုပ်မျိုးမဟုတ်ပေ။ စာရိတ္တပျက်ပြားခြင်းသာ ဖြစ်ပေသည်။

မိမိတကယ်အိမ်ထောင်ဖက် ပြုနိုင်သူဟူ၍ အပြီးသတ်ရွေးချယ်ဆုံးဖြတ်ခြင်း မပြုရသေးမီတွင် ချစ်ကြိုက်ရန်မလိုပေ။ ချစ်ကြိုက်ပြီးမှ အိမ်ထောင်ရေးခရီးဆုံးသည်အထိ မသွားခဲ့လျှင် စာရိတ္တပေါ့ပျက်ခြင်းသာ ဖြစ်ပေမည်။ ချစ်ကြိုက်ပြီးမှ ဖူးစာရှင်ရွေးခြင်းမှာလည်း သဘာဝမကျပေ။ ရံဖန်ရံခါတွင် အိမ်ထောင်ဖက်အဖြစ် ရာထားဆက်ဆံကြပြီးမှ သဘောမတိုက်ဆိုင်မှု၊ တစ်ဖက်ဖက်မှ ဖောက်ဖျက်မှုများကြောင့် အချစ်သစ်ပြောင်းလဲခြင်းကိုကား အပြစ်မဆိုသာပေ။ သို့ရာတွင် အစမကောင်းခဲ့ခြင်းအတွက်ကား အပြစ်ဆိုရပေမည်။ တစ်ဖက်သား၏ စိတ်စရိုက်မှစ၍ မိမိလိုသမျှ စစ်ထုတ်လေ့လာခြင်း မပြုရသေးမီ အချစ်ကိုဖေါ်ထုတ်ရန် စောပေလိမ့်မည်။

ရှေးက သုံးနှစ်သုံးမိုး ပိုးပန်းကြသည်ဆိုသည်မှာ တစ်ဖက်ကိုတစ်ဖက် ဤသို့ အကဲစမ်း စီစစ်ချိန်ဆကြခြင်းသာ ဖြစ်ပေသည်။

## ရည်းစားတစ်ထောင်

ယခုခေတ်တွင် အကြိုက်လွယ်၍ အကွဲလွယ်ကြပေသည်။ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဟူသော အခြေအမြစ်မရှိ စကားကို အဟုတ်ထင်မှတ် နေတတ်ကြပေသည်။ စင်စစ်မှာ မိတ်ဆွေသူငယ်ချင်းတစ်ထောင် ရည်းစားတစ်ယောက်၊ လင်တစ်ယောက် သို့မဟုတ် မယားတစ်ယောက်သာဖြစ်သင့်ပေသည်။ လင်မယားရွေးချယ်ရန်အတွက် ရည်းစားတစ်ထောင် ထားနေရန်မလိုပေ။ ရွေးချယ်ရန်ထားသော ယောကျ်ားကလေးမိန်းကလေးမှာလည်း တစ်ထောင်ရှိရန်ပင် မလိုပေ။ တစ်ဦးကိုတစ်ဦး မြင်ကြိုက်ရန်မလွယ်ပေ။ ရည်းစားတစ်ထောင်မှာ ခင်မင်ရည်မှတ်ရုံမျှ ဆက်ဆံသော ရည်းစားမျိုးသာမကဘဲ ရသမျှအခွင့်အရေးကို ခြေမြန်လက်



မြန်ရသူတတ်သော ရည်းစားမျိုး တစ်ယောက်ပြီးတစ်ယောက် ပြောင်းနေချင်ကား ဘဝသာနစ်မွန်းရပေမည်။

ယောကျ်ားကလေးတိုင်းသည် လှပချောမွေ့သော မိန်းကလေးကို မြင်လျှင် တပ်မက်မိပေမည်။ တစ်ခါတည်းပင် ဇနီးကြင်ဖော်အဖြစ် ရည်မှတ်ချင်သည်ဟု စိတ်တွင် ဆုံးဖြတ်ချက်စောမိပေမည်။ ထိုယောကျ်ားကလေးသည် ဖောက်ပြားတတ်သူဖြစ်လျှင် ချစ်ကြောင်း မြတ်နိုးကြောင်းကို ကရားရေလွှတ် ပြောတတ်ပေမည်။ သို့ရာတွင် ထိုသို့ချစ်လာသူတိုင်းကို မိန်းကလေးက ယုံကိုးနိုင်မည်မဟုတ်ပေ။ မြင်မြင်ချင်းချစ်သလို တစ်သက်လုံးတစ်ယောက်တည်းသာ စွဲစွဲမြဲမြဲ ချစ်နိုင်ပါမည်လော။ နောက်တစ်ယောက် ချောချောလှလှမြင်လျှင် ချစ်ပြန်ဦးမည်လော။ မိမိ၏အပြစ်များ ချို့တဲ့မှုများကို အပြစ်မယူဘဲ သည်းခံခွင့်လွှတ်ပါမည်လော၊ မိမိစိတ်နေမြင့်သလောက် ဖောက်စားလိုက်လျှောနိုင်အောင် ကြိုးစားအားထုတ်ပါမည်လော။ ဤအချက်များကို မိန်းကလေးက စဉ်းစားရပေလိမ့်မည်။ ကိုယ့်ကိုချစ်ပါသည်ဆိုသူတိုင်းကို လက်ခံနေရမည်ဆိုလျှင် ခက်ချေမည်။

ယောကျ်ားကလေးအဖို့လည်း ချောမောလှပသော မိန်းကလေးမြင်တိုင်း အိမ်ထောင်ဖက်ပြုရလျှင် ကောင်းပေစွ စိတ်ကူးရောက်မိစေကာမူ ထိုမိန်းကလေးတိုင်း၏ အနွံအတာကိုခံနိုင်၊ မခံနိုင် စဉ်းစားရပေလိမ့်မည်။ လိုက်လျှောမှုအတောသတ်နိုင်ခဲ့လျှင် စိတ်မပျက်ဘဲ နေနိုင်ပါမည်လော။ ချစ်သည် ကြိုက်သည် မဟုတ်စေကာမူ ဖိုသတ္တဝါတို့ စိတ်လှုပ်ရှားလျှင် ကျေနပ်အားရ မက်လုံးပြ၍ ရမက်လုံးကြွအောင် သပ်တတ်သော ဝါသနာရှိမည်ဆိုပါက သဘောထားကြီးနိုင်ပါမည်လော။ ထိုမိန်းကလေး၏ နေရာ မသေမချာ မြှူမြိုက်၍ ကြိုးရှည်ရှည်နှင့် မှားထားခြင်းကို အောင့်အည်းသည်းခံနိုင်ပါမည်လော။ မမလေးထမိဖိုး၊ မိတ်ကပ်ဖိုးများကို မကြီး မငြင် ထောက်ပံ့နိုင်ပါသလော။ ကွင်းလုံးပုံထားမည့် ထမိများကို ခေါင်း မရှုံ့ဘဲ လိုက်၍ ခေါက်ပေးနိုင်စွမ်းရှိပါသလော၊ ယောက္ခမအိမ်ထောက်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမငယ်ရန် အသင့်ရှိပါမည်လော။ ဤသို့အားဖြင့် မိန်းကလေး တစ်ယောက်ကို အစမ်းချစ်မည်ကြံတိုင်း တွက်ချက်ရန်လည်းလိုပေသည်။

ထို့ကြောင့် မြင်လျှင် ချစ်မိကြရန် လွယ်သလောက် အိမ်ထောင်ဖက်အဖြစ် လျာထားရန် ခက်ပေသည်။ ယောကျ်ားကလေးများအဖို့ ချစ်ချင်သူကို ချစ်မိရန်လွယ်သည်ဟု ထင်ရစေကာမူ အပျော်ချစ်ရန်သာ လွယ်ပေမည်။ အိမ်ထောင်ဖက်ပြုရန်မှာ မီးယပ်နာကို ထည့်တွက်ရန်ရှိပေသေးသည်။ မိန်းကလေးအဖို့ကား ပို၍ခက်ပေသည်။ ယောကျ်ားကလေးများက ချစ်ပါသည်ဟုဆိုသည်ကို လုံးဝသံသယရှိစရာမလိုပေ။ မိမိကပြန်၍ လိုက်လျောသလောက် နောက်မဆုတ်တမ်း ချစ်ပြပေလိမ့်မည်။ သို့ရာတွင် လင်သားအဖြစ် အားကိုးယုံမှတ်ခြင်းကို ခံယူလိုသူ တကယ်ခံယူလိုသူကား ရှားပေလိမ့်မည်။ အစာဝလျှင် ဌာနေပြန်သူလည်းရှိပေမည်။ အချစ်ဆိုသည်မှာ စားစရာ၊ ကစားစရာမျှ သဘောထားသူကိုလည်း တွေ့ရပေလိမ့်မည်။ တကယ်ပင် လင်ပြုပါမည်ဟု လက်ခံစေကာမူ လင်ကောင်းတစ်ယောက်နှင့် မတွေ့ပါက မိမိပင်ရင်နာရပေဦးမည်။

ယင်းသို့ကြောင့် ချစ်ဖော်ချစ်ဖက် မှန်ကန်စွာ ရရေးမှာ တိုက်ပွဲတစ်ခုပင်ဖြစ်လေသည်။ လိမ်လည်သူ၊ အရေခြုံသူ၊ အပြင်ပန်းသာ မက်လောက်သူ၊ သစ္စာမဲ့သူ၊ ခဏပန်းသာယာမှုရှာသူ၊ အိမ်ထောင်စိတ်မရှိသူ၊ ဘဝကိုတန်ဖိုးမထားသူ၊ တစ်ဖက်သားအပေါ် အမြတ်ထုတ်သူစသည့် မလိုလားအပ်သူများနှင့် ချစ်ဖော်မပြုမိစေရန် ယောကျ်ားကလေးရော မိန်းကလေးပါ သတိပြုရပေမည်။

## ကြိုတင်ဆုံးဖြတ်မှု

မိမိအဖို့ အိမ်ထောင်ပြုနိုင်သော အခြေအနေလည်းရှိပြီး၍၊ မိမိစိတ်တိုင်းကျ ရွေးချယ်အကဲစမ်းပြီးသူ ရှိမည်ဆိုပါက၊ လောလာဆယ် လက်မထပ်လိုသေးစေကာမူ တစ်ဦးနှင့်တစ်ဦး ဖူးစာဖက်အဖြစ် ကြိုတင်



ဆွယ်ထားရပေမည်။ အနာဂတ်ကို ကြိုတင်ပြင်ဆင်နိုင်ကြအောင် သစ္စာတိထားရှိကြရပေမည်။ မိမိ၏အိမ်ထောင်ဖက်လောင်းအဖြစ် သတ်မှတ်နှလုံးသွင်းထားရပေမည်။

အချစ်ရေးတွင် တွေ့ကြုံရမည့် အခက်အခဲများမှာ ဖူးစာဖက်ကောင်းရွေးရုံသာမဟုတ်သေးဘဲ အချစ်တုံ့မျှရေးတွင်လည်း ခက်ခဲတတ်ပေသည်။ မိမိချစ်နေသူက မိမိကိုပြန်၍ချစ်ပါမည်လော။ ဤအရေးတွင် များစွာခက်ခဲပေသည်။ တစ်ဖက်ကချစ်စေကာမူ အခြားတစ်ဖက်က ချစ်နိုင်မှချစ်နိုင်ပေမည်။ မိမိမေတ္တာသစ္စာကို တန်ဖိုးထားကောင်းမှ ထားပေမည်။ မိမိအရည်အသွေးကို နိမ့်သေးသည်ဟု ထင်ကောင်းထင်မှတ်ပေမည်။ မလွတ်လပ်သူ၊ ကတိလွန်ပြီးသူ ဖြစ်ကောင်းဖြစ်ပေမည်။ အိမ်ထောင်ရေးအတွက် လေးနက်သော ဆုံးဖြတ်ချက်မရှိသူ ဖြစ်ကောင်းဖြစ်ပေမည်။ အချို့သတ်တတ်သူအချစ်ကိုရင်းနှီးကာ အမြတ်ထုတ်တတ်သူမျိုးလည်း ဖြစ်နိုင်သည်။

ထိုထိုသော အကြောင်းများကြောင့် မိမိက အရူးအမူးချစ်စေကာမူ အရာမထင် သောင်မတင်ရေမကျနှင့် အချစ်နာကျရတတ်ပေသည်။ ယုံကြည်မျှော်မှန်းထားချက်များ တစ်ခဏချင်း ပြိုပျက်ကျရသည်လည်း ရှိပေမည်။ ကာယကံရှင်၏ မေတ္တာခိုင်မြဲသည်ဆိုပါလျက်လည်း ပတ်ဝန်းကျင် အသိုင်းအဝိုင်း၏ အရှိန်အဝါကြောင့် ချစ်လျက်နှင့် ကွဲကြလွဲကြရပေသေးသည်။ တစ်ဖက်ကချစ်သူနှင့် အချစ်ခံရသူတို့အကြားတွင် မမျှော်လင့်သော ပျက်ပြားမှု၊ မှန်တိုင်းခတ်မှုများ အမျိုးမျိုးရှိနိုင်ပေသည်။

ထိုအချက်ကို ကောင်းစွာသဘောပေါက်ရပေမည်။ ချစ်တိုင်း မညားတတ်သော သဘောကို လက်ခံရပေမည်။ ညားလျှင်ချစ်အောင်ကြိုးစားရန် လွယ်သလောက်ချစ်လျှင် ညားအောင်ကြိုးစားရသည်မှာ မလွယ်ပေ။ ကိုယ့်တစ်ဖက်နှင့်မပြီးချေ။ **မြားတစ်ဖက်ကောင်းသော်လည်း ရှောင်းမတက်နိုင်** ဆိုသော စကားပုံကဲ့သို့ တစ်ဖက်သတ်ချစ်ရုံနှင့် ပြဿနာမပြေလည်နိုင်ပေ။ အချစ်ရေးတွင် ပြေလည်သည်လည်းရှိ၍ မပြေလည်သည်လည်းရှိပေမည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က အသေအလဲချစ်သော်လည်း ကျန်တစ်ဖက်က ချစ်စိတ်မပေါ်နိုင်အောင်ရှိလျှင်လည်း ရှိတတ်ပေသည်။

သို့ဖြစ်လေရာ မိမိချစ်သူကို ချစ်ရအောင် အစွမ်းကုန်ကြိုးစားရန်မှာ မိမိတာဝန်သာဖြစ်သော်လည်း ချစ်ခွင့်ရသည်ဖြစ်စေ၊ ဖူးစာမှင်ရေကြဲသည်ဖြစ်စေ ဖြစ်လာသမျှကို ခံယူနိုင်ရန် အသင့်ရှိရပေမည်။

အချစ်အတွက် အသက်စွန့်ရန်၊ ရင်ကွဲနာကျရန်၊ အသည်းဝေဒနာခံစားရန်မလိုပေ။ လူတို့ဝမ္မတာအားဖြင့် လိုရာမရလျှင် နာကျင်ခံစားရပေမည်။ ကာမရောဂါ ဝမ်းတွင်းနာအတွက် ကုရာနတ္ထိ ဆေးမရှိသည်ကား မှန်ပေသည်။ မခံစားဖူးသူတို့ မသိနိုင်သော်လည်း ခံစားဖူးသူတို့ သိကြပေသည်။ မည်သို့ပင်ဖြစ်စေ ဖြစ်စေလိုသမျှ မဖြစ်နိုင်သော လောကတွင် ဖြစ်လာသမျှကို လက်ခံနိုင်အောင် ကြိုးစားခြင်းဖြင့် ထိုတိုက်ပွဲတွင် အနိုင်ယူရပေမည်။

မိမိတာဝန်မှာ မိမိ၏အချစ် ခိုင်မြဲလေးနက်ကြောင်းကို သိရှိယုံကြည်လေအောင် အမျိုးမျိုးအနည်းနည်း စိတ်ရှည်စွာ ကြိုးစားရန်ဖြစ်လေသည်။ ဤနေရာ၌ မင်းကုသထုံး နှလုံးမူလျှင်လည်း အပြစ်တင်စရာမလိုပေ။ တစ်ဖက်သား၏ အလိုအကြိုက်ကို လိုက်လျောဖြည့်တင်းရပေမည်။ တစ်ဖက်သားလိုလားသော အရည်အချင်းကိုသိအောင် ကြိုးစားအားထုတ်ရပေမည်။ ဤမျှဆိုလျှင် ချစ်ရသူလူတစ်ယောက်အတွက် လုံလောက်ပေသည်။ မိန်းကလေးတစ်ယောက်အနေနှင့်လည်း ရိုးသားစင်ကြယ်စွာ ချစ်မြတ်နိုးမှုကို ပြသနိုင်ပေသည်။

မိမိချစ်နေကြောင်း ဘဝခရီးဖော်အဖြစ် ရည်မှန်းကြောင်းများကို တစ်ဖက်သားက မှန်ကန်စွာသိလောက်အောင် ဆောင်ရွက်ပြီးပါလျက် တစ်ဖက်ကတုံ့ပြန်မှုမရခဲ့လျှင် မိမိတာဝန်မဟုတ်ပေ။ သူ့တာဝန်သာကျန်ရှိပေသည်။ စဉ်းစားချိန်ဆ၍နေမည်ဆိုလျှင်လည်း သူ့ဘက်ကနည်းလမ်းမှန်ပေသည်။ အတိအလင်း ငြင်းပယ်သည်ကို အယူခံဝင်လိုကလည်း ဝင်နိုင်ပေမည်။ သို့ရာတွင် မပြတ်မသား အရှည်ဆွဲနေခြင်းမျိုးကို လက်မ



ခံသင့်ပေ။ မိမိအဖို့ အချိန်ကုန်လူပန်း၍ ရင်နာခန်းမဖွင့်သင့်ပေ။ သင့်လျော်လုံလောက်သော စဉ်းစားချင့်ချိန်ပြီးနောက်မှ မကြိုက်လျှင်လည်း ရှင်းရှင်းဘွင်းဘွင်းသိအောင်ပြုရပေမည်။ တကယ့်အိမ်ထောင်ရေးတွင် ဟန်ဆောင်မှု၊ ချေးကိုင်မှု၊ မပြတ်သားမှု၊ အပျော့ဆွဲမှုတို့ မရှိသင့်ပေ။ ကြိုက်သည်ဆိုလျှင်လည်း အနာဂတ် အိမ်ထောင်ရေးအတွက် စီစဉ်တိုင်ပင်၍ တစ်ဦးအတွက်တစ်ဦးမှာ ခိုင်မြဲရင့်သန်အောင် အပြန်အလှန် ယုယဆက်ဆံကြရန်သာရှိသည်။ အကယ်၍ မကြိုက်ခဲ့လျှင်လည်း မဖြစ်လာသော အိပ်မက်တစ်ခန်းမှာ အစွဲအလမ်းဖျောက်၍ ဘဝစခန်းတစ်ထောက်ပြောင်းရန်သာ ရှိပေသည်။

## အသည်းနှလုံးအရှုံး

လူငယ်လူရွယ်တစ်ယောက်၏စိတ်တွင် စွဲဝင်လေသော အချစ်ညှောင့်သည် အသည်းထိအောင် စွဲဝင်လေ့ရှိသဖြင့် သူမချစ်သော်လည်း မေ့လိုက်ဖျောက်လိုက်ရန် မလွယ်သည်ကို ဝန်ခံရပေမည်။ သို့ရာတွင် မိမိကိုယ်ကိုသတ်သေခြင်း၊ အရက်ကိုအဖော်ပြုခြင်း၊ လျှော်တေသက်န်းဆင်မြန်းခြင်းတို့ဖြင့် မိမိဘဝကိုသာ အကြပ်ကိုင်၍မပြီးပေ။ ဘဝတစ်ခုလုံးကို အရှုံးပေးရန်မသင့်ပေ။ ဤတိုက်ပွဲတွင်ရှုံးလျှင် အခြားတိုက်ပွဲတစ်ခုဖြင့် အနိုင်ယူရပေမည်။ စွဲလမ်းတသရခြင်းဟူသည်မှာ စိတ်မနာသေးမီ အဓိဋ္ဌာန်မပိုင်သေးမီသာလျှင် ပြင်းပြမြဲဖြစ်ပေသည်။ မိမိတာဝန်ကျေပါလျက် သူကမမြတ်နိုးနိုင်လျှင် ဂျင်းစိမ်းနဲ့မိတ်သဿလင် သဘောထားလိုက်ပါက လွမ်းတရင်နာမှုများအနာရွတ်မကျန်အောင် ပျောက်သွားနိုင်ပေသည်။ မိုက်မိုက်မဲမဲစွဲလမ်းခဲ့ရပုံများကိုပင် နာကြည်းမိပေမည်။ မပြေမလည်သော ဘဝကို ရင်မနာဘဲ အကြိတ်ရယ်မောနိုင်ပေလိမ့်မည်။ ကွဲလေပြီထင်နေသော အသည်းသည်လည်း ပြန်၍ဆက်နေပေလိမ့်မည်။ အရာရာကို စိုးမိုးချယ်လှယ်နေသည်မှာ မိမိ၏စိတ်သက်သာမှုပင်ဖြစ်ရာ နိုင်နင်းစွာ ကုစားနိုင်ခဲ့လျှင် နာကျင်မှုများပျောက်သွားနိုင်ပေသည်။ ကိုယ်က ကြင်နာပါလျက် သူကမှ မကြင်နာနိုင်လျှင်

www.burmeseclassic.com



မကြင်နာလေသူကို ကြင်နာနေရခြင်းသည် ရှုံးရုံမိုက်ရုံ၊ ကန်းတီးရုံထက် ပို၍ထူးမည်မဟုတ်ပေ။ အချစ်ရေးတွင် ရှုံးသော်လည်း အသည်းနှလုံး မရှုံးလျှင်ရှုံးရာမရောက်ပေ။ တိုက်ပွဲအောင်မြင်သည်ဟုပင် ယူဆရပေမည်။

ထို့ကြောင့် ချစ်ရေးချစ်ရာတွင် အခက်အခဲ အရှုံ့အကြောက်များကို ပယ်လှန်၍ မိမိချစ်သူက မိမိကို ချစ်လာလေအောင်လည်းကောင်း၊ သို့မဟုတ် မိမိအား မချစ်လေပြီဟု သိသူအား ကြံ့ကြံ့ခိုင်ခိုင် မချစ်တော့ဘဲ ရပ်တန့်နိုင်အောင်လည်းကောင်း၊ ကြိုးစားနိုင်လျှင် ထိုအချစ်တိုက်ပွဲသည် အောင်ထူနိုင်ရာရောက်ပေလိမ့်မည်။

* * *

# ဘဝအန္တရာယ်တိုက်ပွဲ

လူ့ဘဝတွင် ပညာနှင့်ကြင်ယာစုံ၍ လူတစ်လုံးသူတစ်လုံး ရပ်တည်နေနိုင်ပြီဟုဆိုသည်နှင့် လူ့လောကတိုက်ပွဲများ ရပ်စဲသွားလိမ့်မည်မဟုတ်ပေ။ တိုက်ပွဲများက ဆက်ကာဆက်ကာ စမ်းသပ်လာနေဦးမည်သာဖြစ်ပေသည်။ ဆက်လက်၍ တွေ့ရမည့်တိုက်ပွဲကား ဘဝအန္တရာယ်တိုက်ပွဲပင် ဖြစ်လေသည်။

ဤတိုက်ပွဲကို ဤနေရာတွင်ဖော်ပြနေသော်လည်း ဤအန္တရာယ်တိုက်ပွဲမှာ လူမှန်းသိတတ်စအရွယ်ကတည်းက တွန်းထိုး ကျီစယ်၍ စွဲရန်ဘက်ရန် အမြဲကြိုးစားနေခဲ့သော အန္တရာယ်ပင် ဖြစ်ပေသည်။ ထိုအန္တရာယ်ကား အဘယ်နည်း။

ကျွန်ုပ်တို့ ဘဝတွင် အမြဲတစေ နှောင့်ယှက်နေသော အန္တရာယ်မှာ ကိုယ်ကျင့်ပျက်မှုပင်ဖြစ်လေသည်။ ကိုယ်ကျင့်ဟုဆိုသော်လည်း စိတ်ကျင့်သည် ပါဝင်ပြီးဖြစ်လေသည်။ စိတ်မနောက်တွင် ဖွဲ့ဝင်ပြီးသော် ကာယကံမြောက် လွန်ကျူးမိသည်သာဖြစ်လေသည်။

ကိုယ်ကျင့်ပျက်မှုဟူသည်မှာ အမျိုးမျိုးအဖုံဖုံပင် ဖြစ်လေသည်။ ဤဆိုသည်မှာ သာယာမှုကာမဂုဏ်အာရုံကို ခံမင်သူများပင်ဖြစ်လေသည်။ ထို့ကြောင့် သာယာမှုအာရုံများကို မိမိအားအင်အချိန်အခါနှင့် လျော်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



သဘောမှတ်ခြိုးခြံခြင်းမရှိဘဲ အာရုံခံစားမှု၏တံခါးပေါက်ကို ဖွင့်လှစ်ထားမည်ဆိုပါက မလိုလားအပ်သော မကောင်းမှု မကောင်းကျင့်များ တိုးဝင်လာမည်သာဖြစ်လေသည်။ စားနိုင်ဝတ်နိုင်ရုံထက်ပို၍ စားချင်ဝတ်ချင်လာသောအခါ ခိုးဝှက်လာရသည်။ မတရားစီးပွားရှာလာရသည်။ ဝိသမလောဘဖြင့် ဘဝတူလူသားချင်း မညှာမတာခေါင်းပုံဖြတ် အမြတ်ကြီးစားလာရသည်။ စားပြတိုက်ရသည်။ ရချင်လိုချင်ဇောဖြင့် လာဘ်စားရသည်။ ရာဇဝတ်မှုကြီးများကိုလည်း မျက်စိမှိတ်၍ ကျူးလွန်မိကြ သည်။ **တရားကိုမတရားပြု၍ မတရားကို တရားပြုလာရသည်။** ဤသို့သော ဖောက်ပြန်မှုများသည် အကျိုးအခွင့် ပိုမိုရရှိလိုသော လောဘကို အရင်းခံလေသည်။

ကာမဂုဏ်အာရုံကို လိုက်စားသောကြောင့်လည်း ငွေကုန်ကြေးကျများကြရသည်။ စီးပွားပျက်ကြရသည်။ ကျန်းမာရေးချို့တဲ့၍ ရောဂါဝေဒနာများ အမွေခံကြရသည်။ ရာဇဝတ်မှုများကိုလည်း ကျူးလွန်မိကြသည်။ မေတ္တာအရေခြုံ၍ လှည့်ဖြားဖျက်ဆီးမှုများ၊ ဘဝလေလွင့်ပျက်စီးမှုများဖြစ်လာကြလေသည်။ ငွေကုန်ကြေးကျရန် အခွင့်အလမ်းများလေလေ၊ ဒုစရိုက်မှုတို့ကိုပင် မရှောင်တော့ဘဲ ငွေကြေးနောက်သို့ မပြတ်လိုက်နေကြရပေသည်။ ဤသို့သော အန္တရာယ်တို့၏ ဖိစီးမှုကို ခံရပါက ဘဝသည်စုန်းစုန်းမြုပ်လေတော့မည်သာ ဖြစ်လေသည်။

လောက၏အဝိဇ္ဇာအမှောင်ထဲတွင် ကြည့်မည်ဆိုပါက မကောင်းမှုများသည် အရသာရှိသယောင် ခံစားမိကြပေသည်။ ကာမဂုဏ်အရသာသည် သောက်လေသောက်လေ ငတ်မပြေသည့် ဆားရေပမာ တိုး၍သာခံစားချင်စိတ်ပေါ်စေပေသည်။ ဖောက်ပြန်လော်လည်ရခြင်းမှာ အရသာထူးကဲခြင်းဟု ထင်မှားစေလေသည်။ အရက်သောက်ရလျှင် ပျော်တတ်ကြသည်။ ယစ်ဝေရီဝေရသည်မှာ စည်းစိမ်တစ်မျိုးဟုထင်ရပေသည်။ ဘိန်း၊ဘင်း၊ ကုတ်ကင်း၊ ဆေးခြောက်ကိုလည်း အရသာတွေ့ရပေသည်။ ပြည့်တန်ဆာတို့ကို နတ်သမီးများ၊ သူယောင်မယ်များဟု ထင်မှတ်ကာ ရောဂါအန္တရာယ်



တို့ကိုမျှ ပမာမထားနိုင်ဘဲ မွေ့လျော်ပျော်ပါးကြလေသည်။ သာယာမှုတစ်ဖက်တွင်သာ မက်မောခုံမင်စိတ်ကြောင့် အခြားတစ်ဖက်ကို လုံးဝမမြင်တော့ဘဲ အလွယ်တကူနှင့် လိုက်စားမိတတ်ကြပေသည်။

အကယ်၍သာ အကုသိုလ်မှုများသည် ခါးသီးမည်။ ဝေဒနာခံစားရမည်ဆိုပါက လူများသည် အလွယ်နှင့် ထိခိုက်မိကြမည် မဟုတ်ပေ။ **"မတည့်သောအစာသည် ပို၍ စားချင်စဖွယ်ကောင်းသည်"** ဆိုသော စကားပုံကဲ့သို့ အန္တရာယ်တည်းဟူသော ငါးမျှားချိတ်ပါရှိနေသော်လည်း မက်မောချင်စဖွယ် ငါးစာက ဆွဲဆောင်နေလေ့ရှိသောကြောင့် မြိုဟပ်မိတတ်ကြပေသည်။

ထိုသို့သော သဘောတရားကြောင့် မကောင်းကျင့်များနှင့် ထိုမကောင်းကျင့်များက တစ်ပါတည်း ယူဆောင်လာသော အန္တရာယ်များကို တွန်းလှန်တိုက်ခိုက်ရခြင်းကို ဘဝ၏တိုက်ပွဲ ဟူ၍ ခေါ်သမုတ်ထားခြင်းဖြစ်ပေသည်။

များစွာသောသူတို့က လူမှုအန္တရာယ်ဖြစ်သော မကောင်းကျင့်များစွာတို့ ခွဲခြား၍ မမြင်တတ်ကြပေ။ အန္တရာယ်ရှိသည်ဟူသော စကားကိုသာမန်သိရုံမျှသာ သိမှတ်ထား၍ သာယာမှုကိုသာ လိုက်စားမြဲလိုက်စားနေလေ့ရှိပေသည်။ တစ်ဖက်တွင် သာယာမှုကို ခုံမင်သောအခါ တစ်ဖက်မှ အန္တရာယ်ကိုအထင်သေး၍ ပေါ့ပေါ့တန်တန် သတိထားမိတတ်ကြလေသည်။ သာယာမှုကို ခံစားလိုခြင်းကြောင့် အန္တရာယ်ကိုသိပါလျက် အရေးမကြီးသောက်ဟူ၍ စွန့်စားမိတတ်ပေသည်။ အန္တရာယ်ကို လျော့ပေါ့တွက်ဆကာ သာယာမှုကိုသာ ခံစားကြလေသည်။ တစ်ဖက်တွင် စိတ်သန်နေသောအခါ ကျန်တစ်ဖက်တွင် စိတ်ပေါ့နေတတ်ပေသည်။

ခိုးမှုကျူးလွန်နေသူသည် ခိုး၍ ဖမ်းဆီးမိလျှင် ထောင်ကျမည်။ ထောင်ထဲတွင် ဒုက္ခခံရမည်ဟူသောအသိကို လုံးဝမသိ၍မဟုတ်ဘဲ အဖမ်းခံရသည့်အာရုံထက် ခိုး၍ရလျှင် မည်သို့သုံးစွဲနိုင်မည်။ မည်သို့ကျေနပ်ဝမ်းမြောက်ရမည့်ဝသည့် ခံစားခွင့်ဖက်တွင် ပို၍စိတ်သန်နေပေမည်။ တစ်ဖက်အသိက



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၍ တစ်ဖက်အသိက လေးနေပေမည်။ အကယ်၍သာ အန္တရာယ်ကို အရသာထက် ပို၍မြင်မိမည်ဆိုလျှင် ခိုးမှုကို အထမြောက်စေတော့မည် မဟုတ်တော့ပေ။

လူ့လောကတွင် ဒုစရိုက်မှု ရာဇဝတ်မှုမျိုးကို မကျူးလွန်ဘဲ စောင့်စည်းနေသူအများပင်ရှိပေသည်။ ထိုသူများသည် အပြစ်ကျူးလွန်ခြင်းကြောင့် ရရှိမည့်အကျိုးအမြတ် အရသာကိုမသိ၍ မဟုတ်ပေ။ သို့ရာတွင် ရာဇဝတ်ပြစ်မှုဒဏ်က ကြီးမားစွာခြိမ်းခြောက်ဟန့်တားနေသဖြင့် အပြစ်ကျူးလွန်ချင်စဖွယ် အခွင့်သာသော ပတ်ဝန်းကျင်၌ပင် မိမိ၏စိတ်ကို မိမိချုန်းအုပ်၍ ထားနိုင်ကြပေသည်။ ထို့ကြောင့်လည်း လူမှုလောကတွင် ဥပဒေအောက်၌ ရာဇဝတ်မှုကင်းရှင်းအောင် ဆက်ဆံနေထိုင်ခဲ့ကြခြင်း ဖြစ်လေသည်။ လူဆိုသည်မှာ ဤသို့စောင့်ထိန်းသော စည်းကမ်းဘောင်ရှိရပေမည်။

## ရုန်းထွက်ရန်အင်အား

မကောင်းမှုဆိုသည်မှာ ဆွဲဆောင်တတ်သော သဘောရှိပေသည်။ ဆွဲဆောင်အားလည်းရှိပေသည်။ သို့ရာတွင် ဘဝတိုက်ပွဲတွင် အနိုင်ယူလိုသူ့တို့မှာ ဆွဲဆောင်မှုကို တွန်းလှန်ပစ်ကြရပေသည်။ နေပြည်တော်သို့ ရောက်လိုကြသော ခရီးသွားကုန်သည်တို့သည် လမ်းခရီး၌ လှပသော အဆိပ်သီးများကို တပ်မက်မှု သိမ်းဆည်းကြရသည်ကို ဇာတ်နိပါတ်များတွင် တွေ့ရပေမည်။ မကောင်းမှု၏ဆွဲဆောင်အားကို ရုန်းထွက်နိုင်စွမ်းရှိမှဘဝတိုက်ပွဲတွင် အောင်ထူနိုင်ပေမည်။ လေယာဉ်ပျံသည် မြေဆွဲအားကို ရုန်းထွက်နိုင်သော အရှိန်အဟုန်ကြောင့် ပျံသန်းနေနိုင်ခြင်းဖြစ်ပေသည်။

ဖဲရိုက်သူ၊ လောင်းကစားသူ၊ အပျော်အပါးလိုက်စားသူများသည် ရာဇဝတ်ပြစ်ဒဏ်ကိုမသိ၍ အန္တရာယ်ကိုမမြင်၍မဟုတ်ပေ။ သို့ရာတွင် သာယာတပ်မက်မှု ဆွဲဆောင်မှုတို့ကို စွန့်ပယ်နိုင်စွမ်းမရှိခြင်းကြောင့်သာ ဖြစ်လေသည်။ ထိုသူများသည် အန္တရာယ်ကို လျှော့ပေါ့မြင်တတ်ကြပေ



သည်။ "ဖြစ်ချင်မှဖြစ်မှာပါ မဖြစ်နိုင်ပါဘူး"ဟူ၍ အန္တရာယ်ကင်းမှု အားလွတ်မှုတို့ကို ယုံကြည်နေကြပေသည်။ စားပြီး တုတ်ပြီးဆေးဆောင်သူ၏ အတင့်ရဲမှုမျိုးရှိနေကြပေသည်။ ရုတ်တရက်ချက်ချင်း မတွေ့ကြုံရသော အန္တရာယ်ကိုလည်း မကြောက်ရွံ့တတ်ကြပေ။

ကျွန်ုပ်တို့သည် စိန်နှင့်သံပုရာရေကိုဖျော်၍ မသောက်ဝံ့ကြပေ။ ခမ်းဘဲဥနှင့် ဖရဲသီးကိုပင် တစ်ချိန်တီ မစားရဲသူများရှိပေသည်။ မှိုကိုပင် အဆိပ်နှင့်အကောင်း အရွေးမှားမည်စိုး၍ ရှောင်ကြဉ်သူများရှိပေသေးသည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏အသက်ကလေး ပျောက်သွားမည် စိုးကြသောကြောင့် ဖြစ်လေသည်။ အဘယ်ကြောင့် စိုးကြောက်ရသနည်းဟုဆိုလျှင် စားမိ၍ လောလောလတ်လတ်သေနိုင်ကြောင်း ကြားဖူးသိဖူးသောကြောင့် ဖြစ်လေသည်။ သို့ရာတွင် အသက်ကို တိုစေ၍ ရောဂါရလွယ်စေတတ်သော ဆေးလိပ်နှင့် အရက်ကို ရဲဝံ့စွာသောက်နိုင်ကြပေသည်။

အဘယ်ကြောင့်ဆိုသော် ဆေးလိပ်သောက်၍လည်းကောင်း၊ အရက်သောက်၍လည်းကောင်း တစ်နေရာတည်း၌ ပွဲချင်းပြီးလဲကျ သေဆုံးသွားခြင်း မရှိနိုင်သောကြောင့် ဖြစ်ပေသည်။ **"ခုမသေရင် ပြီးတာပဲ နောင်ခါမှ ဖြစ်ချင်လည်းဖြစ်စေပေါ့"**ဟူသော စိတ်မျိုးထားတတ်ကြပေသည်။ **"လက်ငင်းဆေးရလျှင်ပြီးသည် အတိုးတက်ချင်သလောက် တက်ပေစေ"**ဟူသော သဘောမျိုးလည်း ရှိလေသည်။

**"စားချင်တာ ဝဝစားရရင် သေပျော်ပါပြီ"**ဟူ၍ မတည့်သော အစာကို အသက်နှင့် အလျော်အစားလဲလှယ်ကာ ရသတဏှာနောက်သို့ လိုက်သူများလည်းရှိပေသည်။ **"ကိုယ်လုပ်ချင်တာလုပ်ရရင် ကြိုးစင်ပဲတက်ရ တက်ရ ကျေနပ်ပြီ"**ဟုဆိုသူများလည်း ရှိတတ်ပေသည်။ ဤသို့သေမင်းကို ရက်ဆိုင်းလဆိုင်း အခွန်သွင်းကာ စိတ်လိုလိုက်၍ စိတ်ကြိုက်လုပ်ချင်မှုများသည် လူ့လောကကို အမြဲတစေ လွှမ်းမိုးဖျက်ဆီးနေပေသည်။ ဘဝတွင် ရှည်ကြာစွာနေလိုသူသည် ဤသရဲသဘက်တို့ကို နေ့စဉ်တောထုတ်နေရ



www.burmeseclassic.com

www.burmeseclassic.com



မည်။

အန္တရာယ်ဟူသည် ယနေ့နံနက်ဖန် အသက်ဆုံးရမည့် ဘေးဆိုးအန္တရာယ်မျိုးကိုသာ သတ်မှတ်သည် မဟုတ်ပေ။ ဘဝ၏စင်ကြယ်သန့်ရှင်းမှုကို ဖျက်ဆီးမှုမှန်သမျှ အန္တရာယ်များသာ ဖြစ်လေသည်။ အသက်၏ဘေးရန်ပင်မဖြစ်စေဦး ဂုဏ်သိက္ခာထိပါးမည့်အရေး၊ ရောဂါအန္တရာယ်ရရှိမည့်အရေး၊ သူတစ်ဦးတစ်ယောက်ကို နစ်နာစေမည့်အရေး၊ မိမိ၏တိုးတက်မှုသာယာမှု ဖျက်ဆီးရမည့်အရေး မိမိ၏စွမ်းအား လုံ့လလျော့ပါးပျက်စီးစေမည့် အရေးတို့သည်လည်း ဘဝ၏အန္တရာယ်များသာ ဖြစ်လေသည်။ အန္တရာယ်တို့သည် အမြဲတစေ အလုံးအရင်းနှင့် ချဉ်းကပ်လာမည်ဟု မယူဆသင့်ပေ။ လုံ့လရှိသူအား အံပျင်းထူရုံအလုပ်ပျက်ရုံမျှ စတင်ဖြူခွင်းလာသည်လည်းရှိပေသည်။ ပြတ်သားသူအား အားနာလာစေခြင်း၊ ပျော်ရွှင်စရာများတွင် စိတ်၌ တစ်သက်သက် စွဲငြိစေခြင်း၊ စူးစမ်းလိုသူအား အရဲစွန့်စေခြင်း စသည်တို့သည် အန္တရာယ်၏မိတ်ဆက်ခန်း နိဒါန်းပင် ဖြစ်လေသည်။ ကာယကံမြောက် ကြီးမားသော အမှုအခင်းများကို မကျူးလွန်မိစေကာမူ မိမိအဖို့ အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းပေါ်၌ ဦးတည်မိစေမည်ဆိုလျှင် ရှောင်ခွာရပေလိမ့်မည်။ အန္တရာယ်ပိုင်းသို့ မရောက်သေးသည့် အပိုင်းအခြားတွင် တန့်ရပ်နေပေမည်။

## လွန်ကျူးမှုများ

ဥပမာ ကံစမ်းရုံမျှ ထီထိုးရာမှ ဥစ္စာစည်းစိမ်ထိပါးလောက်အောင် အလောင်းအစား လုပ်သည်အထိ ကံစမ်းရန်မသင့်ပေ။ အပျင်းပြေ ကျားကစားရာ ဇယ်တောက်ရာမှ ဖဲကတ်ထိအောင် နယ်မကျွံစေသင့်ပေ။ မိမိ၏အိမ်ထောင်နှင့် ပျော်ပါးသည်ထက်လွန်၍ ဖောက်ပြန်လော်လည်ခြင်း မပြုသင့်ပေ။ အားတိုးဆေးများ သောက်ရာမှ ဗီစကီ၊ ဘရန်ဒီကိုပါတိုး၍ သောက်ရန် အာရုံမလိုသင့်ပေ။ အာရုံပြောင်းလဲရန် ရုပ်ရှင်ကြည့်ရာမှ



ဘစ်ရုံဆင်းတစ်ရုံတက် ရုပ်ရှင်ကားတိုင်း မလွတ်အောင် ပေါင်နှံ၍ ကြည့်ရန်မသင့်ပေ။ မိမိအာရုံကို ပျော်ရုံပါးရုံ အပြစ်မဲ့သော သာယာရုံထက်ပို၍ ပျော်လမ်းရှိသလောက် လျှော့လွှတ်လိုက်မည်ဆိုလျှင် အန္တရာယ်ခွင်သို့ ဦးဆောက်ထိုးကျသွားပေလိမ့်မည်။

အလုအပဝတ်စားချင်သော မိန်းကလေးသည် အချစ်ကိုဗန်းပြ၍ ပေးကမ်းမှုလက်ဆောင်ကို မြူမြိုက်ရာမှ ဝတ်စားနေကျ အဆင့်အတန်းကို မလျှော့ကျစေရန် လိုက်လျှောရှာဖွေရာမှ ကြေးစားဘဝသို့ ရောက်သွားရသည်လည်းရှိပေသည်။ စာရိတ္တယိမ်းယိုင်လော်လည်ခြင်း မရှိစေကာမူ အားမကင်းသော မှောင်ခိုလုပ်ငန်းတွင် ကျင်လည်ရာမှလွတ်ပေါက်ထွက်ပေါက်ရှာရင်း ကိုယ်ကိုရင်းနှီးခဲ့ရသည့် မိန်းကလေးများလည်းရှိလေသည်။ မူလအစက“ငါ သည် ဘဝကို လက်ခံကူးဝှင်တော့မည်”ဟု ရည်ရွယ်ရင်းမရှိဘဲ မသိမသာပျက်စီးရတတ်ပေရာ ဘဝအန္တရာယ်ကို စောစီးစွာကကြိုတင်မြော်မြင်တတ်ရပေသည်။ မည်သည့်မီးရထားကို လမ်းဆုံးစီးလျှင်မည်သည့်ဘူတာသို့ ဆိုက်ရောက်မည်ကို သတိထားရပေလိမ့်မည်။ မရောက်လိုပါက လမ်းဘူတာတွင်ပင် ဆင်းချန်နေခဲ့ရပေလိမ့်မည်။

*“ငါစိတ်နိုင်ပါတယ် ဒီလိုတော့မဖြစ်နိုင်ပါဘူး”*ဟူ၍ အထင်ကြီးသော သူကောင်းသားသည် ဘိန်းစားဘဝသို့ ရောက်သွားရသည်လည်း ရှိပေသည်။ ချိုးကပ်နေသော အရက်သမားသည် အစဦးက အပေါင်းအသင်းကြုံခိုက် ပျော်ရုံပါးရုံ ထန်းရည်သောက်ရာ၌ တစ်နေ့သောအခါ ဤသို့သော နှိမ်မောင်မောင်ဘဝသို့ ရောက်ရလိမ့်မည်ဟု လုံးဝထင်မြင်မိခဲ့လိမ့်မည်မဟုတ်ပေ။ ကိုယ်ပျက်ကာ ခြေဒရွတ်ဆွဲနေရသူသည်လည်း ပျော်စဉ်ပါးစဉ်အခါက *“ဆေးထိုးဆေးသောက်လျှင် ပျောက်နိုင်တာမျိုးပဲ”*ဟူ၍သာ အမှတ်အသားထားခဲ့မိပေလိမ့်မည်။

အန္တရာယ်ကို အထင်သေးခြင်းသည် မှောက်မှားမှုကို လျင်မြန်စေနိုင်ပေသည်။ ကြောက်တတ်ဝန်ကင်းဆိုသည်မှာ ဤနေရာမျိုးနှင့် သက်ဆိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူ့လောကတွင် ရာဇဝတ်မှုများကို တရားဥပဒေဖြင့် ပညတ်ထားပေသည်။ ဘာသာတရားတွင်မူကား ရာဇဝတ်မှုသို့ ဦးတည်နိုင်သော အရင်းအမြစ်တို့ကိုပါ ပိတ်ပင်ထားပေသည်။ ဒုစရိုက်ဆယ်ပါးတွင် ပိတ်ပင်ထားသော အမှုများသည် လူမှုလောကတွင် အခြားသူများနှင့် ဆက်ဆံရေး၌ ထိခိုက်စေနိုင်သောကြောင့် ပိတ်ပင်ချက်များဖြစ်လေသည်။ အကျင့်သီလများတွင်မူကား မိမိ၏ကိုယ်စိတ်တို့ကို စင်ကြယ်စေနိုင်ရန် ထိန်းသိမ်းရောင်ကြဉ်အပ်သော အချက်များကိုပါ ဖော်ပြထားလေသည်။ သီလကို မစောင့်နိုင်ခဲ့သော် ဒုစရိုက်ကိုကား ရှောင်နိုင်ရပေမည်။ ဥပမာ **အဗြဟ္မစရိယာဟူသော** မေထုန်ရှောင်ကြဉ်မှုကို မရှောင်ကြဉ်နိုင်စေကာမူ **ကာမေသုမိစ္ဆာစာရဟူသော** သူတစ်ပါးပိုင်ဆိုင်ခွင့်သတ်မှတ် ကန့်သတ်ထားသူကို ကျူးကျော်ဆက်ဆံမှုမျိုးကို ရှောင်ရှားရပေလိမ့်မည်။ တရားဥပဒေအရ ကျူးလွန်ခံရသူက အလိုမတူဘဲ တိုင်တမ်းထွက်ဆိုလျှင်ဖြစ်စေ၊ ပိုင်ဆိုင်သူက မကျေနပ်၍ အနိုင်အမာ စွဲဆိုတင်ပြနိုင်လျှင်ဖြစ်စေ အပြစ်သင့်ရောက်မည်ဖြစ်သော်လည်း လူမှုဥပဒေအရ ကျူးလွန်မိလျှင်ပင် အခြားသူမသိမြင်စေကာမူ လူ့စည်းဆောင်ချိုးဖောက်အမည်းစွန်းထင်လေပြီဖြစ်ပေသည်။ ထို့ကြောင့် တရားဥပဒေဆောင်ကိုသာမက မိမိကိုးကွယ်ရာ ဘာသာရေးကျင့်ဝတ်ဆောင်နှင့် လူအချင်းချင်းစောင့်သိအပ်သော လူ့ဆောင်စည်းကမ်းများကိုပါ ထိန်းစောင့်ရန်လိုပေသည်။

မကောင်းမှုဟူသည်မှာ ကာယကံမှုမျှသာ မဟုတ်ပေ။ စိတ်အမှုအရာနှင့် နှုတ်အမှုအရာတို့လည်း ပါဝင်လေသည်။ ကာယကံမှုမှာ ရုတ်တရက်ချက်ချင်းထိလွယ် လွန်လွယ်၍ အဆိုးဆုံးအဖြစ် သတ်မှတ်ရသော်လည်း စိတ်မှု၊ နှုတ်မှုများသည်လည်း ကောင်းမွန်သည်မဟုတ်ပေ။ စိတ်က ကြံစည်သလို ကိုယ်နှုတ်က ကျူးလွန်ရသည်ဖြစ်က စိတ်မငြိမ်သမျှ စိတ်ကို မကျူးလွန်နိုင်အောင် ရုပ်ခန္ဓာကို တုပ်နှောင်၍ မထားနိုင်သမျှကာလပတ်လုံး စိတ်ကိုလည်း လွှတ်ထား၍ မရပေ။ စိတ်ကို ဆင်ရိုင်းနှင့်ပမာနှိုင်းသည်မှာ အလွန်ပင်ဆီလျော်ပေသည်။



## စိတ်ဖောက်ပြန်မှု

ပြစ်မှုကျူးလွန်သမျှ စိတ်ကြောင့်သာဖြစ်ပေသည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန စသော စိတ်များ၏လှုံ့နှိုးချက်ကြောင့် ကာယကံမှုများပေါ်ပေါက်လာရလေသည်။ စိတ်အခြေက စ၍ ကွပ်နိုင်ထိမ်းနိုင်မှ အမှုအပေါက်နည်းပေမည်။ *"ငါမခိုးဘူး၊ ငါလာဘ်မစားဘူး၊ ငါမဟုတ်တာမလုပ်ဘူး"*ဟူ၍ တင်းမာနိုင်မှ ကိုယ်လက်အပြုအမူများက အပြစ်နှင့်ဝေးပေလိမ့်မည်။ အကယ်၍ စိတ်က ဆိုးသွမ်း မိုက်မဲရုံသာမက မကောင်းမှုတစ်ခုခုပြုမူရမှ သာယာမှုခံစားရသော ဖောက်ပြန်မှုမျိုး ကိန်းဝင်မည်ဆိုပါက ဘဝတစ်ခုလုံး ဆိုးသွမ်းသွားပေလိမ့်မည်။ ငယ်ရွယ်သူများကို မခံသာအောင်ကျီစားတတ်ခြင်း၊ သူတစ်ပါးမျက်ရည်ပေါက် ကြီးငယ်ကျရသည်ကိုကျေနပ်ခြင်း၊ ရက်စက်စွာ ထိုးခုတ်သတ်ဖြတ်ခြင်းကို ကြည့်ကောင်းခြင်း၊ သူတစ်ပါး၏အသည်းကို ခွဲရသဖြင့် ဂုဏ်ယူကျေနပ်ခြင်း စသည်တို့မှာ မကောင်းမှု၌ ပျော်ပိုက်တော့မည့် စိတ်ဖောက်ပြန်မှု၏တာစူခြင်းများဖြစ်သဖြင့် သတိကြီးစွာထားအပ်ပေသည်။

မိမိစိတ်ကို ကောင်းစွာ နိုင်နင်းခြင်းသည် စိတ်တန်ခိုးပင် ဖြစ်လေသည်။ မိမိစိတ်ကို ရှုမြင်စေရာ၌ မရွေ့မတိမ်း မပျောက်မလွင့်ရအောင်တည်နိုင်ခြင်းကို သမာဓိဟု ဆိုလေသည်။ စိတ်တန်ခိုးသည်မျှလောက်အဆင့်မမြင့်စေကာမူ **"အကျိုးမရှိမကောင်းသောအလုပ်ကိုမလုပ်"**ဟူ၍ ကြံ့ကြံ့ရပ်ခံနိုင်သည်အထိမူကား ထက်မြက်ပေသည်။ နိပါတ်တော်မှ ဘုရားလောင်းများကဲ့သို့ **"အသက်သာအသေခံမည် ဒုစရိုက်မှုမပြု"**ဟူသော ရင့်ကျက်မှုအထိမကြီးထွားစေကာမူ လူ့လောက၏ ခံနိုင်လောက်သော အခက်အခဲများကြောင့်မူကား အကုသိုလ်မှုကိုမပြုဟူ၍ ရပ်တည်နိုင်စရာရှိပေသည်။ ဖွဲ့သတ္တိခင်းမာသော သူလျှိုများသည်လည်း ရက်စက်စွာ ညှင်းပန်းမှုကိုပင်ခံ၍ အခိုင်အမာနှုတ်တည်ခဲ့ကြပုံများကို သတိပြုနိုင်ပေသည်။ "ဆင်းရဲလျှင် ငရဲမကောင်း၊ မှာ မတောင့်လျှင် သီလမစောင့်နိုင်"ဟူသော စကားများသည် ပွဲတို့ဖြ

www.burmeseclassic.com



ယဘောယျခံနိုင်ရည်အတွက် ကောက်ချက်များပင် ဖြစ်ပေသည်။ ထိုစကားကို စာရိတ္တအရာ၌ လျော့ပါးပေးရန်အတွက် အကိုးအကား ဖြေဆေးများ သဖွယ်ကား မယူဆသင့်ပေ။

ကျွန်ုပ်တို့ရှောင်ကွင်းအနိုင်တိုက်ရမည့် အန္တရာယ်များမှာ ရုပ်ခန္ဓာ၏ လက်လွှတ်စပယ်ကျူးလွန်လိုက်စား မိုက်မှားမှုများသာ မဟုတ်ပေ။ ကျွန်ုပ်တို့၏စိတ်သဏ္ဍာန်၌ ပူးဝင်နှောင့်ယှက်တတ်သော အန္တရာယ်များလည်း ပါဝင်ပေသည်။ ကျွန်ုပ်တို့၏စိတ်တွင် သူတစ်ပါးအား စော်ကားမည့် မနာလိုဝန်တိုစိတ်၊ မကောင်းကြံစိတ်၊ တစ်ကိုယ်ကောင်းစိတ် စသည်တို့က တစ်ပိုင်းကိန်းဝင်၍ အာရုံသာယာမှုများကို ခံယူကာ ဖောက်ပြန်သောစိတ်၊ မက်မောသောစိတ်၊ သာယာသောစိတ်များက တစ်ပိုင်းကိန်းဝင်နေလေသည်။ လောဘ ဒေါသ စသည်တို့၏ရှောင်ပြန်ရိပ်များပင် ဖြစ်ပေသည်။

ထိုမှတစ်ပါး ပျင်းစိတ်၊ လေစိတ်၊ အားပျက် ဆုတ်နစ်စိတ်၊ ကြောက်စိတ်စသည့်စိတ်များသည်လည်း သူတစ်ပါးအား တိုက်ရိုက်မထိပါးစေကာမူ မိမိကိုယ်ကို ဒုက္ခပေးနေသော စိတ်များပင်ဖြစ်လေသည်။

ဘဝတွင် တိုးတက်ကြီးပွားလိုသူအတွက် ပျင်းစိတ်မှာ **ဓမ္မအန္တရာယ်** ပင်ဖြစ်ပေလိမ့်မည်။ ပျင်းရသည်မှာ သက်သာသည်။ လုံ့လထုတ်ရသည်မှာ ပင်ပန်းလေသည်။ သက်သာမှုကြိုက်သောသူသည် ပျင်းရန်လွယ်ကူပေလိမ့်မည်။ ထိုပျင်းစိတ်ကို မောင်းမထုတ်နိုင်လျှင် ဤလောက၏ တိုးတွင်းကြံစည်မှုများ တီထွင်လုပ်ကိုင်မှုများ အနုပညာအားလုံးသည် ခြောက်သွေ့ဆိတ်သုဉ်းသွားပေလိမ့်မည်။ ဝမ်းဝရုံ ခါးလှရုံမျှနှင့်တော်ပြီဟု ကန့်သတ်ထားသူများအဖို့ ဝမ်းမဝမချင်း ပျင်းစိတ်ဖယ်ရှားနေမည်ဖြစ်သော်လည်း ဝမ်းဝသွားသောအခါ အပျင်းစိတ်ကို ဖိတ်ခေါ်နေပေလိမ့်မည်။ ဤအပျင်းစိတ်ကြောင့် အသုံးချ၍ရနိုင်ကောင်းသောအချိန်များ စွမ်းအားများသည် လေလွင့်ဆုံးပါးသွားရပေလိမ့်မည်။



# ငြီးငွေ့စိတ်

ပျင်းစိတ်၏ အစွယ်အပွားမှာ ငြီးငွေ့စိတ်ပင် ဖြစ်လေသည်၊ အလုပ်တစ်မျိုးတစ်စားတည်းကို အချိန်ကြာမြင့်စွာ အာရုံစွဲစိုက်လုပ်ကိုင်နေရပါက ငြီးငွေ့လာတတ်ပေသည်။ ငြီးငွေ့စအခါ၌ အာရုံပြောင်းလဲမှုနှင့် စားနိုင်သော်လည်း ငြီးငွေ့ရာမှ ပျင်းလာသောအခါတွင်မူကား ကုစားရန် ခဲလာတတ်ပေသည်။ “ကြာကြာဝါးမည့်သွားအရိုးကြည့်ရှောင်”ဟူသော စကားအတိုင်း ကာလရှည်ကြာ တိုက်ပွဲဆင်နွှဲနေရမည့်ဘဝတွင် အဘယ်အရာမှ မငြီးငွေ့ရအောင် သတိပြုရပေမည်။ သံသရာကို ငြီးငွေ့ခဲ့လျှင် သိုလ်စိတ်ဝင်မည်ဖြစ်သော်လည်း လက်ရှိအခြေအနေ လက်ရှိအိမ်ထောင်ရှိပျော်မွေ့မှုတို့ကို ငြီးငွေ့လာမည်ဆိုသော် အသစ်သောဖြေဖျော်ရာကို မွေ့မိတော့မည်မှာမလွဲပေ။ ထို့ကြောင့် အရာရာတွင် ငြီးငွေ့လောက်သည့် အခြေသို့မရောက်စေဘဲ မိမိ၏စိတ်တွင်လည်း ငြီးငွေ့ခြင်းသဘောတရားကို ထုတ်ထားရမည်။ ကျွန်ုပ်တို့သည်နေ့စဉ် အစာစားသောက်ခြင်းကို ငွေ့မည်ဆိုက အငတ်ခံ၍သေဖွယ်ရာသာရှိပေလိမ့်မည်။ ဘဝကို ငြီးငွေ့၍ ကုဋ္ဌာရာ ထွက်လမ်းရှာခြင်းမပြုဘဲ မိမိကိုယ်ကို သတ်သေသွားမည်ဆိုပါလည်း အကျိုးမရှိနိုင်ပေ။

ငြီးငွေ့ခြင်း ပျင်းခြင်းတို့သည် တက်ကြွခြင်း လုံ့လဝီရိယရှိခြင်းနှင့် ကျင်ဖက်ပင်ဖြစ်ပေသည်။ လူသည် အမြဲဖြတ်လတ်တက်ကြွ၍ ဆင်နွှဲ တိုက်ပွဲအတွက် အသင့်ရှိနေရပေမည်။ သွေးပူလေ့ကျင့်ခန်းများလုပ်ရန် ဘဲ ထာဝစဉ်နိုးကြားတက်ကြွနေရပေမည်။ မှိုင်ခြင်း ငိုင်ခြင်း ဘာလုပ်ရပါ ဟု စဉ်းစားတွေဝေခြင်းများ မရှိစေရပေ။ ဘာလုပ်မည်ဟူသော ကြံစွယ် နှင့် လုပ်ငန်းချိန်ဇယားတို့က အမြဲကြိုလင့်နေရပေမည်။

ယုတ်စွအဆုံး အားလပ်ရက်များကို စနစ်တကျ သုံးရန်အတွက် ချင် ကြိုတင်ရေးထားနိုင်ရပေမည်။ အလုပ်တစ်ခုမှ အခြားတစ်ခုသို့ ပြောင်းရွှေ့နေရပေမည်။ လည်ပတ်နေသော စက်တွင် ကြိတ်ဝါးစရာမပြတ်



www.burmeseclassic.com

www.burmeseclassic.com



ထည့်သွင်းပေးနေဘိအလား ကိုယ်နှင့်စိတ်တို့ကို ကြိတ်ဝါးစရာ အစဉ်ရှာဖွေ ပြင်ဆင်ထားရပေမည်။ သို့မဟုတ်ပါက အဖိုးတန် အချိန်များလေသွားပေမည်။

ကြောက်စိတ်၊ အောင်မှအောင်ပါမည်လား ဟူသော မိမိကိုယ်ကို မယုံကြည်သောစိတ်၊ ချီတုံချတုံ ဝေခွဲမရသောစိတ်၊ လေးဖင့်စိတ်မပါသော ဆုတ်နစ်စိတ်၊ စသည်တို့သည်လည်း ဘဝအန္တရာယ်များပင် ဖြစ်လေသည်။ ထိုအန္တရာယ်များကို မိမိကိုယ်စိတ်သဏ္ဍာန်မှ ပယ်ရှားတိုက်ထုတ်ရပေမည်။ သို့မှသာ ကောင်းသောဉာဏ်၊ ဝါသနာ စိတ်ကူးအတွေးအခေါ်၊ အလေ့စရိုက် စသည်များ ဝင်စားရန် နေရာရပေလိမ့်မည်။ ဤတိုက်ပွဲသည်ကား ဘဝ အန္တရာယ်တိုက်ပွဲပင် ဖြစ်လေသည်။

* * *

# စီးပွားရေးတိုက်ပွဲ

ဘဝရပ်တည်ရေးတွင် စီးပွားရေးသည် အခြေခံအင်အားပင်ဖြစ်လေသည်။ စီးပွားဆိုသည်မှာ ပင်ရင်းအားဖြင့် စားဝတ်နေမှု ဖူလုံစေနိုင်သည့် ငွေအင်အားပင် ဖြစ်ပေသည်။ လစဉ်ဝင်ငွေဖြစ်စေ၊ နှစ်စဉ်ဝင်ငွေဖြစ်စေ အခါ အားလျော်စွာ ရရှိသောဝင်ငွေပင်ဖြစ်စေ မိမိနှင့်မှီခိုသူအိမ်ထောင်စုကို ထောက်တည်နိုင်စွမ်းသော ဓနအင်အားရှိရန်လိုပေသည်။ ထိုအင်အားမှာ ပါဝင်သော အိမ်ထောင်စု၏ အဆင့်အတန်းအလျောက် သုံးစွဲရန် လိုအပ်သည့် အတိုင်းအတာဖြစ်၍ တစ်ဦးနှင့်တစ်ဦး တူညီနိုင်မည် မဟုတ်ပေ။ အသုံးစရိတ်တာဝန် ကြီးလေးပါက ပိုမိုလိုအပ်၍ သုံးစွဲရန်ကိစ္စနည်းပါးပါက ကြိုတင်စွာပင် လိုအပ်မည်ဖြစ်လေသည်။

ဆာဂစုဆောင်းမှုသဘောတရားတွင် လူတို့သည် နေ့စဉ်စားဝတ်နေရေးအတွက်သာမက သက်တောင့်သက်သာနေနိုင်ရန်အတွက် ငွေနှင့်ပြန်လည်ရင်းနှီးရန်အတွက် အရင်းအနှီးများနှင့် ကုန်ထုတ်ကိရိယာများကို ဆောက်ကိရိယာ အသေးအဖွဲမှအစ စက်ရုံကြီးများအထိ ပိုင်ဆိုင်ရန် ကြိုးစားကြပေသည်။ နေထိုင်မှုတွင် စည်းစိမ်တိုးပွားစေရန် အာရုံငါးပါး ခံစားနိုင်မည့် ဓိမ်ခံပစ္စည်းများကိုလည်း သုံးစွဲလိုကြပေသည်။ သာသမီး



www.burmeseclassic.com

www.burmeseclassic.com



မြေးမြစ် အဆက်အနွယ်များအတွက် အမွေအနှစ်ပေးချန်နိုင်အောင်လည်း အစုအဆောင်း ပြုလိုကြပေသည်။ လူတို့၏ ဓနလိုအင် ဟူသည်မှာကား အတောသတ်နိုင်မည် မဟုတ်ပေ။

နိုင်ငံ၏ စီးပွားရေးစနစ်အရ ပုဂ္ဂလိက လုပ်ငန်းကြီးများ ရင်းနှီး ထူထောင်ခွင့်ရသော နိုင်ငံများ၌ ထူထောင်ကြပေသည်။ ထူထောင်ခွင့်မရသော နိုင်ငံများတွင် ပိုလျှံသော ဓနစုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှုများကို အကြီးအကျယ် မျှော်မှန်းလောဘထွက်ခြင်းများ လျော့နည်း၍ သမဝါယမ စနစ်၊ နိုင်ငံပိုင်စနစ်များ ထွန်းကားပေသည်။ ထို့မှတစ်ပါး သားသမီးများ အတွက်လည်းကောင်း၊ အိုမင်းမစွမ်းရှိချိန်အတွက်လည်းကောင်း၊ ကြောင့်ကြပူပင်ရန် မလိုဘဲ နိုင်ငံတော်က တာဝန်ယူသော နိုင်ငံများတွင် နောင်ရေး အတွက် စုဆောင်းမှု ပုဂ္ဂလိက ပစ္စည်းစုဆောင်းမှုများဘက်တွင် လောဘ နည်းပါးသွားတတ်ပေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် စီးပွားရေးစနစ် အမျိုးမျိုးကို မိမိတို့ အမြော်အမြင်အတိုင်း အနည်းနည်းကြံဆစီမံကြရာတွင် နိုင်ငံ၏ စီးပွားရေးစနစ်ပုံစံသည် ပုဂ္ဂလိကစီးပွားရေး အတိုင်းအဆကို အနည်းနှင့်အများ လမ်းကြောင်းပေးလေ့ရှိပေသည်။

မည်သို့ပင်ဖြစ်စေ စီးပွားရှာခြင်း၏ အမြင့်ဆုံးအပိုင်းတွင် လောဘ သင်္ကာယကြီးမား၍ သူတစ်ပါးကို ထိခိုက်စေသော ခေါင်းပုံဖြတ် အမြတ် ကြီးစားလုပ်ငန်းမျိုး လုပ်ကိုင်မိသည်အထိ ဖောက်ပြန်သော အခြေအနေသို့ မရောက်စေသင့်ပေ။ စီးပွားမြင့်တက်လွန်းလျှင် စာရိတ္တနှင့် စိတ်ထားဖောက် ပြန်တတ်၍ အတ္တစွဲကြီးမားတတ်ပေသည်။ ကမ္ဘာစစ်ပွဲကြီးများသည်ပင် လောဘကိုအခြေခံပေသည်။ ထို့မှတစ်ပါး သူတစ်ပါးအကျိုးကို မငဲ့ဘဲ မိမိ အကျိုးကိုငဲ့လွန်းခြင်း၊ လိုသည်ထက်ပိုသော ဥစ္စာငွေကြေးများ လည်ပတ်မှု မရှိဘဲ စုပုံနေခြင်း ပစ္စည်းအင်အား အရှိန်အဝါဖြင့် မတရားသော ဖိနှိပ် လွှမ်းမိုးမှုပြုခြင်းစသည်တို့ မဖြစ်ပေါ်အောင်လည်း သတိပြုရပေမည်။ ထို့ကြောင့် မိမိဘဝလမ်းကြောင်းတစ်လျှောက် မှန်ကန်စွာစားသောက်နေထိုင် နိုင်လောက်သည့် ငွေကြေးဥစ္စာ စီးပွားထက် ပိုလျှံပိုင်ဆိုင်ခြင်းမျိုးကို



မလိုလားအပ်ပေ။ ထို့ထက်ပိုလျှံပါက လူ့လောကတစ်ရပ်လုံး၏ ငွေကြေး စီးဆင်းမှုတစ္စာ လည်ပတ်မှုတွင် မညီမမျှ နိမ့်မြင့်ခြားနားခြင်းရှိစေနိုင်၍ ဖောက်ပြန်မှုများလည်း ဖြစ်ပေါ်စေနိုင်ပေသည်။

စီးပွားရှာဖွေခြင်း၏ အနိမ့်ဆုံးအပိုင်းမှာကား စားဝတ်နေရေးနှင့် အလုပ်ရပ် ဘဝရပ်တည်ရေးအတွက် သင့်တင့်စွာ ဖူလုံမှုရှိရန်ပင် ဖြစ်လေ သည်။ လူဆိုသည်မှာ စားရ ဝတ်ရ နေရရုံနှင့်မပြီးသေးဘဲ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ကုသိုလ်ရေး၊ နောင်ရေး၊ ပျော်ရွှင်ရေး စသည် တို့က ရှိနေရဦးမည်ပင်ဖြစ်လေသည်။ စားဝတ်နေမှုဖူလုံရေးမှာ အခြေခံပင် ဖြစ်သော်လည်း လူ့လောကတွင် ရပ်တည်နေခဲ့လျှင် အခြားလူများနည်းတူ အခြားအရေးများလည်း အနည်းနှင့်အများ ရှိနေမည်ပင် ဖြစ်လေသည်။ အရေးဟူသမျှကို မဖြေရှင်းစေနိုင်ကာမူ အရေးတကြီး လိုအပ်သော အရေး များကိုကား ဖြည့်တင်းရမည်ဖြစ်လေသည်။ လူတိုင်းသည် ထိုအနိမ့်ဆုံး စီးပွားရေးအခြေအနေကို ပြည့်မှီအောင် မိမိစွမ်းအားရှိသမျှ ကြိုးပမ်း အားထုတ်ရပေလိမ့်မည်။ ဤတိုက်ပွဲသည် လူတိုင်းတိုက်ခိုက်နေရသော တိုက်ပွဲပင်ဖြစ်လေသည်။

**စီးပွားရေးနှင့်ပတ်သက်၍ လူတိုင်းတွင်ရှိအပ်သည့် အရည်အချင်း များကို ခွဲခြားလေ့လာရန် လိုပေသည်။ ထိုအရည်အချင်းများကား...**

**၁။ စီးပွားရှာတတ်ခြင်း။**

**၂။ စီးပွားငွေကြေးကို မှျတအောင် စီမံသုံးစွဲတတ်ခြင်း။**

**၃။ ချွေတာစုဆောင်းတတ်ခြင်း ဟူ၍ သုံးပိုင်းပင်ဖြစ်ပေသည်။**

လူအများစုကို့သည် သာမန်အားဖြင့် စီးပွားရှာဖွေတတ်လျှင် စီးပွားရေး၌ အောင်မြင်ပြီးစီးပြီဟု ထင်မှတ်နေမိတတ်ကြပေသည်။ ထိုသို့ကားမဟုတ်ပေ။ ကျန်အရည်အချင်း နှစ်ရပ်နှင့် မပြည့်စုံပါက ရသင့်သော ကြီးပွားတိုးတက် မှုကို မရရှိနိုင်ပေ။

စီးပွားရှာဖွေတတ်သော အရည်အချင်းကို ခွဲခြမ်းစိတ်ဖြာလျှင် မိမိ အမွေခံ၌ ပိုင်ဆိုင်သော ကာယဉာဏ စွမ်းရည်ကတစ်ပိုင်းဖြစ်၍ အကြံအဖန်

အမြော်အမြင်နှင့် အခွင့်အလမ်း ရှာဖွေရယူတတ်သော လာဒ်မြင်မှု (ဝါ) အကင်းပါးမှုမှာတစ်ပိုင်းဖြစ်လေသည်။ စီးပွားရှာဖွေရေး အပိုင်း၌ပင်လျှင် အရည်အချင်းရှိပါလျက် မလုပ်တတ် မကိုင်တတ်သူ အများအပြားပင် ရှိတတ်လေသည်။ တက္ကသိုလ်မှ တစ်နှစ်တည်းတွင် ဝိဇ္ဇာဘွဲ့ရသူနှစ်ဦးအနက် တစ်ဦးကကြီးပွားချမ်းသာ၍ တစ်ဦးကစားဝတ်နေနိုင်ရုံမျှသာ အခြေရောက်သည်ကို မျက်မြင်တွေ့ရှိကြပေလိမ့်မည်။ ဤသို့ ကွာခြားရခြင်းကို အချို့က ဘဝကံကြောင့်ဟူ၍ ကံကိုသာ ယိုးမယ်ဖွဲ့ကြပေလိမ့်မည်။ ကြုံတွေ့ရသော အခြေအနေ အခက်အခဲများ မတူညီခြင်းအပြင် လုပ်ရည်ကိုင်ရည်ခြင်း မတူသည့် အချက်လည်းရှိပေဦးမည်။ ထိုမျှသာမက ဘွဲ့ရပညာတတ်သူထက် မည်သည့်ဘွဲ့မျှမရဘဲ ကြီးပွားချမ်းသာနေသူများလည်း ရှိပေသေးသည်။

## လူ့လောကမှပညာ

ထို့ကြောင့် စီးပွားရေးတွင် ကျောင်းသင်ပညာကိုချည်း အားကိုး၍ မရပေ။ ကျောင်းသင်ပညာကို လက်တွေ့အသုံးချမှုနှင့် လောကပတ်ဝန်းကျင်တွင် တွေ့ထိရသော ပြဿနာများ၌ အသုံးဝင်အောင် သုံးစွဲစေစားတတ်မှုလိုပေသည်။ ကျောင်းသင်ပညာကလည်း ဘဝ၏အသက်မွေးဝမ်းကြောင်းကို အပြည့်အဝ ထောက်ပံ့နိုင်စွမ်း ရှိစေရမည့်အပြင် ပညာမတတ်သူထက် ထူးကဲသာလွန်သော စွမ်းဆောင်မှုမျိုး ရှိစေရပေမည်။ သို့မှလည်း ပညာကို ကြိုးစား၍ သင်ကြားကြပေမည်။ ပညာ၏တန်ဖိုးကိုလည်း မျက်မြင်ယုံကြည်ပေမည်။ ပညာတတ်ရခြင်း၏ ခြားနားမှုကိုလည်း သိမြင်သဘောပေါက်ကြမည်။

လူမှုလောကတွင် ကာယအား ဉာဏအားကိုသာ အရင်းအနှီးပြုစေရပေမည်။

သို့မှလည်း လူ့လောကတွင် လူသားများ၏ ယှဉ်ပြိုင်မှုသည် တရားနည်းလမ်းကျပေမည်။ ပညာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ



ငွေကိုငွေနှင့် ရင်းနှီးနိုင်လျှင် ကြီးပွားချမ်းသာနိုင်သည်ဟူသော သဘောတရား ခိုင်မြဲနေသေးမည်ဆိုပါက လူတိုင်း မိမိ၏ ကာယဉာဏစွမ်းရည်ကို တန်ဖိုးထားကြလိမ့်မည် မဟုတ်ပေ။ သို့ဖြစ်လျှင် လူ့လောက၏ ဇာတိအရည်အသွေးများ တဖြည်းဖြည်း နိမ့်ကျသွားပေလိမ့်မည်။

စီးပွားရှာဖွေရာတွင် ကျောင်းသင်ပညာကို အတုံးလိုက် အတစ်လိုက် သုံးစွဲ၍ မရတတ်ပေ။ စင်စစ်အားဖြင့် ကျောင်းသင်ပညာမှာ ပညာတစ်ရပ်အတွက် အခြေခံလမ်းကြောင်း ဖွင့်ပေးခြင်းဖြစ်၍ ထိုပညာကို အခြေပြု၍ စီးပွားရေး အလုပ်စခန်း(ဝါ) ဝင်ငွေရရေးလုပ်ငန်းအဖြစ်သို့ ပြောင်းလဲဖန်တီးရာတွင် အမြော်အမြင် အကြံအဖန်သည် များစွာ အရေးပါအရာရောက်သည်။ ပညာတတ်မြောက်သူချင်း တူညီစေကာမူ အလုပ်ရွေးချယ်တတ်ခြင်း၊ မိမိမျှော်မှန်းသော အလုပ်ကိုရရှိအောင်မြင်အောင် ကြံဖန်တတ်ခြင်း၊ ကြိုးစားဆောင်ရွက်တတ်ခြင်း၊ ဇူးစမ်းလေ့လာ၍ ချဉ်းကပ်တတ်ခြင်း စသည်တို့မှာ တစ်ဦးနှင့်တစ်ဦး ကွဲပြားသော အရည်အချင်းများ ဖြစ်လေသည်။ ဤသို့ အကြောင်းကွဲပြားသဖြင့် အကျိုးကွဲပြားရခြင်းကို နေရာတကာတွင် ကံကိုလည်းကောင်း၊ မျက်နှာလိုက်မှုကိုလည်းကောင်း လွှဲချ၍မနေသင့်ပေ။ အခြားအကြောင်းများ ပါသင့်သလောက် ပါမည်ဖြစ်စေကာမူ လူ၏စွမ်းဆောင်မှုအရည်အချင်းသည် အများအားဖြင့် အခရာဖြစ်သည်ကို သတိမလစ်သင့်ပေ။

စာရေးသူသည် အလုပ်အကိုင်နှင့်ပတ်သက်သော ရွေးချယ်စီစစ်မှုများကိုလည်းကောင်း၊ စာမူရွေးချယ်စီစစ်မှုကိုလည်းကောင်း၊ ပြိုင်ပွဲစစ်ဆေးမှုများကိုလည်းကောင်း ဆောင်ရွက်လုပ်ကိုင် ဖူးပေသည်။ အရည်အချင်းအတွေးအခေါ် စိတ်ကူးဉာဏ်ကောင်းများကိုလည်းကောင်း၊ ညံ့ဖျင်းသူများကိုလည်းကောင်း တွေ့ရှိရတတ်ပေသည်။ လူတိုင်းသည် အသိဉာဏ်အခြေအနေချင်း မတူညီကြပေ။ ကျောင်းပညာအရည်အချင်းညီပါလျက် အတက်မြောက်မှု၊ စွမ်းဆောင်မှု၊ ပါးနပ်မှု၊ လျှင်မြန်မှုတို့တွင် မတူကြသည်ကို ကောင်းစွာ သတိပြုမိပေသည်။ ထို့ကြောင့် ကြီးပွားတိုးတက်မှုတွင် ပညာ

www.burmeseclassic.com



အရည်အသွေးတစ်ခုတည်းဖြင့် မလုံလောက်ဘဲ လူ၏သွက်လက်ပါးနပ် မြော်မြင်တတ်မှုများသည် အရေးကြီးကြောင်း နားလည်ရပေသည်။ စီးပွားရေးတိုက်ပွဲတွင် လူစွမ်းလူစ တိုးတက်ရေးကိုပါ နည်းလမ်းကောင်း တစ်ခုအဖြစ် အသုံးပြုရပေမည်။

စီးပွားရှာသည် ဆိုသော စကားကို လေးနက်စွာ သတိပြုသင့်ပေသည်။ စီးပွားရှာ၍ယူမှ ရတတ်ပေသည်။ စီးပွားက မိမိအိမ်ပေါ်သို့ ရောက်လာသောအခါများလည်း ရှိပေလိမ့်မည်။ သို့ရာတွင် အလိုအလျောက် ရောက်လာခြင်းမဟုတ်ပေ။ အတိတ်က ဆက်စပ်သောအကြောင်း အနာဂတ်တွင် ဆက်စပ်မည့် အကြောင်းများရှိပေသည်။ မိမိ၏ကာယ ဉာဏစွမ်းရည်ကို တစ်နည်းနည်းအကြောင်းခံသော ပစ္စည်းဆက်မှုလည်း ရှိပေသည်။

ထိုသို့ ထူးခြားသော ဖြစ်တောင့်ဖြစ်ခဲ ကိစ္စမှတစ်ပါး အချိန်တိုင်းတွင် လူကသာလျှင် စီးပွားရှာရပေသည်။

စီးပွားရှာရမည့် အခွင့်အလမ်း၊ ကာလ၊ ဒေသ၊ အခြေအနေ၊ အဆက်အသွယ်၊ အခွင့်အရေး စသည်တို့ကို မမိုတ်သောအသိဖြင့် စောင့်ကြည့်နေရပေမည်။ ပေါ်လာသော အခွင့်အရေးကို အကျိုးရှိစွာ သုံးစွဲခြင်းဖြင့် စီးပွားရရှိနိုင်ပေသည်။ **အခွင့်အလမ်းကိုရှာခြင်းသည် စီးပွားရှာခြင်းပင် ဖြစ်ပေသည်။**

## လူကရှာရမည်

အခွင့်အလမ်းဆိုသည်မှာ အမြဲတစေ ပေါ်ပေါက်နေသော အရာမဟုတ်ပေ။ ပေါ်လာချင်သည့်အခါမှ ပေါ်လာတတ်ပေရာ ပေါ်လာသော အခွင့်အရေးမှာ ကြွေတစ်လက် ကြက်တစ်ခုန်ဆိုသကဲ့သို့ စီးပွားရေး အကျိုးအခွင့်ကို ပေးတတ်ပေသည်။ ကမ္ဘာ့စီးပွားရေးသမားများသည် မိုးလေဝသအခြေအနေ၊ စစ်ရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေ၊ ကုန်ပစ္စည်းအခြေအနေ စသည်အားလုံးကို တွက်ချက်ခန့်မှန်း၍ ရောင်းဝယ်လုပ်ကိုင်ကာ ဈေးကစား



ကြပေသည်။ စီးပွားရေးတွင် အကွက်ကောင်းကို မိလိုက်ပါက အခြေအ
ကို တစ်ဟုန်ထိုး ပြောင်းလဲစေနိုင်ပေသည်။ အလားတူတိုးတက်နိုင်သေ
အခွင့်အရေးသည် လခစားသမားများအတွက် နည်းပါးတတ်သော်လည်
ထိုက်သင့်သော တိုးတက်မှုများကား ရှိမြဲဖြစ်ပေသည်။ အလုပ်ကမတိုးလျှ
လူက တိုးတက်မှုအခွင့်ကို ရှာဖွေကြိုးစားရပေမည်။

စီးပွားရေးတိုက်ပွဲတွင် အခွင့်အလမ်းကို မျှော်လာလိမ့်မည်ဟု ဆို
ကာမူ ဆယ်ယူတတ်သောအစွမ်း၊ ဆယ်ယူနိုင်သောအင်အား ရှိရပေလိ
ဦးမည်။ မိမိဆွေမျိုး အသိုင်းအဝန်းတွင် ရာထူးခန့်ထားနိုင်သူရှိပါလျှ
လည်း အခြေခံစာမေးပွဲမှ မအောင်မြင်သောကြောင့် လာဘ်တိတ်နေရသ
လူမျိုးရှိပေသည်။ ချီးမြှောက်မစသူရှိပါလျက် မရိုးမဖြောင့် အပျော်အပ
ကျူးလွန်နေသောကြောင့် ဆုံးရှုံးရသူမျိုးလည်းရှိပေသည်။ မိမိတွင် မည်သ
အရည်အချင်းမှ မရှိဘဲလျက် လျှောက်လွှာကိုင်ကာ တစ်ရုံးဆင်း တစ်ရုံးတ
ရှာလိုရငြား အလုပ်ရှာဖွေနေသူမျိုးလည်း ရှိပေသည်။ ရရာအလုပ်ကိုမလု
လိုဘဲ ရွေးချယ်ကာ မိမိအရည်အချင်းမမီသော အလုပ်ကိုမှ မျှော်နေသူမျ
လည်း ရှိပေသည်။ အရေးကြီးသည်မှာ မိမိ၏ကိုယ်ခံအစွမ်းအစ အ
အချင်းသာဖြစ်သည်ကို မမေ့သင့်ပေ။

စီးပွားရှာဖွေသူသည် ရှာဖွေနိုင်ရန် အင်အားပြည့်မီအောင် ကြိုး
ရပေမည်။ ပညာသင်ချိန်သည် စီးပွားရှာရန် အင်အားစုခြင်းဖြစ်၍ ပညာ
အတူ အတွေ့အကြုံ အမြော်အမြင်နှင့် လူမှုလောကတွင် သွက်လ
အကင်းပါးခြင်းများကိုပါ လေ့ကျင့်ယူခဲ့ရပေလိမ့်မည်။

စီးပွားရေးအကြောင်းကို ဆွေးနွေးရာ၌ စီးပွားရှာမှုနည်းလမ်းများ
မလုံလောက်ပေ။ ထိုစီးပွားရေးကို စီမံခန့်ခွဲမှုစွမ်းရည်ကိုလည်း ဖော်ပြ
လိုပေသည်။

စီးပွားဆိုသည်မှာ မိမိအတွက် အသုံးကျသော အထည်ဒြပ်ရှိသ
သက်ရှိသက်မဲ့ပိုင်ဆိုင်မှုများဖြစ်သည်ဟူ၍ပင် အဓိပ္ပါယ်ဖွင့်ဆိုရပေလိမ့်
ထို့ကြောင့် စီးပွားတွင် ငွေကြေးတစ်ခုတည်းကိုသာ တွက်ချက်၍ မ

www.burmeseclassic.com



အိမ်ထောင်ပရိဘောဂများ ရင်းနှီးမြှုပ်နှံထားသော ကုန်ပစ္စည်းနှင့် ကိရိယာများ၊ လိုအပ်သော အခြားပိုင် ပစ္စည်းများ စသည်တို့သည် စီးပွားများသာဖြစ်ပေသည်။ မိမိကျန်းမာရေးသည်ပင် စီးပွားဖြစ်၍ မိတ်ဆွေသင်္ဂဟတို့ပင် မိတ်စီးပွားဟူ၍ ခေါ်ဆိုကြပေသေးသည်။ ထိုစီးပွား တိုးတက်နိုင်သော စီးပွားနှင့် တိုးပွားမှုမရှိ သေနေသော စီးပွားဟူ၍ ခွဲခြားနိုင်ပေမည်။

ဥပမာ အိမ်လခရရှိနေသောအိမ်၊ ဝင်ငွေရရှိနေသောစက်ကိရိယာ၊ အတိုးရရှိနေသော မြှုပ်နှံရင်းနှီးမှု စသည်တို့သည် ရှင်သန်နေသော စီးပွားဖြစ်၍ ရွှေငွေလက်ဝတ်လက်စား၊ အိမ်ထောင်ပရိဘောဂ စသည့် ပစ္စည်းများကား သေနေသော စီးပွားများဖြစ်ပေသည်။ သို့ရာတွင် သေနေသော စီးပွားထက် ပြုန်းတီးနေသော စီးပွားမျိုးလည်းရှိပေသေးသည်။ ဓာတ်ပုံ၊ ကင်မရာ၊ ဓာတ်စက်၊ အသံသွင်းစက်၊ ရေခဲသေတ္တာ၊ မော်တော်ကား၊ အလှကုန်ပစ္စည်းတို့မှာ နောက်ထပ်ကုန်ကျမှုများကို ထာဝစဉ်ဖိတ်ခေါ်နေသော စီးပွားမျိုးဖြစ်ပေသည်။ ထိုပစ္စည်းမျိုးတွင် မရှိမဖြစ်သော ပစ္စည်းမျိုး ဥပမာ--ပရိဘောဂအချို့၊ ပန်းကန်ခွက်ယောက်၊ ဆေးဝါးအဝတ်အထည်၊ ဧည့်ဝတ်ပြုရန်နှင့် သာယာချမ်းမြေ့မှုအတွက် ပစ္စည်းများနှင့် စာအုပ်စာတမ်းအချို့ စသည်တို့လည်း ပါဝင်ပေမည်။ မရှိမဖြစ် မဟုတ်သော်လည်း ရှိလျှင်ကောင်းသည့် ပစ္စည်းများလည်း ရှိပေမည်။ ယင်းတို့တွင် ရေဒီယို၊ ဓာတ်ပုံကားများ၊ စာအုပ်စာတမ်းအချို့၊ အလှပြင်ပစ္စည်း၊ မော်တော်ကား စသည်တို့ပါ ရှိနိုင်ပေသည်။ ငွေကြေးတတ်နိုင်သဖြင့် ထိုထက်ပို၍ ဝယ်ယူနိုင်သော ဇိမ်ခံပစ္စည်းများကား မရှိလျှင်လည်း အရေးမကြီးသည့်ပစ္စည်းများဖြစ်ပေလိမ့်မည်။

## လိုအပ်သောစီးပွား

ဤသို့သော ပစ္စည်းအမျိုးအစားတွင် သာမန်လူများအတွက် ရှင်သန်နေသော စီးပွားအချို့နှင့် သေနေသောပစ္စည်းအချို့ရှိရန်လိုပေသည်။ ကုန်ကျ



ပြုန်းတီးနေမည့်ပစ္စည်းမျိုးကား မရှိမဖြစ်လိုအပ်သည့်အခါတွင်လည်းကောင်း၊ အပိုငွေကြေး တတ်နိုင်သည့်အခါမှလည်းကောင်း၊ မိမိအကျိုးတစ်စုံတစ်ရာဖြစ်စေနိုင်သည့်အခါတွင်လည်းကောင်း ပိုင်ဆိုင်ထားရှိနိုင်ပေသည်။

လူဆိုသည်မှာ သာယာမှုခံစားလိုသော သတ္တဝါဖြစ်သည်လည်းတစ်ကြောင်း၊ လူမှုပတ်ဝန်းကျင်ကလည်း ရှိသည်တစ်ကြောင်းတို့ကြောင့် စားသောက်အိုးခွက်နှင့် အိမ်ယာခေါင်းအုံးရုံမျှနှင့်လည်း မပြီးသေးပေ။ မိမိဆက်ဆံရသော ပတ်ဝန်းကျင်ကိုငဲ့၍ ရှိသင့်သမျှသော အိမ်ထောင်ပစ္စည်းများကိုလည်း စုဆောင်းရပေမည်။ ထိုသို့ စုဆောင်းထားရှိခြင်းသည် ဝမရှိဘဲ ဝိလုပ်ခြင်း၊ ပကာသနအဆောင်အယောင်သဘော ပြုလုပ်ခြင်းမျိုးနှင့်ကား ခွဲခြားရပေမည်။ ထိုသို့ထားရှိခြင်းသည် မိမိအား အထင်သေးနိမ့်ချ၍ မယုံမကြည်မရှိစေရန်၊ မိမိနှင့်ဆက်ဆံသူများအား ထိုက်သင့်သမျှ ဧည့်ဝတ်ပြုနိုင်စေရန်နှင့် မိမိအဆင့်အတန်းအလျောက် လွယ်ကူစွာ အသုံးပြုနိုင်ရန်အတွက်ပင် ဖြစ်ရပေမည်။ ထိုသို့မဟုတ်ဘဲ မိမိမဖတ်တတ်သော အင်္ဂလိပ်စွယ်စုံကျမ်းများကို အလှပြင်ထားခြင်း၊ အိမ်မရှိဘဲ မလိုအပ်ဘဲ မော်တော်ကားဝယ်၍ စီးခြင်း စသည်တို့ကို မပြုလုပ်သင့်ပေ။

အချို့မှာ စီးပွားဟူသည်မှာ ရွှေငွေမျှသာဖြစ်သည်ဟု ထင်မှတ်၍ ရွှေထုပ်ရွှေထုပ်တို့ကို ကြီးသည်ထက်ကြီးအောင်သာ စုဆောင်း ဖြည့်တင်းနေတတ်၍ ဝမ်းကိုမျှ ဝအောင်မစား၊ ခါးကိုမျှလှအောင်မဆင်၊ ဆန်ကောတစ်ချပ်၊ ကတ်ကြေးတစ်စင်းကိုမျှ မဝယ်မသုံးဘဲ ဝန်ကျဉ်းအောင် နေတတ်ကြပေသည်။ သို့ရာတွင် လူမှုကိစ္စက ဝန်မကျဉ်းသောအခါ အိမ်နီးနားချင်းထံမှ အမြဲတစေ ငှားရမ်း၍ နေရတတ်ပေသည်။

ထို့ကြောင့် စီးပွားစုဆောင်းရာတွင် မိမိအတွက် အကျိုးရှိမည့်၊ အသုံးဝင်မည့် စီးပွားဟူသမျှကို စုဆောင်းရပေမည်။ စီးပွား၏တန်ဖိုးဟူသည်မှာ အသုံးဝင်မှု၊ အကျိုးဖြည့်တင်းမှု အတိုင်းအတာဖြင့် တိုင်းတာရသည်သာဖြစ်၍ ငွေ၏တန်ဖိုးဖြင့် အမြဲတစေ ပိုင်းဖြတ်ရသည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဘာမျှ အဖိုးမတန်သော်လည်း အလွန်ရှားပါးသော တံဆိပ်ခေါင်း တစ်လုံး၊ ပန်းချီကားတစ်ချပ်စသည်ကို ငွေသိန်းသန်း ကုဋေ တန်ဖိုးပေး၍ ဝယ်ယူကာ ထိုပစ္စည်းကို ငွေတန်ဖိုးသင့်၍ စီးပွားအမှတ်ထားကာ ကျေနပ် ဂုဏ်ယူနေတတ်သူမျိုးမှာကား ငွေကြေးကို ထားစရာမရှိ ရေတွက်၍မရနိုင် အောင် ကြွယ်ဝသူများဖြစ်၍ စိတ်ကျေနပ် ချမ်းသာမှုတစ်ခုကို ငွေနှင့်စက်၍ ဝယ်ယူခြင်းမျိုးသာဖြစ်ပေသည်။ သို့မဟုတ် စီးပွားပိုမိုတိုးတက်အောင် ရင်းနှီးသော ကုန်ပစ္စည်းတစ်ခုအနေဖြင့် သိုလှောင်ထားခြင်းသာဖြစ်ပေသည်။ သာမန်လူများအဖို့ လက်တွေ့အသုံးဝင်သော စီးပွားကိုသာလျှင် စီးပွားအဖြစ် အသိအမှတ်ပြုရပေလိမ့်မည်။

လူတစ်ယောက်သည် မည်မျှ စီးပွားရှာဖွေမှု စွမ်းသည်ပင်ဖြစ်စေ အစုအဆောင်းမတတ်လျှင် **"အိတ်ပေါက်နှင့်ဖါးကောက်"** သကဲ့သို့ အဖတ် မတင် ရှိပေလိမ့်မည်။ အရှာအဖွေကောင်းသူတိုင်းသည် အစုအဆောင်း ကောင်းသည်ဟု မဆိုနိုင်ပေ။ အချို့မှာ ရှာဖွေမှုနှင့် စုဆောင်းမှုနှစ်ဖက်စလုံး တွင် ကျွမ်းကျင်နိုင်နင်း၍ အချို့မှာကား တစ်ဖက်ဖက်တွင်သာ နိုင်နင်း တတ်ပေသည်။ နှစ်ဖက်စလုံးမနိုင်နင်းသူကား လောကတွင် ရပ်တည်နေရန် မသင့်လှပေ။

မိန်းမများသည် လျှော်ဖွပ် ချက်ပြုတ်ရသော အိမ်ထောင်မှုများကို ဆောင်ရွက်ရသူဖြစ်သည်တစ်ကြောင်း၊ အိုးအိမ်တွင် ထာဝရမြဲစွဲသည် တစ်ကြောင်း၊ စေ့စပ်သေချာ၍ နမြောစုံမက်ရှိတတ်သော သဘာဝရှိသည့် တစ်ကြောင်းတို့ကြောင့် ရှာဖွေရသော စီးပွားရေးကို စုဆောင်းရေးဘက်၌ တာဝန်ပေးခြင်း ခံကြရပေသည်။ ထို့ကြောင့် **"စီးသည့်ရေ ဆည်သည့် ကန်သင်း"** ဟူ၍ ဆိုစမှတ်ပြုကြပေသည်။ သို့ရာတွင် တစ်ဖက်၌ စုဆောင်း တတ်သော ယောကျ်ားများရှိ၍ တစ်ဖက်တွင် မစုဆောင်းတတ်သော မိန်းမ များလည်းရှိလေသည်။

ထိုမှတစ်ပါး စီးပွားရှာဖွေမှုသည် ယောကျ်ားတစ်ဖက်တည်းကသာ ဆောင်ရွက်ရသောအလုပ်မဟုတ်ဘဲ မိန်းမများကပါ လုပ်တတ်ကိုင်တတ်၍



လုပ်ကိုင်လာသော ဝန်မျိုးဖြစ်လာပေပြီ။ ထို့ကြောင့် စုဆောင်းရေးကိစ္စကို မိန်းမများတာဝန်ဟူ၍ ပုံသေခွဲခြားသတ်မှတ်ရန်မလိုပေ။ အိမ်ထောင်တစ်ခု တွင် စနစ်ဇယားနှင့် လုပ်ကိုင်တတ်သူကား တာဝန်ယူရန်ဖြစ်၍ တစ်ဦးဦး၏ တာဝန်ယူချက်ကို ကျန်တစ်ဦးက လိုက်လျောကူညီ စောင့်ထိန်းပေးမရပေ မည်။

## စီမံခန့်ခွဲမှု

စီးပွားရှာဖွေသော်လည်း၊ စုဆောင်းစီမံခန့်ခွဲသူသော်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦးတာဝန်ကပ်ခြင်း၊ မိမိတာဝန်ကို ကြီးလေးသည်ဟု ပုံကြီး ချဲ့ခြင်း၊ မာနပို၍တက်ခြင်းများလည်း မရှိသင့်ပေ။ ထိန်းသိမ်းစီမံခန့်ခွဲရသူ သည် ငွေကုန်ကြေးကျ အနည်းဆုံးနှင့် အသုံးတွင်မှု အများဆုံးကို ရွေးချယ်သုံးစွဲခြင်း၊ အသုံးနှင့်အဖြုန်းကို ခွဲခြားနားလည်ခြင်း၊ မရက်ရော လွယ်ခြင်းနှင့် စေးနဲမှုမလွန်ကဲခြင်း၊ အမြော်အမြင်ရှိ၍ အသုံးအစွဲကျစ်လစ် ခြင်း၊ အထိန်းအသိမ်းစေ့စပ်လုံခြုံခြင်း၊ စာရင်းဇယားနိုင်နင်းခြင်းစသော အရည်အချင်းများလည်း ရှိရမည်ဖြစ်လေသည်။ သုံးသင့်ရာ၌ မသုံးခြင်း သည် မသုံးသင့်ရာ၌ မသုံးခြင်းကဲ့သို့ပင် မကောင်းပေ။ တစ်ကျပ်ကို နမြော၍ တစ်ဆယ်ထွက်ရမည်ဆိုလျှင် မသင့်ပေ။ စီမံခန့်ခွဲတတ်ခြင်း၏ တာဝန်သည် ရှာဖွေခြင်းကဲ့သို့ပင် ကြီးမားသည်သာဖြစ်လေသည်။

စီမံခန့်ခွဲခြင်းသည် သုံးသင့်ရာ၌ အကျိုးရှိစွာ သုံးစွဲ၍ မသုံးသင့်ရာ၌ သုံးဘဲ ထိန်းစောင့်ခြင်းပင် ဖြစ်ပေသည်။ ထိုတာဝန်သည် အိမ်ထောင် တွင် လိုရာကိစ္စကို လွယ်ကူချောမောစွာ ဆောင်ရွက်နိုင်ရန်အတွက် စား ဝတ်နေမှုအားလုံးကို ဖန်တီးပေးရသည့် တာဝန်ပင်ဖြစ်လေသည်။ ထိုတာဝန်၏ နောက်တွင် စုဆောင်းရေး ချွေတာရေးတာဝန်များလည်း ပါရှိပေသည်။ စုဆောင်းရေးဆိုသည်မှာကား မလွှဲမရှောင်သာ၍ သုံးစွဲသည်မှအပ စီးပွား



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရှိအောင် ချွေတာခြိုးခြံ၍ နောင်ရေးအတွက် ဖုံချန်ခြင်းသဘောဖြစ်လေသည်။

စုဆောင်းသည်ဆိုခြင်းကြောင့် ပိုမှလျှံမှ ချွင်းချန်ဖယ်ထားရမည်မဟုတ်ပေ။ ငွေကြေးဥစ္စာဟူသည်မှာ ပိုလျှံနေပြီဟူ၍ ဆိုနိုင်ခဲပေသည်။ သန်းချီ၍ ကြွယ်ဝသော သူဌေးများမှအပ ငွေများသုံးစွဲစရာမရှိ၍ ပိုလျှံနေသူဟူ၍မရှိပေ။ မသုံးဘဲနေ၍သာ စုဆောင်းနိုင်ပေလိမ့်မည်။ မသုံးဘဲကြံဖန်ခြိုးခြံ၍ရနိုင်လောက်သော အသုံးစရိတ်များမှ ဖုံချန်ယူခြင်းဖြင့်သာ စုဆောင်းနိုင်မည် ဖြစ်လေသည်။ စုဆောင်းလိုစိတ် ထက်သန်ခြင်း၊ ခြိုးခြံရခြင်းဒဏ်ကို ခံနိုင်ခြင်း၊ ကပ်သတ်ချွေတာတတ်ခြင်း၊ စသော အရည်အချင်းများရှိပါမှသာ စုဆောင်းနိုင်မည်ဖြစ်လေသည်။

အနိမ့်ဆုံး စီးပွားရေးလိုအပ်မှု ပြည့်စုံနိုင်မှလည်း စုဆောင်းနိုင်ပေမည်။ ဝမ်းရေးမျှမလုံလောက်သေးသော သူများအတွက် ချွေတာရေးစကားမှာ အပြောလှသလောက် လက်တွေ့မဖြစ်နိုင်ပေ။ ထိုသို့အားဖြင့် ကြိုးစားရှာဖွေစေ့ငှအောင် စီမံသုံးစွဲ၍ ကြွင်းကျန်အောင် ဖုံချန်စုဆောင်းနိုင်လျှင်ကား စီးပွားရေးတိုက်ပွဲတွင် အောင်ထူနိုင်ပေလိမ့်မည်။

* * *

# အိမ်ထောင်ရေးတိုက်ပွဲများ

လူ့လောကတွင် ဗြဟ္မစရိယဂိုဏ်းဝင် အပျိုစင် လူပျိုစင် ဘဝဖြင့်ဖြစ်စေ၊ သူတော်သူမြတ် ရဟန်း သီလရှင်ဘဝဖြင့်ဖြစ်စေ အရိုးထုတ်မည်မဟုတ်ပါက ဇနီး ခင်ပွန်း အိမ်ယာထူထောင်ကြရမည်ပင် ဖြစ်လေသည်။ ထို့ကြောင့် အိမ်ထောင်ရေးသည် ဘဝတိုက်ပွဲတစ်ကဏ္ဍဖြစ်နေရပေသည်။ ထိုတိုက်ပွဲသည် အိမ်ထောင်ပြုသည်မှစ၍ ဘဝတစ်လျှောက်လုံး ဆင်နွှဲနေရမည့် တိုက်ပွဲပင်ဖြစ်ပေသည်။

အိမ်ထောင်ရေးသည် အယူအဆ ဝါသနာ စိတ်ကြိုက် ရည်မှန်းချက်စသည် ကွဲပြားသော ဖိမနှစ်ဦးတို့၏ ပေါင်းစပ်ရေးပင်ဖြစ်၍ မတူလေသမျှကို တတ်နိုင်သမျှ တူညီအောင် ညှိနှိုင်းနေရသော ဘဝပင်ဖြစ်၍ ထိုသို့တူညီနေသမျှ ကာလပတ်လုံး သာယာချမ်းမြေ့နေရမည်ပင် ဖြစ်လေသည်။ ပတ်ဝန်းကျင်နှင့် စိတ်ချင်းခြားနားခဲ့သော လူသားနှစ်ဦး၏ အတူပေါင်းစပ်နေထိုင်ဆက်ဆံရေးတွင် အကြိုက်မတူသည်များ ရှိပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ တစ်ဦးကိုတစ်ဦး အလိုလိုက် အကြိုက်ဆောင်ရန် ဆန္ဒများကား တူညီကြပေသည်။ ထိုသို့ တူညီသော အခြေခံဖြင့် မတူညီသည်များကို ညှိနှိုင်းကြရသည်သာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ နှစ်ဦးသားတွင် မိမိကိုယ်ကျိုး ကိုယ့်ဆန္ဒပြည့်မှုကိုသာ အရေးထား၍ ပေါင်းစပ်နေမည်ဆိုပါက ထိုအိမ်ထောင်သည် လုံးဝပျက်ပြို မသွားစေကာမူ ပြေလည်ချောမွေ့လိမ့်မည် မဟုတ်ပေ။ တစ်ဦးကိုတစ်ဦး လိုက်လျောနိုင်မှုမရှိဘဲ မိမိဘက်ကိုသာ နယ်လှတတ်သူဆိုပါက အိမ်ထောင်နှင့်နေရန် အကြောင်းမရှိပေ။ အိမ်ထောင်နှင့် နေထိုင်ရသောဘဝတွင် မိမိအလိုကိုချည်း ပြည့်ဝစေရန် အာရုံမစိုက်ဘဲ တစ်ဖက်သား၏ အလိုကိုလိုက်ရန် တာဝန်ရှိကြောင်းကို သတိမလစ်သင့်ပေ။ သို့မှသာ တစ်ဦးနှင့်တစ်ဦး အပေးအယူမျှ၍ သင့်တင့်ကြပေမည်။

လင်နှင့်မယားတို့သည် တစ်ဦး၏အလိုကို တစ်ဦးက လိုက်လျောတန်သမျှ လိုက်လျောခြင်းဖြင့် စိတ်သဘောညီညွတ်စေနိုင်ပေသည်။ တစ်ဖက်ဖက်က အမြဲတန်း အလျှော့ပေး လိုက်လျောနေရမည်ဆိုလျှင် အပြင်ပန်းအားဖြင့် သာယာသော်လည်း ထိုသို့လိုက်လျောနေရသောဘက်က ကျေချမ်းသာယာလိမ့်မည်မဟုတ်ပေ။ လင်နှင့်မယားသည် တစ်ဖက်ဖက်က မှီခိုမှုတွယ်တာမှုတစ်ခုခုကြောင့် ကျန်တစ်ဖက်က အပေါ်စီးအနိုင်ယူနေ မည်ဆိုလျှင် လင်မယားဆက်ဆံရေးသည် ပျက်ပြားပေလိမ့်မည်။

တစ်ဦးဦးက အနိုင်ကျင့်ခြင်း၊ ခြိမ်းခြောက်ပေါင်းသင်းခြင်း၊ တစ်ဘက်သတ်တစ်ကိုယ်ကောင်းဆန်ခြင်း၊ နိုင်ကွက်ယူ၍ နှိပ်စက်ညှင်းပန်းခြင်းများ ရှိနေလျှင် အိမ်ထောင်၏ချမ်းမြေ့မှုမရှိနိုင်ပေ။

လင်နှင့်မယားသည် အိမ်ထောင်မကျမီက မည်မျှအဆင့်အတန်းကွာခြားစေကာမူ အိမ်ထောင်ဖက်ဖြစ်လာလျှင် တစ်ဦးနှင့်တစ်ဦး အဆင့်အတန်းတူညီသည်သာဟူ၍ အသိအမှတ် ပြုရပေမည်။ တစ်ဦးတစ်ဖက်၏ မြင့်တတ်ရုံမျှဖြင့် အိမ်ထောင်၏တိုးတက်မှု မရနိုင်ပေ။ လင်နှင့်မယားဘက်ညီတက်ညီရှိ၍ တစ်ဦးကိုတစ်ဦး အပြန်အလှန် မှီတွယ်အားပြုခြင်းရှိမှသာ အိမ်ထောင်ရေးတစ်ခုလုံး တိုးတက်နိုင်ပေသည်။ အိမ်ထောင်ရေးပြေလည်ပါမှ ဘဝ၏တိုးတက်မှုများကို ဖောက်ချ၍ လုပ်နိုင်ပေမည်။ အိမ်ထောင်ရေးတွင် မပြေမညီ ကြွက်စီဆူပွက်၍ နေမည်ဆိုပါလျှင် တိုးတက်မှု



အဝဝမှာ ကင်းပြတ်ဆိတ်သုဉ်းနေမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် အိမ်ထောင်ရေးတွင် မည်သည့်ပြဿနာမှမပေါ်ဘဲ ချောမွေ့ရေးကို ကြိုးပမ်းရန်လိုအပ်ခြင်းဖြစ်လေသည်။ ထိုသို့ ကြိုးပမ်းရသည်မှာ လွယ်ကူသည်မဟုတ်သောကြောင့်လည်း တိုက်ပွဲတစ်ရပ်အဖြစ် တင်စားရခြင်းဖြစ်ပေသည်။

အိမ်ထောင်သာယာအောင် ကြိုးပမ်းရာ၌ လင်ရောမယားတွင်ပါ တာဝန်အညီအမျှရှိလေသည်။ သို့ရာတွင် တစ်ဖက်သားကို တွယ်ကပ်၍ မနေဘဲ မိမိအနေဖြင့် မိမိအိမ်ထောင်သာယာမည့်အရေးကို တတ်နိုင်သမျှ ကြိုးစားရမည်။ တစ်ဖက်သားသည် အိမ်ထောင်သာယာမှုအတွက် လိုက်လျောရန် တာဝန်ကို သိနားလည်ပါက သူကိုယ်တိုင်လည်း အိမ်ထောင်သာယာမှုတွင် ပါဝင်လိုက်လျောလာပေလိမ့်မည်။

အိမ်ထောင်တစ်ခုတွင် စိတ်သဘောချင်း မညီညွတ်နိုင်သော အကြောင်းရင်းများပြားစွာရှိပေသည်။ ထိုအကြောင်းရင်းများ မပေါ်ပေါက်အောင်လည်းကောင်း၊ ပေါ်ပေါက်လာလျှင်လည်း အခြေအနေဆိုးဝါးသွားစေဘဲ ပြေလည်မှုရှိအောင် ဆောင်ရွက်ရန်လိုပေသည်။ လင်နှင့်မယားတို့မှာ သမီးရည်းစားဘဝတွင်လည်းကောင်း၊ အိမ်ထောင်ကျစတွင်လည်းကောင်း စိတ်၏စွဲဆောင်မှုအလျောက် အခြားရေးရာတို့ထက် ထိတွေ့သာယာမှုကိုသာ ဦးစားပေး၍ တစ်ဦးကိုတစ်ဦး အရိပ်ကြည့် အလိုလိုက်နေတတ်ကြသဖြင့် အခြားအပြစ်အနာအဆာများ ပေါ်ပေါက်မလာသေးဘဲ ရှိတတ်ပေသည်။ အမှန်အားဖြင့် အိမ်ထောင်သက်တမ်းတစ်လျှောက်လုံး ထိုကဲ့သို့ပြေလည်သွားလျှင် ကောင်းပေလိမ့်မည်။ သို့ရာတွင် လူတို့သဘာဝအလျောက် ပြဿနာများကား ရှိမည်သာတည်း။

တစ်ဦးအပေါ်တစ်ဦး အလိုလိုက်မှုများ၊ လွန်ကဲတပ်မက်မှုများ အနည်ထိုင်သွားချိန်တွင်လည်းကောင်း၊ တစ်ဦးအပေါ်တစ်ဦး နှစ်သက်စရာများသာထင်မြင်လေအောင် ဟန်ဆောင်မှုများ အနှီးစွသဘော ရွေ့လျားသွားသောအခါလည်းကောင်း၊ တစ်ဦးစီ၏ပင်ကိုယ်မှုရင်း အလေ့အကျင့်နှင့် စိတ်သဘောများ ပေါ်ထွက်လာရမြဲဖြစ်ပေသည်။ ထိုအခါ တစ်ဖက်သား



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်နှစ်သက်သည့် အရာကို လျှော့ပေါ့ဖယ်ရှား၍ ကျန်တစ်ဖက်သား အပေါ်တွင်လည်း တိုး၍ သည်းခံခွင့်လွှတ်နိုင်အောင် ကြိုးစားရမည်ဖြစ်ပေမည်။ လင်နှင့်မယားအဖြစ် ပေါင်းသင်းလာခဲ့လျှင် သင့်တင့်သောအချိန်၌ ပေါင်း၍ မသင့်တင့်သောအချိန်တွင် ခွဲခြားလိုက်ကြရန် မဖြစ်နိုင်ပေ။ စိတ်ချင်းတူညီသော နေ့များလည်း ရှိသကဲ့သို့ တစ်ဦးအပေါ်တစ်ဦး မကျေမချမ်းရှိသော နေ့လည်းရှိပေမည်။ မည်သို့ပင်ဖြစ်စေ ထိုနေ့များအားလုံးတွင် လင်မယားအဖြစ် တည်ရှိနေရပေလိမ့်မည်။

## ဖွင့်ထုတ်ဆွေးနွေးရေး

လင်နှင့်မယားဟူသည်မှာ တစ်ဦးအပေါ်တစ်ဦး သည်းခံပေါင်းသင်းနိုင်စွမ်းမရှိ၍ ခွဲခွာပြတ်စဲကြသည့်အခါမှတစ်ပါး ပေါင်းသင်းနေထိုင်သော ကာလတစ်လျှောက်လုံးတွင် မည်သည့်မပြေလည်မှုများပင် ရှိသည်ဖြစ်စေ၊ အခိုက်အတံ့မျှသာ မသင့်မတင့်ဖြစ်ဖွယ်ရှိ၍ တစ်ဦးအပေါ်တစ်ဦး အငြိုးအဖြစ် နာကျည်းမာန်ဖွဲ့မှုများ သဘောမတိုက်ဆိုင်မှုများ ရှိပေလိမ့်မည်။ ရှိလေသမျှကို တစ်ဦးအပေါ်တစ်ဦးက မြိုသိပ်ထားရန်မသင့်ပေ။ ဖွင့်ထုတ်ဆွေးနွေး၍ ပြေလည်အောင် ညှိနှိုင်းရပေမည်။ လွန်သူများသူက ဝန်ခံ၍ ပြေလည်အောင် ပြုရပေမည်။

အထင်လွဲခြင်းဆိုသည်မှာ တစ်ဖက်သတ်ယူဆချက်သာဖြစ်လေသည်။ မိမိ၏အိမ်ထောင်ဖက်သည် သူ့ဆွေမျိုး၊ ကိုယ့်ဆွေမျိုးအပေါ်တွင် မမျှတဟူ၍ အထင်ရှိလျှင်သော်လည်းကောင်း၊ အိမ်ထောင်နှစ်ဦးနှစ်ဖက်အကျိုးထက် တစ်ကိုယ်ကောင်း၊ တစ်ကွက်ကျန်သဘောမျိုး ပြုမူသည်ဟူ၍ အထင်ရှိလျှင်သော်လည်းကောင်း၊ မိမိ၏ထင်မြင်ချက်ကို မြို၍ စိတ်ကောက်နာကျည်း၍ အငြိုးဖွဲ့ မထားသင့်ပေ။ တစ်ဖက်သတ် အငြိုးဖွဲ့ထားလျှင် စိတ်ပြေစရာမတွေ့ရဘဲ ပို၍သာလျှင် အထင်လွဲမိနေပေလိမ့်မည်။ တစ်ဖက်သားကလည်း



မိမိအလိုမကျသည်ကို မသိရှိရ၍ ဗိုလ်နေမြဲ ကျားနေမြဲ ဆက်လက်ပြုမူနေမည်ဖြစ်၍ ပြေလည်စရာ လမ်းကြောင်း တွေ့လာမည် မဟုတ်ပေ။

တစ်ဖက်သားအပေါ်တွင် မကျေနပ်မှု ပေါ်ပေါက်လာသည့်အခါတွင် ရန်ကားဆူပူခြင်း၊ စူဆောင့်ကောက်ကျစ်ခြင်း ပြုမည့်အစား အေးချမ်းကြည်သာစွာ အပြစ်စွဲဆို တင်ပြဆွေးနွေးရပေမည်။ မိမိသည် နှစ်ဖက်မျှတစွာ ရပ်တည်မည်ဟု ဆုံးဖြတ်ထားသူသည် မျှတခြင်းမရှိဟူ၍ ထင်မှတ်သမျှ အပြုအမူ လုပ်ရပ်မှန်သမျှကို တင်ပြဆွေးနွေးဝံ့ရပေမည်။ တစ်ဖက်သား၏ ရှင်းလင်းတင်ပြချက်ရှိပါကလည်း အခွင့်အရေးပေးကာ နားထောင်ဝေဖန်ရပေမည်။ နှစ်ဦးနှစ်ဖက် မျက်နှာစုံညီဖြေရှင်းလိုက်သောအခါတွင် တစ်ဖက်သားက မှားယွင်းပြုမူခြင်းရှိကလည်း အမှန်ပေါ်ထွက်လာပေမည်။ မိမိက တစ်ဖက်သတ် လွဲမှားထင်မြင်နေခြင်း ဖြစ်ပါကလည်း ကြေပျောက်သွားပေမည်။ တစ်ဦးအမှားပြုမိသည့်တိုင်အောင်လည်း ကျန်တစ်ဦးက နည်းပေးသွန်သင် ဖြောင်းဖျခြင်းဖြင့် ပြေလည်သွားနိုင်သည်။ အိမ်ထောင်ဖက်နှစ်ဦးတွင် တစ်ဦးဦးက မျှတမှန်ကန်စွာ သဘောထားပြုမူမည်ဆိုပါက ကျန်တစ်ဦးကလည်း မလိုက်လျောစရာ မရှိပေ။

တစ်ဦးတစ်ယောက်က မိမိဆွေမျိုးဘက်ကိုသာ ဖို့တတ်သလောက် တစ်ဖက်သူ့ဆွေမျိုးအပေါ်တွင် ဝန်တိုမိစ္ဆာရှိနေမည်ဆိုလျှင် ကျန်တစ်ဖက်ကလည်း တွက်ကပ်လက်စားချေကာ သူ့ဘက်ကိုသာ သူဖို့ပေလိမ့်မည်။ ဤသို့ဖြစ်လျှင် လင်နှင့်မယားတို့၏ တစ်ဖက်စောင်းနင်း လွန်ပွဲမှာ အပြိုင်အဆိုင်ဖြစ်လာ၍ အရှဲ့တိုက်မှုများလည်း ရှိလာပေမည်။ နောက်ဆုံး အိမ်ထောင်၏ ထူဆောက်ရေးသည် ယိမ်းယိုင်ပျက်ပြားပေမည်။ လင်နှင့်မယားတို့အကြားတွင် ဖြေရှင်းညှိနှိုင်း၍ မရကောင်းသော ပြဿနာဟူ၍ မရှိနိုင်ပေ။ အကယ်၍ မည်သည့်နည်းနှင့်မျှ ဖေ့စပ်၍မရအောင် တစ်ဖက်တစ်လမ်း ကွဲပြားနေလျှင်လည်း ဆက်လက်ပေါင်းသင်းနေထိုင်ရန် မသင့်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံတွင် တစ်ဦးဦး၏ အပြုအမူသည် တစ်ကိုယ်ကောင်းဆန်သည့်သဘော သက်ရောက်နေသောအခါ ကျန်တစ်ဦးသည် မကျေမနပ် ဖြစ်ရတတ်ပေသည်။ တစ်ဦးအပေါ်တစ်ဦးက ကြင်နာယုယမှုနည်းပါးသည်ကို တွေ့မြင်လာရသောအခါတွင်လည်း စိတ်နာကျည်းဝမ်းနည်းရတတ်ပေသည်။ လူဆိုသည်မှာ သူတစ်ပါး၏အလိုကျ အမြဲပြုလုပ်နိုင်ခြင်း မရှိပေ။ မိမိကိုယ်စိတ်လွတ်လပ်မှု အရပြုမူခြင်းများ ရှိမြဲဖြစ်ပေသည်။

ထို့ကြောင့် အိမ်ထောင်ရှင်ဘဝတွင် တစ်ဖက်သားအလိုအရိပ်ကိုကြည့်ကာ အရှင်ကို ကျွန်က ပြုစုသကဲ့သို့ ပြုစုယုယနေရန် မလိုပေ။ ယုယမှုတစ်ခုတည်းကိုသာ အလုပ်လုပ်စေနိုင်ကြမည်လည်း မဟုတ်ပေ။ ထို့ကြောင့် စိတ်ထဲတွင် ချစ်ခင်ကြင်နာပါသော်လည်း မကြင်နာသယောင်၊ အလိုမလိုက်သယောင် ထင်မြင်နိုင်စရာများ ပေါ်ပေါက်တတ်ပေသည်။ ထိုအခါမျိုးတွင် တစ်ဖက်သားက နေတတ်သလိုနေခြင်းမျိုးကို ခွင့်လွှတ်တန်သလောက် ခွင့်လွှတ်ရပေမည်။ သို့မဟုတ် မိမိအနေဖြင့် ရင်နာရသော နေစိမ့်မှုများကို ပြုပြင်၍ ကြင်နာမှုပြရန် သွန်သင်တင်ပြရပေမည်။ ဤသို့ဖြင့် တစ်ဖက်သားသည်လည်း လုံးဝစေတနာ ပျက်ပြား စိတ်ကွက်ခြင်းမရှိပါက ပြေလည်နိုင်သည်သာ ဖြစ်ပေသည်။

## လွယ်ကူသောလမ်း

လင်နှင့်မယားတို့သည် တစ်ဦးအကြိုက်ကိုတစ်ဦး လိုက်လျော၍ သူမကြိုက်ရာကို ကိုယ်ကရှောင်ကြဉ်သွားမည်ဆိုလျှင် မည်သည့်ပြဿနာမှ ပေါ်လိမ့်မည်မဟုတ်ပေ။ တစ်ဦးအပေါ်တစ်ဦး မျှတစွာ သဘောထားမည်ဆိုပါကလည်း အိမ်ထောင်ရေးသည် ပန်းခင်းသောလမ်းပင် ဖြစ်နိုင်ပေမည်။ ဤမျှလွယ်ကူသော လမ်းကို ခက်ခက်ခဲခဲ လျှောက်နေမည်ဆိုပါက လျှောက်သူ၏ အပြစ်ဖြစ်ပေလိမ့်မည်။



"ငါပြောတာမှန်တယ်၊ ငါပြောသလို လုပ်ရမယ်၊ ငါကသာ ဦးဆောင်ရမယ်၊ ငါ့အလိုကိုသာ လိုက်ရမယ်"စသည်ဖြင့် အတ္တစွဲလွန်ကဲနေမည်ဆိုလျှင် အိမ်ထောင်ရေးသည် သာယာနိုင်မည် မဟုတ်ချေ။ အခြားသူတစ်ယောက်နှင့် အိမ်ထောင်ပြုမည်ဆိုကတည်းက မိမိအတ္တကို လျှော့ရသမည်။ သူ့အခွင့်အရေးကို လေးစားရပေမည်။ တစ်ဖက်သားအပေါ်တွင် ဒိုလ်ကျရန်အတွက်ဆိုလျှင် အိမ်ထောင်မပြုခြင်းက ကောင်းပေလိမ့်မည်။

တစ်ဦးအပေါ်တွင်တစ်ဦး သံသယရှိခြင်းများသည်လည်း ပကတိအပြစ်ကျူးလွန်သည်ထက်ပင် ဆက်ဆံရေးကို ဆိုးဝါးစေနိုင်ပေသည်။ ...တာမှုမရှိဟုထင်ခြင်း၊ မိမိအပေါ်တွင်ချစ်မြတ်နိုးမှုမရှိဟုထင်ခြင်း၊ အိမ်ထောင်ကြီးပွားမှုအတွက် ကြိုးစားမှုထက်သန်သည်ဟုထင်ခြင်း စသည်တို့မှာ အမှန်တကယ်မြင်မှုမျိုးလည်း ဖြစ်နိုင်ပေသည်။ မိမိအမြင်ဖြင့် ရှုမြင်သုံးသပ်မျိုးလည်း ဖြစ်နိုင်ပေသည်။ ထိုသံသယမျိုး တစ်ဖက်က တစ်ဖက်အပေါ်တွင် မထင်မိအောင် သတိပြုဆင်ခြင်ရပေမည်။ ထိုထက်ဆိုးဝါးသော သံသယမျိုးမှာကား တစ်ဦးအပေါ် တစ်ဦးက ဖောက်ပြန်သည်ဟူ၍ စွပ်စွဲဆင်မြင်ခြင်းမျိုးပင် ဖြစ်လေသည်။

လူဆိုသည်မှာ ယောကျ်ား မိန်းမ မဟူ ပေါင်းသင်းဆက်ဆံမှုလောကနှင့်မကင်းချေ။ စီးပွားရေးအရဖြစ်စေ၊ ပညာရေးအရဖြစ်စေ၊ တစ်နည်းနည်းနှင့်ပေါင်းသင်းဆက်ဆံသွားလာကြရပေသည်။ မိန်းမနှင့်ယောကျ်ားဖြစ်လေသည်ဟူ၍ ဆက်ဆံမှုမပြုဘဲ နေနိုင်မည်မဟုတ်ပေ။ ထိုသို့ ဆက်ဆံရသည့်အခါ တရင်းတနှီး ခင်မင်ဆက်ဆံတတ်သော သူမျိုးလည်းရှိပေသည်။ အလိုက်အထိုက် ဆက်ဆံတတ်သော သူမျိုးလည်းရှိလေသည်။ အကြောင်းအားလျော်စွာ ရင်းနှီးသည့်သူမျိုးလည်း ရှိပေသည်။ ခေါ်ရုံပြောရုံ ဆက်ဆံရသူလည်းရှိပေသည်။ ထိုသို့ဆက်ဆံရသည့်အခါ အကယ်၍ ပုဂ္ဂိုလ်စရိုက်အရ တရင်းတနှီး ဆက်ဆံတတ်သူလည်းဖြစ်မည်။ ဆက်ဆံရသူကလည်း ရင်းနှီးခင်မင်သူဖြစ်မည်ဟုဆိုလျှင် အမြင်ရိုးရိုးဖြင့်ကြည့်၍ မြင်နိုင်သကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



အမြင်ဆန်းဆန်းဖြင့် ကြည့်လျှင်လည်း အမြင်ဆန်းဆန်းပင် မြင်နိုင်စရာ ရှိလေသည်။

လူ့သဘာဝအားဖြင့် ဆန့်ကျင်ဘက်လိင်နှင့်ဆက်ဆံရာတွင် ရိုးရာမှ ဆန်းတတ်သည်ဟု ဆိုရစေကာမူ အမြဲတစေ ဆက်ဆံလေတိုင်း ဖောက်ပြန် ကြမည်ဟူ၍ တစ်ထစ်ချမယူဆနိုင်ပေ။ တစ်ဖက်က ဖောက်ပြန်သည့် တိုင်အောင် ကျန်တစ်ဖက်က တွန်းလှန်ပယ်ဖျက်နိုင်ပေသည်။ နှစ်ဘက်စလုံး မိုက်မှားဖောက်ပြန်နိုင်ရန်ကိစ္စမှာ ထင်သလောက် လွယ်ကူလှသော ကိစ္စ မဟုတ်ပေ။ ထိုသို့ အိမ်ထောင်ဖက်တစ်ဦးတစ်ယောက်က ဆက်ဆံနေရသည့် အခါ ကျန်တစ်ဖက်သားက အစိုးရိမ်လွန်ရန်၊ စိတ်မချနိုင်ရန်၊ စွပ်စွဲထင် များရန် မသင့်သေးပေ။

မိမိ၏ အိမ်ထောင်ဖက်သည် စရိုက်အားဖြင့် မှောက်မှားလွယ်သော ယဉ်ပါးမှု၊ စိတ်လွင့်မှု၊ လော်လည်မှု အရိပ်အရောင်ရှိမရှိ အမြဲတစေ အကဲခတ်နိုင် စမ်းသပ်နိုင်ခွင့်ရှိပေသည်။

ထို့ပြင် မည်သူနှင့်မဆို ပွင့်လင်းခင်မင်စွာ အရောတဝင်ဆက်ဆံ တတ်သော ဝါသနာရှိမရှိကိုလည်း သတိပြုနိုင်ပေသည်။ ဆက်ဆံမှုများ ကိုလည်း အမြင်အတွေ့ တခြားတစ်ဦးဦး၏ ထင်ကြေးသတင်းမျိုးဖြင့် အယုံမလွယ်ဘဲ သံသယဝင်လျှင် မိမိသံသယသည် မည်မျှထိ မှန်ကန်မှု ရှိနိုင်သည်ကို ကိုယ်တိုင်စူးစမ်းရပေမည်။ အရောဝင်လေတိုင်း မငြိစွန်းနိုင် သကဲ့သို့ အရောမဝင် အီမြွေဆည်၍ နေကြလျက်လည်း ငြိစွန်းဖောက်ပြန် တတ်သည်သာ ဖြစ်လေသည်။

## အကြောင်းမဲ့သံသယ

ထို့ကြောင့်-မိမိကိုယ်တိုင် မြင်သိဆုတ်ကိုင်မိသော ကိစ္စမျိုးမှတစ်ပါး မိမိအိမ်ထောင်ဖက်အပေါ်တွင် အကြောင်းမဲ့သံသယဝင်နေစရာမလိုပေ။ အကယ်၍ မိမိအပေါ်တွင် တွယ်တာမှုနည်းပါး၍ အခြားတစ်ပါးတွင်



မ်းတပ်မက်မှု ပိုမိုနေသူဖြစ်ပါက မိမိကမည်မျှပင် သံသယဖြစ်ဖွယ် ဘာက်တာမိစေကာမူ ဖောက်ပြန်မှု ပြုပေလိမ့်မည်။ ဖောက်ပြန်လိုသူသည် ခွင့်သာလျှင် မည်သို့မျှတားဆီး၍ ရမည်မဟုတ်ဘဲ မဖောက်ပြန်တတ်သူ ည်လည်း ရောရောဝင်ဝင် လက်ပွန်းတတီး ခင်မင်ရုံနှင့် ဖောက်ပြန်သွား ည်မဟုတ်ပေ။ ထိုမှတစ်ပါး အိမ်ထောင်ဖက်နှင့် ကြည်ဖြူသာယာစွာ က်ဆံရသည်မှာ တစ်မျိုးတစ်ဘာသာဖြစ်၍ အပေါင်းအသင်းနှင့် ရောနှော ော်ရွှင်ရသည်မှာ တစ်ဘာသာဖြစ်ပေသည်။

ထို့ကြောင့် အိမ်ထောင်တွင် ပျော်ရွှင်မှုသုခပြည့်စုံလေပြီးဖြစ်၍ အခြား န့်ကျင်ဘက် လိင်တို့နှင့်လုံးဝ ဆက်သွယ်ပေါင်းသင်းရန် မလိုတော့ဟူ၍ ဆရန်လည်း မဖြစ်နိုင်ပေ။ ထိုသို့ရောဝင်တိုင်းလည်း သာမန်ခင်မင်မှုထက် တတ်သည်ကို သိနားလည်ရန်လိုပေသည်။ အကယ်၍ အိမ်ထောင်ရှင် ဦးသည် မိမိအိမ်ထောင်ဘက်အပေါ်တွင် သူ၏ဆန္ဒပြည့်ဝမှုအတွက် အနေဖြင့် ပြုစုရန်တာဝန်ရှိသမျှကို ပြေလည်အောင် ဖြည့်စွမ်းပေး၍ စ်ဖက်သား၏မေတ္တာကို အပြည့်အဝရရှိအောင် ထိန်းသိမ်းထားနိုင်ပါက ၏ လွတ်လပ်သော အခြားပေါင်းသင်းဆက်ဆံမှုများအတွက် ကြောင့်ကြ န်ရန်မလိုပေ။ အကယ်၍ မိမိအိမ်ထောင်ဘက်၏ စိတ်နေသဘောထား အလေ့စရိုက်ကို သိနားလည်ထားပါကလည်း ပို၍စိတ်ချနိုင်စရာရှိပေ ည်။ သတိပြုရန်မှာ တစ်ဖက်သား၏ လွတ်လပ်ခွင့် ပျော်ရွှင်ခွင့်ကို မိမိ ခွင့်အရေးအထက်ပို၍ ဝန်မတိုမိရန် မပိတ်ပင်မိရန်သာ ဖြစ်ပေသည်။ ာက်ပြန်မှုကို သံသယဖြစ်ရလွန်းလျှင် တစ်ဖက်သားအပေါ်တွင် မတရား ်ချယ်မိရာ ရောက်စေနိုင်ပေသည်။ ထိုမျှမက သဘောကွဲလွဲကာ ပိုမို ွားရေးသို့ ရှေးရှုတတ်လေသည်။ မိမိအိမ်ထောင်ဘက်အပေါ်တွင် ချစ်ချင် ှ ချစ်နိုင်သော်လည်း သဘောထားသေးခြင်းကိုကား ချစ်သည်ဟူသော ားလုံးဖြင့် ဖုံးလွှမ်းလျှောက်လဲခြင်း မပြုမိစေသင့်ပေ။

အိမ်ထောင်တွင် ကြီးပွားရေး စီးပွားရေး အဖက်ဖက်၌ နှစ်ဦး ်တိုင်ပင်ပင် ပြုလုပ်ဆောင်ရွက်ခြင်း၊ တစ်ဦးဆောင်ရွက်သည်ကို တစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com



ကူပံ့ပေးခြင်း၊ သဘောကွဲလွဲမှုရှိလျှင် ချစ်ကြည်သာစွာဖြေရှင်းခြင်း၊ အိမ်ထောင်၏ တိုးတက်မှုအဝဝတွင် နှစ်ဦး၏အကျိုးကို ရှေ့ရှုခြင်းစသည်တို့သည် ခိုင်မာသော အိမ်ထောင်ရေး၏ အခြေခံများပင် ဖြစ်ပေသည်။ ပြဿနာကို ဒေါသ မောဟမပါဘဲ ဖြေရှင်းနိုင်ကြခြင်းသည် အကောင်းဆုံးပင်ဖြစ်၍ အိမ်ထောင်ရေးတွင် ပျက်ပြားစေတတ်သော အန္တရာယ်များကို တိုက်ထုတ်ပြီး ဖြစ်စေနိုင်ပေသည်။

အိမ်ထောင်ရေးတွင် စိတ်မချမ်းသာကြရခြင်းသည် အိမ်ထောင်ကွဲပြားရသည်ထက်ပင် အဖြစ်ဆိုးရတတ်ပေသည်။ အိမ်ထောင်ကွဲပြားကြခြင်းမှာ ပေါင်းမရတော့သူနှစ်ဦး အပြတ်စာရင်းရှင်းခြင်းပင်ဖြစ်၍ တစ်ကိစ္စပြီးမြောက်သွားနိုင်ပေသည်။ မတည့်အတူနေရသည့်ကိစ္စမှာ စိတ်ဆင်းရဲစေရုံသာမက အိမ်ထောင်ပျက်စီးကြောင်းလည်း ဖြစ်ပေသည်။ အိမ်ထောင်ပြုကြသူများမှာ ပြုကတည်းကပင် ကွဲကြရန်မဟုတ်ပေ။ ရာသက်ပန်ရိုးမြေကျပင် ရည်ရွယ်ကြပေမည်။ သို့ရာတွင် စိတ်ကူးယဉ်အိပ်မက်များသည် လက်တွေ့တွင် တစ်ထပ်တည်းဖြစ်မလာတတ်ပေ။ ဖြစ်လာသမျှတွင် ပြေလည်အောင် ကြိုးစားရသည်မှာ တိုက်ပွဲတစ်ပွဲတိုက်ရခြင်းပင် ဖြစ်လေသည်။

## ညည်းတွားရန်မရှိ

လင်နှင့်မယားဖြစ်လာလျှင် တစ်ဦးကအချဉ်ကြိုက်၍ ကျန်တစ်ဦးကအချဉ်ကို ကြိတ်မှိတ်၍ စားနိုင်ရပေလိမ့်မည်။

တစ်ဦးနှင့်တစ်ဦး ပြေလည်ရေးအတွက် မလုပ်ချင်သည်ကို လုပ်ရပေမည်။ စိတ်အလိုနှင့်ဆန့်ကျင်၍ ခွင့်ပြုလိုက်လျော့ရပေမည်။ လင်တစ်ထမ်းမယားတစ်ရွက်ဆိုသကဲ့သို့ အတူပင်ပန်းခံရန်လည်းလိုပေမည်။ သက်သာမှုလို၍ အိမ်ထောင်ပြုကြရာတွင် သက်သာသည့်ဘက်တွင်သာ သက်သာမှုကိုမျှော်လင့်ရပေမည်။ နေရာတကာတွင် သက်သာမည် မဟုတ်သည့်ပြင်



အိမ်ထောင်အတွက်ပို၍ အပင်ပန်းခံရလိမ့်မည်ကိုလည်း ကြိုတင်သိနားလည်ထားရပေမည်။ အိမ်ထောင်သည် ဘဝတွင် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ပင်ပန်းမှုအတွက် ညည်းတွားစရာမလိုပေ။

အိမ်ထောင်တစ်ခုအတွင်း စီးပွားရေး တိုးတက်အောင် ကျန်းမာမှုညီပင်အောင်၊ ဆက်ဆံရေးပြေလည်အောင်၊ စိတ်နှလုံးချမ်းမြေ့အောင် ဆောင်ရွက်ရသည်မှာ လွယ်ကူသည် မဟုတ်ပေ။ တစ်ဦးနှင့်တစ်ဦး ပွင့်လင်းစွာ ညှိနှိုင်းဆောင်ရွက်ရသည်မှာလည်း တစ်မျိုးခက်ခဲ၍ တစ်ဦးစီ၏စိတ်အလိုတွင် မြှုပ်သိပ်ထားသော ဆန္ဒနှင့်ကိုက်ညီအောင် ပွင့်လင်းစွာ မသိမြင်ရဘဲ ကိုယ်ချင်းစာစိတ် အလိုက်သိစိတ် ကြင်နာစိတ်တို့ဖြင့် ဆောင်ရွက်သည်မှာလည်း တစ်မျိုးခက်ခဲပေသည်။ နိုင်ငံရေးကို ဆောင်ရွက်သူများသည် အိမ်ထောင်ရေးတွင် ဦးစွာပိုင်နိုင်အောင် ဆောင်ရွက်ရန်လိုပေသည်။ ပြည်သူကို စည်းရုံးရသည်ထက် မိမိအိမ်ထောင်ဘက်ကို စည်းရုံးရသည်မှာ ပို၍ခက်ခဲသည်ဟူသော စကားလည်းရှိလေသည်။

အိမ်ထောင်ရေးသည် ပေါ့ပေါ့တွေးလျှင် လွယ်သည်ဟုထင်ရသလောက် သေချာစွာတွေးလျှင် ဘဝထူထောင်ရေးတစ်ရပ်ဖြစ်လေသည်။

စီးပွားရေး၊ ပြင်ပ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေးတို့တွင် ခည်မျှကောင်းမွန်ချောမွေ့စေကာမူ အိမ်ထောင်ရေးတွင် ပြဿနာများနှင့်ရင်ဆိုင်နေရမည်ဆိုပါက စိတ်ချမ်းသာမှု အပြည့်အဝရရှိနိုင်တော့မည်မဟုတ်ပေ။ အိမ်တွင်းသာယာမှ အလုပ်ခွင်သာယာ၍ ကြီးပွားရေးစီးပွားရေးတွင် သာယာလိမ့်မည် ဖြစ်လေသည်။ ထို့ကြောင့် အိမ်ထောင်ရေးတိုက်ပွဲတွင် အောင်ထူနိုင်အောင် သတိပြုရပေမည်။

* * *

ပဏ္ဍုမြူးဝေမောက်စာပေ

www.burmeseclassic.com

# လူမှုရေးတိုက်ပွဲ

ကျွန်ုပ်တို့ဘဝသည် လူ့လောကထဲမှ ဘဝတစ်ခုသာဖြစ်ပေသည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင် လူ့လောကကို မေ့ဖျောက်ထားခြင်းဖြင့် ကျွန်ုပ်တို့၏ ဘဝတိုးတက်ရေးသည် ပြီးပြည့်စုံနိုင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် လူ့လောကကြီးထဲတွင် ရှင်ကျန်နေ၍ လူများစွာနှင့် ပေါင်းသင်းဆက်ဆံနိုင်ခြင်းဖြင့် အနိုင်ယူနိုင်ရပေမည်။ လူသားများကို မိမိဘဝအတွက် အထောက်အပံ့ဖြစ်အောင် အသုံးပြုတတ်ခြင်းဖြင့် လူမှုရေးတိုက်ပွဲတွင် အနိုင်ယူကြရပေမည်။

လူဆိုသည်မှာ တစ်ကိုယ်လျှင် ထင်တစ်လုံး ရှိတတ်ကြပေသည်။ မိမိကိုယ်ကို သိဒ္ဓိတင်လိုကြပေသည်။ လူချင်းယှဉ်လျှင် သူတကာထက် သာလွန်သော အရည်အချင်းတစ်ခုခုရှိသည်ဟု ကြံဖန်၍ ယူဆတတ်ပေသည်။ အခြားသူ တစ်ဦးတစ်ယောက်ထံမှ မိမိအကျိုးရှိရာရှိကြောင်း အကွက်အချက်ကို ရယူလိုတတ်ပေသည်။ အချုပ်အားဖြင့်ဆိုသော် မာနနှင့်အတ္တ ကြီးမားသော သဘာဝရှိပေသည်။ ဤသို့သော လူများနှင့် ပေါင်းသင်းဆက်ဆံ၍ မိမိအကျိုးကို ဖန်တီးရယူရသည်မှာ လွယ်ကူသော ကိစ္စမဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ တစ်ဦးနှင့်တစ်ဦး ဆန္ဒ ကွဲလွဲမှုများ ရှိပေသည်။ ကျွမ်းကျင်ပုံကွဲလွဲမှုများကြောင့် ကိုယ်ကျိုးရှုတတ်သော လူသားများ၏



ဆက်ဆံရေးလောကသည် အဆင်ပြေရခြင်း ဖြစ်လေသည်။ တစ်ဦး၏ ချို့တဲ့မှုကို အခြားသူတစ်ဦးက ကူညီနိုင်ပေသည်။ တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ကာ အကျိုးအမြတ်ကို ခွဲဝေယူတတ်ပေသည်။ ထိုနည်းဖြင့် တစ်ဦးနှင့်တစ်ဦး အကျိုးပြုဘက်များ ဖြစ်လာရလေသည်။

ကျွန်ုပ်တို့သည် လူမှုလောကကို ပိုင်နိုင်စွာ အသုံးပြုရန်အတွက် အရည်အချင်းများ လိုပေသည်။ ကျွန်ုပ်တို့သည် လူမှုလောကတွင် လူအားလုံးနှင့် အလိုက်အထိုက် ဆက်ဆံတတ်ရန် လိုပေသည်။

လူ့အကဲကိုသိခြင်း၊ လူ့အကြိုက်ကိုသိခြင်း၊ လူနှင့်ဆက်ဆံရန် နည်းပရိယာယ်ကို ကျွမ်းကျင်ခြင်းတို့သည် လူမှုရေးတိုက်ပွဲ၏ လက်နက်ကောင်းများဖြစ်လေသည်။

ကျွန်ုပ်တို့၏တာဝန်မှာ လူ့လောကကြီးတွင် နစ်မြုပ်မသွားဘဲ ပေါ်ထွက်နေအောင် သတိပြုရန် ဖြစ်လေသည်။ လူ့လောက၏ နိယာမသဘောတွင် **“ထိုက်တန်သူသာလျှင် ရှင်ကျန်စမြဲ”** ဟူသော ဆောင်ပုဒ်ပါဝင်ပေသည်။ ဆိုလိုသည်မှာ လောက၏အဖျက်စွမ်းအား အမျိုးမျိုးနှင့် အန္တရာယ်အမျိုးမျိုးကို တွန်းလှန်ဖယ်ရှားနိုင်သော သူတို့သည်သာလျှင် အသက်နှင့်ကိုယ် မကွာနေနိုင်ကြသည်ဟူ၍ပင် ဖြစ်လေသည်။ ထိုသဘောအတိုင်းပင်လျှင် လူ့လောကကြီးတွင် ကိုယ်စွမ်းကိုယ်စနှင့် တစ်ဦးထက်တစ်ဦး သာလွန်အောင် ကြိုးစားတတ်သူများသာလျှင် ထင်ပေါ်ကျော်ကြား၍ ဦးဆောင်မှုအပိုင်းတွင် တည်နေနိုင်ကြပေသည်။ လူမှုလောကထဲမှ ထိုးထွက်အောင် ဆောင်ရွက်တတ်ရန်မှာ လွန်စွာအရေးကြီးပေသည်။

လူ့သဘောသည် မိမိက သူတစ်ပါးကို အထင်သေးတတ်စေကာမူ သူတစ်ပါးက မိမိအား အထင်ကြီးစေလိုပေသည်။ လူချင်းယှဉ်လျှင် မိမိထင်ပေါ်ရေးအတွက်ဖြစ်စေ၊ မလိုမုန်းထား၍ဖြစ်စေ သူတစ်ပါးကို နှိမ်ညွှတ်ဆ၍ အနိုင်ယူရန် ကြိုးပမ်းကြစမြဲဖြစ်ပေသည်။ ပတ်ဝန်းကျင်သည် နည်းအမျိုးမျိုးဖြင့် နှိမ်တတ်ကြပေသည်။ ပြိုင်ဆိုင်တတ်ပေသည်။ အနိုင်ယူတတ်



www.burmeseclassic.com

www.burmeseclassic.com



ပေသည်။ ဤနိမ့်မှု၊ ပြိုင်ဆိုင်မှုနှင့် အပေါ်စီးယူတတ်မှုများကိုပင် ရှန်းကန်လှတက်၍ မိမိဘဝအောင်မြင်မှုကို ရယူမည်ဖြစ်လေသည်။

လူမှုလောကတွင် အများက ချစ်ခင်အောင်သော်လည်းကောင်း၊ အများက ကူညီချင်အောင်သော်လည်းကောင်း၊ အများက လေးစားအောက်ကျို့လာအောင်လည်းကောင်း၊ ဆောင်ရွက်ရန်မှာ လွယ်ကူသော အလုပ်မဟုတ်ပေ။ သို့ရာတွင် လုပ်နည်းရှိသော အလုပ်က မှန်ပေသည်။

မိမိသည် သူတစ်ပါးအတွက် ပရဟိတ လုပ်ငန်းများတွင် တုံ့ပြန်ကူညီဆောင်ရွက်ပေးခြင်းအားဖြင့်လည်းကောင်း၊ မိမိသည် အခြားသူများထက်ပို၍စွမ်းကြောင်း၊ တော်ကြောင်း၊ အမြင်ထက်မြက်ကြောင်းများ သိလာအောင် အစွမ်းထင်ရှားစေခြင်းဖြင့်လည်းကောင်း ဆောင်ရွက်နိုင်သည်သာဖြစ်လေသည်။ လူတို့သဘောသည် ပတ်ဝန်းကျင်နှင့်ကင်းရှင်း လွတ်လပ်လိုသော်လည်း လူမှုလောကကို ရှောင်ဖယ်၍ရသည် မဟုတ်ပေ။ ထို့ကြောင့် ပတ်ဝန်းကျင်ကို နွံ့ကြောက်စွာဖြင့် ဆက်ဆံရတတ်ပေရာ မိမိအကျိုးကို မျှော်လင့်စရာရှိမည်ဆိုလျှင်ကား ရဲဝံ့စွာပင် ဆက်ဆံလိုကြပေမည်။ မိမိအတွက် အကျိုးကျေးဇူးရွက်ဆောင်ပေးမည့်သူ၊ မိမိထက်ပို၍ စွမ်းဆောင်နိုင်သူဖြစ်ပါက လေးစားကြည်ညိုရန် အသင့်ရှိကြပေသည်။ ထို့ကြောင့် လူမှုလောကတွင် မိမိအနေဖြင့် ရပ်တည်နိုင်ရန်မှာ ဖော်ပြပါအရည်အချင်းများရှိရန် လိုပေသည်။ ရပ်တည်ရင်းဖြင့် မိမိအတွက်လိုရာ အကျိုးငှာ လူမှုလောကကို အရင်းအနှီးပြုနိုင်ပေသည်။

လူတို့သည် မိမိအကျိုးမရှိမည့် အလုပ်ကို မလုပ်လိုကြပေ။ လှူသည်တန်းသည်ဆိုရာမှာပင် သံသရာတွင် စည်းစိမ်ချမ်းသာကိုလို၍ ဖြစ်ပေသည်။ သံသရာဝဋ်ကို မတောင့်တဟုဆိုသူပင် နိဗ္ဗာန်ဆုကိုတောင်းပေလိမ့်မည်။ မိမိကိုယ်ကျိုးမရှိက မပြုလိုပေ၊ ယနေ့ပြည့်စုံအကျိုးရရန်အတွက်ဖြစ်စေ၊ နောင်တစ်ချိန်တွင် အကျိုးပြည့်ရန်အတွက်ဖြစ်စေ၊ တစ်နည်းနည်းအားဖြင့် မျှော်လင့်ချက် ထားပေလိမ့်မည်။ ထိုသို့သော သူများကိုပေါင်းသင်းဆက်ဆံရာ၌ မိမိကအမြဲတစေ အကျိုးတော်ဆောင်ကြီးနေရာမှ အမြဲနေနိုင်မည်



မဟုတ်စေကာမူ၊ မိမိတတ်နိုင်သမျှ အခြားသူ၏အကျိုးကို သည်ပိုး၍၊ မိမိလိုသမျှ အကူအညီကို အခြားသူထံမှ ရရှိအောင် ကြိုးစားရပေမည်။

## ကြောက်စရာလူများ

ကျွန်ုပ်တို့သည် တစ်ခါတစ်ရံတွင် လူမှုလောကအား မကျေမနပ်ဖြစ်မိတတ်ကြပေသည်။ လူအချို့သည် တစ်ကိုယ်ကောင်းဆန်လွန်ပေမည်။ တရားမဲ့ဖောက်ပြန်ကြသူများလည်း ရှိပေမည်။ အမနာပပြောတတ်သူလည်း ပါဝင်ပေမည်။ တာဝန်မဲ့သူ၊ သစ္စာဖောက်သူများလည်း ရှိကြပေမည်။ ကိုယ့်ကိုယ်ကိုသာ အကောင်းထင်၍ အခြားလူများကို လူမထင်သူများပင်ရှိပေမည်။ ဤမျှဆိုးဝါးသော လူသတ္တဝါကို တွေ့မြင်ရသည့်အခါ လူများနှင့်ပေါင်းသင်း ဆက်ဆံရမည်ကိုပင် နွံ့ကြောက်မိပေမည်။ လူများကို စိတ်နာ၍ လူ့လောကမှ ရှောင်ဖယ်ချင်စိတ် ပေါက်မိပေမည်။

မည်သို့ပင်ဖြစ်စေ လူ့လောကတွင် လူများနှင့်ကင်းကွာလို၍မရပေ။ မည်မျှပင်စိတ်နာသည်ဖြစ်စေ လူမှုလောကနှင့် ရင်ဆိုင်ရမည်မှာမလွဲပေ။ မကောင်းသောလူများရှိသကဲ့သို့ ကောင်းသောလူများလည်း ရှိပေလိမ့်မည်။ တစ်နေရာတွင် မကောင်းသောသူသည် အခြားတစ်နေရာတွင် ကောင်းပေလိမ့်မည်။ အခြားသူအား အကျိုးမပြုသောသူသည် မိမိကိုအကျိုးပြုနိုင်ဖွယ်ရှိပေသေးသည်။ ထို့ကြောင့် လူ့လောကကို တစ်ဖက်တည်းမှသာ မရှုကြည့်ဘဲ အခြားတစ်ဖက်ဖက်မှလည်း သုံးသပ်ရပေမည်။ အခြားလူများ၏ လုပ်ဆောင်မှုများကိုမှီ၍ မိမိစားသောက်ဝယ်ခြမ်း သုံးစွဲနေသည်ကို ရှုမြင်မိလျှင် ကျေးဇူးတင်မည်ဆိုက တင်စရာရှိသေးသည်ကိုလည်း သတိပြုရပေမည်။

ထို့ကြောင့်ကျွန်ုပ်တို့သည် လူမှုလောကကို မျှတစွာရှုမြင် သုံးသပ်ရပေမည်။ အဆိုးနှင့်အကောင်း နှစ်ဖက်ရှိသောလောကတွင် အဆိုးတစ်ဖက်တည်းမှသာ ရှုကြည့်မည်ဆိုလျှင် တရားမျှတရာရောက်မည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ပေါ်၌ပင် မိမိမလိုလားသော အချက်များ ရှိပေလိမ့်မည်။ ထို့မျှသာမက အခြားသူများကလည်း မိမိကိုရှုကြည့်ကာ လူ့လောကကို စိတ်နာစိတ်ပျက်နေမည်လားမသိရပေ။ အခြားသူ၏အမြင်တွင် သင်သည် လူ့ဋွစာ၊ လူကပ်၊ တစ်ကိုယ်ကောင်းသမား ဖြစ်နေမည်ဆိုလျှင်လည်း ပြုပြင်ရပေလိမ့်မည်။

ကျွန်ုပ်တို့အဖို့ ကြိုးစားဆောင်ရွက်ရန်မှာ ကျွန်ုပ်တို့နှင့် ဆက်ဆံရသော လူမှုလောကသည် ကျွန်ုပ်တို့၏ အသုံးဝင်မှုကို အသိအမှတ်ပြုလာရန်ပင်ဖြစ်လေသည်။ ကျွန်ုပ်တို့သည် အခြားလူများအတွက် ဖြည့်တင်းဆောင်ရွက်နိုင်သူများ ဖြစ်ပါက ကျွန်ုပ်တို့သည် လူမှုလောကတွင် ဝင်ဆံ့ပေလိမ့်မည်။ ထိုသို့ ဝင်ဆံ့သောအခါတွင် ကျွန်ုပ်တို့၏အကျိုးကို ဆောင်ရွက်ရပေလိမ့်မည်။

ကျွန်ုပ်တို့သည် လူမှုလောကနှင့်ဆက်ဆံရာတွင် လူ့အကြောင်းကို လေ့လာရန်လိုပေသည်။ ကျွန်ုပ်တို့အား တွေ့ထိဆက်ဆံလာသောလူများ၏ စိတ်နေသဘောထားများ၏ မျှော်မှန်းချက်များကိုလည်း သိအောင်ပြုရပေမည်။ ကျွန်ုပ်တို့နှင့်ဆက်ဆံရသူသည် ရိုးသားသူလော၊ ကောက်ကျစ်စဉ်းလဲသူလော၊ အကျိုးလိုလားသူလော၊ အပြစ်ရှာမည့်သူလော၊ အစွမ်းရှိသူလော၊ အသုံးမကျသူလော စသည်ဖြင့် သိရှိရန်လည်း လိုလေသည်။ လူသည် သက်ရှိသတ္တဝါဖြစ်၍ စိတ်နှင့်စရိုက်တို့က ရွေ့ရှားလှုပ်ရှားနေသူဖြစ်သောကြောင့် အကဲခတ်ရသည်မှာ ခက်ခဲမြဲဖြစ်လေသည်။ ထို့မျှမက လူများစွာတို့သည် ဟန်ဆောင်တတ်သောသဘော လျှို့ဝှက်တတ်သောသဘောများကလည်း ရှိပေသေးသည်။ ကျွန်ုပ်တို့သည် လူဆိုးကို လူကောင်း၊ လူကောင်းကို လူဆိုးဟူ၍ အမြင်မမှားရန်လိုပေသည်။

နှုတ်တို့၍ စိတ်ဖြောင့်သူနှင့် နှုတ်ချို၍ စိတ်ကောက်သူများလည်း ရှိပေသည်။ အပြင်တွင် စေတနာရိပ်သန်း၍ အတွင်း၌ တွန့်တိုသူများလည်း ရှိပြီး၊ အပြင်၌နှုတ်နည်း လောကွတ်နည်းသလောက် စေတနာထက်သန်သူလည်း ရှိလေသည်။ လူ့အကြောင်းကိုသိခြင်းသည် လူနှင့်ဆက်ဆံရေးတွင်



ဆက်ဝက်အောင်မြင်မှုရပြီးဖြစ်လေသည်။ ကျွန်ုပ်တို့သည် လူပေါင်းများ၍ ပျက်စီးကြရသည်ကို ဝတ္ထု၊ ဒဏ္ဍာရီများတွင်သာမက ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင်လည်း တွေ့မြင်ရဖူးပေလိမ့်မည်။ ကူညီမစတတ်သူနှင့်ပေါင်းမိ၍ အမိုအခိုကောင်းရကာ ကြီးပွားချမ်းသာသူများအကြောင်းကိုလည်း တွေ့မြင်ကြားသိဖူးကြပေမည်။ ကျွန်ုပ်တို့၏ကောင်းကျိုးဆိုးကျိုးကို ချယ်လှယ်နိုင်သောလူများကို ကျွန်ုပ်တို့ ရွေးစစ်ရပေမည်။ မပေါင်းသင့်ဘဲ နီးကပ်ဆက်ဆံလာရသူကို ကိုယ်ပေါင်းစိတ်ခွာ၍ ပေါင်းသင့်လျက် အကြောင်းမတိုက်ဆိုင်သူကို စိတ်ရောကိုယ်ပါ နီးစပ်အောင် ချဉ်းကပ်ရပေမည်။

## ပါးနပ်လိမ္မာမှု

လူနှင့်လူချင်း ပေါင်းသင်းဆက်ဆံရသည်မှာ ခက်ခဲသည်ဟုဆိုသော်လည်း မိမိဆက်ဆံရမည့်သူအကြောင်းကို ခြေခြေမြစ်မြစ် သိရှိထားသောအခါ လွယ်ကူပေသည်။ သူ့အကြိုက်လိုက်လျှင် သူ့ရင်းနှီးယုံကြည်မှုကို မရနိုင်စရာအကြောင်းမရှိပေ။

မိမိနှင့်ဆက်ဆံလာသူသည် မည်သည့်ရည်ရွယ်မျှော်လင့်ချက်ဖြင့် ချဉ်းကပ်လာသည်ကိုလည်း သတိပြုရပေမည်။ လူတစ်ယောက်သည် မိမိ မစွမ်းဆောင် မလိုက်လျောနိုင်သော အကူအညီကို မျှော်ကိုးချက်ဖြင့် ဆက်ဆံလာပါက နောက်ဆုံးတွင် မိမိက သူ့အလိုကို မဖြည့်စွမ်းနိုင်သောအခါ ထိုသူ၏ ဆန့်ကျင်မုန်းတီးခြင်းကို ခံရမည်သာ ဖြစ်ပေသည်။ မိမိအပေါ်တွင် တစ်ဖက်သားသည် မိမိတတ်နိုင်သည်ထက် မမျှော်လင့်ရလေအောင် အချိန်စောစွာကပင် ပါးနပ်လိမ္မာစွာ အသိပေးရပေလိမ့်မည်။ တစ်ဖက်သား၏ ခင်မင်မှုကို မိမိမစွမ်းဆောင်နိုင်သော မျှော်လင့်ချက်ဖြင့် ဘမ်းပြ၍(ဝါ)မက်လုံးပြ၍ မျှော်ကိုးမနေစေသင့်ပေ။ တစ်ဖက်သားအား လှည့်စားထားခြင်းသည် တစ်ချိန်တွင် အကျိုးရှိသလောက် တစ်ချိန်တွင် အန္တရာယ်များစေနိုင်ပေသည်။ မိမိက သိလျက်ပင်မဟုတ်သေး မသိဘဲ



www.burmeseclassic.com

www.burmeseclassic.com



လျက်ပင် လွဲမှားသော မျှော်လင့်ချက်မျိုး ရှိမနေစေရန် သတိပြုရပေမည်။ ထို့ကြောင့် တစ်ဖက်သား၏ မျှော်လင့်ချက် မျှော်ကိုးချက်များကို သိရှိထားရန် အရေးကြီးခြင်းပင် ဖြစ်လေသည်။

တစ်ဖက်တွင်လည်း အချိုကြိုက်သူကို အချိုကျွေးရသည့်နည်းတူ မိမိထံမှ မျှော်လင့်ချက်ကို သိရှိထားခြင်းကြောင့်လည်း ထိုလူ၏အလိုကျ မိမိကဖြည့်တင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ **သူ့အကျိုးဆောင်မှ ကိုယ်အကျိုးအောင်သည်**ကိုကား သတိပြုရပေလိမ့်မည်။

မိမိရှိနေသော ပတ်ဝန်းကျင်တွင် မိမိသည် အခြားဆက်ဆံရသူများအဖို့ တသီးတခြား ကျေးဇူးပြုနိုင်သူတစ်ဦး ဖြစ်နေခဲ့လျှင် မိမိ၏တန်ဖိုးမှာ ပို၍မြင့်မားလိမ့်မည်ပင်ဖြစ်ပေသည်။ ထိုအချက်ကို သတိပြု၍ အခြားသူ မစွမ်းနိုင်သောဘက်မှ မိမိက အကူအညီပေးနိုင်အောင်လည်း ကြိုးစားရပေမည်။

ကျွန်ုပ်တို့သည် လူမှုလောကတွင် မထင်ပေါ်၊ မကျော်ဇောလိုဘဲ နေမည်ဆိုက နေနိုင်မည်ဖြစ်သော်လည်း လူမှုလောကကို လုံးဝရှောင်ဖယ်၍ နေနိုင်မည်မဟုတ်ပေ။ မည်သည့်နည်းနှင့်မဆို လူမှုလောက က မိမိအား လူရာမသွင်းခြင်း၊ နှိမ်ထားခြင်းကိုကား ခံနိုင်မည်မဟုတ်ပေ။

လူထဲသို့ဝင်ရသည်မှာ အကြောင်းမသိခဲ့လျှင် ခက်ခဲမည်ဖြစ်၍၊ အကြောင်းသိလျှင်ကား လွယ်ကူပေသည်။ လူနှင့်ပေါင်းသင်းဆက်ဆံရာတွင် ခံနိုင်ရည်တစ်ခုရှိဖို့လိုပေသည်။ ထိုခံနိုင်ရည်မှာ လူများက မိမိအား မည်သို့ပင် ထင်မှတ်သည်ဖြစ်စေ၊ အရေးမထားဘဲ မိမိစိတ်ကူးအကြံအစည်အတိုင်း ရဲဝံ့စွာတိုးဝင်ရန်သာ ဖြစ်ပေသည်။ မိမိသည် မည်သူ့အပေါ်တွင်မျှ မတရားမပြုမူခဲ့လျှင် မိမိအတွက် လိပ်ပြာငယ်စရာသော်လည်းကောင်း၊ ရှုံ့စရာသော်လည်းကောင်း မလိုပေ။ မိမိနေရာကို မိမိကောင်းစွာ သိရှိခြင်းဖြင့် လူမှုလောကထဲဝွင် ထိုက်တန်သောနေရာကို ရယူနိုင်ပေသည်။

အချို့သည် လူမှုလောကထဲသို့ တိုးဝင်ရန်တွန့်ဆုတ်တတ်ပေသည်။ မိမိကို ခေါင်ငင်ဆက်ဆံမည့်သူ ရှိမှရှိပါမည်လား၊ မိမိအား အထင်သေးလေ



ည်လား၊ မိမိတွင်တာဝန်ပိုများတင်ရှိလာလေမည်လားဟု စိုးရိမ်မိတတ်ကြသည်။

လူ့လောကတွင် အောင်မြင်မှုရလိုသူသည် လူစိမ်းများ့ထဲသို့ တိုးဝင်း်ကို မစွန့်စားရဲလျှင် မဖြစ်ပေ။ လူထဲသို့ဝင်ရခြင်းသည် သေနတ်များ ချိန်ရွယ်ထားသော ရန်သူ့စစ်ဦးသို့ တိုးဝင်ရခြင်းမဟုတ်ပေ။ မည်သည့် ရာယ်ဆိုးမျှ တွေ့ဆိုင်ရမည်မဟုတ်ပေ။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထံသို့ ဦးတည်ဆက်ဆံလာသူများကိုသာ င့်ကြို ဆက်ဆံနေ၍ မပြီးပေ။ မိမိအကျိုးကျေးဇူးအတွက် လူ့လောက ွာအသီးသီးနှင့် ထိတွေ့အောင် မိမိက ရှေ့ဆောင်၍ တိုးဝင်ရမည်သာ ပေသည်။ ထိုသို့တိုးဝင်ရာ၌ မိမိအဖို့တွင် ပရဟိတလုပ်ငန်းမျိုးအတွက် ကြောင်းအားလျော်စွာ တုံ့ပြန်ကူညီရမည့် ကိစ္စမျိုးလည်း ရှိပေလိမ့်မည်။ ရာတွင် မိမိက သူတစ်ပါးထံမှ အကျိုးကျေးဇူးကိုရရှိလျှင် မိမိကလည်း င်ကြို၍ဖြစ်စေ နောင်းမှတုံ့ပြန်၍ဖြစ်စေ ကူညီအကျိုးပြုနိုင်စွမ်းရပေ ည်။

## မျှော်မြင်ချက်

လူမှုလောကနှင့် ဆက်ဆံသည့်အခါတွင် ကျွန်ုပ်တို့သည် ချက်ချင်း င်းအကျိုးကိုသာ မျှော်ရှုရမည်မဟုတ်ပေ။ တစ်ချိန်ချိန်တွင် တစ်နည်း ည်းအားဖြင့် အကျိုးရှိမည့်အရေးကိုလည်း မျှော်ရှုရပေမည်။ လူအချင်းချင်း က်ဆံကြသည်မှာ ဤနည်းအားဖြင့် အကျိုးမျှော်ရှုမှုများရှိသောကြောင့် ျှင်ဖြစ်ပေမည်။ လူတစ်ဦးတစ်ယောက်အား မိမိအကူအညီလိုသည့်အခါ ်ပြုခြင်းမျိုးထက် နောင်တစ်နေ့တွင် အကူအညီရလိုကရစေဟူသော လင့်ချက်ဖြင့် အကျွမ်းဖွဲ့ထားခြင်းက ပို၍အောင်မြင်မှုရစေနိုင်ပေသည်။ တစ်ပါး လူတစ်ဦးတစ်ယောက်ထံမှ လိုအပ်သော အကူအညီရစဉ်အခါ သာ ဖက်လဲတကင်း အရောဝင် အလေးအမြတ်ပြု၍ မိမိလိုအင် ဖြည့်

www.burmeseclassic.com



မြောက်ပြီးသောအခါတွင် အရေးမထားတော့ဘဲ ပစ်ပယ်ခြင်းငှာလည်း မသင့်ပေ။

ကျွန်ုပ်တို့သည် လူများနှင့်ဆက်ဆံရာတွင် သတိပြုသင့်သော အချက်များစွာရှိပေသည်။ မိမိပေးထားသော ကတိကို တည်ကြည်စွာ စောင့်ထိန်းခြင်း၊ အချိန်းအချက်များတွင် မပျက်မကွက်တိကျခြင်း၊ သူတစ်ပါးအကြောင်းကိစ္စရှိလျှင် သွက်လက်စွာ ကူညီစောင့်မတတ်ခြင်း၊ မျှမျှတတ သဘောထားတတ်ခြင်း၊ အငြင်းအခုန်စသော မိတ်ပျက်ဖွယ်အမှုများကို ရှောင်ရှားခြင်း၊ ဖြောင့်မတ်ခြင်း၊ ဟန်မဆောင်ခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်တတ်ခြင်း၊ သူတစ်ပါး၏အားနည်းမှုအပေါ်တွင် အခွင့်အရေးမယူခြင်း၊ တစ်ဖက်သားကို မနှိမ်ချခြင်း၊ ကိုယ်ချင်းစာတရားထားရှိခြင်း၊ ရင်းနှီးဖော်ရွေစွာ ဆက်ဆံခြင်း၊ ကိုယ်ကျင့်တရားနှင့်ပြည့်စုံအောင်နေထိုင်ခြင်း၊ စသည်တို့မှာ လူအများကတိုး၍ ခင်မင်လေးစားစေသော အရည်အချင်းနှင့် အကြောင်းတရားများသာ ဖြစ်ပေသည်။ မိမိသည် မည်သို့သော လူစားမျိုးနှင့် ဆက်ဆံလိုသည်ကို စေ့စေ့တွေးခဲ့လျှင်၊ အခြားသူများက မိမိအား မည်သည့် လူအမျိုးအစားဖြစ်ပါမှ ဆက်ဆံလိုကြမည်ကို ကောင်းစွာ သတိပြုမိနိုင်ပေသည်။

ကျွန်ုပ်တို့ ချိန်ဆရမည့် အကြောင်းတစ်ရပ် ရှိပေသည်။ ၎င်းမှာ ကျွန်ုပ်တို့သည် မိမိကိုယ်ကို နှိမ့်ချရေးကိစ္စပင်ဖြစ်လေသည်။ ကျွန်ုပ်တို့သည် မာန်မာနမထားဘဲ မိမိကိုယ်ကို ပလွှားခြင်း၊ ဝင့်ဝါခြင်းမပြုမိအောင် သတိထားရပေမည် ဖြစ်သော်လည်း မိမိအပေါ်တွင် အထင်ကြီးလောက်စရာကို မကြီးလေအောင် လျှော့ပေါ့ရန်ကားမလိုပေ။ မိမိအလိုအလျောက် မရှိဘဲ ကြွားဝင့်ရန်မဟုတ်သော်လည်း အကြောင်းပေါ်ပေါက်သည့် အခါတိုင်း မိမိ၏အစွမ်းကို ပြရပေမည်။ မိမိနှင့်ဆက်ဆံရသော လူများထက် သာလွန်သော အရည်အချင်းများ ပြည့်ဝအောင်လည်း ကြိုးစားဖြည့်တင်းရပေမည်။ ဤနည်းအားဖြင့် အစွမ်းပေါ်နိုင်စေခြင်းနှင့် မာန်မာနထုတ်ပြောခြင်းတို့ကို ခွဲခြား၍ သတိပြုရမည်။



ကျွန်ုပ်တို့ဆက်ဆံနေရသော သူများသည်အားလုံးပင် သူတော်ကောင်းများ၊ စေတနာမှုတသူများချည်း ဖြစ်ကြလိမ့်မည်ဟု မမျှော်လင့်နိုင်ပေ။ အချို့မှာ သူတို့အကျိုးငှာသာ ဆက်ဆံလာသူများဖြစ်၍ မိမိအတွက် အကျိုးမရှိနိုင်ရုံသာမက မိမိအကျိုးကိုပင် ပျက်ပြားစေနိုင်သူများ ပါရှိပေလိမ့်မည်။ သို့ရာတွင် မိမိကသိရှိ၍ ပေါင်းသင်းဆက်ဆံရေးတွင် ကျွမ်းကျင်မည်ဆိုပါက ထိုသူများကို အောင်မြင်နိုင်ပေလိမ့်မည်။ ကျွန်ုပ်တို့သည် မိမိတို့အပေါ်တွင် လေးစားသူအားပို၍ လေးစားကြည်ညိုအောင် စွဲဆောင်ထိန်းသိမ်း၍ မိမိနှင့်ဆန့်ကျင်သူအား မိမိဘက်သို့ပါလာအောင် စွဲဆောင်ရပေမည်။ ရန်သူကိုမိတ်ဆွေဖြစ်အောင် ဖန်တီးနိုင်လေ၊ ပို၍ကောင်းလေပင် ဖြစ်ပေသည်။

တစ်ခါတစ်ရံ ဆက်ဆံခြင်းထက် မပြတ်မလပ်ဆက်ဆံသောအခါများတွင် လူတို့သည် ပိုမိုရင်းနှီးနားလည်လာတတ်ကြသည်လည်းရှိပေသည်။ မိမိ၏ချို့ယွင်းချက်များ၊ မိမိနှင့်သဘောကွဲလွဲခြင်းများကို မြင်တွေ့လာ၍ မူလရှိရင်းအကြည်ညိုပျက်သွားသည်များလည်း ရှိပေလိမ့်မည်။ အရောဝင်၍ အရှိအသေတန်ခြင်းများလည်း ရှိတတ်ပေသည်။ ထို့ကြောင့် ပေါင်းသင်းဆက်ဆံရာတွင် အခြေအနေမှန်ကန်စွာ ထိန်းထားတတ်ရန်လည်း အရေးကြီးပေသည်။

လူမှုဆက်ဆံရေးသည် လွယ်ကူသော ကိစ္စမဟုတ်ပေ။ ပုံသေနည်းဖြင့် ညွှန်ပြ၍လည်းမရပေ။ အခြေအနေအရ မီးစဉ်ကြည့်၍ ကရသည်များလည်း ရှိတတ်ပေသည်။ လူမှုရေးတွင် ပြဿနာအမျိုးမျိုးကိုလည်း တွေ့ဆိုင်ရတတ်ပေသည်။

သာရေးနာရေး ဖျားရေးလည်းရှိပေမည်။ အခြားသူများ၏ ပြဿနာတွင် ပါဝင်ပတ်သက်နေရသည်လည်း ရှိတတ်သည်။ အခြားသူများ၏ သဘောကွဲလွဲမှုများတွင် ကြားဝင်စေ့စပ်အဆုံးအဖြတ်ပေးရသည်များလည်း ရှိပေမည်။ မည်သို့ပြစ်စေ ဆက်ဆံရေးပြဿနာများကို ပြေလည်အောင် ကိုင်တွယ်တတ်ရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



## လူတတ်လုပ်ခြင်း

အချို့သောသူများသည် လူမှုပတ်ဝန်းကျင်တွင် အမြဲတစေပင် နောက်လိုက်ဖြစ်၍ နေတတ်ပေသည်။

နောက်လိုက်ဖြစ်ရခြင်းမှာ သက်သာသည်ဆိုစေကာမူ၊ လူ့လောကတွင် အောက်တန်းကျသည့်အခြေ၊ ခွတန်းစားခွဲခြားခံရသည့် အခြေအနေမျိုးသို့ကား မရောက်အပ်ပေ။ ထိုမှတစ်ပါး မိမိက သူတစ်ပါးအပေါ်တွင် ရှေ့ဆောင်မှုနေရာကို ရရှိထားစေကာမူလည်း မိမိက နေရာတကာတွင် လူတတ်လုပ်ခြင်း၊ ဗိုလ်ကျခြင်း၊ ခေါင်းပုံဖြတ်ခြင်း စသည့် နာမည်ဆိုးများ မရှိရအောင်လည်း သတိပြုရမည် ဖြစ်လေသည်။

လူမှုရေးတိုက်ပွဲမှာ စစ်မျက်နှာပုံသေဖွင့်မထားသော တိုက်ပွဲဖြစ်၍ တစိမ့်စိမ့်တိုက်နေရသော တိုက်ပွဲမျိုးပင်ဖြစ်လေသည်။ လူမှုရေးတိုက်ပွဲ၏ အဖြေမှာကား များသောအားဖြင့် သိသာထင်ရှားစွာ ပေါ်၍လာတတ်သည် မဟုတ်ပေ။ ထိုသို့ဆုတ်ကိုင်၍မရစေကာမူ၊ မိမိသည် လူမှုလောကတွင် လူအများက လိုလားစွာ အဖော်သဟဲပြုလိုခြင်း၊ လေးစားစွာဆရာတင်ခြင်း ခံခဲ့ရလျှင်ဖြစ်စေ လူမှုပတ်ဝန်းကျင်နှင့် ပြဿနာမပေါ်ဘဲ ပြေလည်စွာ ဆက်ဆံနိုင်လျှင်ဖြစ်စေ အောင်မြင်သည်ဟုပင် ဆိုရမည်ဖြစ်ပေသည်။

မိမိသည် လူမှုလောကတွင် မည်သည့်နေရာ မည်သည့်အဆင့်တွင် ရှိနေသည်ကို သတိပြုလေ့လာရပေမည်။ မိမိ၏အခြေအနေကို မိမိကျေနပ်သင့် မနပ်သင့်၊ ကျေနပ်ခြင်းရှိမရှိကိုလည်း သုံးသပ်ရပေမည်။ မိမိကိုယ်ကို အထင်ကြီးနေသည်ဖြစ်စေ၊ မိမိသည်အရေးပါအရာရောက်သူတစ်ဦး ဖြစ်သည်ဟူ၍ မိမိတစ်ဦးတည်း ဆုံးဖြတ်ထားသည်ဖြစ်စေ၊ ပတ်ဝန်းကျင်က ထိုသို့ယူဆခြင်း အသိအမှတ်ပြုခြင်း မရှိလျှင်ကား အချည်းနှီးပင်ဖြစ်ပေလိမ့်မည်။

ဘဝတွင် အောင်ပန်းဆွတ်နိုင်သူသည် မိမိအနေဖြင့်လည်း ကျေနပ်ဖွယ်အဆင့်ရှိ၍ အခြားသူများကလည်း အသုံးကျအဖိုးတန်သော လူတစ်ယောက်အဖြစ် လက်ခံနိုင်စေရပေမည်။ ဤနည်းသည်သာလျှင် အတ္တနှင့် ပရ အကျိုးနှစ်ဖက်လုံးတွင် စတင်နိုင်သောအခြေသို့ရောက်၍ ဘဝတိုက်ပွဲ တစ်မျက်နှာတွင် အောင်ထူနိုင်ရာရောက်ပေလိမ့်မည်။

* * *

## မပြတ်သားမှုတိုက်ပွဲ

ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် အစဉ်အလာကပင် အားနာတတ်သော လူမျိုးဖြစ်သည်ဟု ထင်ရှားပေသည်။ သဘောထားပြည့်ဝခြင်း၊ ကြင်နာတတ်ခြင်း၊ သူတစ်ပါး ကသိကအောက် မဖြစ်စေလိုခြင်း၊ သူတစ်ပါးအတွက် မိမိကအနစ်နာခံရန် အသင့်ရှိခြင်း၊ မိမိအတွက် သူတစ်ပါးကို အကူမပေးရက်ခြင်းစသော အစဉ်အလာယဉ်ကျေးမှု၊ လူမှုစရိုက်များကြောင့် မြန်မာပြည်တွင် ပေါက်ဖွားလာသူများ၌ ဘာသာမရွေး လူမျိုးမရွေး အားနာမှု ရှိနေတတ်ပေသည်။

ဤအားနာမှုသည် အခြားသော စိတ်ကောင်းစေတနာပြယုဂ်များကဲ့သို့ပင် ကောင်းမြတ်လိုလားအပ်သော အကျိုးလိုလားမှုများပင် ဖြစ်ပေသည်။ သို့ရာတွင် ထိုအားနာမှုသည်လည်း အတိုင်းအဆအားဖြင့်သာ ကောင်းပေသည်။ **"အားနာလျှင် အားပါရတတ်သည်"**ဟု ဆိုစကားရှိသည်ကို သတိပြုသင့်ပေသည်။ အချို့က **"အားနာသင့်မှနာရမည်"**ဟူ၍ပင် သတ်မှတ်တတ်ကြပေသည်။

အားနာခြင်း၏လွန်ကဲသောအဆင့်တွင် မပြတ်သားခြင်းရှိလာတတ်ပေသည်။ အားနာခြင်းကြောင့် ပြောသင့်ရာကို မပြောခြင်း၊ လုပ်သင့်ရာကို လုပ်ခြင်းတို့ကြောင့် မိမိ၏အကျိုးစီးပွားနစ်နာရသည်သာ ဖြစ်ပေသည်။ အားနာခြင်းသည် လုပ်သင့်လုပ်ထိုက်ရာကို လွတ်လပ်စွာ မပြုနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဟန့်တားနေတတ်ပေသည်။ မိမိအားနာခြင်းသည် သူတစ်ပါးက ထိုအားနာမှုကို အခွင့်ကောင်းယူကာ မိမိအား တာဝန်ပို ဒုက္ခပိုများကို မပေးလာမိလေအောင် သတိပြုရပေမည်။

အချို့သော မိန်းကလေးများသည် မိမိမချစ်သေးသောယောကျ်ားကလေးတစ်ဦးထံမှ စာကို အားနာသည်နှင့် လက်ခံပေသည်။ ထို့နောက် အားနာသည်နှင့်ပင် တုံ့ပြန်၍စာပြန်လေသည်။ ထို့နောက်အားနာ၍ပင် ချိန်းဆိုရာသို့ သွားလေသည်။ ထို့နောက် အားနာ၍ပင် လိုက်လျောရပေသည်။ ဤသို့လျှင် ငြင်းဆန်ရမည်ကို အားနာသည်နှင့်ပင် ကိုယ်ရည်သွမ်းရလေတော့သည်။ ဤသည်မှာ ဇာတ်လမ်းကို အတိုချုံး၍ ဖော်ပြခြင်းပင်ဖြစ်ပေသည်။ အမှန်တကယ်အားဖြင့် အစစတွင် အားနာသည်နှင့် မပြတ်မသားဆက်ဆံနေမိရာမှ တဖြည်းဖြည်း မပြတ်မသားနှင့်ပင် မိမိစိတ်ကို မတင်းချင်ဘဲ လိုက်လျော့မိ၍ နစ်မွန်းရခြင်းပင်ဖြစ်ပေသည်။

အချို့သောသူတို့သည် အခြားသူတစ်ယောက် ချေးငှားသည်ကို အားနာသောကြောင့် ချေးငှားလိုက်မိတတ်သည့်ပြင် တောင်းရမည်ကိုလည်း အားနာသောကြောင့် မတောင်းရက်သဖြင့် ဆုံးရှုံးရတတ်ပေသည်။ အချို့မှာ မိမိပစ္စည်းကို ရောင်းချရာ၌ ဈေးဆိုရမည်ကို အားနာနေတတ်၍ ဈေးမရဘဲ ရှိတတ်ပေသည်။ မေးစရာ ပြောစရာရှိသည်ကို အားနာသဖြင့် မမေးမပြောလိုက်ရသောကြောင့် အခွင့်အရေး ဆုံးရှုံးနစ်နာမှုများ ရှိလေသည်။ အားနာမှုကြောင့် နစ်နာခံစားရသော ဖြစ်ရပ်များသည် များစွာရှိရုံမျှမက လှတိုင်း၌လိုပင် ကြုံတွေ့မှုဖြစ်ရပ်များ ရှိတတ်ပေသည်။

တစ်ခါတစ်ရံတွင် မိမိက အားနာသလောက် တစ်ဖက်သားက အားမနာဘဲ အခွင့်အရေးယူတတ်သောသူမျိုးနှင့် တွေ့ရသောအခါ မိမိအားနာမှုအတွက် ယူကြုံးမရဖြစ်ရတတ်လေသည်။ မိမိက အားနာတတ်သောအခါ နစ်နာရမှုနည်းပါးစေကာမူ မပြတ်သားမှုကြောင့် အလုပ်မဖြစ်ဘဲ နေတဟ်ပေသည်။ တစ်ခါတစ်ရံတွင် ဧည့်သည်ဖြစ်သူက ပြန်ချင်သော်လည်း အလျှင်အမြန်ထ၍ ပြန်ရမည်မှာ အားနာစရာ ဖြစ်မည်စိုး၍ ကြိတ်မှိတ်



[…]ည်းခံ၍ ထိုင်နေရသကဲ့သို့၊ အိမ်ရှင်ကလည်း ဧည့်သည်အား ပြန်စေချင်[…]လျက် မကောင်းတတ်၍ အားနာမှုဖြင့် စိတ်မပါဘဲ လက်ခံနေရခြင်း[…]လည်း ရှိပေသည်။ ထိုနည်းတူပင် ကျွေးရသူတစ်ဦးက အားနာသဖြင့်[…]ချင်လှ၍မဟုတ်ဘဲ ကျွေးသူကိုအားနာသဖြင့် မစားချင်ဘဲ စားနေရသည်[…]ည်း ရှိတတ်ပေသည်။ ဤသို့ အလားတူ နှစ်ဖက်စလုံးက အားနာမှုကြောင့်[…]ုပ်သင့်ဘဲ လုပ်နေရခြင်း၊ နှစ်ဖက်စလုံးအကျိုးနစ်နာစေခြင်းများလည်း[…]တတ်ပေသည်။

အကယ်၍သာ နှစ်ဦးနှစ်ဖက်လုံးက ပြတ်သားမှုရှိခဲ့လျှင် မည်သူမျှ[…]နစ်နာရမည်မဟုတ်ပေ။ အားနာမှုကြောင့် အကျိုးရှိမည်ဆိုလျှင်ကား[…]ကောင်းသာပေ။ လူအားလုံးက အားနာတတ်ရုံဖြင့်လည်း အကျိုးရှိရန်[…]ယ်ပေ။ အားနာခြင်းကြောင့် မပြတ်သားနိုင်သဖြင့် အကျိုးယုတ်ရသည့်[…]များလေသည်။ အထူးသဖြင့် အားနာသူသည် နစ်နာရတတ်သည်သာ[…]စ်လေသည်။

ကျွန်ုပ်တို့သည် အားနာခြင်း၏ အခြေခံဖြစ်သော ရက်ရောလွယ်ကူ[…]င်း၊ သဘောထားကြီးခြင်းရှိပေမည်။ မိမိအတွက် သူတစ်ပါးကို ဒုက္ခ[…]ပေးလိုခြင်း၊ အနစ်နာခံစရာရှိလျှင် မိမိသာ အနစ်နာခံတတ်ခြင်းတို့သည်[…]ကောင်းသော အပြုအမူများပင် ဖြစ်လေသည်။ မြင့်မြတ်သော စိတ်နေ[…]စိတ်ထားပင် ဖြစ်ပေသည်။ သို့ရာတွင် မပြတ်သားမှုစွက်ဖက်ထားသော[…]အားနာခြင်းမျိုးကား မကောင်းပေ။

ကျွန်ုပ်တို့သည် မပြတ်သားမှုကြောင့်ပင် စည်းကမ်းကို လျော့ရဲရဲ[…]ကြပေသည်။ အထူးသဖြင့် အခြားသူများနှင့် ဆက်ဆံရသည့်အခါတွင်[…]အပ်သည်ထက် လိုက်လျောမှုများ ပိုတတ်ကြပေသည်။ အားနာခြင်းကို[…] ယဉ်ကျေးမှုဟူ၍ မှတ်ယူတတ်ကြပေသည်။ သို့ရာတွင် အားနာမှုနှင့်[…]ပြတ်သားမှုကို ခွဲခြားရပေလိမ့်မည်။

အချို့သည် နှုတ်တွန့်ခြင်း၊ မရဲဝံ့ခြင်း၊ ဆင်ဖြူမျက်နှာ ဆင်မဲ[…]ကြည့်ဝံ့ခြင်းမျိုးကို အားနာမှုဟူ၍ မှတ်ထင်နေတတ်ကြပေသည်။ ရက်ဘိုး



www.burmeseclassic.com

www.burmeseclassic.com



ရှက်ကန်းဖြစ်ခြင်းကိုလည်း အားနာခြင်းဟူ၍ အထင်မှားတတ်ပေသည်။ မိမိစိတ်တွင်ရှိသော ရှက်ရွံ့တတ်ခြင်းကို အမှန်အကန်မမြင်ဘဲ အားနာ၍သာ တွန့်ဆုတ်သည်ဟု အမှတ်လွဲခဲ့လျှင် ထိုသူသည်သတ္တိများ ညှဲ့ဖျင်းမြဲညှဲ့ဖျင်း နေပေလိမ့်မည်။ နှုတ်ရဲခြင်းကြောင့် အားမနာသင့်သော ကိစ္စတွင် မိမိအကျိုး ပြည့်ဝစေတတ်လေသည်။

အားနာခြင်းသည် မိတ်ဆွေကောင်းတို့၏ ကျင့်ဝတ်ဖြစ်သည်ဟု ဆိုရသော်လည်း လိုအပ်သောအတိုင်းအဆအတွင်း၌သာ ဖြစ်ပေသည်။ နှုတ်နည်းလွန်းခြင်း၊ အရှက်အကြောက်ကြီးလွန်းခြင်း၊ မပွင့်လင်းမပြတ်သား ခြင်းတို့ကြောင့် မိတ်ဆွေပျက်တတ်ပေသေးသည်။ အားနာတတ်လွန်းသော သူနှင့် ဆက်ဆံရခက်ခဲတတ်သည့်ပြင် သူက အားနာတတ်လွန်းခြင်းကြောင့် ကိုယ်ကပြန်၍ အားနာနေရသည်နှင့်ပင် အဆက်ဆံရခက်ခဲတတ်ပေသည်။

## စေတနာနှင့်အပြစ်

တစ်ခါတစ်ရံတွင် အားနာခြင်းကြောင့် အကျိုးမရှိဘဲ အပြစ်ဖြစ်ရ တတ်သည်များလည်း ရှိတတ်ပေသည်။ ကျွန်ုပ်သည် မော်တော်ဘတ်စ်ကား စီးနင်းရာ၌ မိန်းမသားများအား ဦးစားပေးခြင်းသည် ပြည်ကြီးသားတို့၏ ယဉ်ကျေးမှုဖြစ်သည်ဟု မှတ်ယူထားခြင်းရှိလေသည်။ ထို့ကြောင့် တစ်နေ့ တွင် ကျွန်ုပ်သည် ဘတ်စ်ကားပေါ်၌ မိန်းမတစ်ဦးနှင့်ယှဉ်၍ ထိုင်ကာ စီးနင်းလာစဉ် မိန်းကလေးတစ်ဦးသည် ကျွန်ုပ်၏အနီးတွင် အပေါ် လက်တန်းကိုကိုင်၍ မထိန်းနိုင်ထိန်းနိုင်နှင့် စီးနင်းလိုက်ပါလာလေသည်။ ကျွန်ုပ်သည် ယောကျ်ားသားတစ်ယောက်ဖြစ်ပါလျက် အခန့်သားထိုင်၍ နေရသည်မှာ မကောင်းတတ်လှသည့်ပြင် ထိုမိန်းကလေးအား အားနာမိ သဖြင့် သူ့အားထိုင်ရန် အရိပ်အခြေပြ၍ ကျွန်ုပ်ကနေရာမှထ၍ပေးလေသည်။ ကျွန်ုပ်၏ခုံတန်းတွင်အခြားသူမှာလည်း မိန်းမသားတစ်ဦးပင်ဖြစ်သဖြင့်



ကျွန်ုပ်အဖို့ထက် သူ့အဖို့ကပို၍ ဆီလျော်မည်ဟု ကျွန်ုပ်သဘောပေါက်လေ သည်။

သို့ရာတွင် ကျွန်ုပ်အားနာစွာ ပြုမှုလိုက်လျှောကူညီချက်က အချည်း နှီးသာဖြစ်ရပေသည်။ ထိုမိန်းကလေးသည် သူ့အတွက် နေရာဖယ်ပေးမှန်း သိပါလျက် နေရာလွတ်တွင်ဝင်၍မထိုင်ဘဲ ပြန်လှည့်ကာ ခပ်တည်တည်နှင့် ရပ်မြဲရပ်နေပါသည်။ ကျွန်ုပ်က ရှေ့နားတွင် ဆင်းတော့မည်ဖြစ်၍ မထိုင် ခြင်း ဖြစ်မည်ဟု စဉ်းစားမိသော်လည်း ခရီးတစ်လျှောက်လုံး မထိုင်ဘဲနေပြီး အခြားတစ်နေရာ လစ်လပ်သောအခါမှ ဝင်၍ ထိုင်လေသည်။ ထို့နောက်မှ စဉ်းစားမိသည်မှာကား ထိုမိန်းကလေးသည် သူ့အား ယောကျ်ားတစ်ဦး တစ်ယောက်က ဦးစားပေးခြင်း၊ အကြိုက်လိုက်ခြင်းသည် သူ့အား သွေးတိုး စမ်းခြင်း၊ ညွတ်စေခြင်း၊ လိုက်လျှောစေရန် ကမ်းလှမ်းခြင်းဖြစ်သည်ဟု ယူဆဟန်တူပေသည်။

ထို့ကြောင့် ကျွန်ုပ်ဖယ်ပေးသောနေရာတွင် သူဝင်၍ထိုင်လိုက်ပါက ဖယ်ပေးသော ကျွန်ုပ်အား တုံ့ပြန်၍အလေးဂရုပြုကြောင်း ဖော်ပြရာရောက် မည်စိုးသဖြင့် ထိုသို့မထိုင်ခြင်းဖြစ်ကြောင်း နားလည်ရလေသည်။

ဤတွင် ကျွန်ုပ်၏အားနာမှုနှင့် သူကအားနာသူအား သူ့ကို ဦးစား ပေးခယပြုသူအဖြစ် အထင်လွဲမှုတို့မှာ တစ်လမ်းစီကွဲလွဲနေသည်ကို သတိ ပြုနိုင်ပေသည်။ ထို့ကြောင့် မိမိကအားနာလေတိုင်း အားနာတတ်မှန်းကို တစ်ဖက်သားက မသိတတ်သောအခါ အထင်သေးခြင်းကိုပင် ခံရတတ် လေသည်။ စင်စစ်သော်ကား ထိုမိန်းကလေးကို ကျွန်ုပ်လည်းမသိပေ။ သူကလည်း ကျွန်ုပ်သည် မည်သူမည်ဝါ ဖြစ်သည်ဟုမသိပေ။ သူနှင့်ကျွန်ုပ် သည်လည်း ဘယ်သောအခါတွင်မှ ပြန်လည်တွေ့ဆုံနိုင်မည် (သို့မဟုတ်) ပြန်၍ပင် တွေ့နိုင်ကောင်းမှ တွေ့နိုင်လိမ့်မည်ဟူသည်ကို စဉ်းစားလျှင် သူတွေးဆသလို သူနှင့်ကျွန်ုပ်သည် မည်သို့မျှ တစ်ဦးကိုတစ်ဦး ဆက်စပ် စဉ်းစားရန် အကြောင်းမရှိကြောင်း သိနားလည်ပေလိမ့်မည်။ မည်သို့ပင် ဖြစ်စေ ရဟန်းသံဃာ၊ သက်ကြီးရွယ်အိုနှင့် မပေါ့မပါးသော ကိုယ်ဝန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတို့မှတစ်ပါး ပျိုရွယ်သော မိန်းကလေးတို့အပေါ်တွင် အားနာမှုဖြင့် နေရာဖယ်ရှားပေးခြင်း မပြုမိရန်သတိထားရပေတော့သည်။

အားနာခြင်းကြောင့် အကျိုးယုတ်မှုများ များစွာရှိပေသည်။ လူအချို့သည် မိတ်ဆွေတစ်ဦးတစ်ယောက်ကို အားနာသဖြင့် အမှုအခင်းတွင်ဖြစ်စေ၊ ကြွေးမြီကိစ္စတွင်ဖြစ်စေ၊ အခြားကိစ္စများဖြစ်စေ အာမခံလိုက်မိရာမှ နောက်ဆုံးတွင် ထိုသူ၏အပြစ်ကျူးလွန်မှုကြောင့် အာမခံကို စိုက်လျော်ရခြင်းမျိုးလည်း ရှိပေသည်။ အချို့မှာ တရားခံပြေးကို အားနာသဖြင့် သိုဝှက်ထားကာ ကူညီမိရာမှလည်းကောင်း၊ ခိုးရာပါပစ္စည်းကိုမသိဘဲ အားနာမှုဖြင့် ထိန်းသိမ်းလက်ခံထားမိရာမှလည်းကောင်း ရာဇဝတ်မှုပြစ်သင့်ရောက်ရသည်လည်း ရှိပေသည်။ အချို့မှာလည်း မိမိအိမ်တွင် အရိပ်ခိုနေသော လူမြှောင်ကပ်ပါးများကို နှင်ချရန် အားနာတတ်သောကြောင့် မရှိမဲ့ရှိမဲ့ကို နှစ်လများ လုပ်စာဆက်သွင်းနေရသည်လည်း ရှိပေမည်။ ဤသို့လျှင် အားနာ၍ အားပါရသောသူများ ရှိလေသည်။

ကျွန်ုပ်တို့သည် ဤနည်းအတိုင်း အလွန်အကျွံအားနာကာ မပြတ်သားကြပါက တစ်နည်းမဟုတ်တစ်နည်းအားဖြင့် နစ်နာကြရမည်ပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့နိုင်ငံတွင် မပြတ်သားမှုများမှာ နေရာများစွာတွင်ပင် ရှိလေသည်။ သားသမီးနှင့် မိဘအကြား၊ လင်နှင့်မယားအကြား စသည်တို့တွင် မပြတ်သားမှုများရှိလေသည်။ သားသမီးက မိဘကိုအားနာ၍ မပူဆာဝံ့ခြင်း၊ မိဘက သားသမီးကိုအားနာသဖြင့် မခိုင်းဝံ့ခြင်း၊ လင်ကမယားကို အားနာ၍ မသက်သာမှုကို မမေးမချေမိသဖြင့် အခြေအနေဆိုးဝါးလာရခြင်း မယားက လင်ကို အားနာသဖြင့် ကန့်ကျ၍ မလောက်ငသော ငွေကို မတောင်းဘဲ ဖြစ်သည့်နည်းဖြင့် တင်ခံ၍ စိုက်ထုတ်လာခဲ့ခြင်းဖြင့် နောက်ဆုံးတွင် ပစ္စည်းဥစ္စာ ဆုံးရှုံးရခြင်းစသော အဖြစ်ဆိုးဝါးမှုများလည်း ဖြစ်ပေါ်ရတတ်လေသည်။ မိဘနှင့်သားသမီးအကြားတွင် မိဘသည် ဝမ်းရေးခက်ခဲသော်ငြားလည်း အရွယ်ရောက်သော သားသမီးကို အားနာသဖြင့် ကိုယ်ဝမ်းကိုယ်ကျောင်းကြရန် ဖွင့်ထုတ်ပြောဆိုမည်မဟုတ်ပေ။ သားသမီးကလည်း



မိမိလုပ်အားဖြင့် စီးပွားခွဲခြားထူထောင်လိုစေကာမူ မိဘကို အားနာသဖြင့် စီးပွားမခွဲဘဲ မြဲသိပ်ကြိတ်မှိတ်နေရခြင်း စသည်မျိုးလည်း ရှိပေသည်။ ဤမပြတ်သားမှုမျိုးကြောင့် ကာလကြာရှည်သော် သဘောကွဲလွဲခြင်းများ ဖြစ်ရတတ်ပေသည်။

## အားနာခြင်းဟူသောစကား

အားနာမှုနှင့်ပတ်သက်၍ အနောက်နိုင်ငံများတွင်ကား ပြတ်သားမှုများစွာ ကိန်းဝင်နေသည်ကို တွေ့ရှိရတတ်ပေသည်။ ကျွန်ုပ်တို့သိရှိရသမျှ အင်္ဂလိပ်အဘိဓာန်တွင် **"အားနာသည်"** ဟူသော စကားလုံးကို ရှာဖွေ၍ တွေ့ရှိရပေ။ ရှက်ရွံ့ခြင်း၊ ရှန့်တန့်တန့်ဖြစ်ခြင်း၊ စိုးရိမ်ခြင်း၊ ကြင်နာခြင်း၊ ကသိကအောက်ဖြစ်ခြင်း၊ ဒုက္ခမပေးလိုခြင်းစသော စကားလုံးများသာ ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာစကား **"အားနာသည်"** ဆိုရာ၌သို အဓိပ္ပါယ်မျိုးသာ ပါဝင်သည်မဟုတ်ဘဲမည်သည့် အကြောင်းကြောင့်ဟူ၍ဆုံးဖြတ်ရန် ခက်ခဲသော တွန့်ရွံ့မှုမျိုး၊ ကြောက်ဆုတ်မှုမျိုး၊ ဆိုင်းတွမှုမျိုး၊ နုတ်ဆိတ်မှုမျိုးပါရှိနေသောကြောင့် အဓိပ္ပါယ်ယူ ဝေါဟာရထပ်တူမရနိုင်ခြင်း ဖြစ်လေသည်။ စင်စစ်အားဖြင့် မြန်မာ့အားနာမှုတွင် မည်သို့မည်ပုံ ဖော်ပြရန် မဖြစ်နိုင်သောအကြောင်းမဲ့ လေးဖင့်မှုများပါဝင်နေသည်သာ ဖြစ်ပေသည်။ မြန်မာ့အားနာမှုသည် တိုင်းတစ်ပါးတွင် လူအချင်းချင်း ဆက်ဆံရာ၌ သူတထူးအား ဒုက္ခမပေးလိုသော ရွံ့ဆုတ်စိတ်မျိုးထက်များစွာ ပိုလွန်နေသသည်။ စင်စစ်အားဖြင့် မပြတ်သားမှုများ များစွာရောဝင်နေသည်ဟုပင် ဆိုနိုင်ပေသည်။

အနောက်နိုင်ငံတွင် ဧည့်သည်တစ်ယောက်သည် လာချင်သည့်အချိန်တွင် အကြောင်းမကြားဘဲ ရောက်လာခြင်းမပြုနိုင်ပေ။ လာလိုလျှင် စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ကြိုတင်ချိန်းဆို ခွင့်တောင်းခြင်းပြုရပ်



www.burmeseclassic.com

www.burmeseclassic.com



ရပေသည်။ လက်ခံမည့်သူက လက်ခံရန်အသင့်မဖြစ်ဘဲ သို့မဟုတ် ထိုသို့ အသင့်ရှိကြောင်း သိရှိမထားဘဲ သွားရောက်လည်ပတ်လေ့မရှိပေ။ သွားရောက်လည်ပတ်လျှင်လည်း မြို့ပင်ဖြစ်စေ၊ တောကျေးလက်ပင်ဖြစ်စေ၊ အခနှင့်တည်းခိုရသော နေအိမ်မျိုး၌သာ တည်းခိုလေ့ရှိ၍ ဧည့်သည်အတွက် နေရာပေးနိုင်ပြီး လိုလားစွာတည်းခိုခွင့်ပြုပါမှဖြစ်စေ၊ လည်ပတ်သောအိမ်တွင် တည်းခိုကြပေသည်။ ထို့ကြောင့် ဧည့်သည်အတွက်ရော အိမ်ရှင်အတွက်ပါ အားနာရခြင်းများ နည်းပါး၍ စိတ်လွတ်လပ်ပေသည်။

မြန်မာနိုင်ငံတွင်ကား ထိုသို့ပြုမူဆက်ဆံလျှင် စည်းကြီးကမ်းကြီးနိုင်သည်ဟုဆိုကြပေမည်။ မြန်မာ့ယဉ်ကျေးမှုအရ ဖော်ရွေမှု စေတနာ ယုတ်လျော့သွားမည်ဟု မှတ်ထင်စရာရှိပေမည်။

ကျွန်ုပ်တို့သည် အနောက်နိုင်ငံ လူမှုဆက်ဆံရေးကို ချီးမွမ်းတုပရန် ရည်ညွှန်းခြင်းမရှိသော်လည်း ပြတ်သားခြင်းနှင့် လူမှုရေးရာဝတ်ပြုခြင်းကို ခွဲခြားထားသည့်သဘောမျိုးကိုကား သုံးသပ် ဆင်ခြင်စေလိုပေသည်။

ဥပမာ အနောက်နိုင်ငံတွင် ထမင်းစားချိန်တွင် ရောက်လာသော ဧည့်သည်ကို ထမင်းစားခေါ်လေ့မရှိချေ။ ဧည့်သည်ကလည်း ဝင်၍စားလေ့မရှိချေ။ ကျွေးမွေးချင်လျှင် သီးခြားဖိတ်ကြားပြီးမှ ကျွေးမွေးလေ့ရှိပေသည်။ ဧည့်ဝတ်ဆောင်ဝတ် သိတတ်မှုမရှိ၍ကား မဟုတ်ပေ။ လူတစ်ဦးတစ်ယောက်အတွက် ရည်စူး၍ စီမံချက်ပြုတ်ထားခြင်းမရှိဘဲ ကျွေးမွေးလိမ့်မည် မဟုတ်ပေ။ စားရမည့်သူကလည်း သူ့အတွက် စီမံချက်ပြုတ်ထားခြင်းမရှိကြောင်း သိ၍ လက်ခံစားသောက်လိမ့်မည် မဟုတ်ပေ။ ဤသို့ ပြုမူခြင်းသည် တစ်ဦးကိုတစ်ဦး ဒုက္ခမပေးမိစေရန် ပြတ်သားမှုများ (ဝါ) အားနာမှုများကြောင့် ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင်ကား မည်သည့် အိမ်တွင်မဆို တစ်ယောက်စာ နှစ်ယောက်စာအတွက်မျှကား အမြဲတစေ ပိုလျှံချက်ပြုတ်ထားလေ့ရှိသဖြင့် တစ်ကြောင်း၊ စားသောက်ရိက္ခာအတွက် အချိုးကျသတ်မှတ်ခြင်းမရှိသဖြင့်



ပုပန်စရာမလိုသောကြောင့်တစ်ကြောင်း ဧည့်သည်လာလျှင် စားသောက်ချိန်ဖြစ်က အတင်းပင် ထမင်းစားခေါ်လေ့ရှိပေသည်။ ထိုသို့ဖိတ်ခေါ်မှုတွင် ဟန်ဆောင်၍ ခေါ်ခြင်းလည်း ရှိပေသည်။ သို့ရာတွင် အများအားဖြင့် စေတနာဖြင့် ဖိတ်ခေါ်ကြပေသည်။ ဧည့်သည်ကလည်း ရင်းနှီးလျှင် တကယ်ပင်ဝင်၍ စားတတ်ပေသေးသည်။

ဤတွင် ဤသို့သောစားချိန်၌ ရောက်လာသော ဧည့်သည်ကို ရုတ်တရက်ချက်ချင်း ထမင်းစားဖိတ်ခေါ်သော အလေ့ကြောင့် စားသောက်ဖွယ် မပိုလျှံသော အိမ်ရှင်မဖို့ အားနာ၍သာ ခေါ်ရခြင်းဖြစ်ပေမည်။ ဧည့်သည်ကလည်း မစားလိုစေကာမူ မစားဘဲနေချေက ဟန်ပန်ကြီးသည်၊ ဒွိရာတတ်သည်၊ အဆင့်အတန်းခွဲတတ်သည်၊ ကျေးဇူးတင်ရမည်ကို ဝန်လေးတတ်သူဖြစ်သည်ဟူ၍ အထင်မလွဲမှားစေရန် အားနာမှုဖြင့်သာ စားရခြင်းဖြစ်ပေလိမ့်မည်။ ဤနည်းဖြင့် နှစ်ဦးလုံးက တစ်ဦးကိုတစ်ဦး မပြတ်မသားခြင်းဖြင့် အပြန်အလှန် အားနာနေကြရပြီး နောက်ဆုံးနှစ်ဦးလုံးမှာ စိတ်မောနေရခြင်းမျိုးဖြင့် အကျိုးရှိမည်မဟုတ်ပေ။ ဟန်ဆောင်ရခြင်းများ လွှန်ကဲနေပေလိမ့်မည်။

## ဟန်ဆောင်မှုအလေ့

အားနာတတ်သောသူသည် မပြတ်သားရုံသာမက ဟန်ဆောင်မှုလည်း ရှိနေပေလိမ့်မည်။ ဟန်ဆောင်မှုသည် အမှန်ကို ဖုံးကွယ်လေ့ရှိသဖြင့် အားပေးသင့်သော အရာမဟုတ်ပေ။ ဆာမွတ်ပါလျက် မဆာဟန်ဆောင်ကြရခြင်း၊ မိမိကိုမနှစ်သက်မှန်းသိပါလျက် မသိဟန်ဆောင်နေရခြင်း၊ အပြစ်ကိုသိပါလျက် မသိဟန်ဆောင်နေရခြင်း၊ မလုပ်ချင်ပါဘဲလျက် လုပ်ချင်ဟန်ဆောင်နေရခြင်း၊ မရယ်မောနိုင်ပါဘဲလျက် ဟန်ဆောင်ရယ်မောရခြင်း စသည့်တို့သည် အားနာမှုတစ်ခုကြောင့် လုပ်နေရခြင်းများ ဖြစ်တတ်ပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဟန်ဆောင်ခြင်းသည် မကောင်းဟုဆိုလျှင် အားနာလွန်ခြင်းသည်လည်း မကောင်းဟူ၍ပင် ဆိုရပေလိမ့်မည်။

ကျွန်ုပ်တို့ပတ်ဝန်းကျင်နှင့် လူမှုရေးစရိုက်ချင်းမတူသောကြောင့် အနောက်နိုင်ငံလူမှုဆက်ဆံရေး ထုံးတမ်းကို ထပ်တူလိုက်နာကောင်းမှ လိုက်နာနိုင်ပေလိမ့်မည်။ သို့ရာတွင် ဆက်ဆံရေး၌ အသုံးပြုသော ပြတ်သားခြင်းမျိုး၊ နှစ်ဦးနှစ်ဖက်အကျိုးမဲ့ အားမနာရလေအောင် ပြတ်သားခြင်းမျိုးကိုမူကား စနစ်ကောင်းများအဖြစ် တုယူနိုင်စရာ ရှိပေသည်။ ပြောသင့်ပြောခွင့်ရှိသမျှကို လွတ်လပ်စွာ ပြောဆိုနိုင်ခြင်းရှိစေရမည်။ ဆက်ဆံမှုကိစ္စများတွင် ပြတ်သားမှုရှိစေရမည်။ တစ်ဦးနှင့်တစ်ဦးမလိုအပ်ဘဲ အပြန်အလှန် အားနာနေခြင်းဖြင့် လုပ်ငန်းမဖြစ်အောင် သတိပြုရပေမည်။

ဥပမာ ရောက်လာသော ဧည့်သည်တစ်ဦးအား ကော်ဖီသောက်မည်လားဟု မေးမည်ဆိုလျှင် မြန်မာ့ဧည့်ဝတ်အရ ရိုင်းသည်ဟု ထင်မှတ်ပေလိမ့်မည်။ အိမ်သည် ဆိုသည်မှာ ဧည့်ခံရန် ဝတ္တရားရှိသည်ဖြစ်၍ မိမိစေတနာအလျောက်သာ ပြုစုအပ်သည်။ ဧည့်သည်အား စားသောက်ပါမည်လားဟုမေးလျှင် ဧည့်သည်က အားနာသဖြင့် ငြင်းပယ်လိမ့်မည်။ ထိုသို့ငြင်းပယ်လျှင် အကုန်သက်သာမည်ကို ရည်ရွယ်၍ သက်သက်လောကွတ်ကျေရုံမျှသာ စေတနာမရှိဘဲ ဟန်လုပ်မေးသည် စသည်ဖြင့် ထင်မြင်ကြပေလိမ့်မည်။ သို့စေကာမူ ဧည့်သည်ကဘာမျှမမေးဘဲ အလိုက်သင့်ကော်ဖီဖျော်၍တိုက်မည်ဆိုပါက အကယ်၍ဧည့်သည်သည် အဝလွန်၍ မသောက်နိုင်လျှင်ဖြစ်စေ၊ ကော်ဖီကိုမကြိုက်၍ဖြစ်စေ မသောက်လိုပါက အကြပ်အတည်းဖြစ်နေပေမည်။

အကယ်၍ မသောက်ဘဲနေလျှင် မခင်မင်၍ ဟူ၍လည်းကောင်း၊ ခွဲရှာ၍ ဟူ၍လည်းကောင်း၊ ဟန်လုပ်သည်ဟူ၍လည်းကောင်း၊ အထင်မှားခြင်းခံရမည်စိုးသဖြင့် မသောက်လိုဘဲ သောက်ရပေလိမ့်မည်။ ထိုသို့သောက်ရသည့်အတွက် အိမ်သည်၏ စေတနာမှာ အချည်းနှီး ဖြစ်ပေလိမ့်မည်။ ဧည့်သည်က အားနာစွာနှင့် တစ်စုံတစ်ရာကို မပြုလုပ်လိုဘဲ ပြုလုပ်



စေရာရောက်သဖြင့် မကောင်းဖြစ်ပေမည်။ ဧည့်သည်၏ ငြိုငြင်မှုကို ခံရပေလိမ့်မည်။ ဧည့်သည်မှာလည်း စိတ်မသက်မသာ ရှိရပေလိမ့်မည်။ အကယ်၍ ဧည့်သည်က မိမိသဘောအရ ပြတ်သားစွာပင် ငြင်းပယ်၍ မသောက်ဘဲနေမည်ဆိုပါက ဖျော်ထားသော ကော်ဖီလည်း အလဟဿ ဖြစ်ရပေလိမ့်မည်။ အိမ်ရှင်လည်း စိတ်မကောင်းဖြစ်ရပေလိမ့်မည်။

ထို့ကြောင့် အိမ်သည်နှင့် ဧည့်သည် ဆက်ဆံရေးတွင် ပြတ်သားမှုရှိခြင်းက ပို၍ကောင်းမွန်ပေလိမ့်မည်။

အရေးကြီးသည်မှာ ထိုစနစ်အလေ့အထကျင့်သားရနေစေရန်သာ ဖြစ်ပေသည်။ အိမ်သည်ဆိုသည်မှာ ဧည့်သည်အပေါ်တွင် စေတနာရှိပြီးပင် ဖြစ်လေသည်။ မိမိအချို့ငဲ့ခံ၍ ဧည့်သည်ကို ဝတ်ပြုတတ်သော စေတနာနှင့် အလေ့အထရှိပြီးပင် ဖြစ်လေသည်။ ထို့ကြောင့် အိမ်သည်၏ စေတနာနှင့် တာဝန်ကို အထူးဝေဖန်စရာလိုပေ။ အိမ်သည်က ဧည့်သည်ကို မေးမြန်းသည် ဧည့်သည်၏ စိတ်တိုင်းကျ ကူညီလိုခြင်းကြောင့်သာ ဖြစ်ကြောင်းကို အမေးခံရသော ဧည့်သည်က သဘောပေါက်နားလည်ထားပြီး ဖြစ်ရပေလိမ့်မည်။

ခင်မင်ရင်းနှီးသော မိတ်ဆွေအချင်းချင်းမှာ ဤသို့ပင် ပွင့်လင်းစွာ ဆက်ဆံတတ်ကြသည်သာ ဖြစ်လေသည်။ ဧည့်သည်လာလျှင် ***"အပူလား၊ အအေးသောက်မည်လား၊ ထမင်းစားမည်လား၊ ညဉ့်အိပ်မည်လား"*** စသည်ဖြင့် မေးမြန်းခြင်းမှာ အထူးအဆန်းမဟုတ်တော့ပေ။ ထိုသို့တိကျသေချာစွာ သိရှိရခြင်းဖြင့် ထိရောက်စွာ ကူညီနိုင်လေသည်။ အိမ်သည် သည် ဧည့်သည်အား အတတ်နိုင်ဆုံးကူညီနိုင်လေလေ ကောင်းလေသာပင် ဖြစ်ပေလိမ့်မည်။ အိမ်သည် သည် ဧည့်သည်၏အလိုဆန္ဒကို ပြည့်ပြည့်ဝဝ သိရှိလိုပေလိမ့်မည်။ ထို့ကြောင့် အိမ်သည်၏ မေးမြန်းမှုကို ဧည့်သည်က ကျေနပ်ခွင့်လွှတ်ရုံသာမက ပြန်လှန်ကူညီရပေလိမ့်မည်။ ထိုသို့ဖြေရသည့်အတွက် အားနာစရာလည်းမလိုပေ။



www.burmeseclassic.com

www.burmeseclassic.com



# အပွင့်လင်းဆုံးဆက်ဆံရေး

အပွင့်လင်းဆုံး လွတ်လပ်မှုကို နေရာများစွာတွင် တိုးချဲ့လက်ခံရပေလိမ့်မည်။ ကျွန်ုပ်တို့သည် ဧည့်သည်ဖြစ်စေ၊ မိတ်ဆွေဖြစ်စေ၊ လူစိမ်းပင်ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်၏ စိတ်ဆန္ဒတွင်ရှိသမျှကို ဖွင့်ဟမပြောဆိုဘဲ အလိုအလျောက် သိရှိနိုင်မည်ကား မဟုတ်ပေ။ ကျွန်ုပ်တို့သည် သူတစ်ပါး၏အလိုကို အရိပ်အကဲဖြင့် သိရှိ၍ ဧည့်ဝတ်ပြုရမည်ဟူသော အစဉ်အလာ လူမှုရေးစည်းကမ်းမှာ အခြေအနေအလျောက် လုံလောက်လိမ့်မည်မဟုတ်ပေ။ အကောင်းဆုံးသော ဆက်ဆံရေးသည် အပွင့်လင်းဆုံးသော ဆက်ဆံရေးသာ ဖြစ်ပေသည်။ ထို့ကြောင့် ပွင့်လင်းမှုရှိခြင်းအလေ့အထကို တိုးချဲ့လက်ခံရန် လိုပေလိမ့်မည်။

ကျွန်ုပ်တို့၏ အားနာမှုများသည် အခါများစွာတွင် မလိုလားအပ်သည်သာများလေသည်။ ကျွန်ုပ်တို့သည် အငှားယာဉ်စီး၍ အဖော်များနှင့်အတူ ခရီးသွားသည့်အခါတွင်ဖြစ်စေ၊ စားသောက်ဆိုင်တစ်ခုတွင် အတူထိုင်၍စားသောက်သည့်အခါတွင်ဖြစ်စေ၊ တစ်ဦးဦးက ကျန်တစ်ဦးအတွက် ကုန်ကျစားရိတ်ကို ဦးစွာထုတ်ပေးလေ့ရှိပေသည်။ ဤတွင် အားနာမှုချင်းတူညီခဲ့လျှင် ဤတစ်ကြိမ်တွင် တစ်ယောက်က စားရိတ်ခံ၍ နောက်တစ်ကြိမ်တွင် အခြားတစ်ယောက်က စားရိတ်ခံပေလိမ့်မည်။

သို့မဟုတ် အခြားကို မှီတွယ်သူဖြစ်ပါမူကား တစ်ဖက်သားကိုသာ ကျခံစေ၍ ထိုသူသည် အမြဲသက်သာမှုရှာပေလိမ့်မည်။ တစ်ယောက်အတွက် ကျန်တစ်ယောက်မှာ ခံယူစေရမည်ဆိုလျှင် ထိုအားနာမှုသည် အရှုံးသက်သက်ပင် ဖြစ်နေပေလိမ့်မည်။

ထိုမှတစ်ပါး အားနာတတ်သူဖြစ်ပါက မိမိအတွက် အခြားသူက တာဝန်ယူလိုက်သည်ကိုအားနာ၍ နေပေလိမ့်မည်။ ထိုမျှသာမက သူက ကိုယ့်အတွက် တာဝန်ယူမည်လော၊ ကိုယ်ကသူ့အတွက် တာဝန်ယူမည်လောဟု တွေးတောချိန်ဆရခြင်းနှင့် သူကကိုယ့်ကိုအားနာ ကိုယ်ကသူ့ကို



အားနာဖြစ်ရခြင်းတို့မှာ မလိုအပ်သော စိတ်ရှုပ်မှုမျှသာ ဖြစ်စေပေသည်။ အကယ်၍ ကိုယ့်တာဝန်ကို ကိုယ်ယူကြစတမ်း အလေ့အကျင့် ထားရှိခဲ့လျှင် မည်သူက မည်သူ့ကိုမျှ အားနာရန်မလို ဒုက္ခပေးရန်မလိုဘဲ ရှိပေလိမ့်မည်။ ဤကဲ့သို့ ကိုယ့်တာဝန်ကို ကိုယ်ယူတတ်သော အလေ့အထမျိုးသည် ပြတ်သားစွာရှိသင့်ပေသည်။ ဤစနစ်ကြောင့် ပရဟိတစိတ် လျော့ပါးသွားမည့်အရေးကိုကား စိုးရိမ်ရန်မရှိပေ။

ကျွန်ုပ်တို့သည် အားနာခြင်းနှင့် ပြတ်သားခြင်းကို ခွဲခြားရပေမည်။ ထိုသို့ ခွဲခြားကျင့်သုံးရာ၌ စိုးရိမ်ရန်အကြောင်းမရှိပေ။ ဆက်ဆံမှု၌ စေတနာထားတတ်သူသည် စေတနာပေါ်လွင်မြဲဖြစ်ပေသည်။ တိကျမှုအတွက် ကဲရဲ့အပြစ်တင်ခြင်း ခံရလျှင်လည်း သဘောကိုနားလည်လျှင် ခွင့်လွှတ်ပေမည်။

အရေးကြီးသည်မှာ ငယ်စဉ်ကပင် ပြတ်သားသော အလေ့အထရှိရန်ဖြစ်လေသည်။ မိမိသည် အလုပ်ကိစ္စတစ်ခုကို တာဝန်ယူနိုင်လျှင် တာဝန်ယူ၍ တာဝန်မယူနိုင်လျှင် ငြင်းပယ်ရန်သာရှိပေသည်။ စီးပွားရေးလုပ်ငန်းတွင် တိကျမှုသည် အရေးကြီး၍ အချိန်ကုန်စိတ်ပန်းမှုကိုလည်း သက်သာစေပေသည်။ အချို့သောအလုပ်ရှင်တို့သည်လာ၍ အပ်နှံသမျှကို မိမိ၏လုပ်အားနှင့်နှိုင်းစာ၍ လက်မခံနိုင်လောက်သည်ကို သိမြင်စေကာမူ စီးပွားရေးလောဘကြောင့်ဖြစ်စေ၊ အပ်နှံသူကိုအားနာ၍ဖြစ်စေ အလွယ်တကူ လက်ခံထားတတ်ပေသည်။ ထို့နောက်မှ ချိန်းဆိုသည့်နေ့တွင် မပြီးစီးနိုင်လျှင်လည်း သင့်တော်သလိုကြည့်၍ ပြောတတ်ပေသည်။ ပထမအကြိမ်တွင် မပြီးနိုင်ဘဲ ပြီးမည်ဟု လိမ်လည်မိရုံမျှမက နောက်တစ်ကြိမ်တွင်လည်း အခက်အခဲကို မှန်ကန်စွာပြောမပြဘဲ အားနာ၍ပင် ထပ်မံ၍ လိမ်လည်မိတတ်ပြန်ပေသည်။ ဤနည်းအားဖြင့် အားနာခြင်းကြောင့် လိမ်ညာမှုများလည်း ဖြစ်ပေါ်ရတတ်ပေသည်။

ငယ်ရွယ်စဉ်ကပင် ပြတ်သားတိကျစွာ ပြောဆိုလုပ်ကိုင်ကျင့်သုံးလာသူသည် ကတိလည်းတည်တတ်ပေသည်။ အားနာတတ်သော အလေ့အထလည်း နည်းပါးသွားပေလိမ့်မည်။ ထိုသို့သောသူမျိုးအဖို့ ကော်ရုံတန်ရုံ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမျိုးတွင် အားနာရကောင်းသည်ဟူ၍ပင် သဘောထားလေ့မရှိပေ။ သူ၏ လုပ်ရိုးလုပ်စဉ်အတိုင်း မငဲ့မထောက်လွှတ်လပ်စွာ ဆောင်ရွက်သွားပေလိမ့်မည်။ ထိုအလေ့အထသည် ပို၍ပင်ကောင်းလေသည်။

ကျွန်ုပ်တို့၏စိတ်တွင် အားနာတတ်သောဉာဉ်က စွဲဝင်နေသောအခါ လူတစ်ဦးတစ်ယောက်နှင့်တွေ့လျှင် အားနာရမည့်ကိစ္စကစတင်၍ တွေးမိနေတတ်ပေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အားနာလွယ်သော အကျင့်ပါနေတတ်ပေသည်။ ထိုအကျင့်မျိုးစွဲနေခဲ့သော် မိမိစိတ်ကိုမိမိပြုပြင်၍ ဖျောက်ရပေမည်။ မိမိသည် သူတစ်ပါးအပေါ်တွင် စာနာတတ်သောစိတ်၊ ငဲ့ညှာတတ်သောစိတ်မလျော့ပါဘဲ ကောင်းသောစေတနာနှင့်ပြုလုပ်ခြင်းဖြစ်လျှင် ကဲ့ရဲ့ဝေဖန်မည်ကိုလည်းကောင်း၊ အပြစ်ပြောမည်ကိုလည်းကောင်း မစိုးရိမ်သင့်ပေ။ မိမိသည် မှန်ကန်ရာကို ပြုလုပ်သည့်အတွက် စေတနာကို ထုတ်ဖော်မပြမိနိုင်မည်ကိုလည်း စိုးရိမ်စရာမလိုပေ။

## တိကျပြတ်သားမှု

ကျွန်ုပ်တို့ကစ၍ ပြတ်သားတိကျမှုကို အလေ့အထပြုခဲ့လျှင် မိမိနှင့် ဆက်ဆံရသူများကလည်း ပြတ်သားတိကျလာပေလိမ့်မည်။ မိမိအပေါ်တွင် သူတစ်ပါးက ပြတ်သားစွာ ပြုကျင့်သည့်အခါတွင်လည်း ထိုသူအား ကပ်စေးသည် စည်းကမ်းကြီးသည်ဟူ၍ အပြစ်မတင်သင့်ပေ။ လူမှုလောကတွင် အပိုလောကွတ်များဖြင့် နှုတ်ဖျားပြောဆိုခြင်းမျိုးထက် တိကျစွာဆက်ဆံလာခြင်းကို ကျေးဇူးတင်ရပေမည်။ ထိုအလေ့အထကို အားပေးရပေမည်။ ထိုသို့ပွင့်လင်းသည့်အတွက် မိမိမှာလည်း တာဝန်ကျေ၍ လွတ်လပ်ပေမည်။ ဥပမာ အိမ်သည် သည် စားသောက်မှုအတွက် တာဝန်မယူနိုင်၍ မယူနိုင်ကြောင်းကို အတိအလင်းပြောလာလျှင် ဧည့်သည် သည် မိမိဘာသာ စီစဉ်နိုင်မည်ဖြစ်လေသည်။ ထိုသို့ပြောဆိုသည့်အတွက် မည်သို့မျှ စိတ်ထိခိုက်ရန်မလိုပေ။ အကယ်၍ အိမ်သည်က မိမိမစွမ်းသောကိစ္စကို ဟန်လုပ်



ကာ အားနာမှုနှင့် မတင်မကျ ပြောဆိုနေခဲ့လျှင် မိမိအတွက်လည်း တစ်ခုခု ဆောင်ရွက်ရန် မပြတ်သားဘဲ နောက်ဆုံးတွင် နှစ်ဖက်စလုံးက ဟန်ဆောင်မှုများနှင့် စိတ်မောနေရပေမည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် မပြတ်သားမှု၊ အားနာမှုများကို မိမိသန္တာန်မှ အကြွင်းမဲ့ပယ်ထုတ်နိုင်ရန်အတွက် ပြတ်သားသော အလေ့အကျင့်ရှိရပေမည်။ မှန်ကန်မှုကို မြတ်နိုးတတ်ရပေမည်။ ရှက်ရွံ့နောက်ဆုတ်ခြင်း၊ မရဲဝံ့ခြင်းတို့ကို ပယ်ရှင်းရပေမည်။ ဟန်ဆောင်သောအလုပ် လည်ဆည်သော အလုပ်မျိုးကို စက်ဆုတ်ရပေမည်။ အဆောင်အယောင်များတွင် သာယာခြင်းမရှိဘဲ မိမိ၏အယူအဆကို မည်သူက ပြစ်တင်ဝေဖန်သည်ဖြစ်စေ မပြောင်းမလဲ ဆုတ်ကိုင်တတ်ရပေမည်။

ပြတ်သားတိကျသော အလေ့အထကို အခြားသူများကလည်း တန်ဖိုးထားတတ်လာအောင် ရှေ့ဆောင်စံပြနိုင်ရပေမည်။ တိကျပြတ်သားသည်နှင့်အမျှ စေတနာထားရှိမှုပေါ်လွင်အောင် ပြထားနိုင်ရပေမည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့သည် မပြတ်သားမှု၊ အားနာမှုတိုက်ပွဲတွင် အောင်ထူနိုင်ပေမည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အစဉ်အလာတိုက်ပွဲ

ခေတ်ဆိုသည်မှာ တိုးရွေ့နေပေသည်။ ခေတ်ထဲကလူသည် ခေတ်နှင့်ဟပ်စပ်အောင် နေထိုင်တတ်ရန် လိုပေသည်။ ခေတ်နှင့်မစပ်၍ နောက်ကျန်နေမည်ဆိုလျှင် ခေတ်၏အကျိုးခံစားခွင့်များ ဆုံးရှုံးနစ်နာရ တတ်ပေသည်။

ဤတွင် လူကခေတ်နောက်သို့ လိုက်မည်လော၊ လူကပင် ခေတ်ကို ဖန်တီးပြုလုပ်သလောဟု စဉ်းစားရန် ရှိပေသည်။ ခေတ်ဆိုသည်မှာ သက်ရှိ အရာမဟုတ်ပေ။ သူ့အလိုလို လှုပ်ရှားနိုင်သော အရာလည်းမဟုတ်ပေ။ လူသည် ပဓာနဖြစ်၍ လူကိုမှီ၍ ခေတ်ဖြစ်ရပေမည်။ သို့ရာတွင် လူတစ်ဦး တစ်ယောက်တည်း စွမ်းရည်ရှိပါက လူအများကို ခေတ်၏သွင်ပြင်တစ်ရ ပေါ်ပေါက်အောင် သွေးဆောင်ဖန်တီးနိုင်ပေသည်။ အများက စိတ်တူ ကိုယ်တူ လိုက်နာလက်ခံသော သွင်ပြင်၊ အလေ့စရိုက်တို့သည် အချိန် ကာလတစ်ခုတွင် တွင်ကျယ် စိုးမိုးရမြဲဖြစ်လေသည်။ ဤနည်းဖြင့် ခေတ် ဖြစ်လာရပေသည်။ ထို့ကြောင့် ခေတ်ကို မိမိက ဦးဆောင်ဖန်တီးနိုင်က ဦးဆောင်ဖန်တီး၍ အများနှင့်ဖြစ်တည်နေသော ခေတ်နောက်သို့လိုက်သင့်က မိမိပါလိုက်ရပေမည်။ ခေတ်၏အယူအဆများသည် အများ၏အယူအဆ ဖြစ်သည့်ပြင် ခေတ်၏ပတ်ဝန်းကျင်ကို အခြေခံယူသော အယူအဆများဖြစ်၍ ခေတ်၏အယူအဆကိုလည်း လက်ခံစဉ်းစားရန်လိုပေသည်။



ဤသို့ လူတိုင်းတွင် လက်ခံရရှိခဲ့သော အစဉ်အလာ အယူအဆနှင့် ပတ်ဝန်းကျင်အရ ပြောင်းလဲနေသော အယူအဆတို့၏အကြားတွင် ပဋိပက္ခ ရှိနိုင်ပေသည်။ မည်သည့်ဘက်သို့ ဦးစားပေးရမည်ဟူသော အဆုံးအဖြတ် ရေးရာသည်လည်း ပြဿနာတစ်ခုဖြစ်လာပေသည်။ ကျွန်ုပ်တို့သည် အစဉ် အလာ အယူအဆများကို ကြိုက်နှစ်သက်၍ လက်ခံခဲ့ကြသည်လည်း ရှိပေ မည်။ မည်သို့ပင်ဖြစ်စေ ပြောင်းလဲနေသော ခေတ်၏အယူအဆများကို ရှုမြင်သုံးသပ်ရန် လိုပေသည်။

ခေတ်တစ်ခေတ်တွင် ပေါ်ပေါက်သော အယူအဆသစ်များကို လက်ရှိ ခေတ်ဟောင်းမှ ကြီးပြင်းဖြတ်ကျော်လာခဲ့ရသူများက ကျပ်ပြည့်လက်ခံ နိုင်သည်လည်း ရှိပေသည်။ ရတ်တရက်ဘဝင်မကျနိုင်သည်လည်း ရှိပေမည်။ မည်သို့ပင်ဖြစ်စေ ခေတ်နှင့်မှီအောင် တွေးခေါ်ယူဆတတ်ရန်လိုပေသည်။ ဤသို့ခေတ်နှင့်မှီအောင် ညှိအောင် ကြိုးစားရခြင်းသည်လည်း ဘဝတိုက်ပွဲ တစ်ရပ်ပင်ဖြစ်ပေသည်။

ခေတ်တွင် အသစ်ပေါ်ထွန်းလာသော အယူအဆတိုင်းသည် တိုးတက် မှုချည်းဖြစ်မည်ဟူ၍ မျက်စိမှိတ်ကာ မယူဆနိုင်ပေ။ သို့ရာတွင် ကျွန်ုပ်တို့ သတိပြုရမည်မှာ ပတ်ဝန်းကျင်သည် အမြဲတစေ ပြောင်းလဲနေ၍ သဘော တရားဟူသည်မှာ အရပ်ရပ် အခြေအနေနှင့် ပတ်ဝန်းကျင်ကို အခြေခံသည် ဖြစ်သောကြောင့် ယေဘုယျအားဖြင့် ပြောင်းလဲခြင်းသည် သဘာဝကျ သည်ဟူ၍ လက်ခံထားရပေလိမ့်မည်။ လောကတွင် ရှိရှိသမျှ သက်ရှိသက်မဲ့ တို့သည် အစဉ်အမြဲဖြစ်ပျက် ပြောင်းလဲနေကြပေသည်။ အနိစ္စတရားနှင့် အနတ္တတရားတို့သည် အမြဲတစေရှိနေပေသည်။ သိပ္ပံသဘောတရားများ ကိုပင် တစ်ခုသော အခြေအနေ အတိုင်းအတာအထိ သိရှိသမျှတွင် အနိုင် အပြည့်စုံခြင်းမရှိကြောင်း နားလည်လာရပေသည်။ ပြီးပြည့်စုံပြီဟု ယူဆသော သဘောတရားတစ်ခုသည် ထပ်မံ၍ ပြီးပြည့်စုံခြင်း မရှိသေးကြောင်း ဖော် ထုတ်တင်ပြနိုင်ခြင်း မရှိသေးသမျှ အချိန်ကာလအထိသာ ခိုင်မာနေပေလိမ့် မည်။

www.burmeseclassic.com



တစ်ချိန်က ခေတ်ခွဲ၍မရသော အနုမြူကို ဆက်လက်၍ ခွဲခြမ်းနိုင်ခဲ့လေပြီ။ တစ်ချိန်က ရှုးစမ်းတွေ့ရှိခဲ့သော ဒြပ်စင်များ၊ ခေတ်ရောင်ခြည်များထက်ပိုမို၍ ယခုသိလာကြရပြန်လေပြီ။ ယခင်က စွမ်းဆောင်နိုင်သည်ထက် သိပ္ပံပညာ တိုးတက်နယ်ကျယ်ခဲ့ပြန်လေပြီ။ ထို့ကြောင့် သဘောတရားရေးရာတွင်လည်း ပြောင်းလဲသော အခြေအနေကို မချင့်ချိန် မညှိနှိုင်းဘဲ လေ့နံ့ခေါ်းထစ် ဆုပ်ကိုင်ထားသင့် မသင့်ကိုစဉ်းစားရပေလိမ့်မည်။ တစ်ချိန်တည်းမှာပင် အမြဲတစေ မှန်ကန်နေသော ယနေ့တိုင် မှန်ကန်နေဆဲဖြစ်သော သိပ္ပံသဘောတရားများလည်း မရှိသည်မဟုတ်ကြောင်းကို သတိပြုရပေဦးမည်။

ထို့ကြောင့် အစဉ်အလာ အယူအဆများနှင့် ပတ်သက်၍ ရှိရင်းစွဲအတိုင်း ဆက်လက်ထိန်းသိမ်းထားရှိသင့်သောအရာနှင့်၊ ပတ်ဝန်းကျင်အခြေအနေသစ်အရ ပြောင်းလဲလက်ခံသင့်သောအရာတို့ကို ခွဲခြားဆုံးဖြတ်တတ်ရန်မှာ အလွန်အရေးကြီးပေသည်။

**“အရိုးကို အရွက်မဖုံးစေရ၊ ငှက်ပျောပင်စိုက် မိလိုက်ဖပါ ရှေးထုံးလည်း မပယ်နှင့် ဈေးသုံးလည်း မလွှယ်နှင့်”** စသော စကားများသည် အစဉ်အလာ အယူအဆများကို မပြောင်းမလဲ လက်ခံရေးဘက်မှ ထောက်ခံနေသော စကားပုံများပင် ဖြစ်ပေသည်။ သို့ရာတွင် အရိုးအစဉ်ထဲမှ အမြဲတစေ၊ သို့မဟုတ် ထာဝရနီးပါး မှန်ကန်နိုင်သော အကြောင်းအချက်များကို ရည်ရွယ်၍ဆိုခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် **“ဟောင်းပင် ဟောင်းသော်လည်း မကောင်းလျှင်ပယ်ရမည်”**ဟူ၍ ဆိုရိုးများလည်း ထပ်မံပေါ်ပေါက်ခဲ့ပေသည်။ **“မကောင်း”**ဟု ဆိုသော အဓိပ္ပါယ်တွင် ခေတ်နှင့်မဆီလျော်သော ဟူသော အဓိပ္ပါယ်ပါ အကျုံးဝင်စရာရှိပေသည်။

ကျွန်ုပ်တို့သည် အလေ့စရိုက်ဟောင်းများကို အစွဲအလမ်းပြင်းထန်ခဲ့ကြသောကြောင့် ခေတ်ကိုလိုက်ရန် ဝန်လေးတွန့်ဆုတ်မိတတ်ကြသည်။ တစ်စုံတစ်ခုသော ခေတ်ပြောင်းမှုကို ရုတ်တရက် လက်မခံလိုသော ဖိဆန်စိတ်များ ရှိတတ်ပေသည်။ အသစ်သော ခေတ်စားမှုတစ်ရပ်ကိုလည်း



ဘဝင်မကျရှိတတ်ပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ရှိရင်းစွဲနှင့် တင်းတိမ်လိုသောစိတ်ကြောင့်လည်း ဖြစ်ရပေသည်။ ပြောင်းလဲသစ်ဆန်းမှုကို တွေ့ကြုံနေမကျသောကြောင့် လက်ခံမှုစိမ်းနေခြင်းကြောင့်လည်း ဖြစ်ရပေသည်။ ထိုမှတစ်ပါး လက်ရှိအယူအဆ အသွင်အပြင်သည် ကောင်းမွန်ကျေနပ်စရာဖြစ်နေပြီဟူ၍ စိတ်နှလုံးဒုံးဒုံးချမိသောကြောင့်လည်း ပြောင်းလဲဆန်းသစ်မှုဆိုလျှင် ကောင်းလိမ့်မည်မဟုတ်ဟူ၍ စိတ်ကနင်ပယ်လိုသော သဘောရှိတတ်ပေသည်။ ကောင်းသည်ထက် ပို၍ကောင်းနိုင်သော အရာရှိနေခြင်းကို မစဉ်းစားမိတတ်ပေ။ ပစ္စည်းများ ဝယ်ယူသုံးစွဲရာ၌ပင် **“လက်ဟောင်း”** ဟူသော အမှတ်အသားကို မြတ်နိုးစွဲလမ်းနေမိတတ်ပေသည်။

## အစဉ်အလာနှင့်အစွဲ

ဤသို့သော အယူအဆကြောင့် များစွာသော လူတို့သည် သိပ္ပံ၏ တိုးတက်မှု၊ သိပ္ပံအယူအဆကိုပင် အစဉ်အလာ မဟုတ်ဟူ၍ လက်မခံဘဲ ငြင်းပယ်နေသူများရှိလေသည်။ အချို့ကိစ္စ၌ ဘုရားဟောမရှိသည်ကိုပင် ရှိသယောင်ထင်၍ အပြောများရာ အယူအဆကို ဘုရားဟောဟု စွဲမှတ်ကာ သိပ္ပံ အယူအဆများကို ဆန့်ကျင်၍ မယုံကြည် လက်မခံဘဲရှိတတ်ကြပေသည်။

မိမိတိုင်းပြည်တွင်း၌ မိမိမျက်စိအောက်မှာလိုပင် တီထွင်လုပ်ကိုင်မှုမဟုတ်ပါက နိုင်ငံခြား ယဉ်ကျေးမှု ဟူ၍ ယူဆတတ်ကြပေသည်။ နိုင်ငံခြားလက်ရာ၊ နိုင်ငံခြားအလေ့အထတစ်ခုဖြစ်လျှင်ပင် လက်မခံကောင်းတော့ဟူ၍ ယူဆတတ်ကြပေသည်။ ဤသို့ စိုးရွံ့ကြခြင်းဖြင့် အယူအဆနှင့် ပညာရပ်များစွာတွင် ကမ္ဘာ့တိုးတက်မှုအဆင့်များကို လက်မခံဘဲ သပိတ်မှောက်ကာ ရှေးလွန်လေပြီးသော နှစ်ကာလက အခြေအနေနှင့်ပင် ကျေနပ်နေခဲ့သဖြင့် ခေတ်နောက်တွင် များစွာ ကျန်ရစ်ခဲ့ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် လက်ဟောင်းများစွာထက် ပို၍ကောင်းသော နောက်ပေါ်များရှိပေသည်။ တိုးတက်မှုများစွာ၌ လက်ဟောင်းထက် နောက်ဆုံးပေါ်ကို လိုက်နာနေကြရသည့်အရာလည်း များစွာရှိပေသည်။ ကျွန်ုပ်တို့သည် လေယာဉ်ဖြင့် ပျံသန်းမှုကိုလည်း နိုင်ငံခြားအလေ့အထဟူ၍ ပစ်ပယ်ထားနိုင်မည်မဟုတ်ပေ။ လေယာဉ်ပျံလုပ်နည်းကိုလည်း တိုင်းတစ်ပါးတီထွင်မှုဖြစ်သည်ဆို၍ မလုပ်မကိုင်ဘဲနေလိမ့်မည် မဟုတ်ပေ။ တစ်ဦး၏တီထွင်မှုကို ကျန်တစ်ဦးက လက်ခံ၍ ထိုအပေါ်တွင် ဆက်လက်တိုးတက်သည်ထက် တိုးတက်အောင် ကြံဆကြိုးစားနေကြရသော ခေတ်ဖြစ်ပေသည်။ ထို့ကြောင့် ကြံစည်လုပ်ကိုင်နေသော နိုင်ငံများသည် တိုးတက်၍နေလေသည်။ မည်သည့်နိုင်ငံမှ တီထွင်မှုကိုမဆို နည်းနာရလျှင် ယူကြရုံမက မရရအောင်ပင် ကြိုးစားကြလေသည်။ အားခဲ၍လည်း ကြံစည်နေကြပေသည်။ ထို့ကြောင့် လူ့လောကအတွက် အကျိုးရှိဖွယ် အသစ်ရှာကြံ ဖန်တီးသမျှကို တိုင်းတစ်ပါးက စတင်ခြင်းဖြစ်ရုံမျှနှင့် လိုက်နာလက်မခံဘဲ မနေသင့်ပေ။

ကျွန်ုပ်တို့ သတိပြုရန်မှာ တိုးတက်မှုများတွင် စင်းလုံးချောမဟုတ်ဘဲ၊ လျော့ကွက်၊ ဟာကွက်များ ရှိမည်ဖြစ်ရာ၊ ထိုအချက်ကို စွဲကိုင်ကာ တိုးတက်မှုကို ရှုတ်ချပုတ်ခတ်၍ စပျစ်သီးချဉ်သည်ဟူ၍ သဘောမထားရန်ပင်ဖြစ်ပေသည်။ မိမိမတီထွင်နိုင်သောနည်းဖြစ်၍၊ အခြားသူတို့တီထွင်မှုကို မျက်စိမှိတ်ကာ မကောင်းဟူ၍ မဆိုသင့်ပေ။

အထူးသဖြင့် စက်မှုလက်မှု တိုးတက်သော နိုင်ငံများတွင် ဘာသာရေး ယဉ်ကျေးမှုစသည့်ဘက်တွင် ပျော့ညံ့လာခြင်းများကို တွေ့ရတတ်ပေသည်။ သို့ရာတွင် တိုးတက်နေသော နိုင်ငံများအားလုံးတွင် ထိုသို့ပျော့ညံ့လာသည်ဟု မဆိုနိုင်ပေ။ စက်မှုသိပ္ပံတွင် တိုးတက်သလောက် လူမှုရေးယဉ်ကျေးမှုတို့ကို ထိန်းသိမ်းသော နိုင်ငံလည်း ရှိပေသည်။ ဘာသာရေးဆိုသည်မှာလည်း ဘာသာအမျိုးမျိုးရှိ၍ သိပ္ပံပညာခေတ်တွင် တိုးတက်၍ယုံကြည်မှုထက်သန်လာသော ဘာသာရေးများလည်းရှိပေသည်။ ထိုမှ



တစ်ပါး မိမိတို့အမြင်၌ ယဉ်ကျေးမှုလျော့ပျက်ခြင်းဟူ၍ သုံးသပ်စေကာမူ ကာယကံရှင်နိုင်ငံများက ယဉ်ကျေးမှုသွင်ပြင် တစ်ခေတ်ပြောင်းခြင်းအနေနှင့် ယူဆသည်လည်း ရှိပေလိမ့်မည်။

ကျွန်ုပ်တို့သည် မည်သည့်ယဉ်ကျေးမှု၊ မည်သည့်တိုးတက်မှု၊ ပြောင်းလဲမှုတို့ကိုမဆို တစ်ဖက်တည်းသောအမြင်ဖြင့် ဆုံးဖြတ်၍မရပေ။ လူ၏အယူအဆသည် ခေတ်၏အရပ်ရပ် အခြေအနေကို ထည့်သွင်းစဉ်းစား အခြေခံရပေမည်။ သို့မှလည်း အရိုးအစဉ်ကို ဆက်လက်၍ လက်ခံသင့် မခံသင့်၊ မည်သည့်အချက်တွင် ပြောင်းလဲမှုကို လက်ခံသင့်သည်စသော အချက်များကို ကွဲပြားစွာ စဉ်းစားဆုံးဖြတ်နိုင်မည် ဖြစ်လေသည်။ ဤဆုံးဖြတ်မှုရှင်သန်မှသာလျှင် အစဉ်အလာ တိုက်ပွဲတွင် အနိုင်ရနိုင်ပေမည်။

ကျွန်ုပ်တို့သည် ခေတ်မီ၍ ကောင်းမွန်သော အလေ့စရိုက်များကို ဆက်လက်ထိန်းသိမ်းရပေမည်။ သို့ရာတွင် အခြေခံစရိုက်အားလုံးကို မပျက်လက်ခံရမည်ဟူ၍ ယူဆခြင်းမျိုးကိုကား လက်သင့်မခံသင့်ပေ။ အဘယ်ကြောင့်ဆိုသော် လူ၏လိုအင်၊ လူ၏ဘဝ၊ လူ၏အခြေအနေ၊ ပတ်ဝန်းကျင်၏အခြေအနေ၊ ခေတ်၏ခံယူချက် စသည်များစွာတို့က ပြောင်းရွှေ့နေသောကြောင့်ဖြစ်ပေသည်။

## ခေတ်ခြင်းမတူနိုင်

တစ်ခေတ်က မှန်ကန်သောစနစ်၊ အကောင်းဆုံးဟူ၍ လက်ခံခဲ့သောစနစ်မျိုးကို၊ အခြားတစ်ခေတ်တွင် လက်မခံနိုင်ဘဲရှိတတ်ပေသည်။ လူ့သမိုင်း၊ နိုင်ငံသမိုင်းတို့တွင် ဤသို့သော ပြောင်းလဲမှုအဆင့်ဆင့်ကို ထင်ရှားစွာ တွေ့မြင်နိုင်ပေသည်။ အခြေခံတစ်မျိုးဖြင့် ယူဆခဲ့ရာတွင် မှန်ကန်သော အချက်တစ်ခုသည် အခြားအခြေခံတစ်မျိုးဖြင့် ယူဆပါက မှားယွင်းလာနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေတ်က မျက်မှန်တပ်ရခြင်းကို ရှက်စရာဟူ၍ ယူဆခဲ့ကြသော်လည်း မျက်မှန်ကိုနေရောင်၏အလင်းဒဏ်မှ ကာကွယ်ရန် အသုံးပြုသူများ၊ အလှအပ၊ အဆောင်အယောင်အဖြစ် အသုံးပြုသူများ စသည်ပေါ်ထွက်လာ၍၊ မျက်မှန်နှင့်မကင်းသူ အရေအတွက် များပြားလာသောအခါ မျက်မှန်တပ်ခြင်းသည် ထမင်းစားရေသောက် အလုပ်ကဲ့သို့ပင် စိုးရိမ်စက်ဆုတ်ခံရမှု လျော့ပြယ်လာလေသည်။ တစ်ခေတ်က နိုင်ငံခြားသို့ သွားရောက်ခွင့်နည်းပါးသောကြောင့်၊ ဘိလပ်ပြန်ဟူ၍ ခေါ်ဝေါ်ကာ နိုင်ငံခြားမှ ပြန်လာခြင်းမျိုးကိုပင် အလိုအလျောက် ဘွဲ့မည်ရတစ်ခုကဲ့သို့ မှတ်ယူဂုဏ်တင်ခဲ့ကြပေသည်။ ယခုအခါတွင် ထိုသို့ ဂုဏ်ထူးတစ်ခုအဖြစ်တပ်၍ ခေါ်နေမည်ဆိုလျှင် ရယ်စရာဖြစ်နေပေတော့မည်။ ထိုသို့ဖြစ်ရခြင်းမှာ နိုင်ငံခြားသို့ ပေါက်ရောက်ဖူးသူများပြားလှ၍၊ မည်သို့မျှမထူးခြားခြင်း မရှိလှသောကြောင့် ခေတ်၏အမြင် ကွဲပြားရခြင်းဖြစ်လေသည်။ ထိုနည်းတူပင် တစ်ခေတ်က အင်္ကျီပါးကို ရေးကြီးခွင်ကျယ် အပြစ်ဆိုခဲ့ကြပေသည်။ ယနေ့ခေတ်တွင် နိုင်လွန်စက်ရုံများ ထွန်းကားလျက် ရှိပေပြီ။ အမျိုးသမီးများ ဘရာစီယာဝတ်ကြခြင်းသည်ပင် တစ်နေ့ထက်တစ်နေ့ ခေတ်စားလာကာ စကားတင်းဆိုမှုများ လျော့ပါးတိတ်ဆိတ်စ ပြုလာလေပြီ။

ပြောင်းလဲမှုတစ်ခုကို အပြစ်ဖက်မှပြောလျှင်လည်း ရပေလိမ့်မည်။ အကျိုးရှိသည့်ဘက်မှ စဉ်းစားလျှင်လည်း အကျိုးရှိရာရှိကြောင်းများ ပေါ်ထွက်လာပေလိမ့်မည်။ မိမိအမြင်တစ်ဖက်စီမှ ကျားကုတ်ကျားခဲ စွဲရပ်ဆုပ်ကိုင်ထားခဲ့လျှင် ယထာဘူတကျသော အမှန်တရားသည် မပေါ်နိုင်ပေ။

ဟိရိဩတပ္ပတရားဟူသည်မှာ အမိပ္ပါယ်ကျုံ့လိုဖြန့်လိုတိုင်းရနိုင်ပေသည်။ မကောင်းမှုမှရှက်ခြင်း၊ ကြောက်ခြင်းကိုဆိုလိုပေရာ မကောင်းမှုသည် အဘယ်နည်း၊ အဘယ်အတိုင်းအတာအထိ ကောက်ယူနိုင်သနည်း၊ ကျန်းမာရေးကိုထိခိုက်ခြင်းလော၊ သူတစ်ပါးအကျိုးပျက်စီးမှုကို ဖြစ်စေခြင်းလော၊ ကာယဉာဏ ခွန်အား ကုန်ခန်းစေခြင်းလော၊ ဘာသာတရားနှင့် ဆန့်ကျင်ခြင်းလော၊ တရားဥပဒေကို ချိုးဖောက်ခြင်းလော၊ ငွေကုန်



ကြေးကျများစေခြင်းလော၊ ဤသို့စသည်ဖြင့် စဉ်းစားရန်များစွာရှိပေလိမ့်မည်။ တစ်ဦးနှင့်တစ်ဦးသော်လည်းကောင်း၊ လူတစ်မျိုးနှင့်တစ်မျိုးသော်လည်းကောင်း၊ အယူအဆ တူညီနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ယဉ်ကျေးမှု အလေ့စရိုက်တစ်ခုခုကိုသော်လည်းကောင်း၊ ဝတ်စားဆင်ယင်မှုတစ်ခုခုကိုသော်လည်းကောင်း၊ အမြင်သစ်နေသဖြင့် မကြိုက်နှစ်သက်နိုင်ရုံနှင့် အစဉ်အလာဆန့်ကျင်သည်။ အရုက်အကြောက် ကင်းမဲ့သည်ဟုဆိုရန် မလွယ်ပေ။ ရိုးရာသွင်ပြင်ကို ထိခိုက်သည် မထိခိုက်သည်ဟူ၍လည်း အဆုံးအဖြတ်မလွယ်သင့်ပေ။

မိမိဘက်က အမြင်သည် အယူအဆကို အခြေခံသကဲ့သို့ တစ်ဖက်သား၏ အပြုအမူအလေ့စရိုက်တို့သည် သူ၏အမြင်၊ သူ၏အတွေးဘက်မှ ရပ်တည်ပေလိမ့်မည်။ စီးကရက် သောက်သူကို လူတစ်ယောက်က နှုတ်ခမ်းမဲ့၍ ကြည့်ပေမည်။ ဘရာစီယာဝတ်သူကို လူတစ်ယောက်က မျက်စောင်းထိုး၍ကြည့်ပေမည်။ ငါးမျှားသူကို လူတစ်ယောက်က အံကြိတ်၍ကြည့်ပေမည်။ မလိုလားသူ၏ဘက်မှကြည့်လျှင် မကောင်းမှုများချည်းဖြစ်ပေလိမ့်မည်။ စင်စစ်အားဖြင့် လူ့လောကတွင် ပြုလုပ်နေကြသော မကောင်းမှုများမှာ ရေတွက်၍ ဆုံးမည်မဟုတ်ပေ။ သူတစ်ပါးပြုလုပ်သမျှ အပြစ်ရှာ၍ ကြည့်ခြင်း၊ ဝေဖန်ခြင်း၊ ပြုံစုခြင်းတို့သည်ပင် ကောင်းမည်မဟုတ်ပေ။ သို့ရာတွင် သူ့အမြင် သူ့အကြောင်းပြကို ထည့်သွင်းစဉ်းစားသောအခါ ကိုယ်မကြိုက်ရုံ၊ မကြည့်ချင်ရုံနှင့်အပြစ်ပြော၍ မရနိုင်သေးသည်ကို သတိပြုမိပေမည်။

တစ်ချိန်တစ်ခါက လက်ခံရန်အရေးတော်ပုံ ဖြစ်ခဲ့သောအရာများသည် နောင်တစ်ချိန်၌ သမားရိုးကျကိစ္စများ ဖြစ်နေတတ်ပေသည်။ ပြင်သစ်နိုင်ငံတွင် ထီးစတင်၍ ဆောင်းစဉ်က သဘာဝကပေးထားသော နေမိုးတို့ကို အန်တုပြုရကောင်းလားဟု ခဲနှင့်ပေါက်ခြင်းခံရသည်ဟု ကြားရဖူးပေသည်။ ယခုအခါတွင် ထီးဆောင်းသည်မှာ အဆန်းမဟုတ်ပေ။ ထိုသို့ အရေးတော်ပုံဖြစ်ပွားခဲ့ကြခြင်းများကား တီထွင်မှုတိုင်းလိုပင် ကြုံခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တတ်ပေသည်။ ထိုမှတစ်ပါး ဝတ်စားဆင်ယင်မှုမှအစ အလေ့စရိုက် ပြောင်းလဲမှုများမှာလည်း အတိတ်ခေတ်က ဓာတ်ပုံ ရုပ်ပုံများကပင်လျှင် ထုတ်ဖော်သက်သေခံနေပေလိမ့်မည်။ ကျွန်ုပ်တို့သည် အတိတ်ကို ပြန်၍ ဝေဖန်ကဲ့ရဲ့ပြစ်တင်နေ၍လည်း တရားမည်မဟုတ်ပေ။ အနာဂတ်ကို အပ ထား၍ မျက်မှောက်ခေတ်တွင် ပြောင်းလဲမှုမှန်သမျှကိုလည်း လက်လွှတ် စပယ် အပြစ်ဆို၍ သင့်မည်မဟုတ်ပေ။ နောင်တစ်ချိန်တွင် မထူးဆန်းသော အရာများလည်း ရှိပေလိမ့်မည်။

## တိုးတက်မှုနှင့်ပြောင်းလဲမှု

ပြောင်းလဲမှုတိုင်းသည် တိုးတက်မှုမဟုတ်သည်ကိုလည်းကောင်း၊ တိုးတက်မှုတိုင်းသည်လည်း အပြစ်ကင်းစင်သည်ချည်း မဟုတ်သည်ကို လည်းကောင်း၊ ကျွန်ုပ်တို့ ဝန်ခံရပေမည်။ သို့ရာတွင် ပြောင်းလဲမှုတစ်ခုခုကို တစ်ဖက်အမြင်အားဖြင့်ကား ရှုတ်ချရန် စောပေလိမ့်မည်။ အဖက်ဖက် အမြင် ခေတ်၏လိုအပ်ချက်၊ ပြောင်းလဲမှု၏အကျိုးအပြစ်တို့ကို ဝေဖန် သုံးသပ်ရပေလိမ့်မည်။ မိမိက မနှစ်သက်သော်လည်း ကျန်လူအများစုက နှစ်သက်ခဲ့လျှင် ခေတ်ဖြစ်ပေလိမ့်မည်။ အကယ်၍ မနှစ်သက်သူများ၍၊ အကျိုးယုတ်မှုထင်ရှားလျှင် မကြာမီပင် အလိုအလျောက် ပျောက်ကွယ် သွားလိမ့်မည်ပင်ဖြစ်ပေသည်။ အများက လက်မခံသော ပြောင်းလဲမှုသည် ကြာရှည်တည်တံ့ရန်မလွယ်ပေ။ အများကနှစ်သက်လိုလား လက်ခံခဲ့လျှင် လည်း မိမိကမည်မျှ ဆန့်ကျင်စေကာမူ ဆန့်ကျင်၍မရ ဖြစ်လာတတ် ပေသည်။

လူတို့သည် တစ်ခါတစ်ရံ၌ အကြောင်းပြမရှိဘဲ ပြောင်းလဲမှုတစ်ခုခု ကို ရွံမုန်းနေမိတတ်ပေသည်။ အဘယ်ကြောင့်ရွံမုန်းသည်ကိုလည်းကောင်း၊ အပြစ်များကိုလည်းကောင်း တွက်ချက်မပြတတ်ပေ။ ဖော်ပြခဲ့သည့်အတိုင်း သူတစ်ပါးထံမှ တုပခြင်း၊ သစ်ဆန်းခြင်း၊ မြင်နေမကျခြင်းတို့ကြောင့်သာ



ဖြစ်တတ်ပေသည်။ အချို့ကလည်း သူတစ်ပါးနောက်ကလိုက်၍ ပြစ်တင် ရှုချခြင်း ပြုတတ်ပေသည်။ အချို့ကလည်း စကားမရှိ စကားရှာ၍ဖြစ်စေ၊ ပြဿနာတစ်ခုကို ဦးဆောင်ပြောစရာမရှိ၍ ဝေဖန်သူလုပ်ချင်သောကြောင့် ဖြစ်စေ၊ တီထွင်မှုတစ်ခုခုကို အာမနာပပြောတတ်ကြပေသည်။ အချို့မှာ လည်း သံယောင်လိုက်၍ မလိုလားသူ၊ မိမိစိတ်က နှစ်သက်ပါလျက် တစ်ဖက်သား ရှိသေလေးစားခံရမည်ထင်၍ မလိုလားဟန်ဆောင်သူ၊ စသည် တို့ဖြစ်နေတတ်ပေသည်။ ထို့ကြောင့် ခေတ်နှင့်လိုက်လျောစွာ စဉ်းစားဆုံးဖြတ် ရန်နှင့် ခေတ်နှင့်အညီ ယူဆရပ်တည်တတ်ရန်အတွက် အကျိုးအကြောင်း အပေါ်တွင်လည်းကောင်း၊ ဘက်စုံသောအမြင်ပေါ်တွင်လည်းကောင်း၊ အခြေခံ ပြုတတ်ရန် အရေးကြီးပေသည်။

ပတ်ဝန်းကျင်သည် ကျွန်ုပ်တို့၏ အတွေးအခေါ် အယူအဆဘောင် ကို ထိန်းကွပ်ထားတတ်ပေသည်။ ပတ်ဝန်းကျင်ဆိုသည်မှာ ထိတွေ့ဆက်ဆံ ရသော သက်ရှိသက်မဲ့ အရာအားလုံး ပါဝင်သည်သာ ဖြစ်ပေသည်။ ထို့ ကြောင့် ကျွန်ုပ်တို့၏သွေးရင်းသားရင်း၊ ကျွန်ုပ်တို့ခင်မင်သူများအတွက် အမြင်မှာတစ်မျိုးဖြစ်တတ်၍၊ ကျွန်ုပ်တို့နှင့် ရန်ဘက်ဖြစ်သူ၊ မလိုလားသူများ အတွက် အမြင်မှာတစ်မျိုးဖြစ်နေတတ်ပေသည်။ ကျွန်ုပ်တို့လိုလားသော နိုင်ငံထွက်ပစ္စည်းဟုဆိုလျှင် ကောင်းသည်ဟုအလိုလို ထင်မှတ်မိတတ်၍၊ ကျွန်ုပ်တို့မလိုလားသော နိုင်ငံထွက်ပစ္စည်းဟုဆိုလျှင် အပြစ်ကိုသာရှာ၍ မြင်တတ်ပေသည်။ နဂိုက အထင်ကြီးသောနိုင်ငံ၊ အထင်သေးသောနိုင်ငံ များနှင့်ပတ်သက်၍လည်း ထိုအတိုင်းပင်ဖြစ်တတ်ပေသည်။ ဤစိတ်အစွဲ မျိုးကား လူ၏ယိမ်းညွတ်မှု သဘာဝပင် ဖြစ်ပေသည်။ သို့ရာတွင် သဘာဝ တွင် အောင်မြင်မှုလိုလားသော သူသည် ထိုသို့ အလိုအလျောက်လမ်းကျောင်း ပေးနေသော အခံစိတ်ကို ဖယ်ရှင်းကာ မျှတလွတ်လပ်စွာ ရှုမြင်တတ်ရ ပေမည်။

ခေတ်ဆန်မှုကို အလွန်အမင်း လိုလားတတ်သူများသည်လည်း တစ်ခြားသူနှင့်မတူ တစ်မူခြားနိုင်လျှင် ပြီးသည်ဟု ယူဆသော စိတ်ယိမ်း



www.burmeseclassic.com

www.burmeseclassic.com



မှုကြောင့် မလိုလားအပ်သော အသစ်အဆန်းမျိုးကိုပင် ခေတ်ဆန်မှုအဖြစ် နှင့် မှောက်မှားစွာ မြှတ်နိုးမိရခြင်းဖြစ်ပေသည်။ အယူအဆရေးရာ၊ ခေတ်မှီရေးရာ၊ ရိုးရာစဉ်လာ၊ ထိန်းသိမ်းရေးရာတို့တွင် အဂတိဟူသော ဘက်လိုက်မှုမရှိဘဲ ယထာဘူတကျကျ ဆုံးဖြတ်နိုင်ရပေမည်။ အစွဲအလမ်း ကင်းရပေမည်။ အဟောင်းဖြစ်၍ အသစ်ဖြစ်၍ဟူသော အကြောင်းပြ မရှိရပေ။ အကျိုးရှိခြင်း မရှိခြင်းစသော လက်ခံသင့်သည့်အကြောင်းနှင့် လက်မခံသင့်သည့် အကြောင်းမှန်တို့ကို အခြေပြု၍သာ ဗွက်ချက်ရပေမည်။

## အယူအဆအခြေခံ

အယူအဆဟူသည်မှာ ခေတ်၏အခြေအနေ သုံးသပ်မှုပေါ်တွင်တည် ပေသည်။ ဥပမာ ရှေးအတိတ်ခေတ်က ရင်းနီးထူထောင်နိုင်သူအား သစ် တစ်ပင်ကောင်း၍ ငှက်တစ်သောင်းခိုနိုင်သည်ဟူ၍ ကျေးဇူးရှင် အမြင်ဖြင့် မြင်ခဲ့ကြပေသည်။ သို့ရာတွင် ယခုခေတ်၌ သူတစ်ပါး၏လုပ်အားပေါ်မှ ခေါင်းပုံဖြတ်သူအနေဖြင့် တွေးဆရှုမြင်လာကြပေပြီ။ ရှေးအခါက ဘုန်းရှင် ကံရှင်ဟူ၍ ဘုရင်များအား အသက်ဦးဆံအပ်နှင်းကာ ရှိသေလေးစားခဲ့ ကြသော်လည်း ဘုရင်ကို လူသားတစ်ယောက်အမြင်ဖြင့် သုံးသပ်ကာ အသက်ဦးဆံကိုပိုင်ထိုက်စရာ အကြောင်းမရှိဟူ၍ ယူဆလာခဲ့ကြပေပြီ။ နိုင်ငံအချို့တွင် တရားဥပဒေအချို့ကို တရားမျှတရာရောက်ပါမည်လောဟု ပြန်လည်သုံးသပ်လာကြသည်လည်း ရှိလေသည်။ ရှေးကခွင့်မပြုသည်ကို ခွင့်ပြု၍ ရှေးကမပိတ်ပင်ခဲ့သည်ကို ပိတ်ပင်လာသည်လည်းရှိပေသည်။ **အကျိုးအပြစ်ကို မမြင်ရသေးချိန်နှင့် အတွေ့အကြုံအရ သင်ခန်းစာရရှိလာ ချိန်တို့တွင် အယူအဆချင်းမတူညီကြပေ။**

ယုတ်စွအဆုံး လူကို တန်ဖိုးထားခြင်းသည်ပင် တစ်ခေတ်နှင့် တစ်ခေတ် မတူညီခဲ့ကြပေ။ မည်သို့ပင်ဖြစ်စေ ယခုအချိန်၌ ကျိုးကြောင်း မျှတသည်ဟု အများက လက်ခံယုံကြည်သော အဆင့်သည် ခေတ်၏အဆင့်



၍ ထိုအတိုင်းပင် မဖီမဆန် လိုက်နာပါမှသာ အစဉ်အလာ၏ တုပ်နှောင် လွှတ်မြောက်ပေလိမ့်မည်။ အကယ်၍ မိမိကိုယ်တိုင် သုံးသပ်စဉ်းစား ပြုဘဲ လက်ခံလာခဲ့သော အစဉ်အလာများ၊ ပသ ကိုးကွယ်မှုများ သေးလျှင်၊ မိမိဉာဏ်မီသမျှ စိစစ်ဝေဖန်ရပေမည်။ မိမိဉာဏ်မမှီလျှင် ည်း မေးမြန်းဆွေးနွေး သက်သေချေရပေမည်။ အကယ်၍ မိမိသည် အများ သည်ကို လက်မခံဘဲ ထူးကဲစွာ အခိုင်အမာ ရှုမြင်သုံးသပ်ခြင်းမျိုး ည်း ရှိကောင်းရှိပေမည်။ ထိုအခါမျိုးတွင် မိမိအယူအဆကို အခိုင်အမာ ၊ အကြောင်းပြတို့နှင့် အများက စဉ်းစား လက်ခံလာအောင် ပြုရပေမည်။ သုတေသနပညာရှင်များသည် ဤသို့ပင် ဆောင်ရွက် ပေသည်။ ဤနည်းအားဖြင့် အစဉ်အလာ အယူအဆနှင့်ပတ်သက်၍ ပွဲတစ်မျက်နှာတွင် အောင်ထူနိုင်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

# လောကဓံတိုက်ပွဲ

လူတို့သည် လောက၏စည်းကမ်းဘောင်အောက်တွင် ကြီးပြင်းနေထိုင်ကြရသူများဖြစ်ပေသည်။ လောကနိယာမ(ဝါ)လောကဓမ္မ၏စီမံဖန်တီးမှုကို မရုန်းကန်နိုင်ဘဲ ခံယူကြရပေသည်။ လောကဓမ္မသည်ကား လောကဓံဟူ၍ စကားပြောင်းလဲခေါ်တွင်သော သဘောတရားပင်ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် လောကနိယာမကို တွန်းလှန်ကြိုးစားခြင်းဖြင့် လူ့လောကကို ကျွန်ုပ်တို့အလိုကျ ဖန်တီးကြပေသည်။ သို့ရာတွင် လွှမ်းနိုင်သောအရာ၌သာ လွှမ်းမိုးနိုင်၍ မလွှမ်းမိုးနိုင်သော အရာများလည်း ရှိကြပေသေးသည်။ ဥပမာ လှိုင်းတံပိုးကြီးမားလှသော မဟာသမုဒ္ဒရာကိုပင် သင်္ဘောဖြင့်ဖြတ်ကျော်အနိုင်ယူကြပေသည်။ ရောဂါဘေးဆိုးများကို ဆေးဝါးဖော်စပ်၍ တားစီးအောင်နိုင်ကြပေသည်။ လျှပ်စစ်၊ အနုမြူ၊ ဓာတ်ငွေ့စသည့် သဘာဝစွမ်းအင်များကို ခွဲချည် ပေါင်းစပ်ချည်ပြု၍ လူ့အကျိုးအတွက် စေစားကြပေသည်။ ဆင်းရဲဒုက္ခအပေါင်းမှ ကင်းလွတ်သက်သာမှုအတွက် သိပ္ပံပညာရှင်များသည် မနေမနား ကြိုးစားအားထုတ်နေကြပေသည်။ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်များကိုလည်း ဖန်တီး ကြံဆကြလေသည်။

သို့ရာတွင် ကျွန်ုပ်တို့လောက၌ ချမ်းသာခြင်းသည်ချည်းသာ ဖြစ်ပေါ်မလာဘဲ ဆင်းရဲခြင်းကလည်း ဒွန်တွဲ၍ တည်ရှိနေသည်။ စည်းစိမ်



ဥစ္စာ ပစ္စည်းလာဒ်လာဘ မိုးသို့ရွာသောနေရာ၌ရွာ၍ တစ်နေ့တစ်ဝမ်းစာမျှပင် မလောက်မင ပေးကမ်းဝေငှသူ ကင်းမဲ့သော ဒုက္ခိတများလည်းရှိပေသည်။ မဟာဗြဟ္မာ လျှာကုဋေတမျှ ချီးမွမ်းအံ့သြခံရသူများ ရှိသကဲ့သို့ တံတွေးခွက်တွင် ပက်လက်မျောလုအောင် ရှုံ့ချကဲ့ရဲ့ခြင်းခံရသူများလည်း ရှိပေသည်။ အခြွေအရံဝိုင်းဝိုင်းလည်အောင် ခစားကပ်မျှောင်ကြသူပေါများသူ ပေါများသလောက် ဆေးဖော်ကြောဖက်မျှ မလုပ်ချင်အောင် ဖယ်ကြဉ်စွန့်ခွာခြင်းခံရသူ၌ အဖော်သဟဲတစ်ယောက်တစ်လေမျှမရှိအောင် ကင်းမဲ့နေလေသည်။ ဤသို့သော လောကဓံတရားကို အကောင်းတစ်ဖက်တည်းတွင်သာ ချိန်ခွင်ညှာသာအောင် ပြုပြင်ပြောင်းလဲ၍ မအောင်မြင်ကြသေးပေ။

ဤလောကသည် အဆိုးတစ်ဖက်တည်းသာမရှိသည့်အတွက် ကျွန်ုပ်တို့ သက်သာရာရကြပေသည်။ သို့ရာတွင် အကောင်းတစ်ဖက်တည်းသာ မဟုတ်သည့်အတွက်ကြောင့်မူကား မချင့်မရဲရှိကြပေမည်။

မည်သို့ပင်ဖြစ်စေ ဤလောကသို့ ဝင်ရောက်လာလျှင် ဤလောက၏ ချယ်လှယ်မှုကို ခံယူရပေမည်။ ဤလောကဓံတရားကိုပင် ရင်ဆိုင်ရမည်၊ အကောင်းဘက်တွင် နေရသူလည်းရှိမည်၊ အဆိုးဘက်တွင် ကြုံရသူလည်း ရှိပေမည်။

တစ်ချိန်တစ်ခါတွင် အကောင်းဘက်၌ရှိ၍ နောင်တစ်ချိန်တွင် အဆိုးဘက်၌ ရှိကောင်းရှိပေလိမ့်မည်။ မည်သူတစ်ဦးတစ်ယောက်မျှ အကောင်းတစ်ဖက်တည်းတွင်သော်လည်းကောင်း၊ အဆိုးတစ်ဖက်တည်းတွင်သော်လည်းကောင်း ထာဝရပစ်ချခြင်းခံရသည်ဟူ၍ မရှိနိုင်ပေ။ မည်သူမျှ သဘာဝ၏အာမခံချက်ကို မရရှိကြပေ။ အသက်တိုချင်တိုမည်၊ ရှည်ချင်ရှည်မည်၊ ချမ်းသာချင် ချမ်းသာမည်၊ ဆင်းရဲချင် ဆင်းရဲမည် ဖြစ်ချင်သည့်အခါတွင် ဖြစ်ချင်ရာ ဖြစ်နေပေလိမ့်မည်။

ဤသို့ဆိုသဖြင့် ကျွန်ုပ်တို့သည် ဖြစ်ချင်ရာကို ဖြစ်နေသော လောကဓံတရားကို ဘာမျှမဆီးတားနိုင်ဘဲ ငုံ့စုံပြစ်ခံ၍နေရမည်ဟု မဆိုလိုပေ။ လောကဓံတရားနှင့်ပက်သက်၍ ကျွန်ုပ်တို့ ခုခံတိုက်ပွဲဝင်ရမည်သာဖြစ်ပေ

www.burmeseclassic.com



သည်။ ကျွန်ုပ်တို့လုပ်နိုင်သော အလုပ်နှစ်ခုရှိပေသည်။

တစ်ခုမှာ ဖြစ်ချင်သလိုဖြစ်နေသော လောကဓံတရားကို အရှမ်းမဖြစ်စေဘဲ ခုခံတားဆီးနိုင်သလောက် တားဆီးပြုပြင်ရန်ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် လောကဓံကို လုံးဝဖျက်မပစ်နိုင်သော်လည်း ဒဏ်ပြုချက်ကင်းလွတ်အောင် ကြံဖန်ရှောင်တိမ်းကာကွယ်နိုင်ပေသည်။

အခြားတစ်ခုမှာ ကျွန်ုပ်တို့ ကြိုးစားကာကွယ်ပါလျက် မနိုင်နင်းဘဲ ဖြစ်ပေါ်လာသော လောကဓံ၏အဆိုးဖက်မျက်နှာကို ကျွန်ုပ်တို့ကတင်းခံကြရမည်ဖြစ်သည်။ လောကဓံ၏ချီးမြှောက်မှုကို သာယာတတ်သကဲ့သို့ ကျိန်ဆဲဒဏ်ပေးချက်ကို အပြုံးမပျက်ဘဲ ရပ်ခံနိုင်ရန် အရေးကြီးပေသည်။ မခံမရပ်နိုင်၍ ကျွန်ုပ်တို့က အရှုံးပေးလိုက်လျှင် ဘဝတိုက်ပွဲတွင် အပြီးအပိုင်ရှုံးနိမ့်ရပေလိမ့်မည်။

ကျွန်ုပ်တို့ဘည် မိုးမရွာအောင် တားဆီးကြပေမည်။ တားဆီး၍မရလျှင် အရိပ်အောက်တွင် ပုန်းခိုနေကြပေမည်။

ဤသဘောအတိုင်းသာလျှင် ပြုမူရပေလိမ့်မည်။

လောကတွင် ကျွန်ုပ်တို့က တစ်ဖက်သတ်ရှုမြင်မိတတ်ကြပေသည်။ အကောင်းဘက်တွင်ရှိသူအား အကောင်းချည်း မြင်မိတတ်ကြပေသည်။ အဆိုးဖက်တွင်ရှိလျှင်လည်း အားလုံးဆိုးလေတော့မည်ဟု ထင်မှတ်တတ်ကြပေသည်။ မည်မျှချမ်းသာကြွယ်ဝသူဒ္ဓမဆို ဆင်းရဲဒုက္ခတစ်မျိုးမဟုတ်တစ်မျိုးရှိနိုင်ပေသည်။ မည်သည့်ဆင်းရဲသူဒ္ဓမဆို ကြည်နူးသာယာနိုင်စရာအကွက်တစ်ခုခုရှိနိုင်ပေသည်။

ကျွန်ုပ်တို့သည် လောကဓံ၏အကောင်းဘက်တွင်ရောက်ခိုက် ကောင်းလေပြီဟူ၍ စိတ်မချသင့်ပေ။ အဆိုးတစ်ကွက် အသင့်ပြင်ထားရပေမည်။ အဆိုးဘက်တွင် ရှိနေလျှင်လည်း အကောင်းမျှော်လင့်ချက်ကို မစွန့်သင့်ပေ။

**"တိမ်ဆိုင် တိမ်လိပ်တိုင်းတွင် ငွေရောင် အနားကွပ်ရှိသည်"ဟူသော အင်္ဂလိပ်စကားပုံရှိပေသည်။ အဆိုးထဲတွင် အကောင်းရှိနိုင်၍ အကောင်းထဲတွင်လည်း အဆိုးရှိပေလိမ့်မည်။**



ကျွန်ုပ်တို့အဖို့ အကောင်းဖက်နှင့် အဆိုးဖက် နှစ်ရပ်စလုံးကိုပင် ခြင်ကြုံတွေ့နေရပေလိမ့်မည်။ မည်မျှချမ်းသာကြွယ်ဝ၍ ဖွံ့ဖြိုးဥစ္စာ ည့်စုံနေစေကာမူ ကြောင့်ကြပူပန်ဆင်းရဲများကား ရှိပေလိမ့်မည်။ သာယာ င့် ကြုံတွေ့ရသူသည် မလိုလားနိုင်သော ဆင်းရဲမှုများကို လျစ်လျူရှုားနိုင်လျှင်ကား ကောင်းပေလိမ့်မည်။ ဆင်းရဲဒုက္ခနှင့် ကြုံတွေ့ရသူအဖို့ ည်း ထိုဆင်းရဲများအကြားမှ ရတတ်သမျှ သက်သာမှုသာယာမှုကိုပင် ှုးထုတ်ခံစား၍ အခြားသောဒုက္ခများကို လျစ်လျူရှုနိုင်အောင်ကြိုးစား ပေမည်။ အဘယ်ကြောင့်ဆိုသော် လူသည် သာယာမှုကို လိုလားကြသည် ာဖြစ်၍ သာယာမှုနှင့်ပင် ဘဝကိုတန်ဖိုးထား၍ မက်မောဖွယ်ဖြစ်အောင် န်တီးနေကြရသောကြောင့်ပင် ဖြစ်လေသည်။

## လောကီအမြင်

ကျွန်ုပ်တို့သည် ဘဝကိုခုံမင်ကြပေသည်။ လောကုတ္တရာအမြင်နှင့်ကြည့်လျှင်ဘဝကို ငြီးငွေ့ရွံမုန်းကြမည်ဖြစ်သော်လည်း လောကီအမြင်နှင့်ကြည့်လျှင် ဘဝကိုနှစ်သက်တွယ်တာရပေလိမ့်မည်။

မိမိဘဝကို မိမိမြတ်နိုးမှ အသက်ရှင်ရကျိုးနပ်ပေမည်။ ဘဝ၏ ုထောင်မှုကိုလည်း ကြိုးစားရပေမည်။ ထိုသို့ကြိုးစားရင်းဖြင့် ဘဝ အတွက်သာမက လူ့လောကအတွက် အကျိုးကျေးဇူး ဖန်တီးမှုများလည်း ပေါ်ထွက်လာပေမည်။

ဘဝကို ခုံမင်နိုင်မှုအတွက် ဘဝတွင် အသက်ရှင်နေချင်လောက်အောင် သာယာမှုများရှိရပေလိမ့်မည်။ ဆင်းရဲမှု၊ မကောင်းကျိုးများဘက်မှ အမြဲရှုမြင်နေလျှင် ဘဝသည်နေရကျိုးနပ်မည် မဟုတ်ပေ။ ထို့ကြောင့် ည်မျှပင် လောကဓံ၏အဆိုးဘက်သို့ ကျရောက်စေကာမူ အကောင်းဘက် မှ ရှာဖွေတွေးဆ၍ ခံစားသာယာနိုင်ရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာအားဖြင့် လူတစ်ယောက်အတွက် သင်္ဘောနစ်ရာတွင်ပါ၍ အသက်ဘေးရန်နှင့် ရင်ဆိုင်နိုင်ပြီးနောက်မှ အသက်ချမ်းသာရာရလာသည် ဆိုပါအံ့၊ ထိုလူသည် ကြုံတွေ့ခဲ့ရသော ဘေးဒုက္ခများအတွက် ညည်းညူ၍ စိတ်ပျက်နေရန်မလိုပေ။ သူသည် မသေမကျေဘဲ သူ့အသက်ကိုပြန်၍ ရယူနိုင်ခဲ့ခြင်း အတွက်ပင်လျှင် ကျေးဇူးတင်ဝမ်းသာရပေလိမ့်မည်။

ထိုမှတစ်ပါး တစ်သက်တွင် တွေ့ကြုံရခဲသော အချင်းအရာကို ကိုယ်တိုင် ကြုံတွေ့ခံစားရဘူးခြင်းသည်ပင် မိမိအတွက် ထူးခြားသော အကျိုးအမြတ်ပေတကားဟု ကြည်နူးနှစ်သိမ့်ရပေလိမ့်မည်။

ကျွန်ုပ်တို့သည် ဘဝ၏ဆိုးဝါးသော အခြေအနေကို တွေ့ကြုံနေစေကာမူ စိတ်ပျက်ရန်မလိုပေ။

ဤသည်မှာ လောကဓံတရား၏ ဆိုးပြစ်ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိခြင်းပင် ဖြစ်လေသည်။ အဆိုးထဲက အကောင်းကို ရှာတတ်ရပေမည်။ ထိုသို့ရှာဖွေ၍ နှစ်သိမ့်မှုကို ရယူတတ်ရပေမည်။

တစ်ရံရောအခါက သည်းခံတတ်သော ရဟန်းတော်တစ်ပါးထံမှ သူခိုးတို့က ခိုးယူသောအခါ ထိုရဟန်းက ဓားပြတိုက်သည်မျှလောက် မဆိုးသေးဟု စိတ်ဖြေတော်မူလေသည်။ တစ်နေ့တွင် ဓားပြလာ၍တိုက်ပြန်သောအခါ ထိုရဟန်းက ဓားပြများသည် ငါ့ကို နှာကျင်ရုံသာ ရိုက်နှက်ကြသေးသည်၊ အသက်ကို မသတ်ခဲ့သဖြင့် တော်ပေသေးသည်ဟု စိတ်ဖြေတော်မူလေသည်။ တစ်နေ့တွင် လူဆိုးတစ်ဦးက ရဟန်းအား သတ်မည်ဟု ဓားမိုးခြိမ်းခြောက်လေရာ သင်သည် ငါ့အား သံသရာ၏များလှစွာသော ဘဝတစ်ခုကို စောစွာအဆုံးသတ်၍ ပေးပေသည်ဟု စိတ်ကိုဖြေတော်မူလေသည်။ ဤသို့လျှင် အကောင်းဘက်မှ ရှုမြင်တတ်သောသူသည် အကောင်းကိုပင် ရှာဖွေရရှိနိုင်သည်သာ ဖြစ်ပေသည်။

အချို့သော သူတို့သည် အဆိုးကိုသာ မြင်လွယ်တတ်၍ ဘဝတွင် ဆိုးသောအရာများကိုသာ ရွေးထုတ်၍ ညည်းတွားအလိုမကျ ဖြစ်နေတတ်ပေသည်။ လောကတွင် တွေ့မြင်သမျှ ဘာမျှစိတ်တိုင်းမကျဘဲလည်း



ရှိတတ်ပေသည်။ တစ်ခါတစ်ရံတွင် ဒေါသဖြစ်နေသောသူသည် ကြုံတွေ့ရသမျှကို မကျေနပ်ဘဲ ရှိနေတတ်ပေသေးသည်။ စင်စစ်အားဖြင့် လောကတွင် မည်သည့်အခါမျှ အားရကျေနပ်ရန် မလွယ်ကူပေ။ မည်မျှကောင်းသော အရာ ဖြစ်စေကာမူ မကျေနပ်စရာ ရှာဖွေ၍ရပေသည်။ အကောင်းတိုင်းတွင် အဆိုးရှိတတ်ပေသည်။ ထို့ကြောင့် ဘဝတွင် အဆိုးဘက်မှ ခံစားကြည့်ရှုရန် မသင့်ပေ။

ဤသို့ဆိုရာတွင် မိမိ၏အမှား၊ အပြစ်၊ မကောင်းကျိုးများကို စိစစ်ဝေဖန်ခြင်း၊ သင်ခန်းစာယူခြင်း၊ မပြုရဟု မဆိုလိုပေ။ ထိုသို့သော ဝေဖန်စိစစ်ရန် အကျိုးကိုရှုသည်မှာ တခြားဖြစ်၍ အရာရာတွင် မကျေမနပ်ဖြစ်ခြင်း၊ စိတ်ပျက်ခြင်းမှာ တခြားဖြစ်လေသည်။

သန်းခေါင်လွန်လျှင် နံနက်အလင်းသို့ပြန်၍ ရောက်ရလေသည်။ တောင်ထိပ်လွန်လျှင် တောင်အဆင်းကို တွေ့ရပေမည်။ ဤသဘောတရားအတိုင်းပင် ဆင်းရဲဒုက္ခတို့၏အဆုံးတွင် သုခရောက်ရှိလာပေမည်။ သုခအဆုံးတွင်လည်း ဒုက္ခရှိပေသည်။ **“ပျော်ရွှင်အားရ၊ နေကြရသော နောက်ဆုံးရှိချေ၏”** ဟူသော စကားအတိုင်းပင်၊ တစ်ခု၏အဆုံးတွင် အခြားတစ်ခု၏ အစကို ဆိုက်ရောက်ကြရတတ်ပေသည်။ ထို့ကြောင့် မိမိဘဝတွင် အဆိုးကို ကြုံတွေ့ရလျှင်လည်း စိတ်ပျက်အားငယ်ရန်မလိုပေ။ အကောင်းကိုချည်း တွေ့ကြုံနေရလျှင်လည်း၊ မာန်မာနတက်ကြွရန် မလိုပေ။ အဆိုးထဲ၌ရှိစဉ် အကောင်းအတွက် အားတက် မျှော်လင့်နေရမည်ဖြစ်ပြီး အကောင်းထဲ၌ရှိစဉ်၊ အဆိုးကို ခံနိုင်ရန်လည်း အသင့်ပြင်ပြီးရှိရပေမည်။

## အကောင်းနှင့်အဆိုး

အချို့သောသူများသည် လောကဓံ၏ အကောင်းဘက်တွင် ရှိစဉ်အခါက မာန်မာန တက်ကြွ ထောင်လွှားတတ်ကြပေသည်။ ထိုသူတို့သည် လောကဓံ၏ ပြောင်းလဲခြင်းခံရသောအခါ ယခင်က ထောင်လွှားသောကား

www.burmeseclassic.com



မှုများ၏ဒဏ်ကို ခံရတတ်ပေသည်။ ဆိုးဝါးသော အခြေအနေတွင် မလုပ်တတ်မကိုင်တတ်ဖြစ်ခြင်း၊ မိမိတို့က ဖိနှိပ်ခဲ့သူများ၏ လျစ်လျူရှုမှု၊ ဒဏ်ခတ်မှုတို့ကို ခံရခြင်း၊ အခြေအနေဆိုးကို ခံစားရမှုပြင်းထန်ခြင်း စသော အဖြစ်ဆိုးများကို ကြုံရတတ်လေသည်။ လောကဓံ၏ အဆိုးဘက်မှ အကောင်းဘက်သို့ တိုးတက်ပြောင်းလဲသည့်မှာ ထိခိုက်စရာမရှိသော်လည်း၊ လောကဓံ၏ အကောင်းဘက်မှ အဆိုးဘက်သို့ ပြောင်းလဲသွားသောအခါ အကယ်၍ အဆိုးဒဏ်အတွက် ကြိုတင်မသိရှိခဲ့လျှင်ဖြစ်စေ၊ အကောင်းဘက်တွင်ရှိစဉ်က ပိုမိုဝင့်ကြွားထောင်လွှားခဲ့မိသည်ဖြစ်စေ ဒုက္ခများရလေတော့သည်။

ကျွန်ုပ်တို့သည် လောကဓံ၏ အကောင်းအဆိုးနှစ်ဖက်တွင် အလဲအလှယ်ရပ်တည်ကြရမည် ဖြစ်သဖြင့် မည်သည့်ဘက်တွင်ရှိသည်ဖြစ်စေ သတိရှိရပေမည်။ အကောင်းအတွက် အောက်ခြေလွတ်ခြင်း၊ ဘဝမေ့ခြင်း၊ ထောင်လွှားခြင်း မရှိသင့်သကဲ့သို့ အဆိုးအတွက်လည်း ပြင်ဆင်ပြီး၊ ကြိုတင်သတိရှိပြီး ဖြစ်ရပေမည်။ မည်သည့်ဘက်တွင်ရှိသည်ဖြစ်စေ စိတ်ကို အကြီးအကျယ် တုန်လှုပ်စေခြင်းမရှိဘဲ တတ်နိုင်သမျှတည်ငြိမ်အောင် ကြိုးစားရပေမည်။ လူတို့မည်သည် သာယာလျှင် ဝမ်းသာ၍၊ မသာယာလျှင် စိတ်ညစ်တတ်မြဲဖြစ်လေသည်။ သို့ရာတွင် စိတ်ညစ်ရုံနှင့် ပြီးသည် မဟုတ်ပေရာ မသာယာသည်ကို သာယာအောင် ပြုပြင်ကြိုးစားရန်သာ ရှိပေသည်။

လောကဓံဆိုသည်မှာ ဖြစ်ချင်ရာဖြစ်သည်ဟုဆိုကာ၊ ဖြစ်လာသမျှကို မလှုပ်မယှက် လက်ခံနေရမည်ကား မဟုတ်ပေ။ ကျွန်ုပ်တို့ ကြိုးစားအားထုတ်မှုများကို အများဆုံးမှီတွယ်၍ အကောင်း အဆိုးများဖြစ်လာသည်သာ များ၍ လောကဓံကို ကျွန်ုပ်တို့က ရာခိုင်နှုန်းများစွာ ဖန်တီးနိုင်သော အခြေအနေတွင်လည်း ရှိပေသည်။ ကျွန်ုပ်တို့က ကြီးပွားချမ်းသာအောင် ကြံစည်ကြိုးစားလုပ်ကိုင်လျက် ပျက်ပြားမှု အတန်ငယ်ရှိမည်ဖြစ်စေကာမူ ကြီးပွားချမ်းသာရပေမည်။ မိမိတွင် လုံ့လမရှိဘဲ ပျင်းရိဖင့်နွဲ့ကာ မကောင်း



မှုများကိုသာ ပြုလုပ်ကျူးလွန်နေမည်ဆိုလျှင် ဘေးဒုက္ခကိုတွေ့ရပေမည်။ ဘယ်သူမပြု မိမိမှုပင် ဖြစ်ပေလိမ့်မည်။ လောကဓံကြောင့် ကျွန်ုပ်တို့ဖြစ်ချင်သလောက် အခိုင်အမာ အတိအကျ မဖြစ်နိုင်ခြင်းပင် ရှိပေလိမ့်မည်။ လက်ငင်းအကျိုးပေးနိုင်သော အရာတိုင်းတွင် တိကျသော အကျိုးပေးများကား ရှိပေမည်။

မီးကိုကိုင်လျှင် ပူပေမည်၊ ရေခဲကိုကိုင်လျှင် အေးမည်။ လောကဓံသည် ဤသို့သော ကိစ္စ၌ အဟန့်အတား မဖြစ်ပေ။

စင်စစ်အားဖြင့် လောကဓံဟူသော သဘောတရားရှိသည်ဟူ၍သာ ထောက်ပြခြင်းဖြစ်ပေသည်။ အကောင်းချည်းသော်လည်းကောင်း၊ အဆိုးချည်းသော်လည်းကောင်း အမြဲတစေမတည်ရှိနိုင်ခြင်းကိုသာ ဖော်ပြပေသည်။

ကျွန်ုပ်တို့လုပ်သမျှကို လောကဓံက ဓားမိုးခြိမ်းခြောက်ဟန့်တားနေသည် မဟုတ်ချေ။ ဖြစ်စေချင်သလို မဖြစ်တတ်သော သဘောကိုသာ လောကဓံဟု ခေါ်ဆိုနေခြင်းဖြစ်ပေသည်။ သူသည် တရားခံမဟုတ်ပေ။ ကျွန်ုပ်တို့ကို အဆိုးမှအကောင်း အကောင်းမှအဆိုးသို့ အတင်းအကြပ် ပြောင်းလဲပေးနေသော တန်ခိုးရှင်မဟုတ်ပေ။ အမြဲကောင်းနေအောင် ကြိုးစားရမည်မှာ ကျွန်ုပ်တို့တာဝန်သာ ဖြစ်လေသည်။ ကြံစည်သမျှဖြစ်မြောက်၍ သာယာနေလျှင် ကျွန်ုပ်တို့ရည်ရွယ်ချက် ပြည့်မြောက်ပေမည်။ ကြံစည်သမျှ အားလုံးဖြစ်ရမည်၊ ထိန်းမတ်ပေးသလို အမြဲခိုင်တည်နေရမည်ဟူ၍ အာမခံနိုင်ခြင်းသာ ရှိပေမည်။ ထိုသို့ ကြံစည်ကြိုးစားသလို မဖြစ်သောအခါ လောကဓံသဘောတရားကို ပြေး၍သတိရမိကြမည် ဖြစ်ပေသည်။ ထိုသို့သော သဘောတရား ရှိနေပေသေးသည်တကား ဟူ၍ ဖြေသိမ့်ရန်သာ ဖြစ်ပေသည်။

လောကဓံတရားကို ကျွန်ုပ်တို့ ကြောက်ရွံ့ရန်မလိုပေ။ သတိရနေခြင်း သတိရှိနေခြင်းကြောင့် ဘေးဆီးရန်ကာပြုနိုင်ပေမည်။ ကျွန်ုပ်တို့က ဤတရားကို တွေး၍ စိတ်ပျက်နေရန်မဟုတ်ပေ။ ပို၍ နိုင်နင်းကျော်လွှားနိုင်အောင် ကြိုးစားကြရန်သာရှိပေသည်။ ဤတရားကြောင့် ဆိုင်းတွနေကာတွန့်နေရန် မလိုပေ။



www.burmeseclassic.com

www.burmeseclassic.com



အဆိုးဖြစ်လာလျှင် ခံနိုင်ရည်ရှိ၍ မျှော်လင့်ချက်မပျောက်ရန်အတွက် နှလုံးသွင်းရမည့် သဘောတရားသာ ဖြစ်လေသည်။

## ခံနိုင်ရည်

ခံနိုင်ရည်ရှိရန်အရေးမှာ လွယ်ကူသည်မဟုတ်ပေ။ ခံနိုင်ရည်အတွက် သဘာဝကိုနားလည်သော အသိစိတ်လိုလေသည်။ မြတ်စွာဘုရားလက်ထက်က ပဋာစာရီသည် သောကပရိဒေဝမီးတောက်လောင်၍ ဖြေဆည်ရာမရ ဖြစ်ခဲ့ပေသည်။ သို့ရာတွင် ထိုဒုက္ခကို ကုစားရန် လူမသေဘူးသော မျိုးနွယ်အိမ်ရာမှမြေကို ရယူရန်ရှာဖွေသောအခါ ဘိုးဘွား ဘီဘင်အဆက်ဆက်က သေခဲ့ကြဖူးသူများချည်းသာဖြစ်ကြောင်း စဉ်းစားသိမြင်လာလေသည်။ ထိုအခါမှ သေခြင်း ကွဲခြင်းတရားတို့သည် မိမိတစ်ဦး၌သာ ကျရောက်သော ဘေးဒဏ်မဟုတ်ဘဲ မရှောင်တိမ်းနိုင်သော ဖြစ်နေကျ သဘောတရားတစ်ခုပေကားဟု သိမြင်သဘောပေါက်လာသောအခါ မိမိဒုက္ခများကို ပေါ့ပါးစွာ ခံနိုင်ရည်ရှိ၍ အကျွတ်တရားရလေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဖြစ်လိုရာမဖြစ်ဘဲ မဖြစ်လိုရာဖြစ်သောအခါတွင်လည်းကောင်း၊ အကြောင်းအားလျော်စွာ အဆိုးများကို ခံစားရသည့်အခါတွင်လည်းကောင်း၊ လောကဓံကို နှလုံးသွင်း၍ ကြံ့တ်မိုတ်မြဲသိပ် ခံယူနိုင်စွမ်းရပေမည်။

ကျွန်ုပ်တို့သည် အဆိုးတစ်ခုကို ခံစားရလျှင် ကျွန်ုပ်တို့လောက် ကံဆိုးသူ ဤလောကတွင် မရှိသလောက် စိတ်ထိခိုက်မိတတ်ကြပေသည်။ ဤလောကတွင် ရေဘေး၊ မီးဘေး၊ လေဘေး၊ ရောဂါဘေး၊ စစ်ဘေး၊ သောင်းကျန်းမှုဘေး၊ ထိခိုက်မှုအန္တရာယ်ဘေးစသော ဘေးရန်များလွန်စွာများပြားပေသည်။ မည်သည့်အခါတွင်ဖြစ်လာမည် မည်သည့်အခါတွင် ပြေငြိမ်းသွားမည်ဟူ၍ အသေအချာမပြောနိုင်ပေ။ အမျိုးမျိုးသော အပျက်တရားကြီးများနှင့် အပျက်တရားကလေးများမှာ တစ်လောကလုံး၌ ဖြစ်ပေါ်နေလေသည်။ ကျွန်ုပ်တို့၏ ရပ်ကလာပ်ရှိ မြူမှုန်ကလေးများသည်ပင်



ာရာမှ ပျက်နေကြပေသည်။ ဤမျှလောက်ပေါများသော အပျက်တရား ့သည် မည်သည့်အချိန်အခါတွင်မဆို ဖြစ်ပျက်ပေါ်ပေါက်၍လာနိုင်ပေ ည်။ ထိုဘေးအန္တရာယ်တို့ကို ကျွန်ုပ်တို့၏ စွမ်းအင်များသည် အားလုံး ားဆီးနိုင်စွမ်းသည် မဟုတ်ပေ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ကြိုးစားဆောင် က်ချက်များတွင် အဖြစ်ချည်းသာမဟုတ်ဘဲ အပျက်များလည်း ရှိရခြင်းဖြစ် လသည်။

များစွာသော လူတို့သည် လောကတွင် ဖြစ်စဉ်ပျက်ရိုး သဘောတရား ို သိပါလျက်နှင့် သတိမမူ တုံ့ပြန်မှုမပြုကြဘဲ ရှိကြလေသည်။ တစ်သက် ာ မမြဲသော စည်းစိမ်တွင် ယစ်မူး၍ အလွဲအမှားတို့ကို ကြူးလွန်မိတတ် ကြလေသည်။ မိမိအရှိန်အဝါနှင့် အားနည်းသူတို့အား စော်ကားနှိပ်နယ် တ်ကြလေသည်။ ဖြစ်ပျက်မှုသဘောကို ဝင်စားမိသောအခါ ထိုသို့ င်တတ်ခိုက်တွင် မောဟလွှမ်းမိုးမှုကြောင့် မိုက်မှားရခြင်းများကို ပယ်ရှား င်ပေသည်။ ထိုမျှသာမက အဆိုးဘက်သို့ကျရောက်ရမည့်အရေးအတွက် ကြိုတင်ကာကွယ် စီမံမှုများ ပြုလုပ်နိုင်ကြလေသည်။

ချမ်းသာကြွယ်ဝသူသည် အဘယ်ကြောင့် မီးအာမခံထားသနည်း။ ျန်းမာ၍ အလုပ်လုပ်ကိုင်လျက်ရှိသူသည် အဘယ့်ကြောင့် အသက်အာမခံ ားရသနည်း။ အဘယ့်ကြောင့် စုဆောင်းထားရသနည်း။ ဤအချက်များကို ဉ်းစားလျက်အကောင်းဘက်တွင်ရှိနေစေကာမူ အဆိုးကြုံတတ်သည်ကို ကြိုတင်ဆင်ခြင်၍ ထိုအဆိုးရောက်ချိန်ကာလ၌ ခုသာခံသာရှိအောင် ကြိုတင်ပြင်ဆင်မှုပင်ဖြစ်ကြောင်း သိသာပေသည်။ ဤကား လောကဓံကို ခံတိုက်ခိုက်သည့် ကြိုတင်ပြင်ဆင်နည်းပင်ဖြစ်လေသည်။

လူ၏ဘဝသက်တမ်းကို ပိုင်းခြားလျှင် တက်ပိုင်းနှင့်ကျပိုင်းဟူ၍ စ်ပိုင်းရှိသည်ကို သတိပြုနိုင်ပေသည်။ ပျိုရွယ် လူလားမြောက်သည်မှ အသက် ၄၀ ကာလအထိ ကာယအား တိုးတက်နေပေလိမ့်မည်။ ဉာဏ အား သည်ကား ထိုမှဆက်၍ အသက် ၆၀ အထိတိုးတက်နေပေလိမ့်မည်။ ချို့နိုင်ငံများတွင် အသက် ၆၀ မှ ၈၀ အတွင်း ကောင်းစွာလုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်နိုင်သော ကမ္ဘာကျော် ပုဂ္ဂိုလ်များပင်ရှိပေသည်။ လူတစ်ဦး၏ ကျန်းမာရေးနှင့် ကိုယ်ခံစွမ်းအားကို အမှီပြု၍ ကာယ ဉာဏ အားတက်ချိန်နှင့် ကျချိန်ဟူ၍ ၂ ပိုင်းရှိမြဲဖြစ်၍ ပျမ်းမျှခြင်းအားဖြင့် အသက် ၄၀ နှင့် ၅၀ အကြားကို ပြောင်းလဲချိန်ကာလဟူ၍ ယူဆနိုင်ပေသည်။ သို့ဖြစ်ရာ တက်ချိန်တွင် ကြိုးစားအားထုတ်နိုင်သလောက် ကျချိန်တွင် ကြိုးစားအားထုတ်နိုင်မည်ကား မဟုတ်ပေ။

ထိုသို့ကာယ ဉာဏအားဆုတ်ယုတ် လာသည့်အခါတွင် ကုန်ထုတ်လုပ်အားနှင့် ဘောဂထုတ်လုပ်အားသည်လည်း လျော့ကျရမည်ပင် ဖြစ်လေသည်။ ထိုမှုမက သားသမီးများအတွက်လည်းကောင်း၊ မိမိကျန်းမာရေးအတွက်လည်းကောင်း၊ ပိုမိုကုန်ကျရန် ကိစ္စများလည်း ရှိလာပေလိမ့်မည်။ ထိုသဘာဝ ဖြစ်စဉ်ကို ရှုဆင်ခြင်လျှင်ပင် လူသည် တစ်ချိန်တွင် ဘောဂအင်အားကို ဖြည့်စီးနိုင်သလောက် တစ်ချိန်တွင် လျော့ကျရမည့် လောကသဘောကို အတိုင်းသား မြင်နိုင်ပေသည်။ ဤအမြင်မျိုးကို တက်နေဆဲကာလတွင် မမြင်တတ်ပေ။ *“ငါဘယ်လောက်လုပ်နိုင်တာပဲ”* ဟူသော တက်ကြွစိတ်က၊ နောင်ကိုလည်း ထိုထက်ပင်ပို၍ လုပ်ကိုင်နိုင်ဦးမည်ဟူ၍ပင် မြင်နေစေပေလိမ့်မည်။ ထိုသူ၏စိတ်တွင် အပျက်အလျော့ကို မမြင်တတ်ပေ။ သူမြင်သည်မှာ တက်ကြွနေခြင်းများသာ ဖြစ်ပေမည်။

## နောင်းမှနောင်တ

မည်သို့ပင်ဖြစ်စေ အသက်အရွယ်အလျောက် ထုတ်လုပ်အားလျော့ပါးလာသောအခါမှ စိတ်သန်သလောက် ကိုယ်မပါတော့သည်ကို တွေ့သိမြင်လာရတတ်ပေသည်။ ထိုအခါမှ မာန်တင်းနိုင်သလောက် ခါးမသန်တော့သည်ကို ခံစားလာမိတတ်ပေသည်။ ထိုအခါမှ သခါရကို လက်တွေ့ယုံကြည်မိပေသည်။ မိမိငယ်ရွယ်နုပျိုစဉ်က သန်သလို မဟုတ်တော့ဘဲ ကာယ ဉာဏအားတို့ ဆုတ်ယုတ်လာသည်ကို စဉ်းစား၍ ထင်မြင်



သည်ထက်ပို၍ တွေ့ထိလာရပေသည်။ ဤအခါတွင်မှ နောင်ရေးကို သတိရမည်ဆိုလျှင် နောက်ကျနေပေလိမ့်မည်။

ထို့ကြောင့် သန်တုန်း၊ မြန်တုန်း၊ ရှာဖွေကြိုးစားနိုင်တုန်း၊ (ဝါ) အကောင်းဘက်တွင် ရှိနေခိုက်တွင် မစွမ်းမသန်တော့သည့် ဇရာကာလအတွက် (ဝါ) နောင်ရေးအဆိုးပိုင်းအတွက် ကြိုတင်စီမံထားခြင်း၊ တွက်ချက်ခြင်း စုဆောင်းခြင်း၊ ပြင်ဆင်ခြင်းပြုရပေလိမ့်မည်။

လောကဓံတိုက်ပွဲကို အသွင်ပေါ်အောင် ဖြန့်ခင်း၍မြင်လျှင်-

၁။ အတက်နှင့်အကျဟူသည် ရှိမြဲဖြစ်သည်ဟု နားလည်ရမည်။

၂။ အတက်ကာလတွင် မာန်မတက်ဘဲ အကျကာလအတွက် ကြိုတင်ပြင်ဆင်ရမည်။

၃။ အကျကာလတွင် စိတ်ပျက်အားလျော့ခြင်းမရှိဘဲ အတက်လမ်းကို ကြိုးစားရှာဖွေရမည်။

၄။ အတက်အကျတွင် လှုပ်ရှားခြင်းမရှိဘဲ မိမိတာဝန်ကို မပျက်တမ်း လုပ်ကိုင်ရမည်။

၅။ အတက်အကျ ကာလအားလုံးတွင် ဘဝနှင့် ထိုက်တန်အောင် ဖြေသိမ့်နိုင်ခြင်းရှိရမည်။

ဟူ၍ပင် ကောက်ချက်ချရပေမည်။ ဤအတိုင်း ဆောင်ရွက်သွားနိုင်မည်ဆိုလျှင် လောကဓံတိုက်ပွဲတွင် မုချအောင်ထူနိုင်မည်သာ ဖြစ်ပေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အကုသိုလ်တိုက်ပွဲ

လူသည် မကောင်းမှုနှင့် ကင်းသူများမဟုတ်ပေ။ မကင်းရုံသာမက မကောင်းမှုကို ခင်တွယ်တတ်ပေသည်။ မကောင်းမှုတွင်မှ အထူးပျော်မွေ့တတ်သူများပင် ရှိလေသည်။ ထိုသို့ စွဲမက်ရအောင်လည်း မကောင်းမှုများတွင်၊ သာယာပျော်မွေ့ဖွယ်အာရုံများဖြင့် ဖုံးလွှမ်းထားလေ့ရှိလေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မကောင်းမှုဒုစရိုက်မှလွတ်အောင် ရှောင်ကြဉ်ရပေမည်။ တစ်နည်းဆိုရသော် အကုသိုလ်များကို တိုက်ထုတ်ရပေမည်။

မကောင်းမှုဟူသမျှကို ဘာသာတရားတိုင်းကပင် ရှုတ်ချတားမြစ်လေ့ရှိကြပေသည်။ မကောင်းမှု အကုသိုလ်ကို သတ်မှတ်ရာ၌လည်းကောင်း၊ မကောင်းမှုအမျိုးအစားခွဲရာ၌လည်းကောင်း၊ ဘာသာတစ်ခုနှင့်တစ်ခု ကွဲလွဲကောင်း ကွဲလွဲပေလိမ့်မည်။ သို့ရာတွင် လူသားအချင်းချင်း ဆက်ဆံမှုတွင်လည်းကောင်း၊ လူသားတစ်ဦး၏ စာရိတ္တနှင့် စိတ်သွင်ပြင်၌လည်းကောင်း၊ ထိခိုက်ညစ်ညမ်းစေတတ်သောအမှုမျိုးကိုပင် အကုသိုလ်အဖြစ်သတ်မှတ်၍၊ ထိုအကုသိုလ်မျိုးကို မကျူးလွန်ရန်တားမြစ်ကြပေသည်။ ကျွန်ုပ်တို့သည် မည်သည့်ဘာသာကို ကိုးကွယ်သည်ဖြစ်စေ၊ အကုသိုလ်မှုမျိုးကိုကား ဖယ်ရှားရပေမည်။ ထိုသို့မဟုတ်ပါက ကျွန်ုပ်တို့ဘဝတွင် မည်သည့်တိုက်ပွဲကို အောင်မြင်သည်ဖြစ်စေ၊ အောင်မြင်ရာရောက်မည် မဟုတ်ပေ။



ကျွန်ုပ်တို့သည် လူ့လောကတွင် နေထိုင်ကြရာ၌၊ အသက်သတ်ခြင်း၊ ခိုးယူလည်ခြင်း၊ နိုးဝှက်ခြင်း စသောအကုသိုလ်များနှင့် ကင်းအောင် နေထိုင်ကြရန်မလွယ်ကူပေ။ အသက်မွေးဝမ်းကြောင်းအတွက် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး၊ ပုဇွန်တို့ကို သတ်ဖြတ်ကြရသူများ ရှိပေမည်။ သို့ရာတွင် ထိုသို့လုပ်ကိုင်ကြရသူ အရေအတွက်မှာ များပြားလှသည် မဟုတ်ပေ။ ရာခိုင်နှုန်းအားဖြင့် လူအားလုံး၏ ရာခိုင်နှုန်းအနည်းအပါးမျှသာ ရှိပေမည်။ သူတို့၏ စားသောက်မှုအတွက် မလုပ်မဖြစ်သောကြောင့် လုပ်ရသည်ဖြစ်ရာ ဗုဒ္ဓဘာသာလောကုတ္တရာ ဘာသာရေးတွင် ပိတ်ပင်တားဆီးထားသော်လည်း၊ လူမှုကိစ္စတွင်ကား ကျပ်တည်းစွာ လိုက်နာနိုင်မည် မဟုတ်ပေ။ ဘာသာရေးသည် ဘာသာရေးသာဖြစ်၍ လောကီရေးတွင် လောကီရေးအနေဖြင့်သာ သုံးသပ်ရလိမ့်မည် ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ အသက်သတ်ခြင်းကို မရှောင်ဖယ်နိုင်သောကြောင့်လည်းကောင်း၊ သို့တည်းမဟုတ် သတ်ဖြတ်သောသားငါးတို့ကို စားသောက်ခြင်းဖြင့် သွယ်ဝိုက်အားပေးသူများဖြစ်နေသောကြောင့်လည်းကောင်း၊ အသက်သတ်မှုကို လုပ်ချင်သမျှ လုပ်နိုင်သည်ဟူ၍ အလွတ်ပေးထားသင့်မည်ကားမဟုတ်ပေ။ မလွဲသာမရှောင်သာသောနေရာ၌ သတ်ဖြတ်ရစေကာမူ ရှောင်သင့်ရှောင်နိုင်သော ကိစ္စ၌ သတ်ဖြတ်ခြင်းကို ရှောင်ရပေလိမ့်မည်။ ထိုသို့ရှောင်ခြင်းသည်ပင် လုံးဝမရှောင်ခြင်းထက် ပို၍ကောင်းသည်ကို ငြင်းစရာမလိုပေ။ မှက်၊ ခြင်၊ ကြမ်းပိုးများကို မသတ်မဖြစ်၍ သတ်ရသည်နှင့်ပင် လူသူ၊ ကျွဲ၊ နွားများကို သတ်ဖြတ်ရန်လည်း လက်ရဲသင့်မည် မဟုတ်ပေ။ ဗုဒ္ဓဘာသာအရ သတ်ဖြတ်ခြင်းသည် တစ်သဘောတည်းဖြစ်စေကာမူ လူမှုရေးအရာ၌ ပုရွက်ဆိတ်ကို သတ်ခြင်းနှင့် ဆင်ကိုသတ်ခြင်းသည် အကျိုးအပြစ် တူညီမည် မဟုတ်ပေ။ လူကိုသတ်လျှင် ရာဇဝတ်ပြစ်မှုသင့်ရောက်ပေလိမ့်မည်။ ထို့ကြောင့် လုံးဝမသတ်ဖြတ်ဘဲနေခြင်းသည် ကောင်းသော်လည်း လိုက်နာရန်မတတ်နိုင်ခဲ့လျှင်၊ သတ်ဖြတ်မှုကို အနည်းဆုံး ဝန်အပေါ့ဆုံးပြုလုပ်နိုင်အောင် စောင့်စည်းထိန်းကြပ်ရပေမည်။ ကောင်းပင်

www.burmeseclassic.com



ကောင်းသော်လည်း လက်တွေ့လိုက်နာခြင်း မရှိသည်ကို လူမှုလောကတွင် အတင်းအကြပ် ပြုလုပ်နိုင်မည် မဟုတ်ပေ။

ထိုစကားသည်မှန်၏။ ဘာသာတရားတိုင်းသည် အတင်းအကြပ် ပြုချက်များမဟုတ်ပေ။ အတတ်နိုင်ဆုံးစောင့်စည်းရန် ညွှန်ပြသွန်သင်၍ အကောင်းဆုံးအခြေအနေထိ လမ်းညွှန်ထားကြသည့် အဆုံးအမများသာ ဖြစ်ပေသည်။ လူမှုလောကတွင် အတတ်နိုင်ဆုံးသောအဆင့်သည် ဘာသာရေးတွင် အကောင်းဆုံးဖြစ်သော အဆင့်နှင့်ထပ်တူကျနိုင်မည် မဟုတ်ပေ။ ကျွန်ုပ်တို့အလိုသော်ကား ဘာသာရေး၏အကောင်းဆုံးအဆင့်သို့ရောက်အောင် အကုသိုလ်ကို ပယ်ရှားနိုင်စွမ်း မရှိရုံမျှဖြင့်၊ ထိုအဆုံးအမများကို ပယ်ရန်မဟုတ်ဘဲ၊ တတ်နိုင်သည့်အဆင့်ထိ လိုက်နာ စောင့်စည်းကြစေရန်ပင် ဖြစ်ပေသည်။

ခိုးမှုဟူသော အကုသိုလ်မှုတွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်လေသည်။ ခိုးမှုဆိုသည်မှာ မီးခြစ်တစ်လုံးခိုးမှုသည် ပြည်သူပိုင်ငွေကြေး သိန်းသန်းကုဋေ ခိုးမှုအထိ ခိုးခြင်းတစ်မျိုးတည်းပင်ဖြစ်ပေသည်။ အလေးခိုးခြင်း၊ ပစ္စည်းအညံ့ရောခြင်း၊ ချေးငှားရာ၍ပြန်မပေးခြင်း စသည်တို့သည်လည်း ခိုးခြင်းပင်ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ ပထယ်ကြီးမားသော ပစ္စည်းဥစ္စာများ တန်ဖိုးကြီးမားသော ပစ္စည်းများကို ခိုးဝှက်ရန် အခွင့်အရေးနည်းပါး၍ ကျူးလွန်ဝံ့သော ဝံ့စားမှုမျိုးလည်း လူတိုင်းတွင် ရှိနိုင်မည် မဟုတ်ပေ။ သို့ရာတွင် အနည်းအပါးသော ခိုးမှု၊ ကဲ့ဝှက်မှု၊ ခိုးမှုသဘောသက်ရောက်သော လိမ်လည်မှုမျိုးကို ကျူးလွန်ကြသူများကား များပြားပေလိမ့်မည်။ အကုသိုလ်ကို တိုက်ထုတ်လိုသော သူသည်ကား ခိုးဝှက်မှုကို မည်သည့်နည်းဖြင့်မဆို မကျူးလွန်မိအောင် သတိပြုရပေမည်။ ထိုသို့မတတ်နိုင်လျှင် သူတစ်ပါးထိခိုက်နစ်နာမည့်ကိစ္စ၊ အများပြည်သူကို စော်ကားကျေးဇူးမဲ့ရာရောက်သော ခိုးဝှက်မှုကြီးများကို မရစ်သီမိအောင် အထူးသတိပြုရပေလိမ့်မည်။



အကုသိုလ်နှင့်ပတ်သက်၍ အတတ်နိုင်ဆုံးရှောင်ခြင်းနှင့် အနည်းဆုံးရှောင်ခြင်းဟူ၍ ကွဲပြားပေလိမ့်မည်။ ကျွန်ုပ်တို့သည် အတတ်နိုင်ဆုံးရှောင်နိုင်စေကာမူ၊ အနည်းဆုံးရှောင်ကြဉ်သင့်သော အတိုင်းအတာထိကား ရှောင်ရှားရပေလိမ့်မည်။ ထိုအနည်းဆုံးသောဘောင်သည် ရာဇဝတ်ဥပဒေများ၌ ပြဋ္ဌာန်းထားသော စည်းဘောင်ထက်မနည်း ဖြစ်ရပေလိမ့်မည်။ ဥပဒေဖြင့် ပညတ်ထားသော အကုသိုလ်မှုများကို မရှောင်ခဲ့လျှင်ကား၊ လူမှုရေးကျင့်ဝတ် ပျက်ပြားရုံသာမက ဥပဒေ၏ပြစ်ဒဏ်ကိုလည်း ခံစားရပေလိမ့်မည်။ စင်စစ်ဥပဒေဆိုသည်မှာ လုံးဝမကျူးလွန်ဆိုက်သော ဒုစရိုက်အမျိုးအစားကို လူမှုရေးအမြင်ဖြင့် အနိမ့်ဆုံးသတ်မှတ်ပေးထားခြင်းပင် ဖြစ်ပေသည်။ အမြင့်ဆုံးသော စည်းဘောင်သည်ကား ဘာသာရေးစည်းဘောင်ပင် ဖြစ်ပေလိမ့်မည်။

## အရေးကြီးသောအဆင့်

ကျွန်ုပ်တို့ သတိထားရန်ရှိသည်မှာ ဤရွေ့ဤမျှလောက် ကျူးလွန်လျှင် အပြစ်မကြီးလေးတန်ရာဟူ၍ မိမိတို့စောင့်စည်းမှုကို စမ်း၍လျှော့ပေါ့ယဲချို့လာတတ်ခြင်းပင် ဖြစ်ပေသည်။ အရေးမကြီးသော အဆင့်တွင် အရေးမကြီးသော်လည်း၊ အရေးကြီးသောအဆင့်တွင် ကြီးလာပေလိမ့်မည်။ ထိုမှတစ်ပါး အရေးမကြီးသော အသေးအဖွဲကျူးလွန်မှုသည် အပြစ်ကြီးသော ကျူးလွန်မှုကြီးများ၏ အခြေခံလမ်းစဖြစ်သည်ကိုလည်း မမေ့သင့်ပေ။ အရက်သမား၊ ဘိန်းစားအခေါ်ခံရသူများသည် မူလက အနည်းငယ်မျှကို စမ်းသပ်ခဲ့ကြရာမှ တဖြည်းဖြည်းဖြတ်မရအောင် နစ်မွန်းသွားရခြင်းပင် ဖြစ်ပေသည်။ မည်သည့်အပိုင်းအခြားတွင် ရပ်ထားရမည်ဆိုသည်မှာ ဆုံးဖြတ်ရခဲသော အရာလည်းဖြစ်၍ အလေ့အထတစ်ခုကို ထိန်းကွပ်ရာ၌လည်း ခက်ခဲသောအရာဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်များ နွားများကို သတ်ရဲသောသူသည် လူကိုသတ်ရန်အတွက် အခက်အခဲမရှိတတ်ပေ။ ငွေတစ်ကျပ်ကို ခိုးဝံ့သူသည် ငွေတစ်ရာကို ခိုးရန် လည်း လက်ရွံ့တော့မည်မဟုတ်ပေ။ ဤသို့သော အတင့်ရဲတင်းမှု၊ အလေ နွယ်မှု၊ စရိုက်မျောပါမှုများအတွက် နိုင်နင်းစွာ ထိန်းကွပ်ရသည့်မှာ မလွယ် ပေ။ ထို့ကြောင့် အနည်းငယ်မျှဖြစ်သည်ဟူ၍ အကုသိုလ်တစ်ခုကို ခွင့်ပြု ထားရမည်မှာ အာမခံမရဲနိုင်စရာပင် ဖြစ်ပေသည်။ ထို့ကြောင့် လူသည် အကုသိုလ်ကို လုံးဝသဲလဲစင်အောင် မရှောင်ကွင်းနိုင်၊ အကုသိုလ်ကပ်လာ သည့်အခါ မသိမသာနှင့် လွန်ကျူးလာသည့်အထိလည်း ခွင့်မပြုရဲဘဲ အစွန်းနှစ်ဖက်ကြားတွင် ထိန်း၍ လျှောက်ကြရမြဲ ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် ဒုစရိုက်နှင့်မကင်းစေကာမူ ဒုစရိုက်မှုက လုံးဝမြိုဝါး မသွားရလေအောင် သတိရှိရပေမည်။ ဤသတိသည် လူ့လောကအတွက် အရေးကြီးပေသည်။ **"တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်"**ဟူ၍ သဘောထားနိုင်သောအရာမဟုတ်ပေ။ နှစ်တက်စားလျှင် ပို၍စပ်နံပြီး၊ သုံးတက်စားလျှင် မခံနိုင်အောင် စပ်နံပေလိမ့်မည်။ **"ဒူး လောက်တင်မှ ရင်လောက်ကျသည်"**ဟူသော စကားအတိုင်း အကုသိုလ် ကင်းရေးကို အသေးအဖွဲကအစ လေ့ကျင့်ရှောင်ရှားမှသာပင်၊ ထိုသို့ရှောင် ရှားနိုင်သော အလေ့အထ စွဲနိုင်လာပေလိမ့်မည်။ အကုသိုလ်နှင့် လုံးဝ မကင်းစေကာမူ တတ်နိုင်သမျှ ရှောင်ကြဉ်သောသူမှာ အကုသိုလ်နှင့်အတော် ပင် ဝေးကွာနိုင်သည့်ပြင် ဆိုးဝါးသော အကုသိုလ်မှုများကို ကျူးလွန်ရန် အလိုအလျောက် တွန့်ရွံ့နေတတ်သော ကိုယ်ခံကောင်းခြင်းနှင့် ပြည့်စုံပေ လိမ့်မည်။

ကျွန်ုပ်တို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများသည် အကုသိုလ် နှင့်ကင်းနိုင်လျှင် ပို၍ကောင်းပေမည်။ သမ္မာအာဇီဝဟူသော ကောင်းစွာ အသက်မွေးခြင်းသဘောတို့လည်း သက်ရောက်ပေမည်။ သို့ရာတွင် လူမှု လောက၌ လုပ်ကိုင်ရသော အလုပ်များတွင် အသက်သတ်ခြင်းအမှုနှင့် မကင်းသောလုပ်ငန်းများကို လုပ်ကိုင်ရသူလည်းရှိပေမည်။ အရက်သေစာ



ရောင်းချသော လုပ်ငန်းများနှင့် မကင်းသူများလည်း ရှိပေမည်။ ထိုသူများ ကို ကျွန်ုပ်တို့အပြစ်တင်ရန်မရှိပေ။ လူမှုလောကတွင် ထိုသို့လုပ်ကိုင်သူများ ရှိနေခြင်းကြောင့်လည်း အခြားသူများ အကျိုးခံစားကြရပေသည်။ ***"လူ အားလုံးဝန်ကြီးဖြစ်ကုန်ကြရင်၊ ဘယ်သူမစင်ကျုံးပါ့မလဲ"***ဟူသော ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ စကားကို သတိမူရန်ပင် ဖြစ်ပေသည်။ လူအားလုံးသည် သင့်ရာ၊ ကြုံရာ၊ အကြောင်းတိုက်ဆိုင်ရာလုပ်ငန်းများကို လုပ်ကြရပေလိမ့်မည်။ အကုသိုလ်မကင်းသော အလုပ်ကို လုပ်ချင်ပါသော် လည်း၊ တတ်မြောက်ရာ၊ အခြေအနေပေးရာကို မျက်စိမှိတ်၍ လုပ်ကိုင် နေကြရသည်များလည်း ရှိပေမည်။

မည်သို့ပင်ဖြစ်စေ တတ်နိုင်လျှင် အကုသိုလ်ကင်းသော အလုပ်ကို ရွေးချယ်နိုင်အောင် ကြိုးစားရပေမည်။ အကယ်၍ တစ်ဖက်တစ်ကွေ့တွင် အကုသိုလ်နှင့်မကင်းနိုင်ပါက အခြားတစ်ဖက်တွင် အကုသိုလ်နှင့်ကင်းအောင် ကြိုးစားရပေလိမ့်မည်။ အကုသိုလ်ဟုဆိုရာတွင် လူမှုရေးနှင့် ပတ်သက်၍ စားသောက်မှု အစာအာဟာရအတွက် အသက်သတ်ခြင်းကိုသာလျှင် မရှောင်မကွင်းသာသော အကုသိုလ်အဖြစ် ခွင့်လွှတ်ရခြင်းဖြစ်ပေသည်။ အကုသိုလ်နှင့် အသက်မွေးရခြင်းသည် မလွဲမရှောင်သာသော လူမှုကိစ္စ ဖြစ်၍သာ လက်ခံခြင်းဖြစ်ပေမည်။ ထိုကိစ္စမှလွဲ၍ကား အကုသိုလ်ကို လက်ခံခြင်းမပြုသင့်ပေ။

## မလိုအပ်သောအကုသိုလ်

အသက်မွေးဝမ်းကျောင်း လုပ်ငန်းများစွာတွင် အသက်သတ်မှုမဟုတ် စေကာမူ လာဘ်စားမှု၊ အလေးခိုးမှု၊ လိမ်လည်မှု၊ ရောနှောမှု၊ မတရား အမြတ်စားမှု၊ ခေါင်းပုံဖြတ်မှု၊ အဂတိလိုက်စားမှု၊ အလွဲသုံးစားမှု၊ ခိုးဝှက် မှုစသည့် အကုသိုလ်နှင့် မကင်းသူများသာ ရှိတတ်ပေသည်။ အကုသိုလ် များသည် မကျူးလွန်မဖြစ်၍ ကျူးလွန်ရခြင်းမျိုးမဟုတ်ပေ။ အကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



မှုကြောင့် ပို၍ အကျိုးအမြတ်ရှိသည်ကား မှန်ပေလိမ့်မည်။ သို့ရာတွင် ထိုသို့မကျူးလွန်ပါက ငတ်၍သေနိုင်လောက်စရာ ရှိလိမ့်မည်ဟုမဆိုသာပေ။ လူ့လောက၌ ထိုအကုသိုလ်မျိုးရှိနေရန် လိုအပ်သည်လည်း မဟုတ်ပေ။ ထိုပြစ်မှုမျိုးမရှိလျှင် လူအများပင်လျှင် ပို၍ စိတ်ချမ်းသာပေလိမ့်မည်။ ထို့ကြောင့် ဝိသမလောဘကြောင့် ဖြစ်သောလွန်ကဲမှု၊ ရာဇဝတ်ပြစ်မှု ကျူးလွန်မှုမျိုးကိုမူကား လိုအပ်ချက်ဟူ၍ အကြောင်းမပြသင့်ပေ။ ထို အကုသိုလ်မှုမျိုးကို ရှောင်ရှားရပေလိမ့်မည်။

ထိုအကုသိုလ်များသည် လူ၏အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည်သာမက လူအချင်းချင်း ဆက်ဆံမှုကိုလည်း ညစ်နွမ်းစေပေသည်။ အချို့သည် တစ်စုံတစ်ရာ ထူးခြားခြင်းမရှိဘဲနှင့်ပင် မုသားလိမ်လည် ကြွားဝါခြင်း၊ ရန်တိုက်ခြင်း၊ အမနာပပြောဆိုခြင်း၊ ငြူစူဝန်တိုခြင်း၊ သူတစ်ပါးကို မကောင်းကြံခြင်း စသည့် မကောင်းမှုများကို အလွယ်တကူ ကျူးလွန်နေတတ်ကြပေသည်။ ထိုအကုသိုလ်မှုများသည် မလုပ်ရမနေနိုင်သော လူ၏ဝါသနာကြောင့် ပြုလုပ်ခြင်းဖြစ်ကောင်း ဖြစ်မည် မှန်သော်လည်း မလုပ်ဘဲမဖြစ်၍ လုပ်နေရခြင်းမျိုးကား မဟုတ်ပေ။

ထိုမှတစ်ပါး သူတစ်ပါး၏ဒုက္ခကို ဖန်တီးဖြစ်ပေါ်စေခြင်းဖြင့် မိမိ အကျိုးကိုရှာတတ်သော လုပ်ငန်းမျိုးလည်း ရှိပေသေးသည်။ လူသတ် လက်နက်ရောင်းချခြင်းမှအစ ဓားပြတိုက်ခြင်း၊ ခိုးဝှက်ခြင်း၊ ခါးပိုက်နှိုက် ခြင်း၊ ပြည့်တန်ဆာခေါင်းပြုလုပ်ခြင်း၊ ပစ္စည်းလိမ်ရောင်းချခြင်းစသော လုပ်ငန်းများသည် စင်စစ် အသက်မွေးဝမ်းကျောင်း မဟုတ်ပေ။ ထိုအလုပ် များမှဟူ၍ အခြားလုပ်ကိုင်စားသောက်ရန် ဘာမျှမတတ်ကျွမ်းသောကြောင့် ဖြစ်မည်ဟူ၍လည်း မဆိုနိုင်ပေ။ လူတစ်ယောက် ထမင်းမငတ်ရေးအတွက် အကုသိုလ်မပါဘဲ လုပ်ကိုင်စားသောက်နိုင်ရန် နည်းလမ်းများစွာ ရှိပေသည်။ လွယ်လွယ်နှင့် သူဌေးဖြစ်ရန် နည်းလမ်းသာလျှင် ရှားပါးပေမည်။

အကယ်၍ ကာယဉာဏအင်အား လုံးဝမရှိသော မစွမ်းသန်သူ ဒုက္ခိတဖြစ်ပါကလည်း ရိုးသားစွာ တောင်းရမ်းစားသောက်လျှင် တစ်ဝမ်း



တစ်ခါး ဝနိုင်ပေလိမ့်မည်။ အကုသိုလ်အလုပ်သည် လူ့လောက၌ပင် မကောင်းကျိုးများ တုန့်ပြန်မှုရှိလေသည်။ မကောင်းမှုအတွက် ရာဇဝတ် အပြစ်ဒဏ် လွတ်ကင်းနေစေကာမူ ထိုရာဇဝတ်ပြစ်ဒဏ်သည် တစ်ချိန်ချိန် တွင် ပြန်လာလိမ့်မည်လောဟု စိတ်တွင် တစိုးရိမ်ရိမ် အရိပ်လိုက်၍နေခြင်း ဖြင့် စိတ်မချမ်းသာမှု မိမိကိုယ်၌ မလုံခြုံမှုတို့သည် ဥပါဒါန်ဖြစ်နေပေလိမ့် မည်။

သူတစ်ပါးကို စိတ်မချမ်းသာဖြစ်စေခဲ့ခြင်းအတွက် ရုတ်တရက် အားဖြင့် စာနာမှုမရှိစေနိုင်စေကာမူ တစ်နေ့သောအခါစိတ်၌ ခြိမ်းခြောက် နေတတ်ပေသည်။ အကုသိုလ်အိပ်မက်ဆိုးများလည်း သေကာနီးကာလအထိ အယူမဖြောင့်အောင် နှိပ်စက်ပေလိမ့်မည်။ မိမိမကောင်းမှုဒဏ်ကို ခံခဲ့ရသူများ က ရန်ငြိုးမကျေ လက်စားချေမည့် အန္တရာယ်များလည်း ရှိပေလိမ့်မည်။

အကုသိုလ်သည် အကျိုးမပေးပုံများကိုလည်း ဆက်ကာဆက်ကာ တွေ့ကြုံ သိမြင်လာရတတ်ပေသည်။ အပ်ဝင်သည်နှင့် ပုဆိန်ထွက်ရသည် များလည်း ရှိပေမည်။

မိမိဘဝတွင် တစ်သက်ပတ်လုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာအနေ ဖြောင့်ဖြောင့် နေသွားလိုသူတိုင်းသည် အကုသိုလ်မှုများကို ရှောင်ရှားရန် လိုပေသည်။ မိမိအကုသိုလ်မှုများကို မည်သူတစ်စုံတစ်ယောက်မျှ မသိရှိ ကြစေကာမူလည်း မိမိ၏လိပ်ပြာ လုံနိုင်မည်မဟုတ်ပေ။ မိမိသည် မကောင်း မှုမှ စင်ကြယ်သူတစ်ယောက်မဟုတ်ကြောင်းကို သိထားရခြင်းသည် မိမိ ဘဝ၌ မပျော်ပိုက်ချင်စရာပင် ဖြစ်ပေလိမ့်မည်။ မိမိစိတ်တွင် မသန့်ရခြင်း၊ စိုးရိမ်ထိတ်လန့်ရခြင်း၊ ပူပန်ကြောင့်ကြရခြင်း၊ မိမိကိုယ်ကိုပင် စိတ်မချနိုင် ခြင်း စသည့်တို့သည် ကြီးမားသော အမှောင့်ပယောဂများ ဖြစ်နေပေလိမ့် မည်။

ထို့ကြောင့် မိမိဘဝတွင် စင်ကြယ်မွန်မြတ်စေရန်မှာ အကုသိုလ်ကို ရှောင်နိုင်သမျှ ရှောင်ရမည်ပင် ဖြစ်ပေသည်။ မိမိအတွက်ကြောင့် အခြားသူ တစ်ဦးတစ်ယောက်တွင် ဒုက္ခမရောက်စေရဟူ၍ ခိုင်မြဲသော ဆုံးဖြတ်ချက် ချမှတ်ထားရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိအသက်ရှင်နေခြင်းကြောင့် လူသားတို့၏လောကတွင် အကျိုး တစ်စုံတစ်ရာ ဖြစ်ထွန်းစေရမည်ဟူ၍လည်း ရည်သန်ချက်ရှိရပေမည်။ ဤ ရည်သန်ချက်ရှိလျှင် အကုသိုလ်ကို ရှောင်ရန်လွယ်ကူမှု ရှိပေလိမ့်မည်။

## ပတ်ဝန်းကျင်ဂယက်

ကျွန်ုပ်တို့သည် ငယ်ရွယ်စဉ်ကာလ ပတ်ဝန်းကျင်အမျိုးမျိုးတွင် ကြီးပြင်းခဲ့ရပေမည်။ မူးယစ်ရမ်းကား ဆဲဆိုဆူပူနေကြသော ရပ်ကွက်၌ လည်းကောင်း၊ ဒုစရိုက်မှုများ ကျက်စားရာနယ်မြေ၌လည်းကောင်း၊ ဒုစရိုက်မှုဖြင့် အသက်မွေးသော မိဘဆွေမျိုးများအကြား၌လည်းကောင်း၊ အကုသိုလ်ဟူ၍ တစိုးတစိမျှ အရေးမထားဘဲ စရိုက်ကြမ်းတမ်းသော အသိုက်အဝန်း၌လည်းကောင်း၊ ကြီးပြင်းကောင်း ကြီးပြင်းလာရပေမည်။ လူသည် ပတ်ဝန်းကျင်၏ ဂယက်ရိုက်ခတ်မှုကို ခံရတတ်သည်ဖြစ်ရာ ထိုပတ်ဝန်းကျင်တို့၌ အနေများသောအခါ **“အကုသိုလ်ဆိုသည်မှာ အဆန်း မဟုတ် ညစ်နိုင်မှ လူတော်ဖြစ်သည်။ သူတကာထက်မိုက်ရဲမှ ထူးချွန်မည်။ လောကမှာ ငွေရှိဖို့သာလိုသည်။ ငွေကို ဘယ်နည်းနှင့်ရှာရရှာရ တရား နည်းလမ်းကျသည်။ အကုသိုလ်ဆိုသည်မှာ ကြောင်သူတော်တို့အတွက်သာ ဖြစ်သည်။ သူ့ဦးသူ့ဖိုလ် ငါ့ဦးငါ့ဖိုလ်သာထားရမည်”** စသည့်ဖြင့် အတွေး ဝင်၍ နေတတ်ပေသည်။ အကုသိုလ်ဘက်တွင် လက်ရဲဇက်ရဲ၍ နေတတ် ပေသည်။

သို့ရာတွင် ထိုအလေ့စရိုက်သည် အမြဲရပ်တည်သည်မဟုတ်ပေ၊ စဉ်းစားဉာဏ်ဆင်ခြင်မှု ကင်းမဲ့ခိုက်တွင်သာ စွဲမြဲနေပေမည်။ အကုသိုလ် တောထဲတွင် ကြီးပြင်းရစေကာမူ ပင်ကိုယ်စိတ်ကပင် အကုသိုလ်ကို ရွံမုန်း စက်ဆုတ်ခြင်းရှိနေတတ်သူမျိုးအဖို့တွင် လွှမ်းမိုးမှုမခံရတတ်ပေ။ ပတ်ဝန်း ကျင်ပြောင်းလဲ၍ဖြစ်စေ၊ စဉ်းစားဉာဏ်တိုးတက်စေသော ဉာဏ်ပညာ သက်ဝင်လျှင်ဖြစ်စေ၊ နည်းကောင်းလမ်းမှန်ညွှန်ပြတတ်သော အပေါင်းအသင်း



များကြောင့်ဖြစ်စေ၊ မကောင်းမှုကို ခံမင်သောစိတ်များသည် လျော့ပြယ်၍ အသိတရားဝင်လာတတ်ပေသည်။ ပတ်ဝန်းကျင်မပြောင်းလဲလျှင်မူကား ထိုအတိုင်းပင် စိတ်ရိုင်း စိတ်မိုက်များသာ ကိန်းဝင်နေတတ်ပေသည်။

ကျွန်ုပ်တို့အဖို့ ဖြစ်ချင်သလို မဖြစ်ခဲ့ရသော အတိတ်ကို အပြစ်ဆို ရန်မလိုပေ။ သို့ရာတွင် မိမိကိုယ်ကိုမိမိ ထူထောင်ရပ်တည်ရန် သိနားလည် လာသောအချိန်တွင် မကောင်းသော ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုများကို လုံးဝချွတ်ပယ်လိုက်ရပေမည်။ မိမိဘဝတွင် မိမိအသိအမြင်အရ လိုလား အပ်သော အတွေးအခေါ်တို့ကိုသာ မိမိဘဝလမ်းကြောင်းတွင် လမ်းပြမီးရှူး တန်ဆောင်ဖြစ်စေရပေမည်။

မိမိ၏ဆင်ခြင်ဉာဏ်ကိုသုံးစွဲ၍ အကျိုးအကြောင်း အဆိုးအကောင်းကို စဉ်းစားသူသည် အကယ်၍ အကုသိုလ်ထဲတွင် နစ်မွန်းခဲ့ရသူပင်ဖြစ်စေ မိမိဘဝလမ်းကြောင်းကို လွှဲပြောင်းလာလိမ့်မည်သာဖြစ်ပေသည်။ လမ်းမှား မှလမ်းမှန် လမ်းကောင်းမှလမ်းဆိုးသို့ ပြောင်းလဲလိမ့်မည်ဖြစ်ပေသည်။

အကုသိုလ်ကို ရှောင်တတ်သော အလေ့သည် ငယ်ရွယ်စဉ်ကပင် အမြစ်တွယ်ခဲ့ရန် အရေးကြီးပေသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်ရွယ် စဉ်ကပင် မုသားပြောသည်ကို မကြိုက်ခဲ့သူဖြစ်ပေသည်။ မိဘများသည် အကုသိုလ်ကို ရွံမုန်းစက်ဆုတ်သူဖြစ်ပါက သားသမီးများသည် အကုသိုလ်ကို စက်ဆုတ်လာကြပေမည်။ တစ်ခါတစ်ရံတွင် မျိုးနွယ်ကိုမလိုက်ဘဲ မိုက်မဲ ဆိုးယုတ်သူများ ပေါ်လာတတ်သည် မှန်သော်လည်း ထိုသဘောသည် ယေဘုယျဖြစ်နေကျ သဘောမျိုးမဟုတ်ပေ။ အကုသိုလ်နှင့် ဆုံဆည်းလာခဲ့ ရတတ်သည်မှာ ဆင်းရဲနွမ်းပါးသော မိဘမျိုးနွယ်ကိုလိုက်သည်ဟု မဆို နိုင်ပေ။

ဆင်းရဲသော်လည်း အသက်မွေးမှု စင်ကြယ်သူများ ရှိပေသည်။ တစ်ဖက်တွင် ချမ်းသာကြွယ်ဝသလောက် လောဘဇောတိုက်ကာ မဟုတ် မတရားကြံစည် စီးပွားရှာတတ်သူများလည်း ရှိပေသည်။ ထိုသူတို့၏သား သမီးများသည် မတရားမှုတို့ပင် တရားသည်ဟု ထင်မှတ်နေမိတတ်ကြ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့သောသူတို့သည် စိတ်ရင်းကောင်းကြစေကာမူ အချို့သော အကုသိုလ်မှုကို အကုသိုလ်ဟူ၍မမှတ်ဘဲ သာမန်အားဖြင့် ဆက်ဆံလုပ်ကိုင်နေမိတတ်ကြပေသည်။ အရိုးအစဉ်လုပ်နေကြဖြစ်သော ပွဲစားကုန်သည်တို့တွင် လိမ်လည်မှု၊ ခေါင်းပုံဖြတ်မှုတို့ကို မတရားမှုဟူ၍ မမြင်ပေ။ ကျွမ်းကျင်ပါးနပ်မှု အရောင်းအဝယ် လည်ပတ်မှု ဉာဏ်ရည်ကြီးရည်ကောင်းမှုဟူ၍ပင် ထင်မှတ်နေတတ်ကြပေသည်။ အချို့ရိုးသားသူများသည် ဖဲရိုက်ခြင်းကိုပင် ကံအလုပ်ဟူ၍ ထင်မှတ်မိတတ်ကြပေသည်။ စင်စစ်အားဖြင့် ထိုသူများသည် ဖဲလိမ်၍ ရိုက်နည်းကိုမသိ မပြုကျင့်ကြသောကြောင့် ထိုသို့ယူဆခြင်းဖြစ်ပေလိမ့်မည်။ တစ်ခါတစ်ရံတွင် ထိုသူများအား ၎င်းတို့လုပ်ကိုင်နေသော အလုပ်များသည် မကောင်းမှုများ သက်ဝင်နေသည်ကို သဘောပေါက်အောင် ပြောပြရန်ပင် ခက်ခဲတတ်ပေသည်။

## အသိတရား

မည်သို့ပင်ဖြစ်စေ စဉ်းစားဉာဏ်ရင့်သန်လာသောအခါတွင်ဖြစ်စေ၊ မကောင်းမှု၏ဂယက်ဒဏ်ကို ခံစားလာရသည့်အခါတွင်ဖြစ်စေ၊ အသိတရားရလာတတ်ပေသည်။ အချို့လည်း မိမိမကောင်းမှုအတွက် နောင်တရကာ ကောင်းမှုကုသိုလ်များ ပြုလုပ်တတ်ကြပေသည်။ အထူးသဖြင့် သေဘေးကို မြင်လာသောအခါမျိုးတွင် ထိတ်လန့်တုန်လှုပ်၍ ကိုးကွယ်ရာရှာတတ်ကြပေသည်။ နောင်တရရေးသည် ကောင်းသော်လည်း နှောင်းမှ နောင်တရရေးသည် မကောင်းပေ။ တစ်သက်လုံးစားသည့်အစာကို သံပုရာတစ်ခြမ်းနှင့် ချေ၍ ကျေနိုင်မည်မဟုတ်ပေ။ မကောင်းမှုကို လုပ်ချင်သမျှလုပ်ပြီးမှ ကြိုးကြိုးစားစား အာပတ်ဖြေသော်လည်း ပြေနိုင်မည်မဟုတ်ပေ။

အကောင်းဆုံးသော နည်းလမ်းမှာ မိမိလုပ်ကိုင်ဆောင်ရွက်သမျှသည် ကောင်းမှုလော မကောင်းမှုလောဟူ၍ ခွဲခြားဆင်ခြင်ရန်ဖြစ်ပေသည်။ အကယ်၍ မိမိသည် အကုသိုလ်မှုများကို ပြုမှုနေသည်ဆိုပါက အတတ်



နိုင်ဆုံး ရပ်စဲစွန့်လွှတ်ရန် ကြိုးစားရပေမည်။ ဘာသာရေးအရဖြစ်စေ၊ တရားဥပဒေအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ၊ အပြစ်သင့်ရောက်မည့် မကောင်းမှုများကို သိသည်နှင့်တစ်ပြိုင်နက် ပယ်ရှားရပေမည်။ အကယ်၍ မိမိ၏အသက်မွေးဝမ်းကျောင်းအတွက် ချက်ချင်းရပ်ဆိုင်းရန်မတတ်နိုင်လျှင် အကုသိုလ်ကင်းသောအလုပ်ဖြင့် အစားထိုးနိုင်အောင် ကြိုးစားစီမံရပေလိမ့်မည်။ မိမိဘဝတွင် မကောင်းမှုများ စိုးမိုးနေကြောင်းသိပါလျက်နှင့် မပြုပြင်လျှင်သော်လည်းကောင်း၊ သိအောင်မကြိုးစားလျှင်သော်လည်းကောင်း၊ လူ့တာဝန်မကျေနိုင်ပေ။ မိမိဘဝသည် သန့်စင်နေပါကလည်း အကုသိုလ်များ၍ သွေးဆောင်ခြင်းမခံရအောင် သတိရှိရပေမည်။ ဤသည်ပင်လျှင် အကုသိုလ်တိုက်ပွဲ အောင်ထူခြင်းဖြစ်ပေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အတ္တတိုက်ပွဲ

ကျွန်ုပ်တို့သည် ဘဝတစ်လျှောက်တွင် တိုက်ပွဲတစ်ပွဲပြီးတစ်ပွဲ တိုက်ခိုက်ခဲ့ကြရပေလိမ့်မည်။ ထယ်မံ၍ သတိပြုရမည့်တိုက်ပွဲတစ်မျက်နှာ ရှိပေသေးသည်။ ထိုတိုက်ပွဲကား **အတ္တတိုက်ပွဲ**ပင် ဖြစ်လေသည်။

**အတ္တ** ဟူသည်မှာ မိမိကိုယ်ကို စွဲလမ်းခြင်းကို ရည်ညွှန်းခြင်းဖြစ်ပေသည်။ စကားအပြည့်အစုံဆိုရသော် **အတ္တဟိတ** ဟူ၍ ဆိုသင့်မည် ထင်ပေသည်။ အဘယ်ကြောင့်ဆိုသော် **"အတ္တ"** ဟူသောတရားမှာ ဓာတ်ကြီးလေးပါးနှင့် မဟာဘုတ်တရားတို့ ပြုပြင်စီရင်နေသော ရုပ်နာမ် ခန္ဓာအစုကို "ငါ"ဟူ၍လည်းကောင်း၊ "သူ"ဟူ၍လည်းကောင်း၊ အစွဲအလမ်းအားဖြင့် တကယ်မရှိသည်ကို အရှိစွဲလမ်းနေခြင်းမျိုးသာဖြစ်ပေသည်။ **သက္ကာယဒိဋ္ဌိ**၏ သဘောကိုပင် ဆိုလိုပေသည်။ ဤအတ္တအထင်သည် အခိုင်အမာစွဲရပ်ရာ သဘောသရုပ် ဘာမျှမရှိသည်ကို ဗုဒ္ဓဘာသာ၏ **အနိစ္စ၊ ဒုက္ခ၊ အနတ္တ** တရားများကို ပိုင်နိုင်စွာ ထင်ပါမှ သက်ဝင်နိုင်မည် ဖြစ်လေသည်။

**အတ္တဟိတ**သည် ထိုအတ္တကို အကြောင်းပြုသည်သာ ဖြစ်ပေသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ လောကီရေးအမြင်၌ သူငါမဟုတ်သော ရုပ်နာမ် ပရမတ္ထတရားတို့ကို ထိုးထွင်းရှုမြင်ရန်အတွက် ရည်ရွယ်ရင်းမရှိပေ။ မရှိကို အရှိစွဲထင်သော အတ္တကိုပင်အကြောင်းပြု၍ ငါ့အကျိုး ငါ့ကိစ္စ ငါ့ဥစ္စာဟူ၍ သူတစ်ပါးကို အရေးမထား၊ မိမိကိုယ်ကိုသာ အရေးထားတတ်သည့် တစ်



ကိုယ်ကောင်းစိတ် တစ်ကိုယ်ကောင်း အပြုအမူများကိုသာ ရည်ရွယ်ပေသည်။

လူသည် မိမိဘဝကို ခံမင်ပါမှသာ ဘဝအတွက် ဆောင်ရွက်ရန်ရှိသည်တို့ကို ဆောင်ရွက်ဖြစ်မည်ကား မှန်ပေသည်။ သို့ရာတွင် မိမိဘဝကိုသာ ဘဝဖြစ်သည်။ သူတစ်ပါး၏ဘဝမှာ ဘဝမဟုတ်၊ အရေးလုပ်စရာမလိုဟု သဘောထားလျှင်မူကား လူ့လောကတွင် ရပ်တည်မှု မမှန်ကန်နိုင်ပေ။ လူသည် တခြားသတ္တဝါများနှင့် ရောနှောနေထိုင်လေ့ရှိသည်ဖြစ်ရာ မိမိအကျိုးတစ်ဖက်ကိုသာ ဝကွက်၍ကြည့်မည်ဆိုလျှင် တရားမျှတမည်မဟုတ်ပေ။ ထိုမျှကို လူသားတစ်ယောက်အနေဖြင့် ထမ်းရွက်ရမည့် လူ့လောကတာဝန်သည်လည်း ကျေပွန်မည်မဟုတ်ပေ။

လူဆိုသည်မှာ အခြေခံအတ္တကြောင့်ပင် မိမိကိုယ်ကို အထင်ကြီးမြဲဖြစ်ပေသည်။ မိမိပစ္စည်းဥစ္စာ မိမိနှင့်စပ်သမျှကို အကောင်းထင်ပေသည်။ ထိုအထင်ကြောင့် သူတစ်ပါးကို အထင်သေးလာရပေသည်။ အရာရာကို ရှုကြည့်လျှင် မိမိကိုယ်ကျိုးဘက်မှသာ ရှုကြည့်တတ်ပေသည်။ တစ်ဖက်သား၏ အကျိုးအခွင့်ကို မကြည့်မမြင်တတ်ကြပေ။ မိမိဘက်မှအကြောင်းပြချက်များသည်သာ ယုတ္တိတန်သည်ဟု မြင်တတ်ကြပေသည်။ ဤသို့သောသဘောတရားကြောင့် အလုပ်ရှင်နှင့် အလုပ်သမား၊ ဘုရင်နှင့်ပြည်သူပြည်သား၊ လယ်ရှင်နှင့် လယ်လုပ်သားစသည်တို့သည်_ပဋိပက္ခဖြစ်ပွားလာခဲ့ကြရပေသည်။

နှစ်ဘက်စလုံးကပင် မိမိဘက်က မှန်ကန်တရားမျှတသည်ဟု ယူဆကြပေသည်။ သို့ရာတွင် မိမိဘက်မှ အမြင်နှင့်သာသုံးသပ်၍ အလုပ်သမားဘက်မှ ထည့်သွင်းစဉ်းစားမည် မဟုတ်ချေ။ စဉ်းစားသည်ဟုဆိုလျှင်လည်း အလုပ်သမားတစ်ယောက်က သူ၏ဘဝမှန်ဘက်မှရှုမြင်သည်နှင့် ထပ်တူထပ်မျှ မြင်နိုင်မည်ကား မဟုတ်ပေ။ ထိုနည်းတူပင်လျှင် အလုပ်သမားသည်လည်း မိမိအလိုဆန္ဒဘက်မှသာ ရှုကြည့်ပေလိမ့်မည်။ အလုပ်ရှင်ဟူသည်မှာ အလုပ်သမားများထံမှ ဂုတ်သွေးစုပ်နေသူဟူ၍သာ ယူဆပေလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်။ ထိုသို့အားဖြင့် မိမိတို့အမြင်ဘက်မှ ရပ်တည်ကြခြင်းဖြင့် ပဋိပက္ခမှု သည် တင်းမာလာရလေသည်။ နောက်ဆုံးတွင် အမြင်ခြင်းညှိနှိုင်းဖလှယ်၍ မှုတစ္စာဖြန်ဖြေနိုင်လျှင်သော်လည်းကောင်း၊ အင်အားသာလွန်မှုကို အားကိုးခြင်းဖြင့် တစ်ဖက်ဖက်က အနိုင်ယူနိုင်လျှင်သော်လည်းကောင်း၊ ပဋိပက္ခသည် အဆုံးသတ်ရလေ့ရှိပေသည်။

စင်စစ်အားဖြင့် အမှန်တရားသည် တစ်မျိုးတစ်စားတည်းရှိရမည် ဖြစ်သော်လည်း၊ လူတန်းစားအမြင်၊ အတ္တယူဆချက်များကြောင့် တစ်ဖက်စီက တစ်မျိုးစီမှန်၍ နေတတ်ကြပေသည်။ ထိုလူတန်းစားနှစ်ဘက်သည် အတ္တကို ဖယ်ခွာ၍ ဖြစ်သင့်သည်ကို ပကတိအတိုင်း သုံးသပ်ပါမှ တစ်ခုတည်းသော အဖြေကိုရနိုင်ပေသည်။ ထို့ကြောင့် ဘက်မလိုက်သော ကြားနေခုံသမာဓိတို့ကို ဆုံးဖြတ်စေရခြင်းဖြစ်ပေသည်။

လူတစ်ယောက်သည် အရုပ်မျက်နှာ တစ်ထောင့်တစ်နေရာမှကြည့်လျှင် ရှုကွက်တစ်မျိုးသာ မြင်တွေ့ရပေလိမ့်မည်။ လူတစ်ယောက်က အခြားလူတစ်ယောက်အား ဘေးတိုက်ကြည့်ရှုမည်ဆိုပါက နားရွက်တစ်ဖက်တည်း တွေ့မြင်ရပေမည်။ သူသည် ရှေ့တည့်တည့်က ကြည့်ရှုသူကဲ့သို့ နားရွက်နှစ်ဖက်လုံးကို တွေ့မြင်ရလိမ့်မည် မဟုတ်ပေ။ ထိုသို့ မမြင်ရသည်နှင့် ရှေ့တည့်တည့်မှ မြင်ရသူက နှစ်ဖက်မြင်ပါသည်ဟု ဆိုခြင်းကို မမှန်ကန်ဟူ၍ ငြင်းဆိုနေလျှင် ပကတိ အမှန်တရားသို့ရောက်မည် မဟုတ်ပေ။ ထိုသူ၏ရပ်တည်ရာမှ ပြောင်းလဲရှုမြင်ပါမှ နှစ်ဦးလုံး၏ တစ်ဖက်စီမှ အမှန်တရားနှင့် ပကတိအမှန်တရားတို့ကို ယထာဘူတကျစွာ သိမြင်နိုင်လိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် အတ္တအမြင်အပေါ်တွင် လေနံစားထစ်မှတ်ယူ၍မရပေ။ သဘာဝကျသော အယူအဆတစ်ခုအတွက် ကျွန်ုပ်တို့သည် အကျိုးအပြစ် အကောင်းအဆိုး ရှုကွက်အဖက်ဖက်မှ နှိုင်းချိန်ဝေဖန် စဉ်းစားရန်လိုပေလိမ့်မည်။ ပန်းတိမ်ဆရာသည် မိမိ၏ပညာကိုသာ နက်နဲခက်ခဲသော အနုပညာဟူ၍ ယူဆပေမည်။ ပန်းချီဆရာကလည်း မိမိ၏ပညာကိုသာ နက်နဲခက်ခဲသော အနုပညာဟူ၍ မှတ်ယူပေလိမ့်မည်။ သူတို့နှစ်ဦးစလုံးသည် သူတို့တစ်ဖက်စီ၌ မှန်ကန်ကြပေမည်။ သို့ရာတွင် ကျန်တစ်ဦးက အခြားတစ်ဖက်၏အမှန်တရားကို သဘောပေါက်နိုင်မည် မဟုတ်သဖြင့် တစ်ဖက်သား၏အယူကို မထောက်ခံနိုင်ဘဲ မိမိအယူအဆကသာလျှင် ပို၍မှန်ကန်သည်ဟု ယူဆပေလိမ့်မည်။ ဤအရာ၌ အတ္တစွဲကြောင့် မိမိ၏အယူတွင် ရပ်တည်မိခြင်း မဟုတ်ဘဲ တစ်ဖက်သားခံစား သိမြင်သကဲ့သို့ သိမြင်နိုင်စွမ်းမရှိခြင်းကြောင့်လည်း မိမိအယူအဆ၌ စွဲရပ်နေကြခြင်း ဖြစ်လေသည်။



## ထင်တစ်လုံး

ကျွန်ုပ်တို့သည် မိမိကိုယ်ကို အထင်ကြီးတတ်ရာ၌ သိသိသာသာ မိမိကိုယ်ကို"**တယ်တော်တဲ့ ငါပါကလား**"ဟူ၍ ချီးမွမ်းနေကြသည်ဟု မဆိုလိုပေ။ ထိုသို့အထင်ကြီးခြင်းရှိသည်ဖြစ်စေ၊ မိမိလုပ်ကိုင်ဆောင်ရွက်မှုများသည်သာ မှန်ကန်ကောင်းမွန်သည်ဟူ၍ စိတ်အထင်ရောက်တတ်ပေသည်။ ဤစိတ်အထင်မျိုး၌ မိမိကိုယ်ကို အမွှန်းတင်ရန် ကြိုတင်စဉ်းစားခြင်းပင် မရှိစေကာမူ အစဉ်တစိုက် စွဲကပ်နေသော အတ္တဉာဉ်ကြောင့် မသိသာဘဲလျက် အမွှမ်းတင်မိတတ်ကြပေသည်။ ဥပမာအားဖြင့် မိမိဝတ်ဆင်သော အင်္ကျီအသားသည် အခြားသူဝတ်ဆင်သော အင်္ကျီအသားထက်ပို၍ ချောညက်သည်ဟူ၍ စိတ်က လှည့်စား ထင်မြင်မိတတ်ပေသည်။ မည်မျှပင် အခြားသူ၏အင်္ကျီအသားကို အမွှန်းတင်၍စိတ်ကို ပြုပြင်သုံးသပ်ကြည့်စေကာမူ မိမိ၏အင်္ကျီအသားသည်သာပင် ပို၍ချောညက်မြဲ ချောညက်နေပေလိမ့်မည်။ စင်စစ်သော်ကား ထိုအင်္ကျီအသားနှစ်မျိုးစလုံးသည် ပိတ်အုပ်တစ်အုပ်တည်းမှ ဖြတ်ယူထားကြခြင်း ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် အခြားသူတို့၏ ဓာတ်ပုံများကိုကြည့်၍ မည်သူ၏မျက်နှာက မည်သို့အရုပ်ဆိုးသည်ဟူ၍ ဝေဖန်ရန် လွယ်ကူပေသည်။ အချိုးအဆစ်မကျသည်ကို မြင်လွယ်ပေသည်။ သို့ရာတွင် ကျွန်ုပ်တို့၏



www.burmeseclassic.com

www.burmeseclassic.com



တတ်ပုံကို ကြည့်မိသောအခါ အားလုံးအဆင်ပြေနေသည်ဟု မြင်မိကြပေသည်။ မည်သည့်အင်္ဂါအစိတ်အပိုင်းသည် အချိုးအစားမကျသည်ကို ရှာ၍မတွေ့တတ်ပေ။ မျက်လုံးမှိုမောက်နေသူက မိမိမျက်လုံးများသည် ဝိုင်းစက်လှပသည်ဟု ထင်ပေလိမ့်မည်။ နှာခေါင်းရှည်မျောနေသူက မိမိသည် နှာတံပေါ်သည်ဟု မြင်မိပေမည်။ မိမိကိုယ်ပေါ်တွင်ရှိသော အပြစ်အနာအဆာကို လျှော့ပေါ့၍ မြင်တတ်ပေသည်။ ဤကား အတ္တဖုံးလွှမ်းနေသောလူ၏ဖြစ်ရိုးဖြစ်စဉ်ပင် ဖြစ်လေသည်။ ဤအခြေအနေဖြင့် မိမိကိုယ်သန္တာန်၌ အတ္တကိန်းအောင်းနေသည်ကို သတိမပြုမိတတ်ပေ။

လူတစ်ယောက်သည် အခြားသူက ကြွားဝါသည်ဟု မြင်မိပေသည်။ မိမိကိုယ်တိုင်ကမူ အဘယ်အခါတွင် မိမိကြွားဝါလိုက်မိသည်ကိုပင် သတိပြုမိလိုက်မည် မဟုတ်ပေ။ အကယ်၍ တမင်တကာ ကြွားဝါသည့်အခါမျိုး၌ပင် မိမိအပြုအမူသည် ဂုဏ်ယူခြင်း၊ အမှန်အတိုင်းဖော်ထုတ်ထုတ်၍ဖော်ထုတ်ခြင်းဟူ၍ ထင်မြင်နေမိတတ်ကြပေသည်။

ကျွန်ုပ်တို့သည် အတ္တစိတ်ကို သိသိသာသာ မထားအပ်သည်သာမဟုတ်သေး၊ မသိမသာစွဲဝင်ခြင်းကိုပင် လက်သင့်မခံသင့်ပေ။ ထိုစိတ်သည် အမြင်ကို တစ်ဖက်သတ်ကျစေ၍ အမှန်ကိုမမြင်သာအောင် ဖုံးကွယ်တတ်ပေသည်။ မိမိကိုယ်ကို မိမိဝေဖန်မှုတွင် သက်ညှာ၍ရှုမြင် မိတတ်ပေသည်။

ကမ္ဘာ့နိုင်ငံများတွင်လည်း ထိုအတ္တစိတ်များ ရှိတတ်ကြပေသည်။ သူတစ်ပါးက ခြေဆန့်လျှင် နယ်ချဲ့သည်ဟု သမုတ်၍ မိမိကနယ်ချဲ့လျှင် လွတ်မြောက်အောင်ကယ်တင်သည်ဟူ၍လည်းကောင်း၊ နယ်ချဲ့ရန်ကို ဆို့ပိတ်ကာကွယ်ပေးသည်ဟူ၍လည်းကောင်း၊ အမည်သမုတ်တတ်ကြပေသည်။ သူတစ်ပါးက နယ်ကူးဝင်လျှင် ကျူးကျော်သည်ဟု လက်ညှိုးထိုး၍ မိမိကကျူးကျော်လျှင် ဝင်ရောက်ဖြေရှင်းပေးသည်ဟု အကြောင်းပြတတ်ကြပေသည်။ မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ၊ သဘောထပ်တူကျသောအပြုအမူတစ်ခုကို တစ်မျိုးတစ်စားတည်း မသတ်မှတ်လိုကြသည့်အတွက် ကမ္ဘာ့ပဋိပက္ခများ ဖြစ်ပွားကြရပေသည်။ အကယ်၍ အရှိကို အရှိအတိုင်း



တစ်ဖက်စီက မှန်ကန်စွာဝန်ခံ၍ အမှန်တရားပေါ်တွင် မညစ်ပတ်စတမ်း ညှိနှိုင်းကြမည်ဆိုလျှင် အမှန်သို့ရောက်၍ တင်းမာမှုများလည်း လျော့ပါးသွားမည်ပင် ဖြစ်လေသည်။ ကျွန်ုပ်တို့၏ လူမှုဆက်ဆံရေးလောကတွင်လည်း မိမိဘက်သို့ မိမိလိုက်ခြင်း၊ အမှန်ကိုဖုံးကွယ်ခြင်း မပြုခဲ့ကြလျှင် လူအချင်းချင်း ပဋိပက္ခများသည် လျော့ပါးသွားရမည်ပင် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် မိမိအသာရရေးအတွက်ကိုသာ အရေးပေး၍ အမှန်ရောက်ရေးကို အရေးမထားဘဲနေမည်ဆိုပါက အခြားသူများကလည်း ထိုနည်းအတိုင်း သဘောထားကြပေလိမ့်မည်။ စစ်ဖြစ်ကြသောအခါတိုင်း မည်သူကလွန်သည်၊ မှားသည်ကို စိစစ်ခြင်းမပြုကြပေ။ လွန်သူကလည်း တိုက်၊ ခံရသူကလည်းတိုက်၊ နှစ်ဖက်စလုံးက အင်အားရှိသမျှတိုက်ကြ၍ နောက်ဆုံးတွင် အင်အားသာသူကသာလျှင် အနိုင်ယူလေ့ရှိသော ကမ္ဘာကြီးမှာ အတ္တသမားများကြောင့် ဤသို့ဖြစ်ရသည်ဟု ဆိုရပေလိမ့်မည်။

## မောဟအန္တရာယ်

အတ္တသည် ကိုယ့်ကျိုးငဲ့မှုဖြစ်သောကြောင့် အတ္တရှိလျှင် အကျိုးရှိမည်ဟုထင်မှတ်စရာရှိပေသည်။ သို့ရာတွင် အမှန်စင်စစ်မှာ အတ္တသည် မိမိကိုယ်ကိုသာပြန်၍ နှိပ်စက်တတ်သည်ကို တွေ့လာရတတ်ပေသည်။ မောဟကြီးမားခြင်းကြောင့် လူမှုလောကတွင် မှောက်မှားစွာ ရှုမြင်သဘောထားမိရာမှ မှောက်မှားစွာပင် ယူဆပြုမူမိတတ်သောကြောင့် ပျက်စီးရတတ်ပေသည်။ မိမိအပြစ်ကို လျှော့ပေါ့၍ မြင်တတ်ခြင်းသည် မိမိချို့ယွင်းချက်ကို ပြုပြင်ရာ၌ လစ်ဟာစေပေလိမ့်မည်။ မိမိကိုယ်ကို အမှန်ရှိသည်ထက် ပိုလွန်အထင်ကြီးခြင်းကြောင့် တာဝန်ဆောင်ရွက်ရာ၌လည်း ညံ့ဖျင်းချို့တဲ့ခြင်းရှိပေလိမ့်မည်။

ကျွန်ုပ်တို့လောကတွင် သိပ္ပံရေးရာ၌ဖြစ်စေ၊ အမှန်ကိုမြင်သိအောင် ကြိုးစားနေကြရပေသည်။ ထိုသို့အမှန်တရား(ဝါ) အမှန်မြင်ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



အရေးထားနေကြရာ၌ အတ္တက ဖုံးလွှမ်းပိတ်ဆီးနေမည်ဆိုလျှင် အရှုံးဖြစ်ပေလိမ့်မည်။

**အတ္တပယ်ခြင်းကြောင့် မျှတစွာရှုမြင်တတ်ပေမည်။ သူ့ဖို့ကိုယ့်ဖို့ နားလည်လာ၍ ဆက်ဆံရေးလောက၌ အဆင်ပြေ၍ လာပေမည်။** မိမိသည် သူတစ်ပါးကို မှီတွယ်နေရကြောင်း နားလည်သဘောပေါက်ပေမည်။ မိမိအမှားနှင့် ချို့တဲ့ချက်ကို မှန်ကန်စွာ ရှုမြင်နိုင်၍ အချိန်မီဖြည့်တင်းပြုပြင်နိုင်ပေမည်။ သူတစ်ပါးကို အကြောင်းမဲ့အထင်သေးမိခြင်းမှ ကင်းလွတ်ပေမည်။ မိမိ၏တိုးတက်မှုတွင် အခြေအနေမှန်ကို မြင်တတ်၍တက်ရန်ရှိသေးသောအခြေ၌ ဆက်၍တက်ရန် ကြိုးစားမိပေမည်။ ***“ငါတတ်သည် ငါသိသည်”***ဟူ၍ ကျေနပ်တင်းတိမ်မှု မရှိသောကြောင့် ပညာနှင့် အလေ့အကျင့်တိုးတက်ပေမည်။

ကျွန်ုပ်တို့သည် တိုင်းပြည်အတွက် အသက်စွန့်သင့်သည်ဟူ၍ သိနားလည်ကြရပေသည်။ ထိုသိနားလည်မှုသည် ခံယူချက်ဖြစ်လာရန် လိုပေသည်။ သိရုံနှင့်မပြီး၊ လက်ခံကျင့်သုံးမှသာ ခရီးရောက်ပေမည်။ ထိုသို့ လက်ခံရန်အတွက် ကိုယ်ကျိုးငဲ့သော စိတ်ကို ဆုံးမပြုပြင်နိုင်ရပေလိမ့်မည်။ မိမိက သူတစ်ပါးထက် ပိုလွန်က သက်သာမှုနှင့် အခွင့်အရေးယူချင်သောသူသည် တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်နိုင်သည်ဟု ဆိုလာပါမူ ယုံကြည်နိုင်လိမ့်မည် မဟုတ်ပေ။

ထမင်းတစ်နပ် အငတ်ခံ၍ ဥပုသ်မျှမစောင့်နိုင်သူက ဘုရားဆုပန်ဖြစ်ပါသည်ဟုဆိုလျှင် သဘာဝကျမည် မဟုတ်ပေ။ ပြည်သူ့အကျိုးကို မဆောင်ရွက်မီ အိမ်နီးနားချင်း ငတ်နေပါက ထမင်းတစ်ဇလုံ၊ ဟင်းတစ်ပန်းကန် ပေးစွန့်နိုင်စွမ်း ရှိရပေလိမ့်မည်။ ဤသို့အခြေခံကစ၍ အတ္တကို စွန့်နိုင်သော အလေ့အကျင့်ရှိပါမှ နောက်ဆုံးတစ်နေ့တွင် အများအကျိုးအတွက် မိမိအကျိုးကို အနစ်နာခံစရာရှိလျှင် ခံပေလိမ့်မည်။ ယုတ်စွအဆုံး သူတစ်ပါးအတွက် အနစ်နာခံစိတ် မရှိစေဘိဦး အများအကျိုးကိုလုပ်ရင်း မိမိအကျိုးကို ဖြည့်နိုင်သည်ဟု နားလည်၍ မိမိအကျိုးကို ဆောင်ရွက်ရင်း



သူတစ်ပါးအကျိုးကို ဆောင်ရွက်နိုင်လျှင်ပင် တော်ပေသေးသည်ဟု ဆိုရပေမည်။

တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သည် ကိုယ်ကျိုး ကိုယ့်ကိစ္စအတွက် ဆောင်ရွက်ရင်း အခြားသူများ၏အကျိုးကိုပါ ဆောင်ရွက်မိပြီးဖြစ်တတ်ပေသည်။ ထိုအခါတွင် မိမိကိုယ်ကို ပရဟိတသမားကြီးတစ်ဦးဖြစ်ပြီဟူ၍ ထင်မှတ်တတ်ပေသည်။ ဥပမာအားဖြင့် မိမိဝမ်းရေးအတွက် အလုပ်လုပ်ကိုင်ရာ၌ ထိုအလုပ်သည် အခြားသူ သို့မဟုတ် လူအများအား အကျိုးပြုသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။ သို့ရာတွင် မိမိဝမ်းရေးကိုင့်၍ အခြားသူများကို စေတနာမရှိဘဲ တာဝန်ကျေရုံ လုပ်ကိုင်နေခြင်းလော သို့မဟုတ် အများအကျိုးကို သည်ပိုးလိုသောဆန္ဒကြောင့်ပြုလုပ်နေခြင်းလော သို့တည်းမဟုတ်**“ကုသိုလ်လည်းရ ဝမ်းလည်းဝ”**ဆိုသကဲ့သို့ မိမိအကျိုးနှင့် အများအကျိုးကို နှစ်သက်မျှော်ထောက်၍ လုပ်ကိုင်နေခြင်းလောဟူ၍ မိမိကိုယ်တိုင် အသိဆုံးဖြစ်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ အခြားသူများအတွက် အကျိုးကျေးဇူးကို မျှော်ရှုခြင်းရှိမည်ဆိုပါက မိမိအကျိုးအတွက် ရည်မျှော်ခြင်းကို အပြစ်ဆိုနိုင်မည် မဟုတ်ပေ။

ထိုသို့မဟုတ်ဘဲ**“ဘယ်သူသေသေ ငတေမာလျှင်ပြီးသည်”**ဟူသော အတ္တစိတ်မျိုးထားလျှင်မူကား မသင့်လျော်ပေ။ အချို့တို့သည် နိုင်ငံရေးနှင့် ဆက်စပ်၍ လုပ်ဆောင်ရာ၌ မိမိရည်ရွယ်ချက်မှာ မိမိအခြေအနေအခွင့်အရေး တိုးတက်မှုပင်ဖြစ်သော်လည်း အများကြားသိအောင်ပြောဆိုရာ၌ **ပရဟိတ**သက်သက်အတွက်ပင်ဖြစ်ကြောင်းဖြင့် ပြောဆိုမိတတ်ကြပေသည်။ ဤသို့ပြောဆိုရာ၌ မိမိကိုယ်ကိုပင် မိမိလှည့်စားနေမိခြင်းဖြစ်ကောင်းဖြစ်နိုင်ပေမည်။ သို့မဟုတ် မိမိအတ္တကို ဖျောက်ရီးဖျောက်စဉ် ပယ်ဖျောက်ချွင်းချန်၍ ပြောဆိုတတ်ခြင်းလည်း ဖြစ်နိုင်ပေသည်။ သို့ရာတွင် ပရဟိတသက်သက်ကိုသာဆောင်ရွက်ရင်း **အတ္တဟိတ** က မြင့်တက်လာရခြင်းများလည်း ရှိပေသည်။ ဤသည်မှာ စေတနာအကျိုးပေးခြင်းပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## လွဲမှားသောပရဟိတ

အချို့မှာ မိမိခင်မင်သူတစ်ဦးဦးအတွက် ရက်ရောခြင်း၊ စွန့်စားခြင်းမျိုးကိုပင် မျိုးချစ်သူရဲကောင်း ပရဟိတသမားကြီးကဲ့သို့ ထင်မှတ်နေမိတတ်ကြပေသည်။ စင်စစ်အားဖြင့် အများအတွက်မဟုတ်ဘဲ မိမိချစ်သူ၊ မိမိလိုလားသူ၊ မိမိဆွေမျိုးစသည်ဖြင့် အတ္တ၏အရှိန်အဝါ အရိပ်လက္ခဏာမပျောက်သည်ကို တွေ့ရှိနိုင်ပေသည်။ သူတစ်ပါး၏အကျိုးကို လိုလားသောဆန္ဒရင်းဖြင့် ကူညီရွက်ဆောင်ပါမှသာ ပရဟိတဖြစ်နိုင်ပေသည်။

**အတ္တသည် ခင်တွယ်စရာကောင်းသော သဘောရှိပေသည်။ စွဲဝင်လက်ခံမိလျှင် လွန်စွာဆိုးဝါးတတ်ပေသည်။**

လူကိုသတ်ခြင်း၊ လူအများသေကျေပျက်စီးအောင် မိုင်းဗုံးထောင်ခြင်း၊ မီးရထားလမ်းဖျက်ခြင်း၊ မီးရှို့ခြင်းတို့မှစ၍ ဗုံးကြဲခြင်းအထိ ကျူးလွန်မှုများသည် အတ္တကြောင့်သာဖြစ်လေသည်။ ပိုက်ဆံငါးပြားဆယ်ပြားအတွက် လူတစ်ယောက်အသက်ကိုသတ်ခြင်းသည် မည်မျှအထိ မိမိကိုယ်ကျိုးကို တပ်မက်သည်ကို ဖော်ပြနေပေသည်။ ရာဇဝတ်မှုဟူမျှသည်လည်း မိမိ၏ကိုယ်ကျိုးကို အခြေခံ၍ ဖြစ်ကြရပေသည်။ ***"ငါ့ကိုမထိနဲ့ ငါ့ပစ္စည်းကိုမထိနဲ့ ငါ့ဆွေမျိုးကိုမထိနဲ့"*** စသည်ဖြင့် မိမိနှင့်ပတ်သက်သမျှသော စည်းဘောင်ကို တွယ်တာမှုကြီးမားစွာဖြင့် ကာကွယ်တတ်ကြပေသည်။

ထိုအတ္တကြောင့်သာလျှင် သူကမထိပါးမိ ငါကထိပါးမိရတတ်လေသည်။ ထိုအတ္တအလို့ငှာသာလျှင် စွန့်စားကြရပေသည်။ ကမ္ဘာပေါ်တွင် အဆိုးဝါးဆုံးသော နယ်ချဲ့စနစ်၊ ခေါင်းပုံဖြတ်စနစ်၊ အမြတ်ကြီးစားစနစ်တို့သည် အတ္တဝါဒကြောင့်သာ ဖြစ်ပေါ်လာရပေသည်။

ထို့ကြောင့်သာလျှင် ကျွန်ုပ်တို့သည် အတ္တသဘောကို အငွေ့အသက်ကစ၍ မမွေးမြူမိအောင် သတိပြုသင့်ခြင်းပင်ဖြစ်လေသည်။ လူသည် ကိုယ်အကျိုးကို လိုအပ်မြဲဖြစ်ပေသည်။ ကိုယ့်အကျိုးကို တရားမျှတစွာဆောင်ရွက်ခြင်းသည် မလိုလားအပ်သော ဝိဘဝါဒမဟုတ်ပေ။



ကိုယ့်အကျိုးရှိမှ ကိုယ့်ဘဝတည်တံ့နိုင်မည်ဖြစ်လေသည်။ လူဆိုသည်မှာ ကိုယ့်အကျိုးကိုဦးစွာ ရှေးရှုတတ်သည်ဖြစ်စေ၍ ကိုယ့်အကျိုးမပါလျှင် လုပ်ကိုင်ဆောင်ရွက်ရာ၌ပင်လျှင် စိတ်ပါဝင်စားခြင်းမရှိတတ်ပေ။ ယုတ်စွအဆုံး မျိုးဆက်ဖြစ်ထွန်း၍ လူ့လောကဆက်လက်တည်တံ့ရေးကိစ္စ၌ပင် လူတို့သည် သာယာမှုအကျိုးရှိ၍သာ ရွက်ဆောင်ကြခြင်း ဖြစ်ပေသည်။ လူ့လောကတွင် မဆောင်ရွက်လျှင်မဖြစ်သော ကိစ္စတိုင်းတွင် လူတို့အတွက် တစ်နည်းနည်းအားဖြင့် အကျိုးကျေးဇူးများရနိုင်ဖွယ် အလားအလာများဖြင့် မွမ်းမံထားတတ်သည်သာ ဖြစ်လေသည်။ ထို့ကြောင့်သာလျှင် လူတို့က စိတ်ပါဝင်စားစွာ လုပ်ကိုင်ကြပေမည်။ တီထွင်မှုတိုင်းတွင် လူ့လောကအကျိုးရှိသကဲ့သို့ တီထွင်အောင်မြင်လျှင် တီထွင်သူ၏အကျိုးကလည်း ကြီးမားမြဲပင်ဖြစ်ပေသည်။ ထို့ကြောင့် သာမန်အားဖြင့် ကိုယ်ကျိုးရှာမှုသည် အပြစ်မဟုတ်ပေ။

သို့ရာတွင် မိမိအတွက် ထိုက်သင့်သော အကျိုးအခွင့်အထိသာ ရည်မျှော်ရပေမည်။ ရှိသင့်သည်ထက်ပိုလွန်သွားလျှင် မတရားမှုနယ်သို့ ဝင်ပေလိမ့်မည်။ ဆိုရှယ်လစ်သဘောအရ ကုန်ထုတ်လုပ်မှုစားရိတ်နှင့် လုပ်အားတန်ဖိုးသည် တရားသဖြင့် ခံစားအပ်သော အကျိုး(ဝါ)အဖိုးအခ ဖြစ်ပေသည်။ ဘာမျှ ကြောင့်ကြစိုက်ထုတ်ရခြင်းမရှိဘဲ အမြတ်တင်ထားသော အစွန်းထွက်တန်ဖိုးကို မတရားသဖြင့် ဖြတ်စားလတ်စားပြုခြင်းအဖြစ် သဘောထားလေသည်။ ဤနည်းဖြင့် မိမိကိုယ်ကျိုးမှာ ဝိသမဓမ္မလောဘတည်းဟူသော ဝိဘအတ္တသို့ နယ်မကျူးစေရန် ကြိုးစား၍ ထိန်းကွပ်ပေးထားပေသည်။

နိုင်ငံ၏စီးပွားရေးတွင်သာမဟုတ်ဘဲ ကိုယ်ရေးကိစ္စနှင့် လူမှုဆက်ဆံရေး ပတ်ဝန်းကျင်၌လည်း တရားမျှတသော မိမိကိုယ်ကျိုး(ဝါ)လုပ်အားတန်ဖိုးပိုလွန်ခြင်းကို အခြားသူများက မလိုလားတတ်ကြပေ။ ဖော်ပြခဲ့သည့်အတိုင်း မိမိအကျိုးမှာလည်း ပျက်ယွင်းစေတတ်သည်သာ ဖြစ်လေသည်။ အထူးသဖြင့် ရှေးခေတ်က သုံးစွဲကုန်ကျရန် ငွေဖြုန်းလမ်းနည်းပါးသည့်

www.burmeseclassic.com



အတိုင်း မတော်လောဘနည်းပါးခဲ့ကြပေသည်။ ထို့ကြောင့် မိမိအဖို့ဝင်လာမည့် အကျိုးစီးပွားပင်ဖြစ်စေကာမူ **ဓမ္မိယလဒ္ဓ** မစင်ကြယ်သော ပစ္စည်းကို လက်မခံလိုတတ်ကြပေ။ ဤသဘောမှာ သူတစ်ပါးအကျိုးပျက်စီးမှုဖြင့် မိမိအကျိုးကို မဖြည့်တင်းလိုကြသော သဘောကိုပြပေသည်။

## အကျိုးငဲ့လွှန်းခြင်း

ယခုခေတ်နေ့စဉ်သတင်းစာများတွင် နားဆွဲတစ်ရံကြောင့် ကလေးငယ်တစ်ယောက်ကို သတ်ဖြတ်ခြင်း၊ ဖဲဝိုင်းတွင် ငွေတစ်ရာငြင်းခုံရာမှ ဓားထိုးမှုဖြစ်ခြင်း၊ ကျသွားသော ပန်းတစ်ပွင့်ကို လှမ်းဆည်ရာမှ ရေထဲသို့ လိမ့်ကျသေဆုံးရခြင်း၊ ပြန်မပေါင်းလိုဟု ငြင်းဆန်သောဇနီးဟောင်းကို ပစ်သတ်ခြင်းစသော သတင်းများကို ဖတ်ရှုကြရမည်သာ ဖြစ်လေသည်။ ဤအဖြစ်အပျက်များသည် မိမိအကျိုးကိုပင်းလွန်း၊ ငဲ့လွှန်းသော အစွဲအလမ်းကြောင့် ဖြစ်ပျက်ကြရခြင်းပင် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် အတ္တစိတ်ကို အရေးပေးမြှောက်စားနေမည်ဆိုပါက သည်းခံခွင့်လွှတ်တတ်သောစိတ်၊ ဖြေသိမ့်ရောင့်ရဲတတ်သောစိတ်၊ တွယ်တာမှု၊ စွန့်လွှတ်နိုင်သော စိတ်အင်အားများနည်းပါး၍ ဖော်ပြပါအဖြစ်ဆိုးများ မကြုံတွေ့နိုင်ဟု မဆိုနိုင်ပေ။

ဘာသာရေးအဆုံးအမများတွင် လူတို့အား အတ္တစိတ်လျော့နည်းအောင် လေ့ကျင့်စေခြင်းများ ပါလေသည်။ ဗုဒ္ဓဘာသာတွင် **အနိစ္စ ဒုက္ခ အနတ္တ** ဟူသော လက္ခဏာရေးသုံးပါးကို ရှုဆင်ခြင်စေခြင်းသည် အတ္တဟိတစိတ် လျော့နည်းစေရန်မျှသာမဟုတ်သေးဘဲ အတ္တဟူသည် တကယ်မရှိကြောင်း၊ အစိုးမရကြောင်း၊ မပိုင်ဆိုင်ကြောင်း၊ အလိုသို့မလိုက်ကြောင်းများကိုပါ သက်ဝင်ထင်မြင်အောင် ပြည့်သွန်းခြင်းပင်ဖြစ်ပေသည်။

ဘာသာတရားတိုင်းတွင် တိုက်တွန်းထားသော အလှူပေးခြင်း ဒါန တရားသည်လည်း အခြားသူများကို စေတနာထားရန် ကူညီရန်အတွက်သာ



မဟုတ်သေးဘဲ မိမိ၏အဖို့အစု ဥစ္စာစီးပွားကို အပွန်းအပဲ့ ထိခိုက်ခံသော ခံနိုင်ရည်ရှိမှု၊ အလိုဆန္ဒလျော့ပေါ့နိုင်မှု၊ ရောင့်ရဲခြိုးခြံနိုင်မှုများအတွက် လေ့ကျင့်ပေးသည့်သဘောလည်း ပါဝင်ပေသည်။

ကျွန်ုပ်တို့အား အတ္တသည် အမြဲတိုးဝင် ဆွဲဆောင်နေပေလိမ့်မည်။ ကျွန်ုပ်တို့၏ ဘဝထူထောင်မှု ကိုယ်ကျိုးစီးပွားဆောင်ရွက်ရာတွင် ပူးကပ်၍ လိုက်ရန် ကြိုးစားပေလိမ့်မည်။ ကျွန်ုပ်တို့က မိမိ၏တရားမျှတသော အကျိုးတွင်သာ ရည်မှန်းချက်ထား၍ လွန်ကဲသော အတ္တအဆင့်သို့ ကျူးကျော်မသွားရလေအောင် အမြဲတစေ သတိထား ကာကွယ်ရပေမည်။ ဤသည်ကား အတ္တတိုက်ပွဲဆင်နွှဲအောင်ထူနိုင်ခြင်းပင် ဖြစ်ပေမည်။

* * *

www.burmeseclassic.com

# ဘဝကူးတိုက်ပွဲ

ကျွန်ုပ်တို့သည် အိုမင်းလာသောအခါတွင် အိုမှုနာမှုဘေးတို့ကို လက်တွေ့ခံစားလာရသည်နှင့်အမျှ သေမည့်ဘေးကိုလည်း မြင်လာပေမည်။ ထိုအခါ သေရတော့မည့်အရေးကို စိုးရိမ်ထိတ်လန့်မိကြပေမည်။ ဘဝတွင် သာယာမှုများ သံယောဇဉ်များ တွယ်တာစရာ ဂုဏ်ယူစရာများ အနည်းနှင့် အများရှိပေမည်။ မည်မျှဆင်းရဲဒုက္ခရောက်သူပင်ဖြစ်စေ၊ သူ့ဘဝတွင် မက်မောစရာတစ်ခုခုရှိပေလိမ့်မည်။ မက်မောစရာ လုံးဝမရှိစေကာမူ မသေမီ က်ကောင်းသောနေ့ရက်တို့ကို တွေ့မြင်သွားချင်ပေလိမ့်ဦးမည်။ အလွန့်အလွန် စိတ်ညစ်နေခိုက် သေလျှင်အေးမည်ဟု ယူဆသောအခိုက်တွင်ပင် တကယ် သေရမည့်အရေး၌မူ ရွံ့ဆုတ်မိတတ်ဦးမည်။ လူတို့သည် ယေဘုယျအားဖြင့် သေရမည်ကို ကြောက်ကြပေမည်။ မသေဘဲနေနိုင်သမျှ နေချင်ကြပေလိမ့်မည်။

မည်မျှပင် ကြောက်ရွံ့နေစေကာမူ သေရမည့်အရေးသည်ကား ပြေး၍ မလွတ်နိုင်ပေ။ သို့ဖြစ်လျှင် အနေဖြောင့်သကဲ့သို့ အသေဖြောင့်အောင်လည်း ကြိုးစားစီမံရပေလိမ့်မည်။ အသေဖြောင့်မရေးသည် လူတိုင်းတွင် အရေးကြီးသော ကိစ္စပင်ဖြစ်ပေသည်။ အသေဖြောင့်ရေးသည် ဘဝကူးကောင်းရေးပင် ဖြစ်ပေသည်။ သေရေးဖြောင့်နေခဲ့လျှင် သေရမည့်ဘေးကို ကြောက်ရွံ့ခြင်း ရှိလိမ့်မည်မဟုတ်ပေ။ သေခြင်းကို မကြောက်ရွံ့တော့ဘဲ ရဲရဲရင်ဆိုင်နိုင်စွမ်း



ခြင်းသည် သေဘေးကို အထိတ်တလန့်ဖြင့် စိုးရိမ်ရင်လေးစွာရင်တမမဖြင့် အသက်ရှင်၍နေခြင်းထက် များစွာသာလွန် ကောင်းမွန်ပေမည်။ သေခြင်းတရားကို မကြောက်သူရှိပါအံ့လောဟူ၍ တွေးတောသူများ ရှိနိုင်ရုံမက သင်ကိုယ်တိုင်ပင် သေရမည့်အရေးကို အရေးမစိုက် မကြောက်ရွံ့သော အခြေအနေသို့ ရောက်လာနိုင်ပေသည်။ ထိုအခြေအနေရောက်အောင် ကြိုးစားရန်လိုလားပေလိမ့်မည်။

ကျွန်ုပ်တို့သည် သေသည်၏အခြားမဲ့၌ ဘဝရှိသေးသလော၊ တမလွန် ရှိသလောဟူ၍ စဉ်းစားကြပေမည်။ လက်လှမ်းမီသမျှ ဘာသာရေးများဖြင့် စစ်တမ်းထုတ်ပေမည်။ သိပ္ပံနည်းဖြင့် ကြံစည်အဖြေရှာပေမည်။ လူသေပြီးလျှင် လူပြန်ဖြစ်မဖြစ်၊ တိရစ္ဆာန်ဖြစ်မည်၊ နတ်ဗြဟ္မာဖြစ်မည် စသည်တို့ကိုလည်း သိလိုပေမည်။ သံသရာဟူသော ဘဝအဆက်ဆက်ကို ယုံကြည်သူလည်း ရှိပေမည်။ ဤစာအုပ်သည် ဘာသာရေးကို ကိုင်တွယ်သုံးသပ်ရန် မရည်ရွယ်။ ဘာသာရေးကို ရောစွက်နယ်ကျူးရန် အခွင့်မရှိသဖြင့် ဤကိစ္စကို ဆွေးနွေးသုံးသပ်ခြင်းမပြုသာပေ။ ထိုမှတစ်ပါး ဤစာအုပ်သည် မြန်မာစာ ဖတ်တတ်သူ အားလုံးအတွက်ဖြစ်ရာ ဗုဒ္ဓဘာသာဝင်တို့ အတွက်သာ ရည်ရွယ်ခြင်းမဟုတ်ဘဲ အခြားဘာသာဝင် ပြည်သူပြည်သားအားလုံးအတွက် ဖြစ်၍ မိမိတို့မှီသမျှအထိ ဉာဏ်ဖြင့် သုံးသပ်စိစစ်လက်ခံရန်သာ ရည်ရွယ်ပေသည်။ ထို့ကြောင့် ဘာသာရေးနှင့်ပတ်သက်၍ မရည်ညွှန်းလိုပေ။

မည်သို့ပင်ဖြစ်စေ၊ သံသရာကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ အသေဖြောင့်ရေးကို သဘောပေါက်လိုလားကြပေလိမ့်မည်။ ဘဝကူးမှုကို ယုံကြည်သူ၊ ပဋိသန္ဓေစိတ်ဖောက်ပြန်မှုကို ခံယူသူ၊ တမလွန်၌ အကျိုးပေးခြင်း၊ ကူးဆက်သည်ဟု ယုံကြည်သူများအနေဖြင့် ဤဘဝမှ မသေလွန်မီ နောက်ဘဝ၌ မွန်မြတ်သောဘဝဖြစ်ရေးကို အထူးလိုလားတောင့်တကြ၍ ထိုသို့ဖြစ်နိုင်ကြောင်း နည်းကောင်းလမ်းညွှန်တို့ကို ပို၍ အာရုံစိုက်ကာ၊ ဤဘဝအတွက် မလိုတော့ငြားစေကာမူ နောင်ဘဝအတွက် ဟူ၍ လွဲပြောင်းပါရှိနိုင်ကောင်းသော ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပေလိမ့်မည်။ မယုံကြည်သူများအတွက်မူကား ဤဘဝတွင် လုပချော်မွေ့ စွာ အစွန်းအမြတ်ကျန်ခြင်းဖြင့် အဆုံးသတ်နိုင်ခဲ့အောင် ကြိုးစားရလိမ့်မည် ဖြစ်သဖြင့် ထိုသူတို့အတွက် အသေဖြောင့်ရေးသည် မလိုဘဲမရှိပေ။

နောင်တမလွန်ကိုမူ ဘာသာအယူဝါဒ တစ်ရပ်ရပ်ကို ယုံကြည် ကိုင်းရှိုင်းသူတိုင်းလိုပင် မိမိတို့သဘောတရားရေးအဆုံးအမ၊ ဟောပြောညွှန်ပြ ချက်များအရ လက်ခံယုံကြည်ကြသူသာ များပေသည်။ ဘာသာအယူဝါဒ တိုင်းတွင် သေခြင်းသည် သေခြင်း၌ အလုံးစုံပြီးဆုံးသည်ဟု မယူဆတတ် ကြပေ။ ဘာသာအယူဝါဒတစ်ခုနှင့်တစ်ခု တမလွန်လောက၏ သဘော ပုံပန်းကို ယူဆပုံခြင်း မတူညီစေကာမူ **သေဆုံးလောင်တုန်း**ဟူ၍ သဘော မထားကြပေ။ ထို့ကြောင့် သေဘေးကိုမြင်လာသောအခါတွင်ဖြစ်စေ၊ ငယ်ရွယ်စဉ်ကပင် သေပြီးသောကာလအတွက် ကြိုတင်၍ဖြစ်စေ၊ ကောင်း မှုအမျိုးမျိုးကို ပြုလုပ်အားထုတ်ကြရန် တိုက်တွန်းနှိုးဆော်ချက်များ ရှိကြ ပေသည်။

ကျွန်ုပ်တို့၏ တိုက်ပွဲများ၏ နောက်ဆုံးတိုက်ပွဲသည်ကား ဘဝကူး တိုက်ပွဲပင် ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့သည် သက်ရွယ်ကြီးရင့်ပိုင်းသို့ ရောက်ရှိလာသောအခါ **အိုရခြင်း ဇရာဒုက္ခ၊ နာရခြင်း ဗျာဓိဒုက္ခ**တို့ကို မချွတ်မလွဲတွေ့ဆိုင်လာရမည်သာ ဖြစ်ပေသည်။ အိုမင်းလာသောအခါ စိတ်ကလှုပ်ရှားတက်ကြွသလောက် ကိုယ်ခန္ဓာရုပ်က မလိုက်ပါနိုင်ဖြစ်လာရ ပေသည်။ စိတ်က တောင့်တင်းမြဲမြံမည်ဟု အထင်ရှိ၍ ဆုပ်ကိုင်သော်လည်း လက်များက ချိနဲ့တုန်ရီ၍ ယိုင်နဲ့တိမ်းပါးပေတော့မည်။ ငယ်ရွယ်သူတို့ ကဲ့သို့ လေ၏လျှင်မြန်ခြင်းဖြင့် လွှားကနဲ ခုန်ကျော်ပြေးသွားလိုက်ချင်သော် လည်း ကိုယ်ကိုကြွ၍မနိုင်ဘဲ ရှိပေလိမ့်မည်။

လူတို့သည် အမျိုးဘာသာ၊ ယုတ်လတ်နိမ့်မြင့်မရွေး၊ အိုခြင်း၊ နာ ခြင်းတို့နှင့် မကင်းနိုင်ပေ။ ငယ်ရွယ်စဉ်က လူအို လူမင်းတို့၏ နေးကွေး ဆုတ်ဆိုင်းမှုကို အားမလိုအားမရဖြစ်မိမည် မှန်သော်လည်း မိမိကိုယ်တိုင် အိုမင်းလာသောအခါတွင် မိမိကိုယ်ကို မိမိမပိုင်တော့ကြောင်း သဘောပေါက်



လာမည်ဖြစ်၍ မိမိကို ငယ်ရွယ်သူများက အားမလို အားမရ ဖြစ်လိမ့်မည် ဟု ကိုယ်ချင်းစာမိနိုင်ပေသည်။ ကျန်းမာရေးကို မည်မျှလိုက်စား၍ မည်မျှပင် ကိုယ်လက်ကြံ့ခိုင်လာခဲ့စေကာမူ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အရေတွဲခြင်း၊ အားနည်းခြင်း၊ မျက်စိမှုန်ခြင်း၊ နားထိုင်းခြင်း၊ ခါးကိုင်းခြင်းတို့ကား အနည်းနှင့်အများ အနှေးနှင့်အမြန် ဖြစ်ပေါ်လာရသည်သာ ဖြစ်ပေသည်။ ကျန်းမာရေးချူချာသူဖြစ်ပါမူကား စားမဝင် အိပ်မပျော် နှလုံးတုန်ရင်ခုန်၊ အစာမကြေ၊ ခါးကိုက်၊ ရင်ပတ်နာ၊ ခေါင်းခဲမူးဝေ၊ သွေးလေးရင်ကြပ်၊ စသော မအီမသာမှုများက ကိုးဆယ့်ခြောက်ပါးမက မိုကပ်လာတတ်ပေ သည်။ ထိုအခါမှ ***"ငါအရင်ကလို မဟုတ်တော့ပါလား၊ ငါအိုနာပါပေါ့လား"*** ဟူ၍ မာန်မာန ကျတတ်ပေသည်။

## မျက်ခြင်း ချုပ်ခြင်းသဘော

အိုမင်းလာသောအခါ သေခြင်းတရားနှင့်လည်း လက်တစ်ကမ်းသာ လိုတော့ကြောင်း သတိပြုမိလာပေသည်။ လူ့လောကတွင် နေထိုင်ရမည့် ရက်ကာလတို့သည် တစ်နေ့ထက်တစ်နေ့ လျော့ပါးလာပြီး သေမည့်ဘက်သို့ တစ်နေ့ပြီးတစ်နေ့ တိုး၍ချီတက်နေရပြီဟူ၍ သတိဝင်လာတတ်ပေသည်။ ဘုရင်များ၊ သူဌေးများ၊ သူရဲကောင်းများ၊ ပညာရှိများ၊ ဆရာဝန်နှင့် သမားတော်ကြီးများလည်း ဤပထဝီမြေပြင်၌ ခေါင်းချသေဆုံးခဲ့ကြပေါင်း များပေပြီ။ သေဘေးကို မည်သည့်ပုဂ္ဂိုလ်မျှ လွတ်အောင်ရှောင်၍ မရခဲ့ကြ သည်မှာ ထင်လင်းသေချာနေပေပြီ။ **ဇာတိ**ဟူ၍ အဖြစ်ရှိလာခဲ့လျှင် **မရဏ** ဟူသော ပျက်ခြင်း ချုပ်ခြင်းသဘောတရား ရှိရပေလိမ့်မည်။ ထိုမရဏကို လည်း လှမ်း၍မြင်လာပေလိမ့်မည်။

လူသတ္တဝါတို့သည် အကြောင်းအမျိုးမျိုးကြောင့် မည်သည့် အသက် အရွယ်တွင်မဆို သေကျေပျက်စီးနိုင်ပေသည်။ ဖွားမြင်မလာမီ မိခင်၏ ဝမ်းတွင်း၌ သေသူလည်းရှိသည်။ အရွယ်ရောက်ဦးစတွင် သေသူလည်းရှိသည်။

www.burmeseclassic.com



လုပ်ကိုင်ကြိုးစား၍ တက်အားရှိခိုက် လူ့လတ်ပိုင်းအရွယ်၌လည်း သေနိုင်သည်။ အသက်တစ်ရာကျော်နေရပြီးမှ သေသူများလည်းရှိပေသည်။ အရွယ်အမျိုးမျိုး၌ အကြောင်းအားလျော်စွာ သေရခြင်းများကို ရင်ဆိုင်ရတတ်သောသဘောရှိပေသည်။ သို့ရာတွင် လူ့လောကစီးပွားကို လုပ်ဆောင်ရာ၌ **“အနှစ်တစ်ရာတိုင် အသက်ရှည်လိမ့်မည်”**ဟူ၍ သဘောထားရပေလိမ့်မည်။ ယုတ်စွအဆုံး အသက်တမ်းအတိုင်း အနှစ်(၇၀)ကျော်အောင် နေရလိမ့်မည်။ သို့မဟုတ် တတိယအရွယ်ပိုင်းတွင် သေဆုံးလိမ့်မည်ဟူ၍ စိတ်ဝယ်မှတ်ယူ၍ ထုံးစံ အတိုင်း ဘဝ၏လုပ်ငန်းများကို ပိုင်းခြားရည်မှန်းရပေမည်။ ဤကားရေရှည်စီမံကိန်းပင်ဖြစ်သည်။

အထူးသဖြင့် သေဘေးကိုမြင်လာသောအရွယ်တွင် မိုက်မှားမှုတို့ကို ရပ်စဲစွန့်လွှတ်၍ ကောင်းမှုများကို ပိုမိုအားထုတ်လာတတ်ကြပေသည်။ မိမိကိုယ်စိတ်ကိုပို၍ စင်ကြယ်အောင် ကြိုးစားတတ်ကြပေသည်။ မိမိတို့ ကိုးကွယ်ရာဘာသာတရားကို ပို၍ ယုံကြည်ကိုင်းရှိုင်းလာရုံသာမက ဘာသာရေးဆောက်တည်မှုများဖြင့် သေခြင်းတရားကို ရင်ဆိုင်ရန် စိုင်းပြင်းကြပေသည်။ သေခြင်း၌ ဘဝကို မြှုပ်နှံရမည် ဖြစ်စေကာမူ ဘဝကူးကောင်းရေးအတွက် သေခြင်း၏တစ်ဖက်တွင် ဆက်လက်အောင်နိုင်ရန် ဘာသာကိုးကွယ်မှု ဆည်းကပ်ခြင်းလက်နက်ကို စွဲကိုင်ပြင်ဆင်ထားတတ်ကြပေသည်။ **ခလုတ်ထိမှ အမိတ** ဟူသကဲ့သို့ သေရချိန်နီးကာမှ ဘာသာရေး ကျင့်ဝတ်ကိုပို၍ မြဲမြံစွာကိုင်ဆောင်တတ်ကြပေသည်။ ဤဘဝတွင် လုပ်ချင်ရာကို လုပ်ခဲ့ပြီးစေကာမူ နောက်ဘဝအတွက် အပြစ်ဒဏ်များကို ကြောက်ရွံ့လာသဖြင့် ကောင်းမှုများဖြင့် အာပတ်ဖြေတတ်ပေသည်။ သေသည်အထိဆိုးမိုက်ကာ ပေတေသူအချို့ ရှိကောင်းရှိပေမည်။ ထိုသူတို့အထဲမှပင် အသက်ထွက်ခါနီးမှ ***“ဘုရားသခင် ခွင့်လွှတ်တော်မူပါ”***ဟု မြည်တမ်းသွားသူလည်း ရှိပေသေးသည်။

အသက်အရွယ် အိုမင်းလာသောအခါ ***“ဤဘဝတွင်ပြီးပြီ၊ နောင်ဘဝ အတွက် ကောင်းအောင်လုပ်ဦးမှဖြစ်မည်”***ဟူ၍ နောင်ဘဝကောင်းရေးကို



တစ်ဖန်ပြန်၍ ရင်းနှီးအကျိုးဆက်ရန် ကြိုးစားသူများလည်း ရှိပေသည်
ဤဘဝတွင် စောစောပိုင်းက မကောင်းမှုပြုခဲ့လေသမျှ အာပတ်ဖြေသူမျ
လည်း ရှိပေလိမ့်မည်။ ဤဘဝတွင် အခြားအရေးကိစ္စများကို လုပ်ဆော
နိုင်သမျှ လုပ်ဆောင်ပြီးစီးခဲ့၍ တာဝန်ကျေခဲ့ပြီဖြစ်သဖြင့် အားလပ်အလ
နည်းလာသော မသေမီကျန်ကာလပိုင်းတွင် တစ်ခုခုပြုလုပ်ရန် ရှာကြံစဉ်းစ
ရင်းဖြင့် ဘာသာရေးကို ဦးလှည့်သူများလည်း ရှိပေလိမ့်မည်။ အသက
အရွယ် ကြီးရင့်လာသလောက် စဉ်းစားဉာဏ် ရင့်သန်လာရာ၌ ဘာသာ
သဘောတရားများကို ရင့်ကျက်လေးနက်စွာ သဘောထင်မြင်လာ
ကြည်ညိုမှုပိုမိုရင့်သန်လာခြင်းကြောင့် ဘာသာရေးတွင် ဖောက်ချသူလည်
ရှိပေမည်။ သေဘေးကို ကြောက်ရွံ့ထိတ်လန့်၍ စိတ်တည်ငြိမ်မှုရစေ
ဘာသာရေးကို လှမ်း၍ ဆုပ်ကိုင်သူများလည်း ရှိပေမည်။ အသက်ကြ
လာလျှင် ဘုရားတရားဖက်ရမည်ဟူသော ယေဘုယျအသိ၊ အခြားအသက
အရွယ်ကြီးသူများ ပြုလုပ်နေကြသည့်အတိုင်း တုပလိုက်နာကောင်းသ
ဟူသောအသိ၊ အသက်အရွယ်အလိုက် လူရိုသေခံရရေးရှိရမည့် သူမျ
နည်းတူ အရည်အချင်းမျိုးတစ်ရပ် ပြည့်ဝရေးဟူသောအသိ၊ စသည့်သာမ
အသိများဖြင့် ဘာသာရေးဘက်သို့ ဦးလှည့်သူများလည်းရှိပေမည်။ ဘ
တစ်လျှောက်တွင် ဖြစ်ပျက်ခံစားခဲ့ရသည်တို့ကို သံဝေဂရ၍လည်းကောင်
တရားဟောပြောပြသသူ၏ လှုံ့လ ပယောဂကြောင့်လည်းကောင်း၊ ဘာသ
ရေးကို ကြည်ညိုတွယ်တာသူလည်း ရှိပေမည်။

## တရားရခြင်း

မည်သို့ပင်ဖြစ်စေ သေခါနီးသောအရွယ်(သို့မဟုတ်)သေဘေး
ထင်မြင်လာသောသူတို့သည် မည်သည့်ဘာသာ၌မဆို တရားရလာတတ်
သည်။ ဘုရားတရားမြဲလာတတ်ပေသည်။ ဘာသာရေးဘက်တွင် ခြေစုံ
တတ်ပေသည်။ ထိုသို့ပြုမှုချက်များသည် ဘဝကူးကောင်းရေး၊ အသေဖြေ

www.burmeseclassic.com

www.burmeseclassic.com



ရေးအတွက်ပင် ဖြစ်ပေသည်။ ဤအချက်ဖြင့်ပင်လျှင် အသေဖြောင့်ရေးသည် လူ့ဘဝတွင် သဘာဝလိုအပ်ချက်ဖြစ်ကြောင်းကိုလည်း သတိပြုနိုင်ပေသည်။

ကျွန်ုပ်တို့သည် အသေဖြောင့်ရေးကို တိုက်ပွဲတစ်ခုအဖြစ်ဖြင့် အားထုတ်ပြင်ဆင်ရပေမည်။ မည်ကဲ့သို့ အသေဖြောင့်နိုင်သနည်း။ အသေမဖြောင့်နိုင်အောင် မည်သည့်အတားဆီးများရှိသနည်း ဟူ၍လည်း စဉ်းစားရပေမည်။

ကျွန်ုပ်တို့အဖို့ သေခြင်းတရားသည် ဘဝကိုရပ်စဲခြင်းဖြစ်သဖြင့် မလိုလားနိုင်ပေ။ သို့ရာတွင် ပြေးရှောင်၍ မလွတ်သော မုချတရားဖြစ်သဖြင့် လူသတ္တဝါတိုင်း တစ်နေ့နေ့တွင် ရင်ဆိုင်ရမည့် တရားသာဖြစ်ပေသည်။ လူများစွာ တွေ့ဆိုင်ပြီးစီးခဲ့ကြပြီးဖြစ်၍ ကျွန်ုပ်တို့လည်း မုချတွေ့ဆိုင်ရမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ဖြစ်ရိုးဖြစ်စဉ်ကိစ္စ၊ ပြုပြင်၍မရနိုင်သော ကိစ္စတို့အတွက် ကြောင့်ကြစရာမလိုပေ။ သေရန်အကြောင်းဆုံဆည်းသောကာလ၌ သေရန်အတွက် တွေးတောစွဲ့ထိတ်နေရန်လည်း မလိုပေ။ သေဖို့ရှိသောနေ့၌ သေသွားပေလိမ့်မည်။ ဤသို့လျှင် သေခြင်းကို တစ်နေထွက်၍ တစ်နေဝင်ခြင်းမျှသော သာမန်ကိစ္စမျှ သဘောထားနိုင်ခဲ့လျှင် သေခြင်းကို အကြောက်ပေါ့လျော့သွား၍ နေသာထိုင်သာ ရှိပေလိမ့်မည်။ သေခြင်းကို ဘာမျှမဆန်း၊ ဘာမျှ အရေးလုပ်စရာမရှိ၊ ဘာမျှကိုယ်လုပ်၍ မဖြစ်သောအရာ၊ သူ့ဘာသာသူ ရောက်သောနေ့၌ ရောက်လာမည့်အရာအဖြစ် သဘောထားနိုင်ခဲ့လျှင် တစ်နည်းတစ်လမ်းအားဖြင့် အသေဖြောင့်ပေလိမ့်မည်။

ထိုသို့ သေခြင်းတရားကို ပေါ့ပေါ့လွယ်လွယ် မြင်နိုင်ရန်အတွက် **အနိစ္စ ဒုက္ခ အနတ္တတရားကို** ရှုမြင်ခြင်းဖြင့်လည်းကောင်း၊ ဖြစ်ပျက်သင်္ခါရစမှ ***ရုပ်နာမ်တို့၏ဥပါဒ် ဋ္ဌီဘင်***သဘောကို သုံးသပ်ဆင်ခြင်ခြင်းအားဖြင့်လည်းကောင်း ရရှိနိုင်မည် ဖြစ်လေသည်။ အခြားဘာသာဝင်တို့အဖို့လည်း မိမိဖြစ်စေလိုတိုင်း မဖြစ်နိုင်သည့် သဘောကို သုံးသပ်နိုင်ပေသည်။



ဘဝ၌ ဒုက္ခများကို မြင်လာရသောအခါ ထိုဘဝ၏ တစ်ခန်းရပ်ခြင်းကို တုန်လှုပ်စရာ မလိုလားစရာမရှိတော့ပေ။ ဘဝ၌ ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြစ်ပေါ်ခံစားရမိပြီးသောအခါ၌လည်း ဘဝထာဝစဉ်ချုပ်ငြိမ်းမှုသို့ နီးကပ်စွာ ဦးတည်နိုင်ပြီဖြစ်သဖြင့် ဘဝတစ်ခန်း ချုပ်ငြိမ်းရမည့် အရေးအတွက် စိုးရိမ်ပူပန်ရန်လည်း မရှိတော့ပေ။ တစ်ဘဝချုပ်ငြိမ်း၍လည်း ထိုထက်ပို၍ ဆိုးဝါးဖွယ်ကို မစိုးရွံ့တော့ဘဲ စိတ်ချနိုင်ပေသည်။ ဤနည်းဖြင့် တရားအားထုတ်ခြင်းကြောင့် သေဘေးကိုမကြောက်ရုံသာမက နောက်ဘဝ၏ အန္တရာယ် ဒုက္ခကိုလည်း မစိုးရွံ့တော့ဘဲ ရှိနိုင်လေသည်။

ဆေးဝါးရိက္ခာ လုံလောက်စွာပါရှိသူသည် ခရီးထွက်ရန် မကြောက်တော့သကဲ့သို့ ဒါန သီလစသော ကောင်းမှု ဘာဝနာဟူသော ဉာဏ်အမြင်တို့ဖြင့် သံသရာခရီးတွင် ရဲရင့်ခြင်းဖြစ်ကြရလေသည်။ လက်နက်ကောင်းပါရှိသူသည် ရန်သူကို ကြောက်ရွံ့မည်မဟုတ်ပေ။

ဘာသာတရားကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ မိမိဘဝတွင် ထိုက်တန်စွာ တာဝန်ဆောင်ရွက်ပြီးစီးနေသူသည်လည်း သေခြင်းကို ဖြောင့်ဖြူးစွာ ရင်ဆိုင်နိုင်သည်သာဖြစ်ပေသည်။ လူ၏တစ်ဘဝသည် သမုဒ္ဒရာရေမျက်နှာ၌ ခဏတက်လာသည့် ရေပွက် ရေမြှုပ်ပမာသာ ဖြစ်လေသည်။ ရှည်လျားသော ကမ္ဘာသက်တမ်း၊ များလှသော သံသရာ၏ ဘဝပေါင်းနှင့် နှိုင်းစာလျှင် အခိုက်အတန့် တစ်ခဏမျှသာဖြစ်လေသည်။ ခရီးရှည်၌ တစ်ခဏမျှ ကွန်းခိုကြရခြင်းနှင့်လည်း တူလေသည်။ ထိုသို့ လူပေါင်း ဘဝပေါင်း အသင်္ချေဖြစ်ချည် ပျက်ချည် ဘလောင်းဆန်ကာ မွေးသူမွေး၍ သေသူသေနေကြသော ကမ္ဘာလောကကြီးတွင် လူတစ်ယောက်၏ ဘဝသည် ဘာမျှမထူးခြားသော ဖြစ်ရပ်တစ်ခုမဟုတ်ပေ။ ဘယ်သူမွေး၍ ဘယ်သူသေသည်ဟု မသိလိုက်ရသူများ ဒုနှင့်ဒေးရှိပေသည်။ ဤမျှသော လူအပေါင်းများထဲတွင် ကျွန်ုပ်တို့သည် မိမိဘဝကို မှတ်တိုင်တစ်တိုင်အဖြစ် ကျန်ရှိအောင် ကြိုးစားရပေလိမ့်မည်။

www.burmeseclassic.com



## ရှင်နေရကျိုး

မွေးလာ၍ သေသွားပြီးလျှင် ကမ္ဘာလောကကြီး၌ ဘာတစ်ခုမျှ လုပ်အားလက်ရာ မကျန်ခဲ့လျှင် မွေးလာရကျိုး ရှင်သန်နေရကျိုးနပ်မည် မဟုတ်ပေ။ ကမ္ဘာကပင် သိသည်ဖြစ်စေ၊ မြန်မာကပင်သိသည်ဖြစ်စေ၊ မိမိ ရပ်ရွာကပင် သိသည်ဖြစ်စေ၊ မိမိ၏ စားဝတ်နေထိုင်မှုမှအပ လူသားအချင်း ချင်းအတွက် အကျိုးရှိရာရှိကြောင်း တစ်စုံတစ်ရာကို တစ်နည်းနည်းဆောင် ရွက်ပေးနိုင်ခဲ့လျှင် မိမိဘဝသည် ထိုက်တန်ပေလိမ့်မည်။ မိမိ၏ဘဝတွင် မိမိအဖို့ ကျေနပ်လောက်ဖွယ် ခံစားစံစားခဲ့ရဖူးလျှင်လည်း သေပျော်ပြီဟူ၍ ဆိုတတ်ကြလေသည်။

လူတိုင်းသည် ဘဝတွင် သေပျော်လောက်အောင် ဘဝ၏အရသာတို့ ကို ခံစားနိုင်ချင်မှ ခံစားနိုင်ပေလိမ့်မည်။ မသေခင်ကြုံဖူးအောင် ခံစား ဘူးအောင်ဟူ၍ ခံစားကြသူများလည်း ရှိပေမည်။ ထိုသို့အခွင့်အရေး မပြည့်စုံ၍ မခံစားနိုင်သူများ ကြိုးစားဆဲတွင် သေချိန်စေ့သွားသူများလည်း ရှိပေသည်။ ထို့ကြောင့် မိမိ၏ခံစားမှုတွင်ဖြစ်စေ၊ မိမိ၏ဆောင်ရွက်မှုဖြစ်စေ အသက်ရှင်နေသောနေ့အထိ ထိုက်တန်စွာ ဆောင်ရွက်ထားခြင်းများရှိရ ပေမည်။ မည်သည့်နေ့တွင် သေရမည်ဟူ၍ မသိကြသေးသူများအတွက် မည်သည့်နေ့ရာမဆို သေသွားလျှင် သေကျိုးမရှိ သေပျော်လောက်အောင် ပြင်ဆင်မှုတစ်ခုခု ရှိနေရပေမည်၊ လူတိုင်းသည် သေကျိုးနပ်လောက်သော ခံစားမှု ဖြစ်သော အများအကျိုးအတွက် ဆောင်ရွက်မှုဖြစ်စေ၊ အများ စံပြုလောက်သော အရည်အချင်း စွမ်းရည်တစ်ခုခုကို သမိုင်းထိုး၍ဖြစ်စေ ကြွင်းကျန်နိုင်အောင် သတိပြုဆောင်ရွက်ရပေမည်။

ကမ္ဘာပေါ်တွင် လူသာသေ၍ နာမည်မသေသူများ ရှိလေသည်။ ကြေးရုပ်ကျောက်ရုပ်ကျန်ရှိခဲ့သူများ၊ ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေ သူများ၊ သမိုင်းစာမျက်နှာကို ပိုင်ဆိုင်ခဲ့သူများ၊ တီထွင်မှု ကြိုးပမ်းမှုလက်ရာ



တစ်စုံတစ်ခု ကြွင်းကျန်ရစ်သူများ၊ အမှတ်တရ တိုင်းပြည်အကျိုး၊ ကိုယ့်အကျိုး၊ လူ့လောကအကျိုး ဆောင်ရွက်ခဲ့သူများလည်း အများအပြားပင် ရှိပေသည်။ အချို့သောသူများသည် သေရကျိုးအလွန်နပ်သဖြင့် သူတို့ကဲ့သို့ ဘဝမှစွန့် လွှတ်သေသွားရမည်ဆိုလျှင် နှစ်ခါပြန် သေရဲသေချင်သူများပင် ရှိပေလိမ့် မည်။ ဤအခြေအနေ ဤလိုဘဝသို့ ရောက်ရမည်ဆိုလျှင် သေပျော်ပါပြီ ဟူ၍ ဆိုကြသူများရှိပေလိမ့်မည်။ မျက်နှာပန်းပွင့်သောသေခြင်း၊ ဗေမာ်ကွန်း တင်သောသေခြင်း၊ မြတ်သောသေခြင်း၊ အကြောင်းမဲ့သေခြင်း၊ ဂုဏ်ရှိသော သေခြင်းတို့ဖြင့် သေချင်ကြသူများသာ များပေလိမ့်မည်။ ဤသို့ဆိုလျှင် အသေဖြောင့်ရန်အတွက် (ဝါ) ရဲရဲတင်းတင်း သေပျော်ပါပြီဟု ဝန်ခံနိုင် သောသေခြင်းဖြင့် သေနိုင်ရန်အတွက် ကျွန်ုပ်တို့မည်ကဲ့သို့ ကြိုးစားအား ထုတ်သင့်သည်ကို သဘောပေါက်နိုင်ပေလိမ့်မည်။

အာဇာနည်စစ်သည်သူရဲတို့သည်လည်းကောင်း၊ ရှာဖွေစွန့်စားဇာနည် ဖွားတို့သည်လည်းကောင်း သေရမည်ကို မကြောက်ကြပေ။ တိုင်းပြည် အတွက်၊ လူမျိုးအတွက်၊ ယုံကြည်ချက်အတွက် ရဲရဲဝံ့ဝံ့ အသက်စွန့်သူများ ရှိပေသည်။ သေရမည့်ဘေးကို သိပါလျက် စွန့်စားတိုးဝင်ကြသူများရှိပေ သည်။ ထိုလူများသည် **အဝိဇ္ဇာမောဟ**ကြောင့် စိတ်ညစ်၍ ရေထဲခုန်ချ သေသူများနှင့် မတူပေ။ ကြည်လင်သောစိတ်ဖြင့်ပင် သေခြင်းကို ရင်ဆိုင် ဝံ့သူများဖြစ်ပေသည်။ ထိုသူများသည် အဘယ့်ကြောင့် သေခြင်းကို မကြောက် ကြသနည်း။

စင်စစ်သော်ကား မြတ်သောသေခြင်းဖြင့် သေရမည်ကို သိရှိထား ကြသောကြောင့်လည်း ဖြစ်ပေသည်။ လူ့ဘဝတွင် အနေမြတ်သည့်နည်းတူ အသေမြတ်ရန် အရေးကြီးပေရာ မွန်မြတ်စွာသေရမည့်နေရာ၌ ထိုသို့သေရန် အကြောင်းဆုံဆည်းခြင်းသည်ပင်လျှင် အခွင့်အရေးတစ်ခု ဖြစ်ပေလိမ့်မည်၊ တစ်သက်ပတ်လုံး အကျိုးမဲ့များ လူသားအန္တရာယ်များကို ပြုလုပ်နေမည့် အစား လိုအပ်ချိန်တွင် မွန်မြတ်စွာ သေရခြင်းကပင် ကောင်းပေဦးမည်၊ ထိုအယူအဆမျိုးကြောင့်ပင်လျှင် ဂျပန်စစ်သည်တော်တို့သည် နိုင်ငံအတွက်

www.burmeseclassic.com



ဂုဏ်ယုတ်စေသူတစ်ဦးအဖြစ် အသက်ရှင်နေရခြင်းထက် သေသွားရသည်က ပို၍ ကောင်းသည်ဟူ၍ မိမိဝမ်းဗိုက်ကို ဓားနှင့်ထိုးကာ "ဟာရာကီရီ" သေကြောင်းကြံခဲ့လေသည်။

ကျွန်ုပ်တို့သည် သေခြင်း၏သဘာဝခြင်းရာကို သဘောသက်ဝင်ခြင်း ရှိလျှင်သော်လည်းကောင်း၊ သေပျော်လောက်အောင် မိမိအတွက် အများအတွက် အမှတ်တရ ဆောင်ရွက်ပြီးခဲ့လျှင်သော်လည်းကောင်း၊ သေရမည်ကို ရွံ့ကြောက်ခြင်းမရှိဘဲ အသင့်ပြင်ဆင်ပြီးရှိကြပေလိမ့်မည်။ (ဝါ) အေးဖြောင့်ပေလိမ့်မည်။ သို့ရာတွင် လူ့လောကတွင် သာယာမှုအတိ ခံစားရပြီးပါလျက် မသေချင်သေးသူများ လူ့လောကတွင် ခံစားသင့်သည်ထက် ခံစားစံစားနေချင်အောင် ဘဝမက်သူများလည်း ရှိပေလိမ့်ဦးမည်။ ဤကား ဘဝတဏှာဟူသော လူ့သဘာဝတွယ်တာမှုပင် ဖြစ်လေသည်။ သို့ရာတွင် ကာယကံရှင်က မည်မျှပင် စည်းစိမ်ခံ၍ အသက်မသေတမ်းနေချင်စေကာမူ သေမင်းက သင့်တော်သောအချိန်ထက်ပို၍ ရှင်နေခွင့်ပေးမည်ကား မဟုတ်ပေ။ မိမိဘဝတွင် အေးဖြောင့်အောင် မစီမံထားခဲ့လျှင် ထိုသူ၏အပြစ်သာဖြစ်ပေလိမ့်မည်။

## တွယ်တာမှု

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အဖို့၌ သေပျော်လောက်သော ဘဝဖြည့်တင်းချက်ရရှိရေးတွင် တွယ်တာမှုကိုလည်း ထည့်သွင်းစဉ်းစားရပေလိမ့်မည်။ ကျွန်ုပ်တို့သည် လူသားများဖြစ်သည့်အတွက် သားသမီး ဆွေမျိုးမိဘ၊ ဉစ္စာပစ္စည်း၊ ချစ်သူ စသည့်တွယ်တာရာ တွယ်တာကြောင်းများ ရှိပေလိမ့်မည်။ ***"ငါသေသွားလျှင် သူတို့ဘယ်လိုဖြစ်ကြမလဲ"***ဟူသောအတွေးသည် ရှိတတ်ပေသည်။ အယူအစွဲ၌ သရဲဖြစ်သည်ဟူ၍လည်း ပြောဆိုကြပေသည်။ စိတ်တွင် ကြောင့်ကြသောဏများကြောင့် မသေလို မသေချင်သေးသူများ ရှိပေလိမ့်မည်။ အချို့မှာ မိမိအတွက် အသက်မရှင်ဘဲ အခြားသူများအတွက် အသက်ရှင်နေကြသည်လည်း ရှိပေသည်။ ထိုသူများသည် တစ်ဖက်တွင် သံယောဇဉ်ကိုလျှော့ရန် တစ်ဖက်တွင်ကြောင့်ကြကင်းရလောက်အောင် တတ်နိုင်သမျှ စီမံဆောင်ရွက်ရန် ရှိလေသည်။ သေ၍မှ အေးမဖြောင့်နိုင်လျှင် မကောင်းပေ။ ဘဝတွင် အေးဖြောင့်ရေး ဘဝကူးကောင်းရေးသည် ဘဝ၏အဆုံးသတ်အောင်မြင်မှု ပန်းတိုင်ဖြစ်ရာ ဤပန်းတိုင်ခရီးကျမှ ထစ်ငေါ့နေရန်မသင့်ပေ။



သံယောဇဉ်ဟူသည်မှာ ထားတတ်လျှင် အစွဲမပြတ်တတ်ပေ။ ကြောင့်ကြမည်ဆိုလျှင် ကြောင့်ကြစရာများသာ ရှိပေလိမ့်မည်။ ဤသံယောဇဉ်ကို ဖြတ်၍သာလျှင် တောထွက်နိုင်ခဲ့ကြလေသည်။ မိမိက ပူပင်သည်ဖြစ်စေ၊ မပူပင်သည်ဖြစ်စေ၊ မိမိလာ၍ မမြင်နိုင်သောကာလတွင် မိမိကိုသံယောဇဉ်ရှိကြသူများသည် သူ့အလိုက်အထိုက် ဘဝကို ရန်းကန်ဖန်တီးကြမည်သာ ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့ရှေ့မှောက်၌ သေလွန်သွားကြသူတို့၏ အဆက်အနွယ်များ ပစ္စည်းဉစ္စာများ မည်ကဲ့သို့ဖြစ်ကြရသည်ကို သတိပြုနိုင်ပေသည်။ မိမိရှိလျှင်ဖြစ်စေ၊ မရှိလျှင်ဖြစ်စေ ဖြစ်ပျက်မှုလမ်းကြောင်း၌ ဖြစ်မှုပျက်မှု နှစ်မျိုးတွင် တစ်မျိုးမျိုးသာ ရှိနေပေလိမ့်မည်။ မိမိအဖို့ အသက်ရှင်ဆဲတွင် တာဝန်ကျေရန်သာဖြစ်၍ အသက်သေပြီးနောက် မည်သို့ဖြစ်မည်ကို ပူပန်စရာမလိုပေ။ မိမိ၏ပူပန်မှုကြောင့် ဆက်လက်ဖြစ်ပျက်မှုများတွင် မည်သို့မျှ အကျိုးရှိမည်မဟုတ်ပေ။ မိမိမသေမီ ဆောင်ရွက်နိုင်သည်မှအပ ဘာမျှဆက်လက်၍ လုပ်ကိုင်နိုင်လိမ့်မည်လည်း မဟုတ်ပေ။

လောကမျက်မြင်တွင် ကျိုကျိုတက်ချမ်းသာကြွယ်ဝသူများ၏ သားသမီးသားလက်ထက်တွင် စီးပွားပျက်ပြုန်း၍ ကန်းကောက်စရာမရှိ၊ ဒုက္ခအတိရောက်နေကြသူများကိုလည်း တွေ့မြင်ရပေမည်။ ဆင်းရဲနွမ်းပါးလှသော မိဘများမှ ကျန်ခဲ့သော သားသမီးများလက်ထက်တွင် သေသူကို ရှင်သူက ဖြင်လှည့်စေချင်လောက်အောင် ထွန်းကားကြီးပွားနေကြသည်များ လည်း ရှိပေသည်။ ဆိုရှယ်လစ်နိုင်ငံများတွင် နိုင်ငံကပင် လူသားတစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို အစအဆုံးတာဝန်ယူသွားမည်ဖြစ်သည့်အတွက် ကြွင်းကျန်သူများအတွက် ကြောင့်ကြသောကနည်းလျော့ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ လူတိုင်းသည် မိမိစွမ်းအားနှင့် လုပ်ဆောင်မှုအရ ကြီးပွားတိုးတက်ရသည်ဖြစ်၍ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးပေလိမ့်မည်။ မိမိအသက်ရှင်စဉ် ကာလ၌ပင် သားသမီးဆွေမျိုးတို့ကို ဖြစ်စေချင်သလို မဖြစ်နိုင်သည်များလည်း ရှိပေလိမ့်မည်။ မိမိကွယ်ရာ၌မူကား မိမိမျှော်မှန်းချက်အတိုင်းဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။ **"သတ္တဝါတစ်နက်တစ်န"**ဟူ၍သာ ဆိုရပေလိမ့်မည်။

ထို့ကြောင့် မိမိ၏ ကြွင်းကျန်မည့် သားသမီး ဆွေမျိုး ဥစ္စာပစ္စည်းအတွက် စိုးနောင့်တွယ်တာရန်ကား မလိုပေ။ အသက်ရှင်စဉ်၌သာ ကြိုးပမ်းနိုင်မည်ဖြစ်၍ သေပြီးကာလအတွက် ဘာမျှမတတ်နိုင်သည်ကို ထည့်သွင်းစဉ်းစားရန် မလိုပေ။ သူတစ်ပါးအကျိုးဟူသောစိတ်မှာ မသေမီကာလအတွက် ဖြစ်၏။ သေခါနီးတွင်ကား မိမိအသေဖြောင့်ရေးသည်သာ မိမိအရေးဖြစ်ပေလိမ့်မည်။

## ကြိုတင်ဖြည့်တင်းခြင်း

ထို့ကြောင့်လည်း အချို့သောသူများသည် အိုမင်းသည့်ကာလတွင်မှ မဟုတ်ဘဲ မိဘ၏တိုက်တွန်းလမ်းပြမှုဖြင့် ငယ်ရွယ်စဉ်ကပင် ကုသိုလ်ကောင်းမှုများကို အားထုတ်ကာ သေလွန်ပြီးကာလ (ဝါ) သေခါနီးအတွက် ဘဝကူးအမွေပါအောင် ကြိုးစားတတ်ကြလေသည်။ **"ခမောက်နှင့် ရောဘူး မပါ မွေးခါမှသိ၊ ဒါနနှင့်သီလမပါ သေခါမှသိ"**ဟူသော စကားကို နှလုံးသွင်း၍ ဒါနမျိုးစေ့၊ သီလမျိုးစေ့ တို့ကိုလည်း စိုက်ပျိုးတတ်ကြပေသည်။ ဘဝအစဉ်အလိုက်ပါနိုင်သည်ဟု ယူဆသော **ကုသိုလ်အနုဂါမိက** ရွှေအိုးကို မြှုပ်တတ်ကြပေသည်။ မည်သည့်အခါတွင် သေမည်ဟုမသိရသဖြင့် မည်သည့်အချိန်တွင်မဆို ဘဝကူးပါစေရန် ကုသိုလ်မှုကို ပြုကြပေသည်။



ဤနည်းသည် မည်သည့်ရည်မှန်းချက်ပင် ရှိသည်ဖြစ်စေ အကျိုးမယုတ်သည်ကား သေချာပေသည်။

တမလွန်ကို မယုံကြည်ရုံမျှဖြင့် ဘဝမရှိ၊ ဘဝပြတ်သည်၊ ငရဲမရှိ၊ နတ်ပြည်မရှိ၊ ကောင်းကျိုး မကောင်းကျိုး အစဉ်အလိုက် လောကတွင် ကိုယ်နိုင်ရာ ကိုယ်ဦးရာ လုပ်ချင်ရာလုပ်နိုင်သည်ဟူ၍ ယူဆလျှင် လူ့စည်းဘောင်ပျက်ပေလိမ့်မည်။ လူသည် မိမိကိုးကွယ်ရာဘာသာရေးအရ စဉ်းစားဆင်ခြင်ရန်ရှိလျှင် စဉ်းစားရမည်။ ဘာသာရေးကို ပစ်ပယ်ပါက လူမှုရေးအရ စဉ်းစားရပေမည်။ သိပ္ပံနည်းကျ စဉ်းစားရပေမည်။ **"အင်အားသည် နိုင်ကွက်ဖြစ်သည်"**ဟူသော မယဉ်ကျေးမီ လူ့ခေတ်ဦးက အယူအဆကို လက်ခံကျင့်သုံးကာ ငါတကောသဘောထားလျှင် လူ့လောကကြီးပျက်စီးပေမည်။ ထို့ကြောင့် တမလွန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိတစ်ကိုယ်အကျိုးအတွက် မဟုတ်မတရား မလုပ်သင့်ပေ။ တမလွန် တန်ပြန်အဖြစ် မကြောက်စေကာမူ လူမှုဥပဒေနှင့် လူ့လောက၏အပြစ်ကိုကား ကြောက်ရွံ့ရပေလိမ့်မည်။ အကယ်၍ ထိုသူသည် အပြစ်ကင်းမဲ့စွာ လူ့ဘဝတွင် အဆုံးသတ်ရန် သိနားလည်ခြင်းရှိလျှင် သူ့အဖို့ဘဝကူးကောင်းပေလိမ့်မည်။

ဤသို့လျှင် ကျွန်ုပ်တို့သည် အသက်ရှင်လာသည်မှာအစ သေသည့်အဆုံး ဘဝတိုက်ပွဲအဆင့်ဆင့် သိနားလည်စွာဖြင့် ကြိုတင်ပြင်ဆင်၍ အပွဲပွဲတွင် အောင်ထူနိုင်မည်ဆိုပါက ဤဘဝတွင်နေရကျိုးလည်းနပ်ပေမည်။ နောက်ဆုံးတွင် သေရကျိုးလည်း နပ်ပေမည်။ ဤသို့သော နေခြင်းသည်သာလျှင် အရသာရှိရှိလူဖြစ်ရကျိုးနပ်စေနည်း ဖြစ်ပေလိမ့်မည်။

[ စာအုပ်အစပေါင်း ဘဝတိုက်ပွဲအောင်ထူနိုင်ကြပါစေ ]

* * * * *

လှသမိန်

ပဋ္ဌမြူးမောက်စာပေ

www.burmeseclassic.com